၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၄၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၅ ၊ ၂၀၁၂)



TRI MEN'S AND LADIES' WEARS


# ၂၀၁၂ နှစ်သစ်တွင် မြန်မာနိုင်ငံသားအပေါင်း ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်

## ဥပဒေနှင့်မညီညွတ်သော အဂတိလိုက်စားသည့်တရားသူကြီးများအား အရေးယူနိုင်မည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် စီစဉ်နေ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

ဥပဒေနှင့် မညီညွတ်သောအဂတိလိုက်စားသော စီရင်ချက်များကို ချမှတ်သည့် တရားသူကြီးများအား အရေးယူနိုင်မည့် ဥပဒေမျိုး ပြည်သူ့လွှတ်တော်သို့ တင်ပြပြဋ္ဌာန်းနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားသည်။

"ဥပဒေနဲ့ မညီဘဲ စီရင်ချက်ချတဲ့ အဂတိလိုက်စားတဲ့ တရားသူကြီးကို အရေးယူတဲ့ ဥပဒေမျိုး အုံ့သြစွာပဲမရှိသေးပါဘူး။ အဲဒီဥပဒေမျိုးပြည်သူ့လွှတ်တော်ကိုတင်ပြ၊ပြဋ္ဌာန်းနိုင်ရန် စီစဉ်လျက်ရှိကြောင်းကိုလည်း ပြောကြားလိုပါတယ်"ဟူ၍ ဒီဇင်ဘာ ၂၉ရက်တွင် အဆိုပါကော်မတီရုံး၌ သတင်းထောက်များနှင့် တွေ့ဆုံရှင်းလင်းစဉ် ၎င်းက ပြောကြားသည်။

စာ(၄၁)သို့

## စီအင်န်အင်န်၏ကမ္ဘာ့အကောင်းဆုံး ခရီးသွားနေရာ နံပါတ်၃အဆင့်တွင် မြန်မာကိုရွေးချယ်

**အေးမြကျော်**

**ရန်ကုန်- ဒီဇင်ဘာ ၂၉**

ကမ္ဘာကျော်သတင်းဌာနတစ်ခုဖြစ်သော စီအင်န်အင်န်က ကမ္ဘာ့ခရီးသွားကျွမ်းကျင်သူ၇ဦးကို ရွေးချယ်မေးမြန်း၍ ရွေးချယ်ထားသော ၂၀၁၂ခုနှစ်အတွက် ခရီးသွားရန် အကောင်းဆုံး နေရာ၉နေရာတွင် မြန်မာနိုင်ငံကိုထည့်သွင်းဖော်ပြထားသည်။

စီအင်န်အင်န်က ခရီးသွားကျွမ်းကျင်သူများဖြစ်သော Lonely Planet မှ အမေရိကန် ခရီးသွားအယ်ဒီတာ ရောဘတ်ရိဒ်၊ Altour ခရီးသွားလုပ်ငန်းကြီးမှ ဒုတိယဥက္ကဋ္ဌ မာတင် ရပ်ပ်၊

စာ(၁၂)သို့




## လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အနေနှင့် ထောင်ဒဏ်များ လျှော့ပေါ့

**ရန်ကုန်၊ ဇန်နဝါရီ- ၂**

ဇန်နဝါရီလ ၄ ရက်တွင်ကျရောက်မည့်(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်လွတ်ငြိမ်းချမ်းသာခွင့်ကို ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီမိနစ် ၂၀ ကနိုင်ငံပိုင်ရုပ်သံလိုင်းများတွင် ကြေညာသွားသည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၁၂ဖြင့် ထုတ်ပြန်ခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်ကြေညာချက်တွင်သေဒဏ်ကျခံရသူများအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း (နှစ်အကန့်အသတ်မရှိ) သို့ လည်းကောင်း၊ ထောင်ဒဏ်နှစ် ၃၀ အထက်ကျခံနေရသူများ (နှစ်အကန့်အသတ်မရှိနှင့်ထောင်ဒဏ်တစ်သက်ကျခံနေရသည့်အကျဉ်းသားများမပါ) အားထောင်ဒဏ်နှစ် ၃၀သို့လျှော့ပေါ့ကျခံစေရန်လည်းကောင်း၊ ထောင်ဒဏ်နှစ် ၂၀မှနှစ် ၃၀ အထိကျခံနေရသူများအား ထောင်ဒဏ်နှစ် ၂၀သို့လည်းကောင်း၊ ထောင်ဒဏ်နှစ် ၂၀အောက် ကျခံနေရသူများအား ယင်းတို့ကျခံနေရသည့်ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ကြောင်း ဖော်ပြပါရှိသည်။

လွတ်ငြိမ်းချမ်းသာခွင့်ကို နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊

စာ(၁၂)သို့

## မီးလျှံကြားမှ သူရဲကောင်းများ

**အားမာန်**

ငါးရက်ကြာမေ့မြောနေသော သူ့ထံမှ ပထမဆုံးအကြိမ် ယောင်ယမ်းထွက်ပေါ်လာသောစကားလုံးမှာအနည်းငယ်သာရှိသည်။ "မီးထိန်းနိုင်ပြီလား...၊ ရေပိတ်...၊ မိုးလင်းသွားပြီလား...၊ မီးငြိမ်းသွားပြီလား..."ဟူသော စကားအနည်းငယ်သာဖြစ်သည်။


စာ(၁၂)သို့



ဓာတ်ပုံ - နေလင်းအောင်







7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်တွင်းထုတ်ဓာတ်ဆီ နှုန်းရှင်ဖြင့် စတင်ရောင်းချ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁**

ပြည်တွင်းထုတ် ဓာတ်ဆီဈေးနှုန်းများကို ယခု ၂၀၁၂ခုနှစ်ဇန်နဝါရီ၁ ရက်နေ့မှစ၍ ကမ္ဘာ့ပေါက်ဈေးနှုန်း ပြောင်းလဲသည့်အတိုင်း လိုက်လံ ပြောင်းလဲရောင်းချနိုင်သော နှုန်း ရှင်ဖြင့် ရောင်းချခွင့်ပေးလိုက်ပြီ ဖြစ်ကြောင်းသတင်းရရှိသည်။



နယ်မြို့တစ်မြို့တွင် တစ်ဂါလံ ၂၅၀၀ကျပ်ဖြင့် ရောင်းချစဉ်က ဆီထုတ်ရန် တန်းစီစောင့်နေသူများကို တွေ့ရစဉ်

ထို့ကြောင့် ဓာတ်ဆီဈေးနှုန်းများမှာ ဇန်နဝါရီ၁ရက်တွင် တစ်ပီပါလျှင် ကျပ်ငါးသောင်းဝန်းကျင် မြင့်တက်သွားသည်။ ။

ဓာတ်ဆီကို ပုဂ္ဂလိကသို့ စက်သုံးဆီဆိုင်များ လွှဲပြောင်းပေးသော ၂၀၁၀ဇွန်လမှစတင်၍ ၂၀၁၁ ဒီဇင်ဘာ ၃၁ရက်အထိတစ်ဂါလန်လျှင် ၂၅၀၀ ကျပ်ဖြင့် စက်သုံးဆီဆိုင်များတွင်ရောင်းချပေးခဲ့သည်။ ယခုအခါ တစ်ဂါလန်လျှင်၃၅၀၀ ကျပ် (တစ်ပီပါလျှင် ၁၇၅၀၀၀ကျပ်) ထိ မြင့်တက်ခဲ့သည်။

သို့သော် ဓာတ်ဆီဈေးနှုန်းများကို တစ်ဂါလန်လျှင် ၃၈၀၀ ကျပ်ထက် ပိုမိုရောင်းချခွင့်ပေးမည်မဟုတ်ဟုလည်း သက်ဆိုင်ရာက သတ်မှတ်ထားသည်။

"မနေ့က ဆီဈေးတွေတက်မယ်ဆိုတဲ့ အသံကြားတာကြောင့် အပြင်ဆိုင်တွေမှာပါ ဆီကိုလိုသလောက် ရောင်းမပေးကြဘူး" ဟု ဈေးနှုန်းအပြောင်းအလဲတွင် ဈေးကွက် ဖြစ်သွားခဲ့ပုံ အခြေအနေများကို စက်သုံးဆီ ဝယ်ယူသုံးစွဲနေသူတစ်ဦးကပြောသည်။

ယခုကဲ့သို့ ဆီဈေးနှုန်းများ ရောင်းချသည့်ပုံစံ ပြောင်းလဲလိုက်သော်လည်း ဆီခွဲတမ်းပုံစံကို ပြောင်းလဲခြင်းမရှိကြောင်း သိရသည်။

ဓာတ်ဆီရောင်းချမှုပုံစံပြောင်းလိုက်၍ ဈေးနှုန်းများ မြင့်တက်သွားသော်လည်း ယခင်ကတည်းက ကမ္ဘာ့ပေါက်ဈေးအတိုင်းလိုက်လံပြောင်းလဲနေသော ဒီဇယ်ဈေးနှုန်းမှာ ပြောင်းလဲမှုမရှိပေ။

ဇန်နဝါရီ ၁ ရက်တွင် ဒီဇယ်ဈေးနှုန်းမှာတစ်ဂါလန်လျှင်၃,၅၀၀ ကျပ်၊ အောက်တိန်းဈေးနှုန်းမှာ တစ်ဂါလန် ၃,၆၀၀ကျပ်နှင့် ပရီးမီးယမ်ဈေးမှာ တစ်ဂါလန် ၃,၇၀၀ ကျပ်ဖြစ်သည်။

မန္တလေးမြို့တွင် ဓာတ်ဆီကို နှုန်းရှင်ဖြင့် ရောင်းလာပြီးနောက် လာရောက်ဝယ်ယူထုတ်ယူသူ အနည်းငယ်လျော့ကျသွားသည်။

"တက်လို့တော့ မရသေးဘူး။ သူများတွေဘာလုပ်မလည်း စောင့်ကြည့်နေတယ်။ အခုလက်ရှိတော့ အရင်ပေါက်ဈေးအတိုင်း ရောင်းနေတုန်းပဲ"ဟု ဆီထုတ်၍ ပြန်ရောင်းလေ့ရှိသူအမျိုးသားတစ်ဦးကပြော သည်။

ဇန်နဝါရီ၂ရက်တွင်ဓာတ်ဆီ ပြင်ပဈေးနှုန်းမှာ တစ်ဂါလံလျှင် ၄၈၀၀ကျပ်သို့ဈေးတက်လာသည်။ ဓာတ်ဆီထုတ်ဈေးမြင့်တက်လာမှုကို အခွင့်ကောင်းယူကာ အခြားကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်လာမည်ကိုစိုးရိမ်နေသည်ဟုဒေသခံများကပြောသည်။

# ကျဆုံးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒဏ်ရာရမီးသတ်တပ်ဖွဲ့ဝင်များအတွက် လှူဒါန်းငွေ ကျပ်သိန်း ငါးရာကျော်ရရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ဇန်နဝါရီ- ၂**

ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုကြောင့်သေဆုံးခဲ့သော မီးသတ်ဝန်ထမ်းငါးဦးနှင့် ဒဏ်ရာရရှိခဲ့သော မီးသတ်ဝန်ထမ်း ၃၇ ဦးတို့အတွက် စေတနာရှင်များထံမှ ဂုဏ်ပြုလှူဒါန်းငွေ ကျပ်သိန်းငါးရာကျော်လက်ခံရရှိထားပြီဖြစ်ကြောင်း ဗဟိုမီးသတ်ဌာနမှတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင်ပြောကြားခဲ့သည်။

မီးလောင်ပေါက်ကွဲမှုကြောင့် တာဝန်ထမ်းဆောင်စဉ်ကျဆုံးသွားခဲ့သော မီးသတ်ဝန်ထမ်းငါးဦး၏ ကျန်ရစ်သူ မိသားစုသို့ တိုက်ရိုက်လှူဒါန်းငွေမှာကျပ်သုံးရာသုံးဆယ့်ငါးသိန်းကိုးသောင်းနှစ်ထောင့်ငါးရာ(၃၃,၅၉၂,၅၀၀) နှင့် အခြားလှူဒါန်းငွေမှာ ကျပ်နှစ်ရာနှစ်ဆယ့်ငါးသိန်းကျော်ရှိခဲ့ပြီး စုစုပေါင်း လှူဒါန်းငွေကျပ် ငါးရာခြောက်ဆယ့်တစ်သိန်းငါးသောင်းရှစ်ထောင် လက်ခံရရှိထားကြောင်းသိရသည်။

"တာမွေမီးသတ်စခန်းမှာ တိုက်ရိုက်လာရောက်လှူဒါန်းတဲ့ ငွေကြေးတွေပါ။နိုင်ငံတော်ကလှူတာနဲ့ဘောလုံးပွဲက အလှူငွေတွေ မပါသေးပါဘူး။အခုထက်ထိကိုလာရောက်လှူဒါန်းတဲ့သူတွေရှိဆဲပါပဲ"ဟု အထက်ပါ တာဝန်ရှိသူကပြောသည်။

ဒဏ်ရာရမီးသတ်ဝန်ထမ်းများနှင့် ကျဆုံးခဲ့သောမီးသတ်ဝန်ထမ်းများအား တိုက်ရိုက်လှူဒါန်းနိုင်ရန် တာမွေမီးသတ်စခန်းတွင် အလှူခံဌာနဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သောမေတ္တာမွန်ဂိုဒေါင် မီးလောင်ပေါက်ကွဲမှုကြောင့် မီးငြိမ်းသတ်ရန်ရောက်ရှိနေသော တာမွေမီးသတ်စခန်းမှ မီးသတ်ဝန်ထမ်းအများအပြား ထိခိုက်မှုဖြစ်စေခဲ့ပြီး မီးသတ်ဝန်ထမ်းငါးဦး သေဆုံးခဲ့ကာ လက်ရှိအချိန်ထိ ဆေးရုံတွင် စိုးရိမ်ရဖွယ်မီးသတ်ဝန်ထမ်းသုံးဦး ရှိနေကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

# ဒေါပုံမြို့နယ် အိမ်တစ်အိမ်၏ကြမ်းခင်းအောက်မှ အပူငွေ့များထွက်နေ

## အပူငွေ့ထွက်ရခြင်း၏အကြောင်းရင်းကို သက်ဆိုင်ရာက အဖြေရှာနေဆဲ

**ဥက္ကာကိုကို၊ ဝေယံမြတ်ဦး**
**ရန်ကုန်၊**
**ဇန်နဝါရီ-၂**

ဒေါပုံမြို့နယ်၊ ဇေယျာသီရိ-၃ လမ်းရှိ နေအိမ်တစ်အိမ်တွင် နေအိမ်ရှိကြမ်းပြင်တိုင်ခြေရင်းမှ ပူလောင်နေသောကြောင့် အနီးအနားမှ နေထိုင်သူ အများအပြား လာရောက်ကြည့်ရှုနေကြပြီးသက်ဆိုင်ရာကလည်း ဖြစ်ပွားရသည့် အကြောင်းရင်းကို အဖြေရှာမရသေးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခန့်က အဆိုပါနေအိမ်အတွင်းရှိ အိမ်တိုင်တစ်လုံး၏ခြေရင်းတွင် လွန်ကဲစွာ ပူလောင်လာသောကြောင့် နေအိမ်နှင့် အနီးအနားရှိ လူများ အထိတ်တလန့်ဖြစ်ခဲ့ကြရသည်။

ဖြစ်စဉ်ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ဘူမိဗေဒဦးစီးဌာန၊ လျှပ်စစ်ဌာနမှ တာဝန်ရှိသူများ လာရောက်စစ်ဆေးခဲ့သော်လည်း အကြောင်းရင်းကိုမသိရှိရသေးပေ။ ပူလောင်နေသည့် တိုင်ခြေရင်းအား အနက်နှစ်ပေခန့်တူးဖော်ကြရာ မီးခိုးများထွက်ရှိလာခဲ့ပြီး တူးဖော်ထားသည့် မြေနေရာအားရေများနှစ်ကြိမ်လောင်းထည့်ထားရကြောင်း သိရသည်။



**အပူငွေ့များထွက်နေသော နေရာကို တူးဖော်၍ ရေလောင်းထားစဉ်** ဓာတ်ပုံ-ဥက္ကာကိုကို

"မီးသတ်ကတော့ စိုးရိမ်စရာမရှိပါဘူးလို့ ပြောသွားတာပဲ"ဟု အိမ်ပိုင်ရှင်ဒေါ်ခင်ပြည့်စုံကပြောကြားသည်။

အဆိုပါနေအိမ်မှာရေသန့်ရောင်းဝယ်ရေးနှင့်လက်ဖွဲ့ပစ္စည်းများထုပ်ပိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြောင်း သိရသည်။

"မနက်ကျမှပဲသိမယ်။ အကုန်စောင့်ကြည့်နေတယ်။ စိုးရိမ်စရာမရှိဘူးလို့ အထက်အရာရှိတွေပြောသွားတယ်"ဟု အဆိုပါနေရာတွင် စောင့်ကြပ်ပေးနေသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက 7DayNews သို့ပြောသည်။

# ရွေးကောက်ပွဲဝင်မည့်NLDကိုယ်စားလှယ်များ ဇန်နဝါရီ၁၁နောက်ပိုင်းရွေးချယ်မည်

ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ဝင်စားနေ

**အားမာန်**
**ရန်ကုန်၊ဇန်နဝါရီ-၂**

ကြားဖြတ်ရွေးကောက်ပွဲတွင်ဒေါ်အောင်ဆန်းစုကြည်ကကော့မှူးမြို့နယ်မဲဆန္ဒနယ်မှဝင်ရောက်ယှဉ်ပြိုင်ရန်စိတ်ဝင်စားနေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဝင်ရောက်ယှဉ်ပြိုင်မည့်အခြားကိုယ်စားလှယ်များကိုဇန်နဝါရီ၁၁ရက်နောက်ပိုင်းတွင်မှအတည်ပြုဆုံးဖြတ်မည်ဖြစ်ကြောင်း ပါတီ၏ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက ပြောသည်။

"ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့အထိတော့ကော့မှူးကနေပဲဝင်ပြိုင်ဖို့စိတ်ဝင်စားနေဆဲပါ"ဟု ဦးဉာဏ်ဝင်းကပြောသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် နေရာပြည့်ဝင်ရောက်ယှဉ်ပြိုင်မည့် NLD ပါတီမှာ ပါတီကိုယ်စားပြု၍ ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်များကိုရွေးချယ်နိုင်ရန်ဇန်နဝါရီ ၁၁ရက်နောက်ဆုံးထား၍ ပါတီဝင်များထံမှ ဆန္ဒသဘောထားတောင်းခံထားသည်။

ထို့ကြောင့် ဇန်နဝါရီ၁၁ရက်နောက်ပိုင်းမှသာ ကိုယ်စားလှယ်များနှင့် ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များကို အတည်ပြုဆုံးဖြတ်မည်ဟု ပါတီပြန်ကြားရေးတာဝန်ခံက ဆက်လက်ပြောသည်။ လစ်လပ်မဲဆန္ဒနယ်၄၈နေရာရှိသော ကြားဖြတ်ရွေးကောက်ပွဲကို လာမည့်ဧပြီလ၁ရက်တွင် ရွေးကောက်ပွဲကော်မရှင်က ကျင်းပမည်ဖြစ်သည်။

ထပ်မံရရှိသော သတင်းအရ အမေရိကန်ဘီလျံနာသူဌေး ဂျော့ဆိုးရော့စ်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏နေအိမ်တွင်ဇန်နဝါရီ၂ရက်ညနေပိုင်းက သွားရောက်တွေ့ဆုံခဲ့ကြောင်း အဆိုပါပါတီတာဝန်ရှိသူတစ်ဦးကပြောသည်။ မြန်မာနိုင်ငံသို့ကိုယ်ပိုင်လေယာဉ်ဖြင့်လာရောက်ခဲ့သော ဂျော့ဆိုးရော့စ်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် အစိုးရအဆင့်မြင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသေးကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

CRIME CORNER

## စိန့်ဩဂတ်စတင်းမီးလောင်မှု ကျပ်သိန်း ၄၀၀ ကျော်ဆုံးရှုံး



မြတ်စုမွန်

ရန်ကုန်၊ ဒီဇင်ဘာ-၃၀

ရန်ကုန်တစ်မြို့လုံး ထိတ်လန့်ခဲ့ရသော ကူးတို့ဆိပ်ရပ်ကွက်မီးလောင်မှုအပြီး နှစ်ရက်အကြာ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းပေါ်ရှိ စိန့်ဩဂတ်စတင်းခေါ် အထက (၂)ကမာရွတ်တွင် ဒီဇင်ဘာ ၃၀ ရက်ညဦးပိုင်းက မီးလောင်ကျွမ်းမှုကြောင့်စုစုပေါင်း ကျပ်သိန်း ၄၁၅ သိန်းခန့်ဆုံးရှုံးခဲ့ကြောင်း အခင်းဖြစ်ပွားရာနေရာတွင်ရောက်ရှိနေသည့်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

ယနေ့ညနေ ၅နာရီခွဲခန့်တွင် ဝါယာရှော့ကြောင့် ကွန်ပျူတာ ခန်းမမှတစ်ဆင့် ချယ်ရီ၊ ကံ့ကော်၊ ပိတောက်၊နှင်းဆီစသည့် စာသင်ဆောင်များသို့ကူးစက်ခဲ့ပြီး ညစနာရီခွဲခန့်တွင် မီးလောင်မှုကို အပြီးသတ်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ပျက်စီးမှုကြောင့် ဆုံးရှုံးမှုမှာ ကွန်ပျူတာများ၏ တန်ဖိုးကျပ် ၃၆ သိန်းဝန်းကျင်နှင့် အဆောက်အအုံ တန်ဖိုး ကျပ် ၃၄၉ကျပ်၊ စာသင်ခုံတန်ဖိုး ကျပ်သိန်း ၃၀ စုစုပေါင်း ကျပ် ၄၁၅ သိန်း တန်ဖိုးရှိကြောင်း သတင်းရရှိသည်။

"တေဇခန်းမက တစ်ခြမ်းလုံးလောင်သွားတယ်။ ကျောင်းအုပ်ကြီးရဲ့ ကားကတော့ မီးမလောင်ပါဘူး။ ရှေ့ပိုင်းနည်းနည်းလေးပဲထိသွားတယ်"ဟု ကိုယ်တိုင်ဝင်ရောက်မီးငြိမ်းသတ်ခဲ့သည့် မီးသတ်ဝန်ထမ်းတစ်ဦးကပြောသည်။

အဆိုပါမီးလောင်ကျွမ်းမှုအား မီးသတ်ယာဉ် ၃၁စီးနှင့် မီးသတ်ဝန်ထမ်းအင်အား ၁၀၀ကျော် ရောက်ရှိကာ တာဝန်ယူငြိမ်းသတ်ခဲ့ကြောင်း အခင်းဖြစ်ပွားအပြီးတွင် ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးကပြောသည်။

"ကျွန်တော်တို့ ရဲဘော်တွေမှာ စက်ဆန်းမီးလောင်တဲ့နေ့က ဒဏ်ရာရတဲ့လူတွေများခဲ့တယ်။ ဒီနေ့မှာ ဒဏ်ရာရခဲ့တဲ့ရဲဘော်တချို့နဲ့ နားစည်ဒဏ်ရာရထားတဲ့ ရဲဘော်တစ်ယောက်လည်း လာပြီး တာဝန်ယူပေးတယ်။ မီးလောင်တယ်လို့ အကြောင်းကြားတာနဲ့ ကျွန်တော်တို့အရောက်လာတာပါ" ဟု ကယ်ဆယ်ရေးဝတ်စုံဝတ်ထားသည့်မီးသတ်ဝန်ထမ်းတစ်ဦးကမီးသတ်ကားအရောက် နောက်ကျသည်ဟုပြောဆိုသည့် အမျိုးသမီးတစ်ဦးအား ပြန်လည်ရှင်းပြသည်။

"ဒီနေ့ နေ့လယ်က ကလေးတွေ ကပွဲရှိတယ်။ ကလေးတွေက ညနေ ၄နာရီခွဲလောက်က ပြန်သွားကြတာ။ ကျွန်မ ကလေးလည်း ဒီကျောင်းမှာတက်တာ"ဟု မီးလောင်ရာသို့ လာရောက်ကြည့်ရှုသည့် အမျိုးသမီးတစ်ဦးကပြောသည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂၈ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၌ မီးလောင်ပေါက်ကွဲမှုကြောင့်လူ၁၇ဦးသေဆုံးပြီး လူ၁၀၀ခန့်ဒဏ်ရာရကာ ရာနှင့်ချီသော လူများ မီးဘေးသင့်ခဲ့သည်။

# လက်ဖက်ရည်ဆိုင်ဖွင့်ခွင့်လိုင်စင် ပြန်လည်ချပေးရန် စီစဉ်နေဟု ဆို

ကျော်သီဟ

ရန်ကုန်၊ ဒီဇင်ဘာ-၂၉

ရန်ကုန်မြို့တွင် လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ခွင့်လိုင်စင်ချထားပေး မှု ရပ်ဆိုင်းထားရာမှ မကြာမီလိုင်စင်ပြန်လည်ချပေးရန် တင်ပြထားကြောင်း မြို့တော်စည်ပင်စီမံဌာန ဒုတိယဌာနမှူးကပြောကြားသည်။

"လက်ဖက်ရည်ဆိုင် ကန့်သတ်ထားတာမဟုတ်ပါဘူး။ ခွင့်မပြုလာတာပါ။ ၂၀၀၅ ခုနှစ်အစောပိုင်းက လုပ်လက်စလိုင်စင်တွေကိုပဲ ဆက်လက်လုပ်ကိုင်ခွင့်ပြုနေတာပါ။ မကြာခင်ပြန်ချပေးနိုင်ဖို့ အဆင့်ဆင့်တင်ပြထားပါတယ်"ဟု အထက်ပါတာဝန်ရှိသူ က 7 Day News သို့ပြောသည်။

လက်ဖက်ရည်ဆိုင် (သို့မဟုတ်) စားဖွယ်စုံနှင့် ကဖီးစသည့် လုပ်ငန်းလိုင်စင်ကို မြို့တော်စည်ပင်သာယာရေးကော်မတီစီမံရေးရာဌာနသို့ တင်ပြတောင်းခံရခြင်းဖြစ်ပြီး၊ လုပ်ငန်းတိုင်းအပေါ် အခွန်အား ရင်းနှီးမြှုပ်နှံမှုပမာဏနှင့်မြို့လယ်ခေါင်၊ မြို့စွန်စသဖြင့် ဆိုင်၏အခြေအနေပေါ် မူတည်ကောက်ခံခြင်းဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ပုံသေသတ်မှတ်ထားသော နှုန်းမရှိကြောင်းလည်း ၎င်းကပြောကြားသည်။

လက်ရှိလက်ဖက်ရည်ဆိုင်များ မြို့နယ်ပြောင်းလျှောက်ထားမှုကို စည်ပင်က လက်ခံဆောင် ရွက်ပေးပြီး မြို့နယ်အဆင့်စည်ပင်သာယာရေးအဖွဲ့ထံသို့ တင်ပြရသည်ဟုဆိုသည်။

"အရင်က ရန်ကင်းမြို့နယ်မှာ ဖွင့်ခွင့်ရတယ်။ ဒါပေမဲ့ တောင်ဥက္ကလာပြောင်းချင်ရင်တော့ မြို့နယ်စည်ပင်ကိုတင်ပြပြီး ပြောင်း လဲဖွင့်လှစ်နိုင်တယ်" ဟုလည်း တာဝန်ရှိသူတစ်ဦးကဆိုသည်။

"လိုင်စင်မချပေးတော့ မြို့နယ်ထဲရပ်ကွက်ထဲကဆိုင်ဟောင်းတွေကိုပြန်ဝယ်ပြီးလုပ်ကိုင်နေရတယ်"ဟု မကြာသေးမီက လက်ဖက်ရည်ဆိုင်ဟောင်း ပြန်ဝယ်ထားသူတစ်ဦးကဆိုသည်။

# ဥပဒေနှင့်မညီသော ဘက်လိုက်မှုဟု ယူဆရသည့် အမှုတွဲဟောင်း ၆၀ ကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်မည်

ထူးသန့်

နေပြည်တော်၊ ဒီဇင်ဘာ-၂၉

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသို့ တင်ပြတိုင်ကြားလာသော အမှုတွဲပေါင်း ၆၉ စောင်အနက် တရားစီရင်ရေးနှင့်ပတ်သက်ပြီး ဥပဒေနှင့် မညီညွတ်မှုများ၊ ဘက်လိုက်မှုကြောင့်ဟု ယူဆရသော နစ်နာမှုများအတွက် အမှုတွဲပေါင်း ၆၀ ကို တရားလွှတ်တော်ချုပ်က ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ထားကြောင်း အထက်ပါကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို ပြောကြားသည်။

"ကော်မတီဖွဲ့စည်းလိုက်ကြောင်း သတင်းထုတ်ပြန်တဲ့ အချိန်ကစပြီး ဒေသအသီးသီးက တိုင်ကြားစာတွေ အဆက်မပြတ် ပေးပို့လာပါတယ်။ ယနေ့အထိ တိုင်ကြားစာပေါင်း ၆၉ စောင် ရောက်ရှိလာပါတယ်။ ကော်မတီအနေနဲ့ ဖတ်ကြားစိစစ်ပြီး ၂၀၁၁ ဒီဇင်ဘာ၁၄ ရက်မှာပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နဲ့ တွေ့ဆုံပြီး အမှုတွဲ၆၀ကို တရားလွှတ်တော်ချုပ်က ပြန်လည်စိစစ်အရေးယူဆောင်ရွက်နိုင်ဖို့ လွှဲပြောင်းပေးပို့ခဲ့ပါတယ်"ဟူ၍ ယင်းက ပြောကြားခြင်းဖြစ်သည်။

အဆိုပါ အမှုတွဲများထဲမှ ထင်ရှားသော အမှုနှစ်ခုကိုလည်း ကော်မတီဝင်တစ်ဦးက "ချက်ချင်းဆိုတော့ မှတ်မိသလောက် ပြောရရင် လောင်းကစားမှုတစ်ခု။ အဲဒီမှာ လူနှစ်ဦးကို ဖမ်းတယ်။ စစ်ဆေးအရေးယူတော့ အကူတစ်ဦးတည်းကိုပဲ အရေးယူပြီး အဓိကလူက လွတ်နေတယ်။ နောက်တစ်ခုက သစ်တောဥပဒေနဲ့ အရေးယူရမယ့် အမှုကိုပုဒ်မ ၆(၁)နဲ့ စွဲလိုက်တယ်။ အဲဒီတော့ အမှုသည်မှာ ပိုပြီးနစ်နာရတာပေါ့။

စာ(၁၂)သို့






7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

# ကြေကွဲအရက်ဦး

7Day သတင်းအဖွဲ့

**တာဝန်သိ၊ ရဲရင့်စွာ မီးငြှိမ်းသတ်ရန်ကြိုးပမ်းသော မီးသတ်တပ်ဖွဲ့ဝင် အများဆုံး ဆုံးရှုံးခဲ့ရသော မတော်တဆမှုဖြစ်သည်။**



***မီးလောင်ပြင်တွင် မီးငြှိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များ***

ဓာတ်ပုံ - နေလင်းအောင်

နံနက် ၁ နာရီ ၄၀ မိနစ်ဝန်းကျင်တွင် အိမ်ရှေ့၌ အထင်းသားမြင်တွေ့နေရသော မီးတောက်ကြီးကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းရန် နှစ်လသားအရွယ် ကလေးငယ်ကို ရင်ဝယ်ပိုက်ကာ တစ်ဖက်တွင် ခြောက်နှစ်အရွယ် သမီးငယ်ကို လက်ဆွဲရင်း မအိအိဖြိုးလမ်းထိပ်သို့ ပြေးထွက်လာခဲ့သည်။

မွေးဖွားစဉ်ကတည်းက နေထိုင်ခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်အတွင်းမှ သိုလှောင်ရုံတစ်ခုတွင် မီးစွဲလောင်နေသဖြင့် မီးဘေးလွတ်ရာသို့ ပြေးလွှားနေစဉ် မြေသိမ့်တုန်ကာ နားစည်များ ပေါက်ကွဲမတတ် မြည်ဟည်းသည့်ဝုန်းဆိုသည့် အသံနှင့်အတူ မအိအိဖြိုးတို့သားအမိတစ်တွေလည်းကျောက်ခဲများ၊ အရာဝတ္ထုများ လွင့်စဉ်ထွက်သွားသလို လွင့်စဉ်မတတ် ဖြစ်သွားခဲ့ရသည်ဟု သူမက ပြန်ပြောပြနေသည်။

ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီထိုးရန် မိနစ်အနည်းငယ်အလိုတွင်မြည်ဟည်းလိုက်သော ထိုပေါက်ကွဲသံကြီးက ရန်ကုန်တစ်မြို့လုံးအား လှုပ်နှိုးခဲ့သည်။ စက်ဆန်းဟု လူအများသိရှိထားသော သိုလှောင်ရုံ ဂိုဒေါင်များရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်တွင် ဂိုဒေါင်တစ်ခုမှ စတင်လောင်ကျွမ်းခဲ့သော မီးမှ အခြားဂိုဒေါင်များသို့ ကူးစက်ကာ ယမ်းစိမ်းနှင့် ပရဆေးများသိုလှောင်ထားသည့်သိုလှောင်ရုံသို့ မီးအကူးတွင် မြေပြင်တွင် ၁၀ ပေ အနက်ကျင်းကြီးဖြစ်သည်အထိ ပြင်းထန်ခဲ့သောပေါက်ကွဲမှုကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။

ထိုပေါက်ကွဲမှုကြောင့်အနီးဆုံး ပုဇွန်တောင်မြို့နယ် နေအိမ်အချို့မှန်များကွဲပြီး မြောက်ဒဂုံ၊ သန်လျင် စသည့် ဝေးလံသည့်နေရာများမှပင် ကြားရသည်အထိ ပြင်းထန်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနှင့် မျက်နှာချင်းဆိုင်ရပ်ကွက်ဖြစ်သော ကူးတို့ဆိပ်ရပ်ကွက်တွင်နေထိုင်သူများဖြစ်သည့် မအိအိဖြိုးအပါအဝင် ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ မီးဘေးလွတ်ရာသို့ တိမ်းရှောင်ထွက်ပြေးစဉ် ထိုပေါက်ကွဲမှုကို အနီးကပ်ပြင်းထန်စွာခံစားလိုက်ရပြီး အချို့မှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးကာ အချို့မှာဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြသည်။ ရပ်ကွက်အတွင်းရှိအိမ်များမှာ ပြင်းအားကောင်းကောင်းဖြင့် လေမုန်တိုင်း တိုက်ခတ်လိုက်သကဲ့သို့ နေအိမ်များရုတ်ခြည်းလဲပြိုခဲ့ပြီး မြေပြင်မှ ကျောက်စရစ်ခဲများပင် မိုးပေါ်သို့လွင့်စဉ်ကုန်ကြောင်း ကိုယ်တွေ့ကြုံခဲ့ရသူများက ပြောကြသည်။

ဒဏ်ရာရရှိသူ အများစုမှာ ပေါက်ကွဲစဉ် ကျောက်ခဲများ၊ ကျောက်စရစ်ခဲများထိမှန်ဒဏ်ရာရရှိသူများက အများဆုံးဖြစ်ကြောင်း ကြက်ခြေနီတပ်ဖွဲ့ဝင်များကပြောကြားသည်။

မအိအိဖြိုး၏ နှစ်လသားအရွယ်ကလေးငယ်မှာ ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ဖက်ထားသဖြင့် ဒဏ်ရာမရသော်လည်းခြောက်နှစ်အရွယ်သမီးငယ်မှာ ကြောက်လန့်တကြား ပြေးလွှားကြသူများ၏ တက်နင်းခြင်းခံခဲ့ရသည်။ သူမ၏ခင်ပွန်းနှင့် ရပ်ဆွေရပ်မျိုးအချို့မှာ ကျောက်ခဲများထိမှန်ကာ ဒဏ်ရာပြင်းသဖြင့် အရေးပေါ်ဆေးကုသရန် ရန်ကုန်ဆေးရုံကြီးတွင်ရောက်ရှိနေကြသလို သူမတို့သားအမိတစ်တွေမှာလည်းပေါက်ကွဲပြီး နာရီအနည်းငယ်အကြာတွင် မီးလောင်ပေါက်ကွဲရာနှင့် မလှမ်းမကမ်းရှိ မဟာဝိဇယရာမကျောင်းတွင် အခြားမီးဘေးသင့်သူများနှင့်အတူ ရောက်ရှိနေကြခြင်းဖြစ်သည်။

**စာ(၄၁) သို့**

## ရန်ကုန်နှစ်သစ်ကူးည ယာဉ်တိုက်မှု ၇ မှုဖြစ်ပွား

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂**

ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်နယ်နိမိတ်အတွင်း နှစ်သစ်ကူးညတွင် ယာဉ်တိုက်မှုပေါင်း ၇ မှုဖြစ်ပွားခဲ့သည်။ ဇန်နဝါရီ ၁ ရက် နံနက် ၁ နာရီမှ ၆ နာရီအတွင်း ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။ ထိုနေ့နေ့ခင်းပိုင်းတွင်လည်း ယာဉ်တိုက်မှု ၆ မှုထပ်မံဖြစ်ပွားခဲ့၍ တစ်ရက်လုံးတွင်စုစုပေါင်း ၁၃ မှုရှိသည်။ ဒီဇင်ဘာ ၃၁ ရက်တွင် ၃ မှုဖြစ်ပွားပြီး တစ်ဦးဒဏ်ရာရခဲ့သည်။

## မီးဘေးဒုက္ခသည်များကို အစိုးရက ထောက်ပံ့

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၁**

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ မီးဘေးဒုက္ခသည်များအား တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းစီနှင့် သေဆုံးသူအတွက် ငွေကျပ်နှစ်သိန်းစီ၊ ဒဏ်ရာရရှိသူအတွက် ငွေကျပ်တစ်သိန်းစီကို နိုင်ငံတော်ဒုတိယ သမ္မတဒေါက်တာစိုင်းမောက်ခမ်းကိုယ်တိုင် ယနေ့လာရောက်လှူဒါန်းသွားသည်။ ထို့အပြင် ပျက်စီးသွားသော ဘုန်းကြီးကျောင်းအတွက် ငွေကျပ်သိန်းသုံးဆယ်လှူဒါန်းခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012




# ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်ပြည်သူများကို မူလနေရာတွင် ပြန်နေရာချထားပေးမည်


**ပြည်သိမ်း၊ အေးမြတ်သူ** **ရန်ကုန်၊ ဇန်နဝါရီ- ၂**


မီးလောင်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသောကူးတို့ဆိပ်ရပ်ကွက်နေ မိသားစုများကို မူလနေရာ၌သာ လူနေအိမ်များ ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်ကပြောကြားသည်။

မူလနေရာ၌ ပြန်လည်တည်ဆောက်ပေးရာတွင် အိမ်ဆောက်ပစ္စည်းများပံ့ပိုး၍ မူလပုံစံအတိုင်း တည်ဆောက်ပေးသွားမည်ဖြစ်သည်။ မီးဘေးသင့်ပြည်သူများ လျင်မြန်စွာပြန်လည်နေထိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရက ဦးစီးပြီး ဆပ်ကော်မတီများဖွဲ့၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဦးလှိုင်စိုးသန့်ကဆိုသည်။

"အလှူငွေကလည်းများသလို အစားအသောက်ကလည်း အလျှံပယ်ပဲ။ အဆိုးထဲက အကောင်းလို့ ပြောရမှာပေါ့"ဟု လုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။

ဒီဇင်ဘာ ၂၈ ရက်က မေတ္တာမွန်ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုကြောင့် ကူးတို့ဆိပ်ရပ်ကွက်တွင် အိမ်ထောင်စု ၁၆၁ စု၏ အိုးအိမ်များပျက်စီးခဲ့သည်။ ဇန်နဝါရီ ၁ ရက်တည်းမှာပင် နိုင်ငံတော်မှ အလှူငွေကျပ်သိန်းပေါင်း ၃၇၇ဒသမ၈သိန်း၊ ပုဂ္ဂလိကအလှူရှင်များက ငွေကျပ် ၃၄၀၅ သိန်းဖိုးရှိငွေသားနှင့် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြသည်။






7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# မူဆယ် ၁၀၅ မိုင်တွင် ငါးရှဉ့်တင်ပို့ရောင်းချမှု လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြု

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်း မူဆယ် (၁၀၅) မိုင်ရှိ ငါးရှဉ့်တင်ပို့ရောင်းချရေးလုပ်ငန်းအား အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက တစ်ဦးတည်း လုပ်ဆောင်နေရာမှ မည်သူမဆို လွတ်လပ်စွာ ကုန်စည်ဒိုင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။

ငါးရှဉ့်သည် ကန့်သတ်ကုန်ပစ္စည်းမဟုတ်ဘဲ နိုင်ငံတော်မှ သီးခြားညွှန်ကြားချက်မရှိကြောင်း ငါးရှဉ့်နှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ပတ်သက်ခြင်း၊ စစ်ဆေးခြင်း၊ ကောက်ခံခြင်း၊ ပါဝင်ပတ်သက်ခြင်းမရှိကြစေရန် ကန့်သတ်ကုန်ဥပဒေတွင်ပါဝင်သောပစ္စည်းမဟုတ်သဖြင့် လွတ်လပ်စွာရောင်းဝယ်သွားကြရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ Free (လွတ်လပ်စွာရောင်းခွင့်)ပေးလိုက်ပြီ။ အများအတွက် အသိစိတ်ဓာတ်လေးရှိဖို့တော့လိုတယ်"ဟု ဒီဇင်ဘာ ၃၁ ရက်တွင်ပြောသည်။

မူဆယ် ၁၀၅ မိုင် ငါးရှဉ့်တင်ပို့ရောင်းချမှု လုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ငါးရှဉ့်တင်ပို့သူလုပ်ငန်းရှင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက်တွင် အဆိုပါကုန်သွယ်ရေး စခန်းသို့သွားရောက်ခဲ့သည်။ထို့နောက် လုပ်ငန်းရှင်များကိုယ်တိုင် ဦးဆောင်တာဝန်ယူဆောင်ရွက်မည့် အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သောကုန်စည်ဒိုင်ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းခဲ့သည်။

ကော်မတီသည် ၂၀၁၂ ခုနှစ်ဇန်နဝါရီ ၁ ရက်မှစတင်၍ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက ဆောင်ရွက်နေသော လုပ်ငန်းများအနက် ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းကိုလွှဲပြောင်းလက်ခံလုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ အခြေအနေများကြောင့် ရေလဲလှယ်ခနှုန်းထားများအားတစ်သေတ္တာလျှင် ၁၅၀၀ ကျပ်မှ ၁၂၀၀ ကျပ်သို့ လည်းကောင်း၊ ကဏန်း၊ ငါးရှဉ့် လေလံအာမခံဝန်ဆောင်မှုနှုန်းထားများအား မြန်မာလုပ်ငန်းရှင်များထံမှ ၄ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ စီစဉ်နေကြောင်းသတင်းရရှိသည်။

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီသည် ရေထွက်ပစ္စည်းကုန်စည်ဒိုင် လုပ်ငန်းများကို ၂၀၀၆-၀၇ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"လုပ်ငန်းရှင်တွေကတော့ အမြတ်ပါးပါးပဲ စားပြီး ရေရှည်အတွက်တော့ကောင်းမယ်။အောက်ခြေမှာ ရှာဖွေစားသောက်နေတဲ့ လူတွေဆီက တွန်းဝယ်မယ်။ လောလောဆယ်ငါးရှဉ့်အထွက်နည်းတဲ့ရာသီမို့ကုန်စည်ဒိုင်လုပ်ဖို့အစီအစဉ်မရှိသေးဘူး။ လွတ်လွတ်လပ်လပ် လုပ်ခွင့်ပြုတော့သူတို့ကို လေလံခွန်ပေးစရာမလိုဘဲ ဒီအတိုင်း တရားဝင် လွတ်လပ်စွာရောင်းနေကြပါပြီ"ဟု ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ ငါးရှဉ့်ဒိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

## တီရှပ်အင်္ကျီတစ်ထည်ကို ကျပ်၁၂၅သိန်းဖြင့် လေလံဆွဲ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**



ဓာတ်ပုံ - အောင်သူရ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးမှူးကျင်းပသောပြည်ထောင်စုတိုင်းရင်းသားများ ပညာရေးရန်ပုံငွေဂီတဖျော်ဖြေပွဲတွင်အနုပညာရှင်များ၏ လက်မှတ်ရေးထိုးထားသည့် ဒေါ်အောင်ဆန်းစုကြည်ပုံပါ တီရှပ်တစ်ထည်အား ငွေကျပ် ၁၂၅ သိန်းဖြင့်လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက လေလံဆွဲသွားခဲ့သည်။

လေလံဆွဲသွားသော ဒေါ်မာလာဝင်းမှာ Common Purpose ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည်။

"အန်တီစုက ပြည်သူတွေအတွက်လုပ်တာဆိုတော့ လှူချင်နေတာ၊အလှူငွေထည့်တဲ့သဘောပါပဲ" ဟု ဒေါ်မာလာဝင်းက ဆိုသည်။

လေလံဆွဲသွားသော တီရှပ်မှာ သာမန်တီရှပ်သာဖြစ်ပြီး XL အရွယ်ဖြစ်ကာ ဒေါ်အောင်ဆန်းစုကြည်လက်မှတ်နှင့် ထိုညက ဖျော်ဖြေခဲ့သောအနုပညာရှင်များလက်မှတ်ပါရှိကာ ကမ္ဘာပေါ်တွင် ထိုတီရှပ်နှစ်ထည်သာရှိမည်ဖြစ်ပြီး ကျန်တစ်ထည်အား အန်တီစုသို့လက်ဆောင်ပေးမည်ဟု စီစဉ်သူတစ်ဦးဖြစ်သည့် ကိုမောင်မောင်အေးကပြောသည်။

အဆိုပါလေလံပွဲအား ည ၈ နာရီခန့်တွင် စတင်ဖွင့်လှစ်ပြီး ကျပ်သိန်း ၃၀ ဖြင့် ဈေးစဖွင့်ရာ ကုမ္ပဏီ ၆ ခုမှ ပြိုင်ဆွဲခဲ့ကြသည်။ ည ၁၁ နာရီခန့်တွင် ဒေါ်မာလာဝင်းက ကျပ် ၁၂၅ သိန်းဖြင့်အမြင့်ဆုံးပေးကာဝယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလေလံပွဲတွင် ရွှေမိုးသဲရုပ်ရှင်ထုတ်လုပ်ရေးက ကျပ်သိန်း ၁၀၀ထိပေးခဲ့ပြီး အသက် ၂၀ ခန့် အမျိုးသမီးငယ်တစ်ဦးက ၁၁၉ သိန်းကျပ်ပေးခဲ့သည်။

ရန်ပုံငွေပွဲတွင် လက်မှတ်ဖိုးမပါ ငွေကျပ်သိန်း ၂၀၀ ကျော်ရရှိခဲ့ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

## ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ မှ ၁၀ရက်ထိ မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာသာယာနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ် အသင့်အတင့် ဖြစ်ထွန်းပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရာသီဥတုသာယာနိုင်ပြီး လှိုင်းအနည်းငယ်သာရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၁၀မိုင်မှ ၁၅ မိုင်ခန့်အထိသာ တိုက်ခတ်နိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

ဒီဇင်ဘာလ(၂၄)ရက်မှ အစပြုပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှာ ဖြစ်ပေါ်လာခဲ့တဲ့ မုန်တိုင်းငယ်ဟာ ပိုမိုအားကောင်းလာပြီး၊(၂၅)ရက်မှာ အမည်တပ်မုန်တိုင်း THANE အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာခဲ့ပါတယ်။ (THANE ဟာ မြန်မာအမည်သိန်းငှက်ဖြစ်ပါတယ်) ဒီဆိုင်ကလုန်းမုန်တိုင်းဟာ အနောက်မြောက်ယွန်းယွန်းကို ရွေ့လျားလာရင်းနဲ့(၂၉)ရက် ညပိုင်းမှ စတင်ကာအိန္ဒိယနိုင်ငံတောင်ပိုင်းအရှေ့ဘက်ကမ်းခြေကို Chennai မြို့အနီးကဖြတ်ကျော်ဝင်ရောက်သွားပြီး၊ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေခဲ့ပါသေးတယ်။ (၃၁-၁၂-၂၀၁၁)ရက် နံနက်ပိုင်းမှာတော့ တဖြည်းဖြည်း ဆက်လက်အားလျော့လာခဲ့ပြီး လေဖိအားနည်းရပ်ဝန်းအဖြစ်နည်းက အာရေဗျပင်လယ်တွင်းကို ရွေ့လျားသွားခဲ့ပြီဖြစ်ပါတယ်။ ဒီမုန်တိုင်းဟာ ၂၀၁၁ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်ထဲမှာ တတိယအကြိမ်မြောက် ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်းဖြစ်ပါတယ်။

လာမယ့်ရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်လာနိုင်ဖွယ်ရာ အခြေအနေများကို မတွေ့ရပါဘူး။ အလားတူပဲတောင်တရုတ်ပင်လယ်ပြင်ဘက်မှာလည်းမုန်တိုင်းဖြစ်ဖို့ အခြေအနေများ မတွေ့ရပါဘူး။

**ဆောင်းမုတ်သုံအားကောင်းဆဲဖြစ်ပါတယ်**

တရုတ်ပြည်မကြီးအလယ်ပိုင်းမှာဖြစ်ပေါ်နေတဲ့လေဖိအာများရပ်ဝန်းကြီးမှတစ်ဆင့် အရှေ့မြောက်လေအေးများဟာ ထိုင်းနိုင်ငံထိုင်းပင်လယ်ကွေ့အထိတိုးဆင်းလာနေတဲ့အတွက် ထိုင်းနိုင်ငံဘက်မှာ ပြင်းထန်တဲ့ ဆောင်းလေအေးဒဏ်ကို ခံစားနေရပါတယ်။ တစ်ခါတစ်ရံမှာတော့ မြန်မာနိုင်ငံဘက်ဆီကိုပါ တိုးဝင်လာတတ်ပြီး မြန်မာနိုင်ငံအရှေ့ပိုင်း ဒေသများမှာ ညအပူချိန်များကို ကျဆင်းစေပါတယ်။ လာမယ့် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းနဲ့ မြောက်ပိုင်း ဒေသတွေမှာ ညအပူချိန်များကျဆင်းမှုကြောင့်အအေးပိုမှုတစ်ကြိမ်ကြုံတွေ့နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဒီဇင်ဘာလ(၂၄)ရက် မှ(၃၀)ရက်အထိ ကာလအတွင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်တောင်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့မှလွဲပြီး ကျန်တစ်ပြည်လုံးမှာ မိုးရေချိန် ၀. ၂ လက်မ မှ ၀. ၈ လက်မခန့်အထိ ဆီးနှင်းမိုးနဲ့အတူ မိုးအနည်းငယ် ရွာသွန်းခဲ့ပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့်ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်းမြန်မာနိုင်ငံဘက်ဆီကို အရှေ့ဘက်က ရွေ့လျားလာနိုင်တဲ့မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်များမရှိနိုင်တဲ့အပြင် ဘင်္ဂလားပင်လယ်အော်အတွင်းမှာလည်းမုန်တိုင်းဖြစ်ဖို့အလားအလာများမရှိနိုင်တဲ့အတွက် အများအားဖြင့် သာယာပါ့မယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများဖြစ်ကြတဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ မိုးရွာသွန်းမှုအခြေအနေကို အတိအကျမပြောနိုင်ပါဘူး။ ကျန်ဒေသများအားလုံးမှာ ရွာသွန်းမြဲရဲ့အောက် လျော့နည်းဖွယ်ရာရှိတဲ့အတွက် မြူနှင်းကျဆင်းမှုများ လျော့နည်းနိုင်ပါတယ်။

**ညအပူချိန်များ**

ညအပူချိန်များအနေနဲ့ကတော့မြန်မာနိုင်ငံမြောက်ပိုင်းနဲ့အထက်ပိုင်းဒေသများမှာ ဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပြီး အအေးပိုနိုင်ပါတယ်၊ အလယ်ပိုင်းဒေသများမှာတော့ ဖြစ်မြဲခန့်နဲ့အောက်ပိုင်းဒေသများမှာဖြစ်မြဲထက် အနည်းငယ်ကျော်လွန်ပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး ပြည်တွင်းရေကြောင်းသွားလာရေးအတွက် မြစ်ကြီးများ အချို့မှာ ရေနည်းမှုအန္တရာယ်နဲ့ကြုံတွေ့နိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းနဲ့တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းများ မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာမရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ၂၀၁၂ ခုနှစ်အတွက် TOEFL နှင့် GRE စာမေးပွဲ အချိန်စာရင်း ထုတ်ပြန်

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ-၂၉**

အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲဖြစ်သော TOEFLနှင့် အမေရိကန်ကျောင်းဝင်ခွင့်စာမေးပွဲဖြစ်သော GRE တို့၏ ၂၀၁၂ ခုနှစ်အတွက် စာမေးပွဲအချိန်စာရင်းများကို အမေရိကန်စင်တာမှထုတ်ပြန် ကြေညာခဲ့သည်။

TOEFL စာမေးပွဲအား လာမည့်နှစ် ဇန်နဝါရီ ၁၄ ရက်နှင့် မေ ၅ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စာမေးပွဲကြေးမှာ အမေရိကန်ဒေါ်လာ ၁၆၀ ဖြစ်သည်။ GREစာမေးပွဲအား လာမည့်နှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် အထွေထွေစာမေးပွဲနှင့် ဧပြီလ ၂၁ရက်တွင်ဘာသာရပ်စာမေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေစာမေးပွဲအတွက် အမေရိကန်ဒေါ်လာ ၁၉၀နှင့်ဘာသာရပ်စာမေးပွဲအတွက် အမေရိကန်ဒေါ်လာ ၁၆၀ ပေးသွင်းဖြေဆိုရမည်ဖြစ်သည်။

၄င်းစာမေးပွဲများအား စစ်ဆေးကြီးကြပ်နေသော အမေရိကန်စင်တာတွင် ပညာရေးဆိုင်ရာအခွင့်အလမ်းများအကြောင်း အကြံဉာဏ်ရယူလိုသောကျောင်းသားများအနေဖြင့် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် နံနက် ၈ နာရီခွဲမှ နေ့လယ် ၁၁ နာရီခွဲထိ တွေ့ဆုံမေးမြန်းနိုင်ကြောင်း သိရသည်။

## စက်ဆန်းမီးလောင်မှုကြောင့် ဂိုဒေါင်ပိုင်ရှင် နှစ်ဦး ဖမ်းဆီးထား

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**

မီးစတင်လောင်ကျွမ်းသော ဂိုဒေါင်ငှားရမ်းထားသူနှင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ဂိုဒေါင်ငှားရမ်းသူနှစ်ဦးအား ဖမ်းဆီးထားပြီးဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ မြို့နယ်မှူးက ပြောသည်။



အဆိုပါနှစ်ဦးအား မင်္ဂလာတောင်ညွန့်(ပ)၇၇၈/၂၀၁၁ပြစ်မှုပုဒ်မ ၂၈၅၊ ၂၈၆၊ ၃၃၇၊ ၃၃၈၊ ၃၀၄-က ဖြင့် အမှုဖွင့်ထားခြင်းဖြစ်သည်။

“မီလောင်တဲ့အမှု၊ ပေါက်ကွဲမှု၊ လူသေတဲ့အမှုတွေပါ။ နှစ်ဦးစလုံးကိုစခန်းမှာချုပ်ထားပါတယ်” ဟု မြို့နယ်မှူးကပြောသည်။ မီးစတင်လောင်ကျွမ်းသော ဂိုဒေါင်အမှတ် ၈၀အား ဦးမျိုး သန့်က တစ်လလျှင်ကျပ်နှစ်သိန်းခွဲဖြင့်ငှားရမ်းထားပြီးလျှင် စစ်ပစ္စည်းများ သိုလှောင်ထားပြီး ပေါက်ကွဲမှုဖြစ်သော ဂိုဒေါင်အမှတ် ၇၉ မှာ ဦးမောင်မောင်ဝင်းက ငှားရမ်းလုပ်ကိုင်နေပြီး ယမ်းစိမ်း chemical နှင့် ပရဆေးများသို့လှောင်ထားကြောင်း သတင်းရရှိသည်။

ပေါက်ကွဲမှုကြောင့် ဂိုဒေါင်အမှတ် ၇၉ နေရာတွင် အနက် ၁၅ ပေ အလျားအနံပေ ၄၀ ခန့်ကျယ်သော ချိုင့်ကြီးတစ်ခုဖြစ်သွားခဲ့သည်။

## ကလေးငယ်တစ်ဦး ပုခက်အတွင်းမှ ပြုတ်ကျသေဆုံး

**မေဝင်းမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၉**

အသက် ၁ နှစ် ၆ လအရွယ်ကလေးငယ်တစ်ဦး ပုခက်တွင်းမှ အိမ်အောက်ကြမ်းပြင်သို့ပြုတ်ကျသေဆုံးခဲ့မှုတစ်ခု ကြည့်မြင်တိုင် မြို့နယ်၊ ၅၀ ရပ်ကွက်၊ လမ်းသစ်လမ်းတွင် ဒီဇင်ဘာ ၂၇ရက်၌ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သေဆုံးသွားသည့်ကလေးငယ် မောင်ကျော်ကျော်ဦးကို အဆိုပါနေ့နံနက် ၆ နာရီခန့်က မိခင်ဖြစ်သူဈေးရောင်းသွားနေစဉ်ဖခင်ဖြစ်သူက ကလေးကို ပုခက်အတွင်းအိပ်စေကာ ရပ်ကွက်အတွင်း ခဏထွက်ခွာသွားခဲ့သည့်ပြန်ရောက်ချိန်တွင် ကလေးကိုပုခက်အတွင်း မတွေ့၍ ရှာဖွေရာမှ နေအိမ်အောက် ရွှံ့မြေပေါ်၌ သေဆုံးလျက်တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကလေးငယ်မှာ ပုခက်အတွင်း မှပြုတ်ကျကာ ကြမ်းခင်းမှတစ်ဆင့် အိမ်အောက်သို့ ကျသွားခဲ့ခြင်းဖြစ်ကာ ပြင်ပဒဏ်ရာမတွေ့ ရှိဘဲ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊မဟုတ်ကို ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်စစ်ဆေးထားသည်ဟုသိရသည်။ အဆိုပါအမှုကိုစက်ဆန်းရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁၀/ ၂၀၁၁ ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

## ပြည့်တန်ဆာခေါင်းနှင့် ပြည့်တန်ဆာတို့အား ဖမ်းဆီး

**မေဝင်းမွန်**


**ရန်ကုန်၊ ဒီဇင်ဘာ – ၂၉**

ဗဟန်းမြို့နယ်၊ ဗိုလ်ချို ၁ရပ်ကွက်၊ ကန်တော်ကြီးပတ်လမ်းတွင် ယခုလ ၂၆ရက်က ပြည့်တန်ဆာသတင်းအရစစ်ဆေးရာမှပြည့်တန်ဆာခေါင်းနှင့် ပြည့်တန်ဆာတစ်ဦးကိုဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါရက် ည ၉ နာရီအချိန်က အမာခံသတင်းပေးတစ်ဦးအား ကျပ် ၁,၀၀၀ တန်နှစ်ရွက်၊ ကျပ် ၅,၀၀၀ တန်တစ်ရွက်တို့ကို မိတ္တူကူး၍ ပြည့်တန်ဆာခေါ် ဆောင်စေရာ ဗိုလ်ချို ၂ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်းတွင် တွေ့ရှိသူအသက် ၂၈ နှစ်ရှိမ ××× ဆို သူသည် ငွေ ၇,၀၀၀ ကျပ်ဖြင့် ပျော်ပါးရန်အတွက် လိုက်ပါလာခဲ့သည်။ အဆိုပါအမျိုးသမီးကို စစ်ဆေးရာတွင် ရရှိငွေ ၇၀၀၀ ကျပ်ကို ပြည့်တန်ဆာခေါင်းဖြစ်သူ မ ××× (၄၆ နှစ်) ထံပေးအပ်ခဲ့သည်ဟု ထွက်ဆိုသဖြင့် ဆက်လက်စစ် ဆေးရာ မ ××× ကို မိတ္တူငွေစက္ကူ ၇,၀၀၀ ကျပ်သက်သေဖြင့်ဖမ်းဆီးမိခဲ့သည်။

ပြည့်တန်ဆာနှိပ်ကွပ်ရေးယာယီအက်ဥပဒေပုဒ်မအရပြစ်မှုအမှတ်(ပ)၅၉၄/၁၁ဖြင့်မ×××ကိုအမှုဖွင့် အရေးယူထားပြီး၊ပြည့်တန်ဆာခေါင်းဖြစ်သူ မ ××× ကိုပြည့်တန်ဆာနှိပ်ကွပ်ရေးယာယီ အက်ဥပဒေပုဒ်မ၅(၁) အရပြစ်မှု အမှတ်(ပ)၅၉၃/၁၁ဖြင့် နယ်မြေခံရဲတပ်ဖွဲ့က အမှုဖွင့်ရေးယူထားကြောင်း သိရသည်။

Life 7DAY NEWS
Vol.10, No.42 · JANUARY 5, 2012



# ပရုတ်လုံး

ကေဂျွန်

လမ်းထိပ်ကင်းတဲဆီမှ ၁၂ ချက်တိတိ ဖြည်းဖြည်းမှန်မှန် ခေါက်နေသည့် နာရီသံချောင်းခေါက်သံကို စိတ်ထဲကနေ လိုက်လံရေတွက်နေမိသည်။ ည ၁၂ နာရီထိုးနေပြီဆိုတာ သိပေမယ့် အိပ်မပျော်နိုင်တာမို့ သံချောင်းခေါက်သံရေတွက်ရင်း စိတ်ကို အလုပ် ပေးထားလိုက်သည်။ ဒီနေ့ည ၁၂ နာရီထိုးပြီးပြီဆိုတော့ နောက်တစ်ရက်ကို ကူးပြောင်းပြီဟုဆိုရမည်။ မနေ့ကဆိုတာ ကျော်လွန်ပြီး ဒီနေ့ဆိုတာကို စတင်ချဉ်းနင်း ဝင်ရောက်ခဲ့ပြီပေါ့။ ကျွန်တော် အိပ်မပျော်နိုင်သေးပါ။ အကြောင်းရင်းက ဒီနေ့ လခထုတ်ရက်ဖြစ်နေခြင်းကြောင့်ပင်။ လခထုတ်ရက် ပိုက်ဆံရမည့်အတွေးဖြင့် အိပ်မပျော်နိုင်ခြင်းတော့မဟုတ်။ ရလာမည့် ပမာဏနှင့် ပြန်ကုန်မည့် ပမာဏကို စိတ်ထဲတွင် ဂဏန်းပေါင်းစက်ထည့်ပြီး အပေါင်းအနုတ် လုပ်ကြည့်ရင်းက သက်ပြင်းရှည်အကြိမ်ကြိမ်ချလို့ အိပ်မရခြင်းပင်ဖြစ်သည်။

ကျွန်တော့်နည်းတူ ဘေးနားမှ ဇနီးဖြစ်သူလည်း အိပ်မပျော်နိုင်ဖြစ်နေမှာသေချာသည်။ သို့သော်အိပ်မပျော်ဘူးလားဟု မမေးလို။ မေးမိပါက ကျွန်တော့်လိုပင် တွက်ချက်ရင်မောနေရသော အဖြစ်တွေကို နှစ်ဦးသားပြောဖြစ်ကြမည်သာဖြစ်သည်။

ကျွန်တော်တို့ ဇနီးမောင်နှံ နှစ်ဦးစလုံးက နယ်မြို့တွေမှ ဖြစ်သည်။ ရန်ကုန်ကိုတက်ပြီး အလုပ်လုပ်ကြရင်းက လုပ်ငန်းခွင်မှာ တွေ့ဆုံပြီး ဖူးစာပါခဲ့ကြသည်။ ရန်ကုန်မှာ နှစ်ဖက်မိဘ ဆွေမျိုးမရှိ။ အိမ်ထောင်ကျပြီးတော့ သူ့ဘက်ကိုယ့်ဘက် ဇာတိနယ်မြို့ပြန်ပြီး စီးပွားရေးလုပ်ရအောင်လည်း ငွေအရင်းအနှီး လုံလောက်စွာရှိသူတွေ မဟုတ်ကြ။ သို့နှင့် ရန်ကုန်မြို့ကြီးမှာပဲ နှစ်ယောက်စလုံး ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ကြရတော့သည်။

ပြဿနာက ထိုအချိန်မှ စတွေ့တော့သည်။ အရင်က သမီးရည်းစားတွေဆိုတော့ လှည်းတန်းမှာ သူလည်း အဆောင်နေ၊ ကိုယ်လည်း ကိုယ့်အဆောင်မှာ ကိုယ်နေပေါ့။ အလုပ်ဆင်းလို့ အဆောင်ပြန်ချိန်ကျရင် လမ်းဘေးဆိုင်လေး တစ်ဆိုင်ဆိုင်မှာ အတူထိုင်ပြီး စကားတွေပြော၊ အချိန်တန်တော့ အဆောင်ပြန်ကြသည်။ ပိတ်ရက်တွေကျတော့ ဘုရားသွား၊ ရုပ်ရှင်ကြည့်၊ လျှောက်လည်စသဖြင့် အဆင်ပြေကြသည်။ အတူနေကြဖို့ဆုံးဖြတ်ကာ အိမ်ထောင်ပြုလိုက်ပြီးနောက် ရန်ကုန်မြို့ကြီးမှာ နှစ်ယောက်အတူနေကြဖို့ မဖြစ်မနေလိုအပ်လာတာက တိုက်ခန်းလေးတစ်ခန်းပါ။ တိုက်ခန်းတစ်ခန်းဝယ်ဖို့ဆိုတာ အိပ်မက်ကြီးတစ်ခုဖြစ်ပေမယ့် တကယ့်လက်တွေ့မှာ နေထိုင်ရေးအတွက် တိုက်ခန်းကျဉ်းတစ်ခန်း မဖြစ်မနေ ငှားရမ်းရတော့သည်။

ခက်သည်က ရန်ကုန်တွင် တိုက်ခန်းငှားလျှင် ခြောက်လ၊ တစ်နှစ် စာချုပ်ငှားရမ်းရတာမျိုးဖြစ်သည်။ ထိုသို့မဟုတ်ပါက များပြားလှသော စပေါ်ငွေတင်ထားရသည်။ ကျွန်တော်တို့နှစ်ယောက်မှာ စပေါ်တင်ရန် လုံလောက်သောငွေကြေးမဆိုထားနှင့်ခြောက်လစာ စာချုပ်ချုပ်ငှားရမ်းနိုင်ရန်ပင် အဆင်မပြေလှချေ။ ထိုအခါ အလုပ်လုပ်နေသော ကုမ္ပဏီထံမှ ချေးငွေ ထုတ်ယူရတော့သည်။ ထိုချေးငွေကို လစာငွေထဲမှ လစဉ်ပြန်လည်ပေးဆပ်သွားရသည်။ မည်သို့ဖြစ်စေ ချေးငွေ ထုတ်ချေးပေးသော ကုမ္ပဏီကို အလွန်ကျေးဇူးတင်ရပါမည်။ ကျွန်တော်တို့လင်မယား ရန်ကုန်မှာ ကျောချလို့ရအောင် ကုမ္ပဏီက ကူညီပေးလိုက်ခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့နှစ်ဦးစလုံးက ကုမ္ပဏီမှာ ထိုက်သင့်သည့် ရာထူးလေးတွေ ရထားကြသည်။ ကျားကြီးခြေရာကြီး ဆိုသည့်စကားကမှန်လှသည်။ ကိုယ့်ရာထူးနှင့် လိုက်လျောညီထွေဖြစ်အောင်ဆိုသည့် ခံယူချက်လေးတွေနှင့် ဇနီးသည်ကလည်း ထိုက်သင့်တာလေး ဝတ်ရဆင်ရသည်။ ကျွန်တော်ကလည်း ထိုနည်းတူပင်။ ထို့အပြင် ငါးသိန်းတန်ဖုန်းတွေပေါ်လာပြန်တော့ နယ်က နှစ်ဖက်မိဘဆွေမျိုးတွေနဲ့ အဆက်အသွယ်ရအောင်၊ ကျွန်တော်တို့ရာထူးလေးတွေနဲ့လည်း လိုက်လျောညီထွေဖြစ်အောင်ဆိုသည့် အတွေးနှင့် နှစ်ဦးသဘောတူ အရစ်ကျဖုန်းလေးတစ်လုံး ဝယ်လိုက်ပြန်ပါသည်။

ရန်ကုန်မှာ အလုပ်လုပ်တော့ အသိမိတ်ဆွေတွေ တော်တော်များများနှင့် သိကျွမ်းရခွင့်ရသည်။ အလုပ်ကိစ္စ သွားလာဝင်ထွက်ရသည့် ကုမ္ပဏီ၊ အစိုးရရုံးနှင့် အခြားလုပ်ငန်းမှ လူအများအပြားနှင့် မိတ်ဆွေတွေ ဖြစ်လာသည်။ ကိုယ့်ကုမ္ပဏီမှဝန်ထမ်းတွေနှင့်လည်း မောင်နှမတွေလို မိသားစုတွေလို ခင်မင်ရင်းနှီးလာကြသည်။ မိတ်ဆွေပေါများခြင်းသည် မင်္ဂလာရှိသော အကြောင်းတရားပင်ဖြစ်၏။ သို့သော် မိတ်ဆွေပေါများသောအခါ သာရေးနာရေးလည်း ပေါများပြန်သည်။ နှစ်စဉ် အောက်တိုဘာလနောက်ပိုင်းဆိုလျှင် မင်္ဂလာဆောင်များ ဆက်တိုက်ဖိတ်ကြားခံရတော့သည်။ ကိုယ့်အလှည့်တုန်းကလည်း သည်လိုပဲဖိတ်ကြားခဲ့တာဖြစ်သည်။ သူများအလှည့်ကျတော့လည်း သွားရောက်ချီးမြှင့်ရမည်သာဖြစ်သည်။ ဒါတွေကလူ့ဘဝမှာလှပစွာတည်ရှိနေသည့် လူမှုရေးရာတွေလည်းဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်၏ နှစ်ဖက်မိဘဆွေမျိုးတွေက အဆင်မပြေလှပါ။ လစဉ်လတိုင်း နှစ်ဖက် မိဘတွေကို ကိုယ်စီကိုယ်ငှ ထောက်ပံ့ကြရသည်။ လင်မယား နှစ်ယောက်ရသည့်လခကို အချိုးကျ ခွဲဝေလိုက်တိုင်း ပိုလျှံသည့်လဟူ၍ မရှိဖူးသေးပါ။ လခထုတ်စဉ်ကတည်းက ခြောက်လတစ်ကြိမ် အိမ်လခအတွက် ချေးငှားထားသည့် ငွေကို လခထဲက နုတ်ထားပြီးသားဖြစ်သည်။ နှစ်ဖက်မိဘတွေအတွက် ဖယ်ထားသည်။ အရစ်ကျဝယ်ထားသည့် ဖုန်းဖိုးပေးသွင်းရသည်။

စာ(၁၁)သို့

# ဈေးဝယ်ထွက်မယ် ရှင်းသန့်လှပတဲ့အလှတရားရရှိဖို့ ကူညီပေးနိုင်တဲ့နေရာ

မေပယ်လ်

ဝင်းစိုကြည်လင်တဲ့မျက်နှာလေးကိုပိုင်ဆိုင်တဲ့သူတွေဆိုရင် လူတိုင်းက သတိပြုမိ၊ အားကျမိလေ့ရှိကြပြီး အရွယ်ကြီးငယ်မရွေး အသားအရေစိုစို ပြည်ပြည်ရှိတာကိုပဲ လိုလားကြတဲ့အတွက် နည်းမျိုးစုံကိုသုံးပြီး မျက်နှာအသားအရေ ထိန်းသိမ်းတာတွေ ပြုလုပ်လာကြပါတယ်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အလှပြင်ဆိုင်တွေမှာ ပြုလုပ်ကြပေမယ့် အချိန်မပေးနိုင်တဲ့သူတွေ၊ ကိုယ်တိုင်အိမ်မှာပြုလုပ်ချင်တဲ့သူတွေအတွက် အဆင်ပြေအောင်ကူညီပေးနိုင်မယ့် နည်းပညာမြင့်စက်ပစ္စည်းတွေ ဝယ်နိုင်ဖို့အတွက် လမ်းညွှန်ပေးချင်ပါတယ်။

ပန်နာဆိုးနစ်အမှတ်တံဆိပ် အပူအအေးနှစ်မျိုးသုံးနိုင်တဲ့Nano Care မျက်နှာပေါင်းတင်စက်လေးတွေ၊ အိုင်းယွန်းမျက်နှာပေါင်းတင်စက်လေးတွေက မိနစ်ပိုင်းအတွင်းမှာ မျက်နှာအသားအရေလှပမှုအတွက် နေ့စဉ်ကူညီပေးနိုင်မှာဖြစ်ပါတယ်။ အပူအအေးနှစ်မျိုးသုံး မျက်နှာပေါင်းတင်စက်လေးက ၃၀၀,၃၀၀ ကျပ်၊ အိုင်းယွန်းမျက်နှာပေါင်းတင်စက်လေးက ၁၄၇,၀၀၀ ကျပ်နဲ့ဝယ်ယူပြီး အသုံးပြုကြည့်နိုင်မှာ ဖြစ်ပါတယ်။

မျက်နှာအလှကိုဖျက်ဆီးတဲ့ ဝက်ခြံတွေ၊ ဆားဝက်ခြံတွေကို ဖယ်ရှားပေးနိုင်တဲ့စက်လည်းရှိပြီး ဈေးနှုန်းက ၃,၂၀၀၀ ကျပ်သတ်မှတ်ထားပါတယ်။


အမျိုးသားတွေအကြိုက်တွေ့နိုင်မယ့် နှာခေါင်းမွေးနုတ်စက်၊ မုတ်ဆိတ်ရိတ်စက်ဒီဇိုင်းအမျိုးမျိုးကိုလည်းရွေးဝယ်နိုင်ပါသေးတယ်။ မုတ်ဆိတ်ရိတ်စက်တွေက ၄,၈၀၀ ကျပ်ကနေ ၁၂,၀၀၀ ကျပ်အထိ ဈေးရှိပြီးတော့ နှာခေါင်းမွေးနုတ်စက်ကတော့ ကျပ် ၁,၂၀၀၀ဖြစ်ကြောင်း သိရပါတယ်။ ပစ္စည်းတွေအတွက် အာမခံချက် ၁ နှစ်သက်တမ်းပေးထားပြီး ပစ္စည်းကောင်းကြိုက်သူတွေအတွက်အဆင်ပြေနိုင်မှာပါ။ မျက်နှာအသားပေးအလှအပ ပစ္စည်းတွေ ဝယ်ခြမ်းရင်းနဲ့ အခြားအလှအပ ဆိုင်ရာခေတ်မီအီလက်ထရွန်နစ် ပစ္စည်းတွေရှိတဲ့နေရာကတော့ သိမ်ဖြူလမ်းနဲ့မဟာဗန္ဓုလမ်းထောင့်မှာရှိတဲ့ YMCA အဆောက်အအုံအောက်ထပ်က Panasonic အရောင်းပြခန်းပဲဖြစ်ပါတယ်။ ဒါ့အပြင် ပြည်လမ်းစိန်ဂေဟာ၊ ပါရမီစိန်ဂေဟာ၊ ကျိုက္ကဆံစူပါဝမ်းမှာရှိတဲ့ပန်နာဆိုးနစ်အလှအပကောင်တာတွေမှာလည်း ဝယ်လို့ ရပါတယ်လို့ အသိပေးရင်း ဒီတစ်ပတ်ဈေးဝယ်ထွက်မယ်ကဏ္ဍမှ လမ်းညွှန်ပေးလိုက်ပါတယ်။



# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

## ကြက်ဥငါးပိချက်



ဒီဟင်းလေးက ကရင်တိုင်းရင်းသားတွေ ချက်ပြုတ်စားသောက်လေ့ရှိတဲ့ ဟင်းလျာတစ်မျိုးပါပဲ။ ငါးပိချက်မျိုးစုံက မြန်မာထမင်းဝိုင်းတွေမှာ မပါမဖြစ်မို့ အခုဒီကရင်တိုင်းရင်းသားတို့ရဲ့ ကြက်ဥငါးပိချက်ကိုလည်း ကြိုက်နှစ်သက်ကြမှာပါ။

ကြက်ဥငါးပိချက်အတွက် လိုအပ်တာတွေက ငါးပိ (အရည်ကျိုငါးပိ) အနည်းငယ်၊ ကြက်ဥတစ်လုံး။ ငရုတ်သီးစိမ်းနဲ့နံနံပင်တို့ပဲဖြစ်ပါတယ်။ မူရင်းဟင်းချက်နည်းအတိုင်းဆိုရင် လူတိုင်းနဲ့ လျှာမတွေ့မှာစိုးတာကြောင့် ထုံးစံအတိုင်း ဒေသစုံကလူတွေနဲ့အဆင်ပြေအောင်ပြင်ဆင်ချက်ပြုတ်ထားပါတယ်။

စာ(၁၁)သို့

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# ဦးရာဇတ်နေ့ အခမ်းအနားကျင်းပမည်

**နေလင်းအောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

မြန်မာနိုင်ငံ၏ အထင်ကရ အာဇာနည်တစ်ဦးဖြစ်သူ ဦးရာဇတ်အား အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် မန္တလေးမြို့တွင် ဦးရာဇတ်နေ့အခမ်းအနားတစ်ခုကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ အခမ်းအနားအား ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ထိုနေ့တွင် ဦးရာဇတ်နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲများ၊ သမိုင်းဝင်ဓာတ်ပုံပြပွဲများနှင့်ဆုပေးပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ ပါဝင်ပြသလိုသူများအနေဖြင့် ဦးရာဇတ်နေ့ဖြစ်မြောက်ရေးကော်မတီသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

အခမ်းအနားဖြစ်မြောက်ရေးအတွက်ကော်မတီအားဖွဲ့စည်းထားရှိပြီး ပါဝင်လိုသူများသည် ဇန်နဝါရီ ၁၆ ရက်နောက်ဆုံးထား၍ "ဆရာကြီးဦးရာဇတ်နေ့" ဖြစ်မြောက်ရေးကော်မတီ ဖုန်း- ၀၉ ၄၃၀၆၁၂၁၂၊ ၀၉၅၁၆၂၀၆၂သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းယင်းကော်မတီက သတင်းထုတ်ပြန်သည်။ ဦးရာဇတ်သည် မန္တလေးတိုင်း၊ မိတ္ထီလာမြို့တွင် မွေးဖွားခဲ့ပြီး မန္တလေးမြို့တွင် ကြီးပြင်းခဲ့ပြီး ပထမဆုံး အမျိုးသားကောလိပ်ဘွဲ့ရတစ်ဦးဖြစ်သည်။ ဖတပလ၊ ဖဆပလခေတ်များတွင် မန္တလေးခရိုင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မန္တလေးမြို့မ အထက်တန်းအမျိုးသားကျောင်း၏ကျောင်းအုပ်ကြီးနှင့် လွတ်လပ်ရေးအကြိုခေတ်တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးရာဇတ်သည် ၁၉၄၇ ဇူလိုင် ၁၉ ရက်တွင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သည်။









7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



## စာ၉၊ ကြက်ဥငါးပိချက် မှ

ပထမဆုံးငါးပိကို ကျိုနေကျအတိုင်းကျိုပြီး မွှေးနေအောင်ကျိုပါမယ်။ ငါးပိရည်ကိုသေချာစစ်ပြီး အကြမ်းပန်းကန်လုံးတစ်လုံးစာလောက် အရည်ယူထားပါ။

ဆီအနည်းငယ်နဲ့ကြက်သွန်ဖြူနီဆီသတ်ထဲကို အရောင်ရောအစပ်ပါလိုချင်သူတွေက ငရုတ်သီးခွဲကြမ်းတန်းထည့်ပြီးသတ်လို့ရပါတယ်။ ဆီသတ်ပြီးတာနဲ့ ငါးပိရည်ကျိုကို လောင်းထည့်လိုက်ပါ။ ငါးပိရည်ကျိုပွက်လာတဲ့အခါအရသာအနေတော်ဖြစ်အောင်ဆားနဲ့ကြက်သား မှုန့်ထည့်ပါမယ်။ ကြက်ဥကိုဖောက်ထည့်ပြီးမွှေမှာမို့ ငါးပိရည်ပျစ်နေရင် ရေနည်းနည်းထပ်ထည့်ပါ။ ငရုတ်သီးခွဲကြမ်းထည့်မထားဘူးဆိုရင်ပါးပါးလှီးထားတဲ့ဒါမှမဟုတ်ထောင်းထားတဲ့ ငရုတ်သီးစိမ်းတွေကိုထည့်ရပါမယ်။

နောက်ထပ်ထည့်တဲ့ရေပွက်ပြီဆိုမှကြက်ဥတစ်လုံးကိုဖောက်ထည့်မှာဖြစ်ပါတယ်။ ဖောက်ထည့်လိုက်တဲ့ကြက်ဥကို အဖတ်လေးတွေဖြစ်အောင် နည်းနည်းလေးမွှေပေးလိုက်ပြီး နံနံပင်အုပ်ကာမီးဖိုပေါ်က ချလို့ရပါပြီ။

ဒါဆိုရင်တော့ ငါးပိချက်ပုံစံတစ်မျိုးကိုမြည်းစမ်းချက်ပြုတ်လို့ရပြီပေါ့။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ဗုဒ္ဓအဖြေမပေးခဲ့သော မေးခွန်းများ ...

ပိဋကတ်စာပေကျမ်းဂန်တွေထဲမှာ မြတ်စွာဘုရားဟာ သူ့အပေါ် တင်လာတဲ့ မေးခွန်းပုစ္ဆာပြဿနာများကို အဖြေမပေးဘဲ နှုတ်ဆိတ်၍နေတော်မူတဲ့ အခွင့်အခါများရှိကြောင်း ဖော်ပြထားတယ်။ မေးခွန်းထုတ်သူတစ်စုံတစ်ယောက် သူ့မေးခွန်းအတွက် ပေးတဲ့အဖြေရဲ့ အကျိုးရှိပုံကို နားလည်နိုင်စွမ်းမရှိရင်ဘဲဖြစ်ဖြစ်၊ ကိုယ်တော်မြတ်အပေါ် တင်လာတဲ့ မေးခွန်းများနေရင်ပဲဖြစ်ဖြစ်၊ မြတ်စွာဘုရားဟာ နှုတ်တော်ဖွင့်ဟခြင်းမပြုဘဲ၊ မဖြေဘဲ ဆိတ်ဆိတ်နေတော်မူလေ့ရှိတယ်။ အဓိပ္ပါယ်မရှိတဲ့ မေးခွန်းတွေ၊ မေးသူကိုယ်တိုင်က နားလည်မှုလွဲပြီး မေးတဲ့မေးခွန်းမျိုးတွေ ဖြေကြားခြင်းအားဖြင့်လည်း မေးသူအတွက် အကျင့်၊ သီလ၊ စရဏစိတ်ပိုင်းဖွံ့ဖြိုးမှုကို အထောက်အကူမပြုတဲ့အတွက် အဲဒီလိုမေးခွန်းမျိုးတွေကို မဖြေကြားခဲ့ဘူး။ ဒါပေမဲ့ မြတ်ဗုဒ္ဓက သူ့ရဲ့ဉာဏ်အဆင့်မြင့်ပြီးသား သာဝကကြီးတွေ ကို အကျိုးအကြောင်းနဲ့ အဖြေပေးတတ်တယ်။

ဗုဒ္ဓမြတ်စွာ မဖြေဘဲထားတတ်တဲ့ မေးခွန်းတချို့က လောကသည် မြဲသလား၊ လောကသည် မမြဲဘူးလား။ လောကသည် အဆုံးရှိသလား၊ လောကသည် အဆုံးမရှိဘူးလား။ ဝိညာဉ်နှင့် ကိုယ်နှင့် အတူတူပဲလား၊ ဝိညာဉ်က တခြားကိုယ်က တခြားလား။ တထာဂတ သတ္တဝါသည်သေပြီးနောက် ဖြစ်တည်နေဦးမှာလား၊ သတ္တဝါသည် သေပြီးနောက်မရှိတော့ဘူးလား။ သတ္တဝါသည် သေပြီးနောက်ဖြစ်တည်ခြင်းရှိသလား၊ ဖြစ်တည်ခြင်း မရှိတော့ဘူးလား။ သတ္တဝါသည် သေပြီးနောက်ဖြစ်တည်ခြင်းရှိသည်လည်း မဟုတ်၊ ဖြစ်တည်ခြင်း မရှိသည်လည်းမဟုတ် ဖြစ်ပါသလားဆိုတဲ့ မေးခွန်းမျိုးတွေဖြစ်တယ်။ အမှန်ကတော့များစွာသော အရေးကိစ္စတွေမှာ မေးခွန်းတွေက ရုပ်လောကလွန်တက္ကိက မေးခွန်းတွေ၊ အတွေး လွန်မေးခွန်းတွေဖြစ်နေကြလို့ဆိုတဲ့အကြောင်းကြောင့်သာ မြတ်ဗုဒ္ဓက ဘာမျှတုံ့ပြန်မပြောဘဲ ဆိတ်ဆိတ်နေတော်မူခြင်းဖြစ်တယ်။

ရည်ညွှန်းကိုးကား ။ ။ "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင်(ရှင်အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)

## စာ-၉၊ ပရုတ်လုံး မှ

ကုမ္ပဏီတွင် လကုန် ပေးစနစ်ဖြင့်လာရောက်ရောင်းချသော အဝတ်အထည်၊ အိမ်အသုံးအဆောင်၊ အလှပြင်ပစ္စည်း စသည့်ဝယ်ထားသမျှရှင်းရသည်။ ထိုသို့မှ မဝယ်လျှင်လည်း ကျွန်တော်တို့အတွက် လက်ငင်းစနစ်ဖြင့် ဝယ်နိုင်ရန်မလွယ်ကူလှချေ။

ထို့နောက်မဖြစ်မနေလိုအပ်သည့် ဆန်၊ ဆီကဲ့သို့ စားသောက်ကုန်တွေဝယ်ရန်နှင့်ရက်ပေါင်း၃၀ ခန့်အတွက် နေ့စဉ်ကုန်ကျစရိတ်ကိုတွက်ချက်အပြီးမှာတော့အားလုံးဟာ ကွက်တိပဲဖြစ်သည်။ ကျွန်တော်တို့လင်မယားအတွက် သမီးရည်းစားတုန်းကလို ရုပ်ရှင်ရုံလည်း မရောက်နိုင်။ အပန်းဖြေခရီးလည်း မထွက်ရဲ။ နောက်ဆုံး နေမကောင်းဖြစ်မှာကိုပင် အလွန်စိုးရိမ်နေရသည်။ လစဉ်လတိုင်း တစ်ခုတော့လည်း ဖြေတွေးတွေးရသည်။ ကျွန်တော်တို့နှစ်ယောက် ကျန်းမာရေးကောင်းနေသည့်အတွက်ဆေးကုသစရိတ်လိုငွေတော့ မကြုံဖူးသေးခြင်းဖြစ်သည်။

ဝန်ထမ်းဘဝတွင်ကျွန်တော်တို့နှစ်ယောက် ဘယ်အချိန်အထိကျင်လည်ရုန်းကန်နေရဦးမည် မသိနိုင်။ ဒါတောင် လက်ရှိမှာ သားသမီး မရှိသေးပါ။ ရင်းနှီးတဲ့ကျောင်းနေဖက် သူငယ်ချင်း ပြောဖူးတာ သတိရမိသည်။ ဝန်ထမ်းလုပ်စားလို့ကတော့ တစ်သက်လုံး မချမ်းသာနိုင်ဘူးဟု ဆိုသည်။ ချမ်းသာသွားတယ်ဆိုတဲ့ ဝန်ထမ်းက လာဘ်ပေးလာဘ်ယူလုပ်တဲ့ မမှန်မကန်ဝန်ထမ်းတွေပဲလို့ သူကထောက်ပြသည်။ ထိုသူငယ်ချင်း ပြောခဲ့သည့်အချိန်ကကျွန်တော်တို့နိုင်ငံမှာကုမ္ပဏီတွေမရှိသေးပါ။ ယခုအချိန်မှာတော့ ကုမ္ပဏီတွေရှိသည်။ ကုမ္ပဏီဝန်ထမ်းတွေလည်း လစာအတော်အတန် ကောင်းသည်။ သို့သော်အများစုကတော့ စုဆောင်းနိုင်ခြင်း မရှိကြသေး။ ပိုလျှံခြင်း မရှိကြသေး။ အိုစာမင်းစာတို့ ကျန်းမာရေးအသုံးစရိတ်တို့ သီးသန့်စုဆောင်းမထားနိုင်ကြသေး။ လခထုတ်လိုက် သုံးလိုက်နှင့်သာ ကျင်လည်နေကြတာ အများစုဖြစ်သည်။ ကျွန်တော်တို့ကဲ့သို့ ဝန်ထမ်းအများစုမှာ တစ်လစာဝင်ငွေ၏ ၇၀ မှ ၈၀ ရာခိုင်နှုန်းခန့်ကို နေ့စဉ်ဘဝ စားဝတ်နေရေးအတွက် သုံးစွဲလိုက်ရလေသည်။ ကျွန်တော်တို့လင်မယားလည်း ထိုနည်းတူပင်ဖြစ်ပြီး ကျန်ရှိသည့် ဝင်ငွေ အများဆုံး ၂၀ ရာခိုင်နှုန်းခန့်ကိုသာ မိဘများအတွက်ထောက်ပံ့ငွေအဖြစ် ခြစ်ခြုတ်ကာ ချန်ထားရလေ့ရှိသည်။ တစ်လကုန် တစ်ခါထုတ် လခသည် တစ်လမကုန်ခင်မှာပင် ကုန်သွားကြတာ များလေသည်။ ဒီလိုနှင့်သာ အသက်တွေကြီးသွားမည်။ ကိုယ်စွမ်းဉာဏ်စွမ်းတွေ ကုန်ခန်းသွားမည်ဆိုလျှင် ဝန်ထမ်းဆိုသူတွေ၏ ဘဝသည်မည်သို့မည်ပုံ အဆုံးသတ်မည်နည်း။

ဝန်ထမ်းတွေအတွက် အဓိကပြဿနာမှာ ကျန်းမာရေးဖြစ်သည်။ အသိမိတ်ဆွေ ဝန်ထမ်းတစ်ယောက်၏အဖြစ်ကို သတိရမိသည်။ သူ့လခကောင်းသည်။ မိန်းမနှင့် ကလေးတစ်ယောက်ရှိသည်။ ကျွန်တော်တို့လင်မယားလိုပဲ ရသည့်ဝင်ငွေနှင့် ပြန်ထွက်သည့် သုံးငွေညီမျှသည်ဟု ဆိုရမည်။ အပိုအလျှံတော့ မရှိ။ ဒီလိုနှင့်တစ်ချိန်မှာတော့ ထိုမိတ်ဆွေဝန်ထမ်းအသည်းအသန်နေမကောင်းဖြစ်သည်။ နာလန်ထူရန်မလွယ်ကူတော့သည့် အခြေအနေဖြစ်လာသည်။ ဆေးကုသစရိတ်ကလည်း အတော်ကြီးသည်။ သူ့အတွက် ကုမ္ပဏီ၊ မိတ်ဆွေအပေါင်းအသင်းနှင့် မိဘဆွေမျိုးတွေက စုဆောင်းပြီး ဆေးကုပေးရသည်။ ထိုမိတ်ဆွေဝန်ထမ်းမှာ စုဆောင်းထားနိုင်ခဲ့သည့် ငွေကြေး၊ ဥစ္စာပစ္စည်းတစ်စုံတစ်ရာမျှ မရှိခဲ့ချေ။ နှစ်လသုံးလအကြာမှာတော့ ကွယ်လွန်သွားရှာသည်။ သူ့မိန်းမနှင့် လူမမယ်သားငယ်လေး ဒုက္ခတွေနှင့်အတူ ကျန်ရစ်ခဲ့ရှာသည်။ မိတ်ဆွေ၏ဖြစ်ရပ်၊ ကျွန်တော်တို့ယနေ့ကျင် လည် ရုန်းကန်နေရသည့် နေ့စဉ် လစဉ် ဘဝတွေကိုတွေးတောပြီး ကျွန်တော်ဘယ်လိုမှ အိပ်မရနိုင်ပါ။

လူ့ဘဝမှာ အကျိုးအမြတ်ငွေကြေး ရှာနိုင်ဖို့အတွက် အရင်းအနှီးလိုသည်။ ကျွန်တော်တို့လိုဝန်ထမ်းတွေက ငွေအရင်းအနှီး မရှိသည့်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားတွေ ရင်းနှီးရသည်။ ပြောရလျှင် လူကို ရင်းနှီးရသည်ဟု ဆိုနိုင်သည်။ လုပ်ငန်းရှင်၊ ကုမ္ပဏီပိုင်ရှင်ဆိုသည်က ငွေအရင်းအနှီးလည်း ထည့်ရသည်။ လူကိုယ်တိုင်လည်း ရင်းနှီးလုပ်ကိုင်ရသည်။ ကျွန်တော်တို့ဝန်ထမ်းတွေ၏ အရင်းအနှီးက လူဖြစ်သည်။ ပိုင်ရှင်၏အရင်းအနှီးက လူနှင့်ငွေဖြစ်သည်။ ဝန်ထမ်းတွေကကာယ၊ ဉာဏစွမ်းအားတွေ ရင်းနှီးပေးဆပ်သည့်အတွက် အကျိုးအမြတ်ငွေကြေးအဖြစ်လစဉ်လခရကြသည်။ ပိုင်ရှင်ကလည်း ထိုနည်းတူပင် အကျိုးအမြတ်ဝင်ငွေရသည်။

ဤနေရာတွင် ကွာခြားချက်ကို တွေးကြည့်မိသည်။ ကွယ်လွန်သွားသည့် ကျွန်တော့်မိတ်ဆွေ ဝန်ထမ်း၏အဖြစ်ကို ပြန်တွေးကြည့်မိခြင်း ဖြစ်သည်။ ဝန်ထမ်းတစ်ဦး နေမကောင်းဖြစ်ပြီး အလုပ်မလုပ်နိုင်တော့သည့်အခါ(သို့မဟုတ်)ကွယ်လွန်သွားသည့်အခါ သူ့အတွက်နှင့် သူ့ကိုမှီခိုနေရသည့် မိသားစုအတွက် အရင်းအနှီး ပျောက်သွားခြင်းပင်ဖြစ်သည်။ အရင်းအနှီးပျောက်သွားတော့ အကျိုးအမြတ်ဖြစ်သော လခဝင်ငွေလည်း မရနိုင်တော့ချေ။ ပိုင်ရှင်ဖြစ်သူ နေမကောင်းဖြစ်တာ၊ ကွယ်လွန်သွားတာက အရင်းအနှီးတစ်ခုသာ ပျောက်သွားခြင်းဖြစ်သည်။ ကျန်ရစ်ခဲ့သည့် သူ့မိသားစုအတွက် သူ၏ ကျန်ရှိနေသေးသော ငွေကြေးအရင်းအနှီးဖြင့် အကျိုးအမြတ် ဆက်လက်ရှာနိုင်တာမျိုးဖြစ်သည်။

ဝန်ထမ်းတွေမှာက လူဆိုသည့် အရင်းအနှီးတစ်ခုတည်းသာ ရှိသည်။ ဤနေရာတွင် ခြွင်းချက်ရှိနိုင်သည်။ ဝန်ထမ်းဟုဆိုရာ၌ နေ့စဉ်ဘဝ၏ စားဝတ်နေရေးအတွက် ရသည့်လခကိုသာ အားထားရပ်တည်နေရသော ဝန်ထမ်းများကို ဆိုလိုခြင်းဖြစ်သည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းက ကျောထောက်နောက်ခံကောင်းပြီး မိမိတတ်ထားသည့် ပညာရပ်ကို အသုံးချလိုခြင်း၊ အလုပ်တစ်ခုခုရှိလိုခြင်းကြောင့်သာ ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နေသူများကတော့ ခြွင်းချက်ဖြစ်ပေမည်။

လူဆိုသည်က သွေးသားနှင့်ဖွဲ့စည်းထားသော ခန္ဓာကိုယ်ဖြစ်တာကြောင့် ကျန်းမာရေးပြဿနာ အချိန်မရွေးရှိနိုင်သည်။ ထို့အတွက် ကြိုတင်ပြင်ဆင်မှု ရှိသင့်သည်။ ဝန်ထမ်းတွေအနေဖြင့်လည်း မလိုအပ်သော ငွေကြေးသုံးစွဲမှုများကို လျှော့ချရမည် ဖြစ်သည်။ ဥပမာ အမျိုးသားများဝန်ထမ်းများ လခထုတ်ရက်တိုင်း စားကြသောက်ကြခြင်း၊ အမျိုးသမီးများဝန်ထမ်းများ အပြိုင်အဆိုင်စိတ်ဖြင့် အလှပြင်ပစ္စည်း၊ အဝတ်အစား၊ အသုံးအဆောင်တို့ဝယ်ယူကြခြင်း၊ အမျိုးသားရောအမျိုးသမီးဝန်ထမ်းများပါလောင်းကစားကြခြင်းကဲ့သို့ အမှန်တကယ်မလိုအပ်သည့် ငွေထွက်ပေါက်များကိုရှောင်ရှားသင့်သည်။ နောင်တစ်ချိန်တွင် အများပိုင် ကော်ပိုရေးရှင်းကြီးများ ပေါ်ပေါက်လာပြီး ဝန်ထမ်းများက ရှယ်ယာပြန်လည်ထည့်ဝင်နိုင်သော အစီအစဉ်ရှိလာပါက ဝန်ထမ်းများအတွက် ဘဝအာမခံချက်ဖြစ်လာနိုင်သည်။ ပင်စင်ကဲ့သို့ခံစားခွင့်များ ဖန်တီးပေးခြင်း၊ ဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံ ထားနိုင်ခြင်းစသည့် အခြေအနေများ ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင်တော့ အလွန်ကောင်းမည်ထင်သည်ဟု တွေးမိသည်။

တစ်ချက်တည်းသော နာရီသံချောင်းခေါက်သံ ခပ်ကျယ်ကျယ်ကြောင့် ရုတ်တရက် ကျွန်တော်လန့်သွားသည်။ လခထုတ်ရမည့်နေ့မနက် ၁ နာရီတိတိ ရှိပြီဖြစ်သည်။ အတွေးထဲမှာကျွန်တော်မျောသွားခဲ့သည်။ ဝန်ထမ်းဆိုသည့် ကျွန်တော်တို့ ဘဝတွေကိုတွေးကြည့်ရင်းက ဥပမာခိုင်းနှိုင်းကာ သုံးလေ့ရှိသည့်ပြောစကားကို သတိရမိသည်။

"ပရုတ်လုံးကဲ့သို့ လုံးပါးပါးသည်"ဟူ၍ဖြစ်သည်။ တဖြည်းဖြည်း လျော့နည်းပျောက်ကွယ်သွားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ပရုတ်လုံးတွေပဲလား. . .။



## စင်ကာပူရောက်မြန်မာလုပ်သားများငွေလွှဲရန်ပူပန်နေ

ဝေယံ

ရန်ကုန်၊ ဒီဇင်ဘာ-၂၉

စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများ ငွေလွှဲပို့သည့် ဟွန်ဒီလုပ်ငန်းကြီးတစ်ခုနှင့်အတူ ၎င်း၏ဆိုင်ခွဲတစ်ခုသည် လွှဲပို့ပေးရမည့် ငွေများနှင့်အတူထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရှိ မိသားစုများ ထံ ငွေလွှဲပို့ရန် စင်ကာပူရှိမြန်မာများစိုးရိမ်လျက်ရှိကြကြောင်း စင်ကာပူရောက် မြန်မာအလုပ်သမားအချို့ကပြောသည်။

ငွေလွှဲလုပ်ငန်းလုပ်ကိုင်သည့် စင်ကာပူနိုင်ငံ ပင်နီဆူလာပလာဇာရှိ ရွှေရတနာအမည်ရှိဟွန်ဒီလုပ်ငန်းနှင့် ၎င်း၏လက်ခွဲဖြစ်သော လွိုင်ဟိန်းဆိုင်ခွဲတို့က လက်ခံငွေများနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားခြင်းဖြစ်သည်။ စင်ကာပူမှ ပြည်တွင်းရှိမိသားစုများထံငွေလွှဲပို့ရာတွင် ရွှေရတနာ အပါအဝင် ဆိုင်ကြီးသုံးဆိုင်ရှိပြီး လွိုင်ဟိန်းကဲ့သို့ လက်ခွဲဆိုင်များစွာရှိသည်။

"ဆိုင်ကြီးတွေက နှုန်းနည်းနည်းပိုရတယ်။ အဲဒါကြောင့် ဆိုင်ကြီးတွေမှာ လွှဲကြတာများတယ်။ အခုထွက်ပြေးသွားတော့ဒီဇင်ဘာ ၇ရက်နေ့မှာ လစာထုတ်မယ့်သူတွေ ငွေလွှဲဖို့ကို စိတ်ပူနေကြတာ။ ပြီးတော့ ဒီလကနှစ်ကုန်အပိုဆုပေးတာနဲ့ တရုတ်နှစ်ကူးပေးတာတို့ကြောင့်ငွေပိုရမယ့်လဖြစ်နေတာ။ ဘာနဲ့လွှဲရမလဲမသိဘူးဖြစ်နေကြတာ။ မြန်မာဘဏ်တွေ လာဖွင့်မယ့် သတင်းတွေလည်း ဖတ်ရတယ်။ ဘယ်တော့လာဖွင့်ကြမလဲမသိဘူး" ဟုစင်ကာပူနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုနီးပါးအလုပ်ကိုင်နေသော မြန်မာလုပ်သားတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသားများ အများဆုံးသွားရောက်အလုပ်လုပ်ကိုင် လျက်ရှိသော ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများတွင် ပုဂ္ဂလိက ဘဏ်များ သွားရောက်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပြီး တရားမဝင် ဟွန်ဒီငွေလွှဲစနစ် ပပျောက်စေရန် ရည်ရွယ်ကြောင်း သိရသည်။

အထက်ပါ ဟွန်ဒီလုပ်ငန်းကြီး လိမ်လည်ရယူ၍ တိမ်းရှောင်သွားသော ငွေပမာဏမှာ ဒေါ်လာသန်းဆယ်ဂဏန်းပင်ရှိကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

# ဒေါက်တာနေဝင်းမောင် (အောင်ထွဋ်) ကွယ်လွန်

**ရန်ကုန်၊ ဇန်နဝါရီ-၂**

Living Colour မဂ္ဂဇင်းနှင့် The voice ဂျာနယ်တို့၏ အမှုဆောင်အရာရှိချုပ်နှင့်ပေါ်လစီဒါရိုက်တာ၊ Myanmar Egress တည်ထောင်သူ ဒေါက်တာနေဝင်းမောင်သည် ၂၀၁၂ ဇန်နဝါရီလ ၁ ရက် နံနက် ၁ နာရီ ၁၀ မိနစ်အချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

အသက်၅၀အရွယ်ရှိငင်းမှာ အောင်ထွဋ်၊ ကျော်စွာ စသောကလောင်နာမည်များစွာနှင့် နိုင်ငံရေးဆောင်းပါးများကို ရေးသားခဲ့သည်။ ၎င်း၏ဆောင်းပါးများမှာ နိုင်ငံရေးလေ့လာသူများနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ အထူးအလေးထားဖတ်ရှုကြသည်။ စာဖတ်သူများအမြင်တူသောဆောင်းပါးများရှိသကဲ့သို့ စာဖတ်သူများ အမြင်မတူသော ဆောင်းပါးများလည်း ရှိခဲ့သည်။

ဒေါက်တာနေဝင်းမောင် ကွယ်လွန်ခဲ့ခြင်းအတွက် ဝမ်းနည်းကြေကွဲရကြောင်း မီဒီယာလောကသားများ၊ လုပ်ငန်းရှင်ကြီးများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် နိုင်ငံရေးသမားများက အွန်လိုင်းစာမျက်နှာများ၊ သတင်းစာနှင့် ဂျာနယ်များတွင် ဆက်တိုက်ဖော်ပြနေသည်ကိုလည်းတွေ့ရသည်။

၎င်း၏ ဈာပနကို ဇန်နဝါရီ ၁ ရက်၊ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ခဲ့သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ဒေါက်တာနေဝင်းမောင်၏ နာရေးသို့ လွမ်းသူပန်းခြင်းပေးပို့ခဲ့ပြီး ပန်းခြင်းတွင် **'မိသားစုနှင့်အတူ ဝမ်းနည်းစွာဖြင့်'** ဟု ဖော်ပြထားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း 'မြေခတာစောပေမယ့် တာဝန်ကျေခဲ့ပါတယ်ကိုနေဝင်းမောင်ရယ်။ မိသားစုနဲ့ထပ်တူထပ်မျှဝမ်းနည်းစွာဖြင့်' ဟု ဝမ်းနည်းကြောင်း သဝဏ်လွှာ ရေးသားပေးပို့ခဲ့သည်။

**ဦးတင်မောင်သန်း၏ပြောစကား**

နေဝင်းမောင်ဘယ်သူလဲ ဆိုတာ စဉ်းစားရင် သာမန်လူတွေ မလုပ်နိုင်တဲ့အလုပ် သာမန်လူတစ်ယောက်လိုနေထိုင်ရှင်သန်ပြီး လုပ်သွားတာနေဝင်းမောင်ဘာဖြစ်လဲဆိုတော့ ပကာသနမရှိဘူး။ နောက်ပြီးတော့ကြီးတယ်၊ ငယ်တယ်၊နိမ့်တယ်၊မြင့်တယ်မစဉ်းစားဘူး။ သူ့နိုင်ငံ၊လူ့အဖွဲ့အစည်းအတွက် ပြောင်းလဲဖြစ်မယ်ဆိုရင် ဘယ်သူကိုဖြစ်ဖြစ်အချိန်ပေးပြီး ပြောတယ်။ သူဘာလုပ်ချင်တာလဲဆိုတာသူ့နိုင်ငံသားမြန်မာနိုင်ငံသားတစ်ဦးချင်း ဘယ်မျက်နှာစာမှာပဲဖြစ်ဖြစ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာအားလုံးမှာ လူကိုလူလိုအသိအမှတ်ပြုနိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုပေါ်ဖို့ ကိစ္စသူရဲ့ယုံကြည်ချက်ပဲ။ ဒါသူဖြစ်ချင်တာ။

**ဦးလှမောင်ရွှေ၏ပြောစကား**

သူ့မှာ ထူးခြားတာက သူ့ကိုမုန်းတဲ့လူတွေရဲ့ မှတ်ချက်တွေရော သူ့ကိုအထင်ကြီးပြီးတော့ သူ့ကို အရမ်းချီးကျူးတဲ့ဟာကို မတုန်လှုပ်ဘဲနဲ့ ထားနိုင်တာက ကျွန်တော်တို့မှာမရှိသေးတဲ့ အတုခိုးစရာ အရည်အချင်းပဲ။ လူတွေပုံဖော်ခံနေရတဲ့အထူးသဖြင့်ပြည်ပထုတ်တဲ့မီဒီယာတွေက ပုံဖော်ခံနေရတဲ့ဒေါက်တာနေဝင်းမောင်နဲ့ တကယ့်လက်တွေ့နဲ့ တော်တော်ကိုကွာတာပေါ့။ အဲတော့ ပိုထူးခြားတာကတော့ သူ့ရဲ့ မိဘတွေ နဂိုရှာဖွေထားတဲ့ အိမ်ခြံတောင်မှ သူတို့ညီအစ်ကိုကိုယ်ကြောက်လို့ သူ့မိဘကရောင်းပြီး သူကွယ်လွန်တဲ့အထိ ရန်ကုန်ဆင်ခြေဖုံး နေရာမှာနေရတာကို မတုန်လှုပ်ဘဲနဲ့သူလုပ်ချင်တဲ့ဒီနိုင်ငံနဲ့လူတွေကောင်းကျိုးအတွက် ဒီနိုင်ငံရဲ့ဖွံ့ဖြိုးရေးဒီနိုင်ငံရဲ့ ငြိမ်းချမ်းရေး နောက်ဆုံးလုပ်သွားတာပေါ့။ ပိုထူးခြားတာက သူနောက်ဆုံး ဆုံးမယ့်နေ့လေးနာရီလောက်အထိသူ နောက်ဆုံး သူရဲ့သက်ဆိုင်တဲ့သူတွေဆီကို အကြံပြုချက်တိုက်တွန်းချက်တွေ ညနေလေးနာရီအထိ လုပ်သွားတယ်။ သူလိုလူမျိုးထပ်ရဖို့က ခဲယဉ်းပါတယ်။

## ဥရောပထိပ်သီးနိုင်ငံနှစ်နိုင်ငံမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးနှစ်ဦး တစ်ပတ်အတွင်း မြန်မာနိုင်ငံလာရောက်မည်

သီဟ

**ရန်ကုန်၊ ဇန်နဝါရီ-၂**

ယခုတစ်ပတ်အတွင်း၌ ဥရောပထိပ်သီးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် ဗြိတိန်နိုင်ငံနှင့် ဒိန်းမတ်များမှအစိုးရအဖွဲ့ဝင်ဝန်ကြီးနှစ်ဦးမြန်မာနိုင်ငံသို့လာရောက်မည်ဖြစ်ကြောင်းသိရသည်။

ဒိန်းမတ်နိုင်ငံ၏ဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ခရစ်စတီးယန်း ဖရစ်ဘာ့သည် လာမည့် ဇန်နဝါရီ ၆ မှ ၉ ရက်အထိသုံးရက်ကြာမြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝီလျံဟုတ်သည် ဇန်နဝါရီ ၅ မှ ၆ ရက်အထိ တစ်ရက်ကြာ လာရောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာသံရုံးများ၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

ဝန်ကြီး မစ္စတာဘာ့၏ ခရီးစဉ်အတွင်းတွင် နေပြည်တော်ရှိအစိုးရဌာနများ၏ အကြီးအကဲများ၊ရန်ကုန်ရှိဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားသောနိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

အလားတူ ဝန်ကြီး မစ္စတာဝီလျံ၏ ခရီးစဉ်အတွင်း၌လည်း နိုင်ငံတော်သမ္မတ၊အစိုးရအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ဒေါ်အောင်ဆန်းစုကြည်၊တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်ဟု သိရသည်။

မစ္စတာဘာ့၏ ခရီးစဉ်အတွင်းတွင်ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့(ယူနီဆက်)မှတစ်ဆင့် လှူဒါန်းလျက်ရှိသည့် ပညာရေးအလှူငွေတစ်ခုဖြစ်သည့် Multi-donor Education Fund (MDEF) အဆင့်၂စီမံကိန်းအတွက် ကနဦးအလှူငွေကန်ဒေါ်လာ ၄ ဒသမ ၅ သန်းအားပေးအပ်ရန် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဆိုင်ရာကဏ္ဍ၊ အခြားသောဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကဏ္ဍများတွင်လည်း အကူအညီပေးရန်စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

## မျက်နှာဖုံး-မီးလျှံကြားမှသူရဲကောင်းများ မှ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မေတ္တာမွန်ဂိုဒေါင်ဝင်းအတွင်း မီးလောင်ပြီး ပေါက်ကွဲမှုကြီးကြောင့် ဒဏ်ရာအပြင်းအထန်ရရှိ၍ သတိလစ်နေသောမီးသတ်တပ်ဖွဲ့ဝင် ဒုတပ်ကြပ် ကိုသီဟမျိုးထံမှပထမဆုံးကြားရသော စကားဖြစ်၏။ ရန်ကုန်ပြည်သူ့ဆေးရုံ ဦးနှောက်နှင့်အာရုံကြောအထူးကုဌာန အထူးကြပ်မတ်ကုသဆောင်တွင် ကိုသီဟမျိုးမှာ အခင်းဖြစ်ပွားပြီး ၅ ရက် (ဇန်နဝါရီ ၂)အထိ သတိမရသေးပေ။ သို့သော် သတိလစ်နေစဉ်မှာပင် သူ၏စိတ်ဇောများက မီးလောင်ပြင်၌ မီးငြိမ်းသတ်ရန် ကြိုးစားနေဆဲ။

ဘယ်ဘက်မျက်လုံးနှင့် နဖူးကိုပတ်တီးစည်းထားကာခန္ဓာကိုယ်အောက်ပိုင်းတွင် ဒဏ်ရာဒဏ်ချက်များစွာရရှိထားသောသူ့ကိုယ်ပေါ်၌ ပိုက်လေးချောင်းတပ်ထားသည်။ အသက်ရှူနိုင်ရန် နှာခေါင်းနှင့် လည်ပင်းတို့တွင် ပိုက်တစ်ချောင်းစီ၊ ဘယ်ဘက်လက်နှင့် ရှေ့တို့တွင်လည်းပိုက်တစ်ချောင်းစီ သွယ်တန်းထား၏။ သတိမရသေးသော်လည်း သူ၏အခြေအနေမှာ တစ်နေ့ထက် တစ်နေ့ပိုမိုကောင်းမွန်လာကြောင်း သူနာပြုဆရာမနှင့် မိသားစုဝင်များက ဒီဇင်ဘာ ၂ ရက်ညနေပိုင်းတွင်ပြောသည်။

ထိုကြပ်မတ်ကုသဆောင်၏ အခြားခုတင်ပေါ်တွင် သူကဲ့သို့ပင် သတိလစ်မေ့မြောနေသော အမျိုးသားတစ်ယောက်ရှိသည်။ မီးလောင်သည့် ရပ်ကွက်တွင် နေထိုင်သော အသက် ၃၆ နှစ်အရွယ် ကိုဇော်မင်းဦးဖြစ်သည်။ အရပ်သားဖြစ်သော်လည်း ဝိုင်းဝန်းမီးငြိမ်းသတ်ရန် ကြိုးစားစဉ် ပေါက်ကွဲမှုကြီးကြောင့် ဦးခေါင်းပိုင်းနှင့်ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာရရှိကာ သတိလစ်နေခြင်း ဖြစ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်အတွင်းမှ မီးလောင်နေသော ဂိုဒေါင်ဝင်း အတွင်းသို့ဝင်ရောက်မီးငြိမ်းသတ်စဉ် ပေါက်ကွဲမှုကြီးဖြစ်ပွားပြီး အသက် ၂၉ နှစ်အရွယ် ကိုသီဟမျိုး ဒဏ်ရာ အပြင်းအထန်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုကြီးကြောင့် လူ ၁၇ဦးသေဆုံးပြီး၊ ၁၀၀ ဝန်းကျင် ဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲမှုကြောင့်ရန်ကုန်မြို့တွင်ပြင်းအားရစ်ချ်တာစကေး ၂ ဒသမ ၃ ရှိသော ငလျင်အသေးစားတစ်ခုပင်လှုပ်ခတ်သွားသည်။

မီးသတ်တပ်ဖွဲ့ဝင်၅ဦးပွဲချင်းပြီးသေဆုံးပြီး ၃၃ ဦးဒဏ်ရာရရှိခဲ့သည်။ ကိုသီဟမျိုး အပါအဝင် မီးသတ်တပ်ဖွဲ့ဝင်အချို့မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်က ကားခေါင်းထဲ ပန့်ဂီယာသွင်းနေတဲ့အချိန်မှာ ဝုန်းခနဲဆို လွင့်သွားတာ။ ဘယ်ရောက်မှန်းမသိဘူး။ ဘာဖြစ်လို့ဖြစ်မှန်းမသိဘူး" ဟု အသက် ၅၆ နှစ်အရွယ် စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ဦးအောင်မြင့်က ပြောသည်။ မီးသတ်ကားမောင်းလာသည်မှာ နှစ် ၃၀ နီးပါးရှိပြီဖြစ်သော ဦးအောင်မြင့်မှာ ပေါက်ကွဲမှုကြီးကြောင့် ကားအတွင်းမှ အပြင်သို့လွင့်စဉ်သွားခြင်းဖြစ်သည်။

သူ၏ မျက်လုံးနှစ်ဖက်မှာ ဒဏ်ရာအပြင်းအထန်ရရှိပြီး မမြင်ရသေးပေ။ ခန္ဓာကိုယ်နေရာအများစုတွင်လည်း ဒဏ်ရာများရရှိထားသည်။သို့သော် သူက ဒဏ်ရာရရှိသော်လည်း ဝမ်းမနည်းဟု ဆို၏။ "ဒီမီးထက်ကြီးတဲ့ မင်္ဂလာဈေးမီးတုန်းက ဘာမှမဖြစ်ဘူး။ ဒီဟာပေါက်ကွဲတာကြီးက ဘယ်လိုမှန်းလဲမသိဘူး။ ကျွန်တော်တို့နားမလည်ဘူး။ ဒါပေမဲ့ ဘယ်လောက်ပဲပေါက်ကွဲပါစေ။ ကျွန်တော့်တာဝန်က မီးသတ်ဖို့ပဲ။ ဒဏ်ရာရတာဝမ်းမနည်းဘူး။ ဂုဏ်ယူတယ်။ နိုင်ငံတော်အတွက် ကောင်းကောင်းအလုပ်လုပ်ပေးနိုင်ခဲ့လို့" ဟု အသက် ၅၆နှစ်အရွယ် ဦးအောင်မြင့်က သူ၏ သဘောထားကို ဖွင့်ဟသည်။

သူကဲ့သို့ ဒဏ်ရာရရှိသူ၊ မီးသတ်တပ်ဖွဲ့ဝင်၊ သေဆုံးသွားသူ၊ ဒဏ်ရာမရသော်လည်း မီးငြိမ်းသည်အထိ အားကြိုးမာန်တက်ငြိမ်းသတ်ခဲ့သူ အရာရှိနှင့် တပ်ဖွဲ့ဝင်များကြောင့် ယခုအခါ ၎င်းတို့၏ ဂုဏ်သတင်းမှာ မြန်မာပြည်အနှံ့သို့ ပျံ့လွင့်နေသည်။

"အဆိုးထဲက အကောင်းပေါ့။ အခုဆို ကျွန်တော်တို့ ရပ်ကွက်ထဲကို ကောင်းကောင်းသွားရဲပြီ။ အရင်က မီးသတ်ဆိုရင် လူတွေက အထင်မကြီးဘူး။ အမျိုးမျိုးလှောင်ချင်ကြတာ" ဟု တပ်ကြပ်အဆင့်ရှိ မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက သူ၏အမြင်ကို ပြောသည်။

## မျက်နှာဖုံး-စီအင်န်အင်န်၏ကမ္ဘာ့အကောင်းဆုံး ခရီးသွားနေရာ နံပါတ်၃အဆင့်တွင် မြန်မာကိုရွေးချယ် မှ

Smarter Travel မှ အမှုဆောင်အယ်ဒီတာအန်နီဘန်နာစ်နှင့် Orbitz မှအကြီး တန်းအယ်ဒီတာ ဂျင်းနီတိုမားတိုးတို့၏အကြံပြုချက်များဖြင့် ရွေးချယ်ထားခြင်းဖြစ်ပြီး အင်္ဂလန်၊ မက္ကဆီကိုမှ World of the Maya တို့ပြီးလျှင် မြန်မာနိုင်ငံကို နံပါတ်၃နေရာတွင် ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံအား ကမ္ဘာပေါ်တွင် နွေးထွေးဖော်ရွေသော လူများရှိရာနေရာနှင့် ဖော်ရွေပျူငှာမှု၊ ညှို့ဝတ်ကျေပွန်မှုရှိသော နေရာတစ်ခုအဖြစ် နာမည်ကျော် Lonely Planetမှ အယ်ဒီတာရောဘတ်ရိဒ်က ရည်ညွှန်းခဲ့သည်။ CNN ၏ ၂၀၁၂ခုနှစ်အတွက် သွားရောက်လည်ပတ်စရာထိပ်တန်းနေရာများတွင် အင်္ဂလန်နိုင်ငံက နံပါတ် ၁နှင့် မက္ကစီကိုနိုင်ငံရှိ World of the Maya က နံပါတ်(၂)အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၂၀၁၂ခုနှစ်အတွက် CNN က ရွေးချယ်ခဲ့သည့် သွားရောက်လည်ပတ်စရာ ကမ္ဘာ့ထိပ်တန်းနေရာ ၉ခုမှာ အင်္ဂလန်၊ မက္ကဆီကိုမှ World of the Maya၊ မြန်မာ၊ ချီကာဂိုမြို့၊ St. Vincent and the Grenadines၊ နယ်သာလန်၊ ကနေဒါရှိ Atlantic Canada၊ ဥရုဂွေးနိုင်ငံနှင့် အော်လန်ဒိုမြို့တို့ဖြစ်သည်။

Orfenfaluuj Gif
ဒေါက်တာနေဝင်းမောင် (အသက်–၅၀နှစ်)
Living Color နှင့် The Voice Weekly ဂျာနယ်အမှုဆောင်အရာရှိချုပ်၊ Myanmar Egress တည်ထောင်သူ ဒေါက်တာနေဝင်းမောင် (အသက် - ၅၀နှစ်) သည် ၁ - ၁ - ၂၀၁၂ နံနက်၁နာရီ၁၀မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။
7Day News မိသားစုနှင့်
Inforithm-Maze ဝန်ထမ်းများ

## မျက်နှာဖုံး-လွှတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အနေနှင့် ထောင်ဒဏ်များလျှော့ပေါ့ မှ

လူသားချင်းစာနာ ထောက်ထားခြင်းကို အလေးပေးသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ် ကျခံရလျက်ရှိသော အကျဉ်းသားများကိုနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ)အရ နိုင်ငံတော်သမ္မတသည် ဇန်နဝါရီ ၂ ရက် မတိုင်မီကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါ ယင်းကဲ့သို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို လွှတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း ကြေညာချက်တွင် ပြောကြားသွားသည် ။

ယခုအကြိမ်သည် လက်ရှိတာဝန်ယူနေသော အစိုးရသက်တမ်းအတွင်းတတိယအကြိမ်လွှတ်ငြိမ်းသာခွင့်ပြုခြင်းဖြစ်ပြီး ပထမအကြိမ်ကို မေလ ၁၆ရက်တွင် ကြေညာခဲ့ပြီး ဒုတိအကြိမ်လွှတ်ငြိမ်းချမ်းသာခွင့်ကိုအောက်တိုဘာ ၁၂ရက်တွင်ကြေညာခဲ့သည်။ အကျဉ်းကျခံနေရသူများ လွှတ်ပေးသည့်အထဲတွင်ဇာဂနာ(ဦးသူရ)၊ဗိုလ်ချုပ်ဆေထင်တို့ အပါအဝင် အကျဉ်းသား ၆၃၅၀ ကျော်ကို လွှတ်ပေးခဲ့သည်။ ယနေ့ ထုတ်ပြန်ခဲ့သော လွှတ်ငြိမ်းချမ်းသာခွင့်မတိုင်မီ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေ သူများ၏ မိသားစုဝင်များကလွှတ်လပ်ရေးနေ့တွင်လွှတ်မြောက်လာလိမ့်မည်ဟု မျှော်လင့်ချက်ကြီးစွာထားခဲ့ကြကြောင်း မိသားစုဝင်များထံမှသိရသည်။

## စာ-၄၊ ဥပဒေနှင့်မညီညွတ်သော ဘက်လိုက်မှုဟုယူဆရသော အမှုတွဲဟောင်း ၆၀ကို ပြန်လည်စိစစ် အရေးယူဆောင်ရွက်မည် မှ

အဲဒါမျိုးတွေပဲများပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ "ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်တွေရဲ့ လုပ်ငန်းကို နှောင့်ယှက်တာ၊ စွက်ဖက်တာမဟုတ်ပါဘူး။ တရားရေးမဏ္ဍိုင် တည့်မတ်စေဖို့ လက်တွဲဆောင်ရွက်တာသာဖြစ်ပါတယ်"ဟူ၍ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။ အဆိုပါကော်မတီသို့ တင်ပြတိုင်ကြားစာများတွင် တရားမမှု ၂၉ မှု၊ ပြစ်မှုဆိုင်ရာအမှု ၃၆ မှုနှင့် အသနားခံစာ ၄ စောင်ပါဝင်ကြောင်း ရန်ကုန်နှင့် မန္တလေးတိုင်း ဒေသကြီးက အများဆုံးပါဝင်ကြောင်း သိရသည်။

အထက်ပါကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသော ပြည်သူများ၏အခွင့်အရေးများ ရရှိရေးအတွက် စာချွန်တော်တင်သွင်းခွင့်ကဲ့သို့တခြားသော ဥပဒေရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးလျက်ရှိကြောင်း သိရသည်။



## ဓာတုဗေဒဆံပင်ဆိုးဆေးများ၏အန္တရာယ်

သီဟ

မိမိတွင် မရှိသည့် အရာအားလိုချင်တပ်မက်သည့်စိတ်ရှိကြသည်မှာ လူတို့၏ ပင်ကိုဗီဇသဘောပင် ဖြစ်သည်။အသားဖြူသူသည်ညိုသည့်သူကို သဘောကျကာ မိမိတို့အသားအား မညိုညိုအောင် နေလှန်းကာကြေးနီရောင်ပေါက်လာစေရန် ပြုမူကြသည့် အနောက်တိုင်းသားများကား သာဓကပင် ဖြစ်သည်။


ထို့အပြင် မျိုးဗီဇသ ဘောအရ အရှေ့တိုင်းသူ၊ အရှေ့တိုင်းသားများသည် အနက်ရောင်ရှိသည့် ဆံကေသာကို ပိုင်ဆိုင်ကြပြီး အနောက်တိုင်းသားများသည် ရွှေအိုရောင်ရှိသည့်ဆံကေသာကို ပိုင် ဆိုင်ကြသည်မှာ ယေဘုယျအားဖြင့် မှန်ကန်သည့်သဘာဝပင်ဖြစ် သည်။

သို့သော် လူတို့၏သဘာဝအရ မိမိတွင်မရှိသည့်အရာကိုမှ အလှတရားဟုထင်လေ့ရှိကြရာ ဆံကေသာ အနက်ရောင်ပိုင်ဆိုင်ထားကြသည့် အရှေ့တိုင်းသူ၊အရှေ့တိုင်းသားများသည် အနောက် တိုင်းသားများကဲ့သို့ ရွှေအိုရောင် ဆံကေသာကိုပိုင်ဆိုင်လိုကြသည်။ သဘာဝတရားအရမဖြစ်နိုင် သည့်အခါတွင် ဖန်တီးမှုအလှတရားများအဖြစ် မိမိတို့၏ ဆံကေသာအား အရောင်ခြယ်ပစ္စည်း များအသုံးပြုကာ မိမိတို့လိုချင်သည့် ဆံပင်ပုံစံကို ပုံဖော်ယူလာကြသည်။

ထိုအခါတွင် ဆံပင်ဆေးဆိုးသည်ဟူသည့် အလေ့အထတစ်ရပ် လူငယ်ထုကြားတွင်ခေတ် တစ်ခေတ်ဆန်းလာတော့သည်။ တကယ်တန်း ဆံပင်ဆေးဆိုးသည့် အလေ့အထသည် အထူးအဆန်း တော့မဟုတ်ပင် ဟိုးရှေးယခင်ကပင် အသက်အရွယ် အိုမင်းသူများက မိမိတို့၏ ဇရာကို ဖုန်းကွယ် ရန်အတွက် ဆံပင်အနက်ဆေးဆိုးခြင်းသည် လူကြီးအသိုင်းအဝိုင်းတွင် ခေတ်စားလျက်ရှိသည့်အလေ့ အထတစ်ခုပင်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် အလှအပအားမက်မောသည့် ခေတ်ကာလ သားပျိုသမီးပျိုများကပါ မိမိတို့တွင်ရှိသည့် မူလဆံပင်အရောင်ဖြင့် ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိတော့ ဘဲ အခြားသော အရောင်များပါသည့် ဆံပင်ဆိုးဆေးများအား အသုံးပြုလာကြတော့သည်။

ဆံပင်ဆိုးဆေးများသည် လူတို့ပြုလုပ်ဖန်တီးထားသည့်အရာများဖြစ်သည့် အားလျော်စွာ သဘာဝကိုအခြေခံသည့် ဆံပင်ဆိုးဆေးများရှိသကဲ့သို့ ဓာတုဗေဒပစ္စည်းများကို အခြေခံသည့် ဆိုးဆေးများလည်းရှိကြသည်။

စာ(၁၄)သို့



## အာရုံကြော အားနည်းခြင်း

ဝတ်ရည်

အသက်အရွယ် မရွေး ကျား/မ အရွယ်စုံ မရွေးဖြစ်ပွားတတ်သော၊ မျိုးရိုးလိုက်လေ့ရှိသော နေ့စဉ်နေထိုင်စားသောက်သည့် ပုံစံမမှန်သည့် အစားအသောက်များမှလည်း ဖြစ်ပွားတတ်သော အာရုံကြော အားနည်းခြင်းသည် ခုနောက်ပိုင်းတွင်အပြောများလာသော ရောဂါတစ်ခုဖြစ်ကြောင်း ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆရာဝန်များ ထံမှသိရသည်။

အာရုံကြောဟူသည်လူ့ခန္ဓာကိုယ်ဖွဲ့စည်းမှု၏ အဓိက ဗဟိုချက်ဖြစ်ပြီး အရေးကြီးဆုံးသော နေရာလည်းဖြစ်သည်။ ထိုအရေးကြီးသော အစိတ်အပိုင်း အားနည်းပါက လူ့ခန္ဓာကိုယ်အတွင်း၊ အပြင်များ၏လုပ်ဆောင်မှုများပါ အစီအစဉ်မကျ ဖြစ်သွားစေနိုင်ခြင်းဖြစ်သည်။ ထိုအာရုံကြောဟူသည် လူ၏ဦးနှောက်နှင့် ကျောရိုးမှတဆင့် ဆက်သွယ်ထားပြီးလူ့ခန္ဓာကိုယ်အနှံ့သို့အာရုံခံသည့်အကြောလေးများ ပို့လွှတ်ထားရာ အာရုံကြောမကြီး အားနည်းသွားခြင်းဖြစ်သည်။ ထိုအာရုံကြော အားနည်းသွားပါက ခန္ဓာကိုယ်အနှံ့အပြားမှ ဦးနှောက်သို့ ပို့လွှတ်သည့်သတင်းအချက်အလက်များ အချိန်မှီရောက်ရှိခြင်းမရှိတော့ဘဲ ဦးနှောက်အလုပ်လုပ်မှုနှောင့်နှေးသွားခြင်းဖြစ်သည်။

'ခန္ဓာကိုယ်အနှံ့ကနေ ဦးနှောက်ကို ခံစားမှုတွေ သတင်းပို့တဲ့အခါ ဦးနှောက်ကလည်း အဲဒီပို့တဲ့ပေါ် မူတည်ပြီး လုပ်ဆောင်စရာရှိတာကိုလုပ်တယ်။ ရှေ့တိုးရမှာလား နောက်ဆုတ်ရမှာလား ဆိုတာကို ဆုံးဖြတ်ပေးတဲ့ အာရုံကြောတွေအားနည်းသွားရင် အဲဒါဆုံးဖြတ်ချက်တွေ ချို့ယွင်းသွားတယ်။ အတွေးအခေါ်တွေလည်း တွေးခေါ်လို့မရတာတွေကိုယ်က ဘာလုပ်လို့ ဘာလုပ်မယ်ဆိုတာတွေကိုမသိတော့ဘူး'ဟုဦးနှောက်နှင့် အာရုံကြောခွဲစိတ်အထူးကု ဆရာဝန်ကြီးတစ်ဦးကပြောသည်။

ထိုအာရုံကြော အားနည်းသည့်ရောဂါသည် ခန္ဓာကိုအတွင်းတွင် ဗီတာမင်အမျိုးမျိုး ချို့တဲ့မှုများကြောင့် ဖြစ်ပွားနိုင်သကဲ့သို့ တခြား အကြောင်းအရာများစွာကြောင့်လည်း အာရုံကြော အားနည်းသည့်ရောဂါ ဖြစ်ပွားနိုင်ကြောင်း ဒေါက်တာထွန်းသိန်းက ပြောကြားသည်။

အာရုံကြော အားနည်းပါက အလုပ်လုပ်ရာတွင် ကြာရှည်စွာ အာရုံစူးစိုက်၍ မရတော့ခြင်း၊ ခြေ လက်များ ထုံကျင်လာခြင်း၊ ခြေလက်များ လေးလံ၍ မလှုပ်လိုခြင်း၊ မှတ်ဉာဏ်ချို့ယွင်းလာခြင်း၊ အမှန်တကယ်မဟုတ်သည်များအား မြင်ယောင်လာခြင်း၊ အမှန်တကယ်မဟုတ်သည်များလည်း ကြားလာခြင်း၊ မည်သည့်အနံ့မှ မရဘဲ အနံ့များရလာခြင်းတို့ဖြစ်ပြီး မကြာခဏ သတိလက်လွတ်ဖြစ်သွားသည့်လက္ခဏာများမှာ အာရုံကြောအားနည်းခြင်း၏ လက္ခဏာများဖြစ်သည်။ ထိုအာရုံကြော အားနည်းခြင်းအား ဖြစ်ပွားစေသည့် အချက်များထဲတွင်ပုံစံမမှန်သည့် စားသောက်မှုပုံစံဆိုသည်မှာ မြန်မာလူမျိုးများ နေ့စဉ်စားနေသော ဖြူဖွေးအောင် ပြုလုပ်ထားသည့် ဆန်များမှာလည်း ဖြစ်ပွားစေနိုင်သည့် အကြောင်းအရာတစ်ခုဖြစ်သည်။

'ဆန်တစ်စေ့ရဲ့ အပေါ်ယံကို အုပ်ထားတဲ့အလွှာမှာဗီတာမင်ဘီဝမ်းဓါတ်တွေပါရှိတယ်။ အဲဒါကို လူတွေက ဆန်ကိုဖွေးနေအောင် လုပ်လိုက်တဲ့အခါ အဲဒီ ဘီဝမ်းဓါတ်တွေက စွန့်ပစ်ပစ္စည်းအဖြစ် အပြင်ကိုရောက်သွားပြီး လူတွေစားရတာကတော့ဗီတာမင်ဘီဝမ်းနည်းပါးတဲ့ ဆန်ကိုပဲစားရတော့တယ်။ ဆန်လုံးညိုစားတဲ့သူတွေမှာ ဗီတာမင်ဘီဝမ်းချို့တဲ့လို့ ဖြစ်တဲ့ အာရုံကြောအားနည်းရောဂါက ဆန်အဖြူစားတဲ့သူတွေထက် ပိုအဖြစ်နည်းကြတယ်'ဟု အဆိုပါ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဆရာဝန်ကပြောသည်။

သို့သော် မဖြစ်မနေ စားရသည့်ဆန်ဖြူတွင်လည်း ဗီတာမင်ဘီဝမ်းဓာတ်များ ထပ်မံမဆုံးရှုံးစေရန်ပြုလုပ်နိုင်သည်။ ဗီတာမင်ဘီဝမ်းများမဆုံးရှုံးစေရန် ဆန်အား ထပ်ခါထပ်ခါ ဆေးခြင်းအား ရှောင်ကြဉ်ခြင်း၊ ထမင်းပေါင်းအိုးဖြင့် ချက်စားခြင်းဖြင့် ရရှိနိုင်သည်။ သို့မဟုတ် ထမင်းရည်သောက်ခြင်းဖြင့်လည်းကောင်း၊ ဘီဝမ်း၊ ဘားပလက်စသည့် အားဆေးများကိုလည်း ဖြည့်စွက်သုံးနိုင်ကြောင်း သိရသည်။

'အာရုံကြောအားနည်းလို့ကုသရင်လည်း ရောဂါအခြေအနေပေါ်ကြည့်ပြီးကုသရတယ်။ အာဟာရချို့တဲ့ရင် လိုအပ်တဲ့ဗီတာမင်တွေပေးတယ်။ များသောအားဖြင့်တော့သာမန်အာရုံကြောအားနည်းတဲ့သူတွေကိုဘီဝမ်း၊

စာ(၁၄)သို့




# Regional

7DAY NEWS JOURNAL

Vol.10, No.42 · JANUARY 5, 2012


# မန္တလေးမြို့တော်ဧရိယာအတွင်းမှ ကျူးကျော် အဆောက်အအုံများအား အရေးယူ

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများပေါ်တွင် တရားမဝင် ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း၊ တရားမဝင် ကျူးကျော်သူများအား ဖယ်ရှားခြင်းတို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံကိန်းအရ လိုအပ်ပါက ကျူးကျော်နေထိုင်သူတွေကို ဥပဒေနှင့်အညီ ဖယ်ရှားပါတယ်။ မြို့တော်တိုးတက်လာတဲ့လူဦးရေအတွက် တစ်ရက် ရေဂါလန် ၁၀ သန်းပေးပို့မှ အမှတ် (၈) ရေတွန်းစက်ရုံတည်ဆောက်တဲ့ အခါမှာ ကျူးကျော်နေထိုင်သူ မိသားစု ၅၀ ခန့်ကို ဖယ်ရှားခဲ့ရပါတယ်။ အလားတူ မင်္ဂလာတူးမြောင်း၊ ရွှေတံချောင်းမြောင်း၊ ငွေတချောင်းမြောင်း၊ တက်ခြေရာချောင်း၊ သင်္ဘောချောင်းဘေးဝဲယာတွေမှာ ကျူးကျော်နေထိုင်သူ အိမ်ခြေ ၃၀၀ ခန့်ကိုလည်း ဖယ်ရှားခဲ့ရပါတယ်။ မြို့တော်အတွင်း ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းဘေးဝဲယာတွေမှာ စက်ယန္တယားတွေဝင်ရောက်နိုင်ဖို့အတွက် နေအိမ်ဆောက်လုပ်ခွင့် ကျူးကျော်နေထိုင်ခွင့်မရှိပါဘူး။ မြို့တော်သန့်ရှင်းရေး သာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေး လုပ်ဆောင်တဲ့အခါ မြို့တော်နေပြည်သူတွေရဲ့ အကူအညီကလည်း လိုအပ်ပါတယ်”ဟု 7Day News သို့ပြောသည်။

ကော်မတီမှ တာဝန်ရှိသူတစ်ဦးက“ကော်မတီသည် မြို့ပြစီမံကိန်းအရ ဆောင်ရွက်ရန် လွှဲပြောင်းရယူထားသော မြေပေါ်ရှိ တရားမဝင် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့် တရားမဝင် ကျူးကျော်သူများအား ဖယ်ရှားနိုင်ပါတယ်။ ကော်မတီက အဆောက်အဦတစ်ခုကို ငှားရမ်းတယ်။ ငှားရမ်းထားတဲ့ အဆောက်အဦနဲ့ မြေပေါ်မှာ ကော်မတီကို အသိမပေးဘဲ အဆောက်အဦဆောက်လုပ်ပြီး ထပ်မံငှားရမ်းချထားတွေ၊ တခြားအဖွဲ့အစည်းတစ်ခုကို အကျိုးအမြတ်အတွက် အခကြေးငွေယူပြီး ငှားရမ်းတာတွေကိုခွင့်မပြုပါဘူး။ မည်သူမဆို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်တဲ့ နည်းဥပဒေတစ်ရပ်ရပ်ကို ဖျောက်ဖျက်ကျူးလွန်ခြင်းပြုပါက (သို့မဟုတ်)လိုက်နာရန်ပျက်ကွက်ပါက မန္တလေးမြို့တော်စည်ပင်ဥပဒေအရအရေးယူခံရမှာဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

## လုပ်သက်ရင့် ဝန်ထမ်းများအား မြေကွက်ရောင်းပေးလျက်ရှိ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

အစိုးရဝန်ထမ်းအဖြစ် လုပ်သက် ၂၅ နှစ်အထက် ရှိသော ဝန်ထမ်းများအား နေပြည်တော်ပုဗ္ဗသီရိမြို့ရှိ မြေကွက်လပ်များကို တန်ဖိုးသက်သက်သာသာဖြင့် နေပြည်တော်ကောင်စီက ချထားပေးလျက်ရှိကြောင်းသတင်းရရှိသည်။

မြေကွက်များချထားပေးရာတွင် ပေ ၆၀×၈၀ မြေကွက်တစ်ကွက်အား တန်ဖိုးရှစ်သိန်းကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေ ၄၀×၆၀ မြေကွက်တစ်ကွက်အား တန်ဖိုးငွေကျပ် သုံးသိန်းဖြင့်လည်း နေပြည်တော်ကောင်စီသို့ လျှောက်ထားဝယ်ယူရခြင်းဖြစ်ကြောင်း ရက်ပိုင်းအတွင်းကမှ လျှောက်ထားခဲ့သော ဝန်ထမ်းတစ်ဦးက ပြောသည်။

“လုပ်သက်နှစ် ၃၀ ကျော် သမားတွေတော့ ရပြီးသွားပြီ။ အချို့လည်း အမြတ်ရတော့ ပြန်ရောင်းပြီး တခြားဝင်ငွေရမယ့် အလုပ်လေးတွေလုပ်ကြတယ်။ နေရာပေါ်လိုက်ပြီး ပြန်ရတဲ့ ဈေးတော့ ကွာတာပေါ့။ အထူးသဖြင့် ဟိုတယ်ဇုန်နား၊ ဗုဒ္ဓဂယာနားက မြေကွက်တွေ ဈေးပိုရတယ်ဗျ”ဟု အဆိုပါမြေကွက်များ၏ ဈေးကွက်အခြေအနေကိုပြန်လည်ပြောကြားခဲ့သည်။

နေပြည်တော်ဒေသခံ ပြည်သူတစ်ဦးကမူ “လူကြီးတွေ အနေနဲ့ကျွန်တော်တို့အတွက်လည်း အစီအမံတွေလုပ်ပေးစေချင်တယ်။ ကျွန်တော်တို့ သားသမီးတွေ အိုးအိမ်ထူထောင်တဲ့အခါမှာ မြေဈေးတွေမြင့်နေတော့ မဝယ်နိုင်တော့ဘူး။ အဲဒီတော့ ရွာစပ်ကစိုက်မဖြစ်တဲ့ နေရာလေးတွေကိုလေး၊ ငါးသိန်းနဲ့ဝယ်ပြီး နေကြရတယ်”ဟုဒေသခံများ၏ အခြေအနေကို ပြောသည်။

လုပ်ငန်းရှင်များအတွက် ရည်ရွယ်ပြီး အကွက်ရိုက်ချထားပေးသော မြေကွက်များမှာမူ တစ်ကွက်လျှင် ကျပ်ရာဂဏန်းမှ ထောင်ဂဏန်းရှိကြောင်း သိရှိရသည်။

## ချင်းပြည်နယ်တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်ရန် အိန္ဒိယကုမ္ပဏီသုံးခု လာရောက်လေ့လာ

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

ရာသီဥတုနှင့် ပထဝီအနေအထားအရ လက်ဖက်စိုက်ပျိုးထုတ်လုပ်ရန်သင့်တော်သော ချင်းပြည်နယ်တွင် အိန္ဒိယအခြေစိုက်တာတာကုမ္ပဏီအပါအဝင်အခြားကုမ္ပဏီနှစ်ခုက စိတ်ဝင်တစားလာရောက်လေ့လာလျက်ရှိကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“တာတာရော အခြားအိန္ဒိယကုမ္ပဏီနှစ်ခုရော ချင်းပြည်နယ်ကိုလာပြီးလေ့လာကြတယ်။ သူတို့လည်း စိတ်ဝင်စားတယ်။ ချင်းပြည်နယ်အစိုးရကလည်း စိတ်ဝင်စားတယ်။ ခက်တာက ချင်းပြည်နယ်ကနေ အိန္ဒိယကိုသယ်ဖို့လမ်းပိုင်းရှုပ်နေတာ။ အခုချိန်ထိ ဟားခါးကနေကလေး၊ ကလေးကနေ တမူးအထိသွားပြီးမှ အိန္ဒိယကိုဝင်ရတယ်။ အဲဒါကြောင့် ဟားခါးကနေ ရိဒ်မြို့နယ်ခွဲ (နယ်စပ်)လမ်းပိုင်းကိုပါ ပြုပြင်ဖို့လည်း စီစဉ်နေကြတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်ထွက် လက်ဖက်များအရည်အသွေးကောင်းသော်လည်း လတ်တလောတွင် မန္တလေးဈေးကွက်ဒိုင်အထိတင်ပို့ပြီးမှ အခြားဈေးကွက်များသို့ဖြန့်ဖြူးနေရသည့်အတွက် သယ်ယူစရိတ်ကြီးမားနေကြောင်း၊ ယင်းအခြေအနေကြောင့် လက်ဖက်စိုက်တောင်သူများလည်း ဝင်ငွေနည်းပါးကာ စီးပွားရေးပါနိမ့်ကျလျက်ရှိကြောင်း သိရသည်။

နာမည်ကျော်ရိဒ်ရေကန်အပြင် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များအကောင်းအတိုင်းကျန်ရှိနေသေးသော ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြင့် မီးခိုးမထွက်သော စက်မှုဇုန်ထူထောင်ရန်လည်းလုပ်ဆောင်သင့်ကြောင်း လုပ်ငန်းရှင်အချို့က တိုက်တွန်းပြောဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁-၁၂ ခုနှစ်အထိ လက်ဖက်စိုက်ဧက နှစ်သိန်းခွဲနီးပါးရှိပြီး ရှမ်း၊ ကချင်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်များအပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)


**ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့မှ လက်ဖက်စိုက်ခင်းတစ်ခု**


စင်ထွာ

မီးလင်းကတ္တား

မှ အသစ်ထပ်မံထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း

- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက်မြင်နိုင်ခြင်း။




09.7300.9641, 09.731.236.36,02.788.24

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

## ကျိုက်ထိုတွင် စစ်လက်ကျန်ပုံးဟောင်းများ တွေ့ရှိ

**ရဲခေါင်ဦး**

**ကျိုက်ထို၊ ဒီဇင်ဘာ-၂၆**


ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာတွင် ရေတွင်းတူးရာမှ ဒုတိယကမ္ဘာစစ်လက်ကျန် ပုံးဟောင်းတစ်လုံးကို တွေ့ရှိရသဖြင့် တာဝန်ရှိသူများက ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

မုက္ခမူ ကျေးရွာတောင်ပိုင်းနေ ဦးငွေးနိုင်၏ နေအိမ်၌ ရေတွင်းတူးဖော်စဉ် မြေကြီးအနက် သုံးပေအရောက် ဒီဇင်ဘာ ၉ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါပုံးကြီးအား တွေ့ရှိရပြီး ကျင်းအတွင်းမှ ဆယ်တင်ကာ မြို့နယ်တာဝန်ရှိသူများထံ သတင်းပေးပို့ခဲ့ကြသည်။

သတင်းပေးပို့ချက် အရ ကျိုက်ထိုမြို့တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီးနောက် နှစ်ရက် အကြာတွင် ကျိုက်ထိုမြို့သို့ သယ်ဆောင်သွားကြသည်။

တွေ့ရှိရသော ပုံးဟောင်းကြီးမှာ အလျား ၄၀လက်မ၊ လုံးပတ် ၄၂လက်မရှိပြီး အင်္ဂလိပ်စစ်တပ်သုံးလေယာဉ်ပေါ်မှ ကြဲချသည့် ပုံးအမျိုးအစားဖြစ်သည်။

"ဒုတိယ ကမ္ဘာစစ်တုန်းက ကိုယ့်နိုင်ငံက စစ်မြေပြင်ဖြစ်ခဲ့တော့ မဟာမိတ်စစ်သုံး ပစ္စည်းရော ဂျပန်စစ်သုံးပစ္စည်းတွေပါ အများကြီးကျန်ခဲ့တယ်။ မသုံးရသေးတဲ့ ပုံးတွေကျန်သလို အင်္ဂလိပ်စစ်တပ်က ခုလိုလေယာဉ်ပေါ်က ကြဲချပြီး မပေါက်ကွဲသေးတဲ့ ပုံးဟောင်းတွေလည်း တွေ့ရတတ်တယ်။ ပုံး ဟောင်းတွေက နှစ်ပေါင်း ၆၀ ကျော်ကြာပြီဆိုပေမယ့် ထုရိုက်တာမျိုးလုပ်ရင်တော့ ပေါက်ကွဲပြီး လူကိုဒုက္ခပေးနိုင်ပါတယ်"ဟု မြို့နယ်တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။






## နှမ်းဖြူအရောင်းသွက်၊ ပဲမျိုးစုံအေးစက်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ- ၃၁**

ယခုတစ်ပတ် မန်းပဲနှမ်းဈေးကွက်တွင် ငွေဈေးတက်၍ နှမ်းဖြူဈေးတက်လာကာ အရောင်းအဝယ်သွက်နေသော်လည်း ကျန်ပဲများမှာ အရောင်းအဝယ်ငြိမ်နေကြောင်း သတင်းရရှိသည်။

သုံးတင်းတစ်အိတ်လျှင် ထိပ်စ ၇၀,၀၀၀၊ အလတ်စ ၆၈,၀၀၀၊ ပုံမှန်စ ၆၅,၀၀၀ မှ ၆၆,၀၀၀ အတွင်းပေါက်နေသည်။ ငွေဈေးတက်သော်လည်း ဈေးမတက်သည့် နှမ်းနက်မှာ အဝယ်လေးနေပြီး စမုံထိပ်စတစ်အိတ် ၉၀,၀၀၀ နှုန်းပေါက်နေသည်။ နှမ်းဖြူအသစ်များ ဝက်လက်၊ မြင်းမူ၊ ရှိန်းမကား၊ စစ်ကိုင်းနယ်များမှ ဝင်ရောက်လာသည်။ ပဲစင်းငုံနီ သုံးတင်းတစ်အိတ်(၄၀,၀၀၀)၊ ပဲတီစိမ်းထိပ်စ ရွှေဝါ (၅၃,၀၀၀)၊ လတ်စ (၄၇,၀၀၀) (၄၈,၀၀၀)ဈေးပေါက်နေကာ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ပဲလွန်းဖြူမှာ ထီးချိုင့်၊ ကသာ၊ ရွှေကူဘက်မှ အသစ်များဝင်ရောက်လာပြီး ထိပ်စလုံးကြီး(၅၇,၀၀၀)၊လတ်စ(၅၅,၀၀၀)၊ပုံမှန်စ(၅၃,၀၀၀)နှုန်းပေါက်နေပြီး တရုတ်လိုင်းသမား အဝယ်လိုက်နေသည်။

ကုလားပဲဈေးအနည်းငယ်တက်လာပြီး သုံးတင်းတစ်အိတ်လျှင် ထိုင်ဝမ် ( ၄၉,၅၀၀)၊ ဗွီတူး (၅၃,၀၀၀) နှုန်းပေါက်နေသည်။ ကုန်သည်အချို့ ကုလားပဲကို လက်ရှိပေါက်ဈေးနှင့် မကိုက်၍ လှောင် ထားဆဲဖြစ်သောကြောင့် ပဲအနည်းငယ်ရှားနေပြီး ခပ်လေးလေးမှန်မှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန်းကုန်စည်ဒိုင်)မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## အတင်းမောင်းနှင်ထွက်ပြေးသည့် ကားပေါ်မှ တရားမဝင်ဆိုင်ကယ်များ ဖမ်းဆီးရမိ



*ထုပ်ပိုးထားသည့် ဆိုင်ကယ်ပစ္စည်းများ*

**သန်းအောင်**

**ဟဲဟိုး၊ ဒီဇင်ဘာ-၂၈**

ဟဲဟိုးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည်အောင်ပန်းဘက်မှလာသော လိုက်ထရပ်ကားတစ်စီးအား သတင်း အရ ရှာဖွေစစ်ဆေးရန် တားဆီးစဉ် ရပ်မပေးဘဲ အတင်းမောင်း ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကားပေါ်တွင် အကောက်ခွန်မဲ့ ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ရက် ညနေ ၂နာရီ ၅၀မိနစ်အချိန်ခန့်တွင် နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ဇော်ဝမ်းဦးစီးသည့် ဟဲဟိုးရဲတပ်ဖွဲ့ဝင်များသည်သက်သေများနှင့်အတူ မသင်္ကာဖွယ်ရာ ကားတစ်စီးအား ရှာဖွေစစ်ဆေးရန် စောင့်ဆိုင်းနေခဲ့ကြသည်။ လိုက်ထရပ်ကားအဖြူရောင်ကိုမသင်္ကာသဖြင့် ရပ်တန့်ရန်တားဆီးစဉ် ယာဉ်မောင်းဖြစ်သူက ရပ်ပေးခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ၎င်းယာဉ်နောက်သို့ လိုက်လံဖမ်းဆီးကြရာ ဟဲဟိုးရဲစခန်း၏ အရှေ့ဘက် (၃) မိုင်ခန့်အကွာ ဟဲဟိုးအရှေ့တောင်ကြားသရက်သုံးပင်ကွေ့အတက်လမ်းတွင် ယာဉ်ကိုတားဆီးနိုင်ခဲ့ပြီး ဟဲဟိုးရဲစခန်းသို့ ခေါ်ဆောင်၍ သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးခဲ့သည်။ ကား ပေါ်တွင် တရုတ်နိုင်ငံထုတ် HIBAO နှင့် LOUJIA အမျိုးအစားဆိုင်ကယ် ၁၂ စီးစာတပ်ဆင်အသုံးပြုနိုင်သော ဆက်စပ်ပစ္စည်းအုပ်စုပါကင်ထုပ်များ ၄,၈၆၀,၀၀၀ (လေးဆယ့် ရှစ်သိန်းခြောက်သောင်းကျပ်)ဖိုးကို တရားမဝင်သယ်ဆောင်လာကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်းဖြစ်သူ ဦးမျိုးညွှန့်(၃၈)နှစ် အောင်ပန်းမြို့နေသူအား ဟဲဟိုးရဲစခန်းက (ပ)၇၆/၂၀၁၁ သွင်းကုန်/ထုတ်ကုန်ပုဒ်မ ၁၅ (၁)အရ အမှုဖွင့် အရေးယူစစ်ဆေးနေကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



# မြို့သစ်လမ်းများ တိုးချဲ့ဖောက်လုပ်၍ မြေဈေးများမြင့်တက်

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကမြို့တော်ဧရိယာအတွင်း မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်း၊ ကတ္တရာလမ်းမှနိုင်လွန်ကတ္တရာလမ်းဖြစ်ရေးအတွက် အဆင့်မြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့တော်စည်ပင်လမ်းတံတားဌာနမှ သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီလက်ထက် ၁၉၉၂ ခုနှစ်တွင် မြေသားလမ်း ၁၆ မိုင် ကျောက်လမ်း ၆၈ ဒသမ ၂ မိုင်၊ ကတ္တရာလမ်း ၁၂၉ ဒသမ ၁ မိုင်စုစုပေါင်း ၂၁၃ ဒသမ ၃ မိုင်ရှိခဲ့ရာမှ ယခုအခါ မြေသားလမ်း ၁၉၂ဒသမ ၁၃ မိုင်၊ ကျောက်လမ်း ၇၄ ဒသမ ၅၄ မိုင်၊ ကတ္တရာလမ်း ၃၃၆ ဒသမ ၃၂ မိုင်၊ ကွန်ကရစ်လမ်း၆ ဒသမ ၉ မိုင်၊ နိုင်လွန်ကတ္တရာလမ်း၃၇ဒသမ၇၃မိုင်စုစုပေါင်း ၆၄၇ ဒသမ ၆၂ မိုင်တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်းလမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးမှ အတည်ပြုပြောကြားသည်။

မန္တလေးမြို့သစ်များတွင် လမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ တိုးချဲ့ဖောက်လုပ်သော လမ်းဘေးဝဲယာ မြေကွက်များမှာလည်း ပေ ၄၀×၆၀ မြေတစ်ကွက်လျှင် အနည်းဆုံး ၅ ဆမှ အများဆုံး အဆ ၂၀ ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း မြေပွဲစား လောကမှ သိရသည်။

# အအေးပိုလာသောကြောင့် လေကြောင်းပြောင်းလဲကာ လင်းတများကျ

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ဟိမဝန္တာလင်းတအချို့ ယခုလပိုင်းအတွင်း အအေးပိုလာသောကြောင့် လေကြောင်းပြောင်းလဲမှုဖြစ်၍ မြို့ရွာ အချို့တွင် ဝင်ရောက်နားခိုခြင်းများရှိကြောင်း မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များအသင်းမှ ဥက္ကဋ္ဌဦးစိုးညွန့်က ပြောသည်။

"လင်းတက ပျံတဲ့ငှက်မဟုတ်ဘူး။ လေဟုန်စီးပြီးဝဲတဲ့ငှက်။ အခုအေးတော့ လေကအောက်ကျလာတယ်။ အပေါ်ကို မရောက်တော့ ပြုတ်ကျတာတွေလည်း ရှိမှာပေ့ါ။ အခုက ကြားတော့ ကြားတယ်။ လာမဆက်သွယ်သေးဘူး။ အဲလိုနားတဲ့အခါ ဖမ်းဆီးဖို့ မသင့်ပါဘူး။ စားလည်း မစားကောင်းပါဘူး။ တွေ့ခဲ့ရင်လည်း အန္တရာယ်ကင်းတဲ့နေရာမှာ ထားသင့်တယ်။ ပြီးတော့ ပြန်လွှတ်ပေးပေ့ါ။ အသင်းကိုဆက်သွယ်ပြီး လာလှူလို့ရပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ရန်ကုန်တိုင်း သုံးခွမြို့နယ် ပုလဲကျေးရွာ၊ မအူကန်ကွင်းတွင် ဒီဇင်ဘာ တတိယပတ်၌ ဟိမဝန္တာလင်းတနှစ်ကောင် လာနားရာမှ အမတစ်ကောင် ဖမ်းမိပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ကြို့ပင်ကောက်မြို့နယ်သရက်ကုန်းကျေးရွာအုပ်စု ပန်းဘဲတန်းရွာတွင် ဟိမဝန္တာလင်းတ သုံးကောင်လာနားရာမှ တစ်ကောင် ဖမ်းမိခဲ့ကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

ယင်းဟိမဝန္တာလင်းတသည် ဆောင်းရာသီတွင် လာရောက်ဆောင်းခိုသော ငှက်ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံငှက်ဝါသနာရှင်အသင်းမှ ဥက္ကဋ္ဌဦးစိုးညွန့်က ပြောသည်။

မြန်မာနေရင်း လင်းတများသည် မြန်မာနိုင်ငံမြောက်ပိုင်း ဟုမ္မလင်းနှင့် ချင်းတွင်းမြစ်တွင်ကျင်လည် ကျက်စားကြောင်းနှင့် အမြင့်မှာ လေးပေခန့်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

# လင်မယားချင်း စကားများရာက ခင်ပွန်းလက်ချက်ဖြင့် ဇနီးသေဆုံး

**ရဲလင်းထက်**

**သာစည်၊ ဒီဇင်ဘာ-၂၆**

ဇနီးမောင်နှံနှစ်ဦးစကားများကြရာက ခင်ပွန်းဖြစ်သူ၏ လက်ချက်ဖြင့် ဇနီးသေဆုံးခဲ့ရသည့် ပြစ်မှုတစ်ခု သာစည်မြို့နယ်၊ ညောင်ရမ်းရဲစခန်းပိုင် အုတ်ကုန်းကျေးရွာအုပ်စု၊ နတ်မြောင်းကျေးရွာ၌ ယခုလ ၁၆ ရက် ည ၈ နာရီတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညောင်ရမ်းရဲစခန်းပိုင် အုတ်ကုန်းကျေးရွာအုပ်စု၊ နတ်မြောင်းကျေးရွာတွင် အဆိုပါနေ့ ည ၈ နာရီက မွတ်တား(ခ)အောင်ငွေ၊(၃၀ နှစ်)နှင့်ဇနီးဖြစ်သူမအုန်းရင်(၃၈ နှစ်)တို့သည် နေအိမ်အပေါ်ထပ်၌ လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍စကားပြောကြရာမှ အဆင်မပြေဖြစ်ကြသည်။တစ်ယောက်တစ်ခွန်းစကားများကြစဉ် ခင်ပွန်းဖြစ်သူ မွတ်တား(ခ)အောင်ငွေကဒေါသထွက်ပြီး ဇနီးဖြစ်သူမအုန်းရင်၏ လည်ပင်းကိုညှစ်ထားရာ မအုန်းရင်မှာ အသက်ရှူကျပ်ပြီး ပါးစပ်မှအမြှုပ်များထွက်၍ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခြင်းဖြစ်သည်။

မွတ်တား(ခ)အောင်ငွေမှာ ကျေးရွာလူကြီးများ၏အဖမ်းမခံဘဲထွက်ပြေးသွားသည်ဆိုသည်။ မအုန်းရင်သေဆုံးမှုနှင့်ပတ်သက်၍ အစ်မဖြစ်သူမအုန်းတင့်ကဒီဇင်ဘာ ၂၇ ရက်တွင်ညောင်ရမ်းရဲစခန်းသို့လာရောက်၍ အမှုဖွင့်တိုင်ကြားခဲ့ရာ အမှုဖွင့်သည့်နေ့ညနေ ၅နာရီတွင် တရားခံမွတ်တား(ခ)အောင်ငွေ(၃၀ နှစ်) ကို ရှမ်းပြည်နယ်အစပ် ရွာငံကျေးရွာအနီး ကူပြင်ကျေးရွာတောင်ခြေတွင် ဖမ်းဆီးရမိခဲ့သည်။

အမှုကို ညောင်ရမ်းရဲစခန်းက ပ-၃၉/၂၀၁၁ ပြစ်မှုဆိုင်ရာပုဒ်မ-၃၀၂ဖြင့် အမှုဖွင့်၍ တရားခံမွတ်တား(ခ)အောင်ငွေကို အရေးယူထားကြောင်း သိရသည်။

# နယ်ခြားတစ်ဖက်သို့ ခိုးထွက်ပြီး ပြန်လာသူများကို အရေးယူ

**ကြီးမြင့်နိုင်**

**လွိုင်ကော်၊ ဒီဇင်ဘာ-၂၆**

နယ်ခြားတစ်ဖက်သို့ ဥပဒေမဲ့ ခိုးထွက်သွားပြီး ပြန်လည်ဝင်ရောက်လာသည်ဆိုသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်နေ အမျိုးသားလေးဦးကိုလွိုင်ကော်ရဲစခန်းက ၂၀၁၁ဒီဇင်ဘာ ၂၁ ရက်တွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ဒီဇင်ဘာ ၂၀ရက် ညနေ ၃နာရီအချိန်က ဖားဆောင်းမြို့မှ လွိုင်ကော်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မှန်လုံယာဉ်အား လွိုင်ကော်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးခင်မောင်သန်းနှင့်အဖွဲ့က စစ်ဆေးရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဆီဆိုင်မြို့ နယ်၊ ဝမ်ပန်ကျေးရွာနေစိုင်းအုန်းမောင်(၂၀ နှစ်)၊ စိုင်းသိန်း(၂၂နှစ်)၊ စိုင်းဦး(၂၂နှစ်)နှင့် စိုင်းနောင်(၁၈ နှစ်)တို့လေးဦးသည် ထိုင်းနိုင်ငံသို့ ဥပဒေမဲ့ခိုးထွက်သွားပြီး ပြန်ဝင်လာသော မြန်မာနိုင်ငံသားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟုဆိုသည်။

၎င်းတို့သည်မြန်မာနိုင်ငံမယ်စဲ့မြို့နယ်မှတစ်ဆင့် ဥပဒေမဲ့ ခိုးထွက်ကာ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ထိုင်းနိုင်ငံမယ်ဟောင်ဆောင်မြို့မှတစ်ဆင့်မြန်မာနိုင်ငံ ဖားဆောင်းမြို့ သို့ပြန်လာခြင်းဖြစ်သည်။ထိုအမှုကိုလွိုင်ကော်ရဲစခန်းက(ပ)၁၆၂/၂၀၁၁၊လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရတရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိသည်။

# မောင်တောခရိုင်အတွင်း အမျိုးသား ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းတစ်ခု စတင်ဖွဲ့စည်း



**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၂၈**

မောင်တောခရိုင်အတွင်းရှိ အမျိုးသားပြည်သူများအသိဉာဏ်ပညာမြင့်မားပြီး ခေတ်မီနည်းပညာများတိုးတက်ရရှိကာ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများ အစဉ်တိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ကူညီဆောင်ရွက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ဥပဒေနှင့်အညီ တင်ပြဆောင်ရွက်သွားရေးစသည့် ရည်ရွယ်ချက်များဖြင့် မောင်တောခရိုင်အမျိုးသားကူညီစောင့်ရှောက်ရေး ဖောင်ဒေးရှင်းတစ်ခုကို ၂၀၁၁ ဒီဇင်ဘာ ၂၅ ရက်က စတင်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

အဆိုပါဖောင်ဒေးရှင်းတွင် အမှုဆောင် (၂၇)ဦး၊ ဗဟိုအလုပ်မှုဆောင်အဖွဲ့ လေးဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အလုပ်အမှုဆောင်အဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ လုပ်ငန်းနှင့် စာရင်းစစ်အဖွဲ့၊ ဥပဒေ အကြံပြုအဖွဲ့များ ပါဝင်ကြောင်း သိရသည်။ "ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ ကျင်းပတဲ့ အစည်းအဝေးမှာ အလုပ်အမှုဆောင်တွေကို မဲဆန္ဒကောက်ခံပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ မြို့မှာရှိတဲ့ အထင်ကရပုဂ္ဂိုလ်တွေပါဝင်ပါတယ်။ အရင်ဒီလိုအဖွဲ့အစည်းမျိုးမရှိသေးပါဘူး။ အခုမှ ပထမဆုံးဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။ သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းကိုတော့ အမှုဆောင် ၂၇ဦးလက်မှတ်ထိုးပြီး သက်ဆိုင်ရာကိုတင်လိုက်ပါပြီ"ဟု အမျိုးသားကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်း အမှုဆောင်တစ်ဦးက ပြောကြားသည်။

အမျိုးသားကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းကို အသင်းဝင်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်းဝင်ကြေးအဖြစ် ကျပ်တစ်ထောင်၊ နှစ်စဉ်ကြေးအဖြစ် တစ်နှစ်လျှင် ကျပ်တစ်ထောင်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အသင်းဝင်များ အနေဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာ သတ်မှတ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝတိုးတက်ရေးတို့အတွက် ထောက်ပံ့ကူညီမှုကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

# ရွှေဘို-ရန်ကုန် ခရီးစဉ်သစ် စတင်

**စိုင်းသာအောင်**

**မန္တလေး၊ ဒီဇင်ဘာ- ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အခြေစိုက်အောင်နိုင်မန်း ခရီးသည် ပို့ဆောင်ရေးမှ ရွှေဘို-ရန်ကုန် ခရီးစဉ်သစ်ကို ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းမှ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အောင်နိုင်မန်း ကားအသင်းမှာ ရွှေဘို-မန္တလေး ခရီးစဉ်ကို အဓိကထားပြေးဆွဲလျက်ရှိရာမှ ယခုအခါ မြို့လူထုနှင့် ရွှေဘိုနယ်သူနယ်သားများ၏ တောင်းဆိုမှုများကြောင့် ရွှေဘို - ရန်ကုန် ခရီးစဉ်ကို အဲကွန်းဘတ်စ်ကားများဖြင့်နေ့စဉ်ပုံမှန် ပြေးဆွဲခြင်းဖြစ်သည်။ ရွှေဘိုမှ နေ့စဉ် ညနေ ၄ နာရီခွဲတွင် ရန်ကုန်သို့ ထွက်ခွာ၍ ရန်ကုန်မှလည်း နေ့စဉ်ညနေ ၄ နာရီခွဲတွင် ရွှေဘိုသို့ထွက်ခွာမည်ဖြစ်သည်။ ရွှေဘို-ရန်ကုန် ခရီးအတွက်တစ်ဦးလျှင် ကားခ ၁၂,၅၀၀ ကျပ်သတ်မှတ်ထားပြီး အသွားအပြန်ဈေးနှုန်း တူညီကြောင်းနှင့် နောက်တစ်နေ့နံနက်တွင်ရောက်မည်ဖြစ်သည်။ အသင်းအနေဖြင့် မုံရွာ- ရန်ကုန်၊ ရေဦး-ရန်ကုန်၊ တန့်ဆည်-ရန်ကုန် ခရီးစဉ်များကိုလည်း မကြာမီတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်ဟု သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

## နယ်စပ်မှ သွင်းကုန်များ ဘင်္ဂလားဒေ့ရှ်မှ စစ်တွေသို့ တိုက်ရိုက်တင်သွင်းမှုများနေ

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၂၈**

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သွင်းကုန်များဖြစ်သည့် ဆံပင်၊ တီရှပ်အထည်များမှာ ယခုဘဏ္ဍာနှစ်အတွင်း မောင်တောနယ်စပ်စခန်းမှ တင်သွင်းမှုနည်းနေပြီး ဘင်္ဂလားဒေ့ရှ်မှ စစ်တွေသို့ တိုက်ရိုက်တင်သွင်းမှုများနေကြောင်း ကုန်သွယ်သူများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် တာကာငွေဈေးနှုန်းကျနေသည့်အတွက်သွင်းကုန်သမားများ တွက်ခြေကိုက်နေသော်လည်း အထက်မန္တလေးဈေးကွက်တွင် ဆံပင်ဈေးများ ကျနေကြောင်း ဆံပင်ကုန်သည်များက ပြောကြားသည်။ ထို့နောက်ရိုးမအရှေ့ဈေးကွက်ဘက်သို့တင်ပို့ရသည့် ဘင်္ဂလားဒေ့ရှ်သွင်းကုန်များမှာ စစ်တွေနယ်စပ်စခန်းမှ တိုက်ရိုက်တင်သွင်းမှုက ကုန်ကျစရိတ်ပိုမိုသက်သာကြောင်း သိရသည်။

အလားတူ ဘင်္ဂလားဒေ့ရှ် တီရှပ်ထည်များမှာလည်း မောင်တောနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အဝင်မရှိဘဲ စစ်တွေနယ်စပ်စခန်းသို့ တိုက်ရိုက်တင်သွင်းနေကြောင်း သိရသည်။ ဆောင်းတွင်းကာလတွင်ဘင်္ဂလားပင်လယ်အော်၌ လှိုင်းလေတည်ငြိမ်နေမှုကြောင့် ဘင်္ဂလားဒေ့ရှ်-စစ်တွေတိုက်ရိုက် သင်္ဘောများ သွားလာမှုအဆင်ပြေနေကြောင်း သိရသည်။

## ဖရဲနှင့်သခွားစိုက်ပျိုးသောတောင်သူများ စိုက်ပျိုးစရိတ် မြင့်တက်ရခြင်းမှာ အလုပ်သမားရှားပါးမှုကြောင့်ဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ဒီဇင်ဘာ-၂၇**

မုံရွာခရိုင်အတွင်း ဖရဲနှင့်သခွားစိုက်ပျိုးသောတောင်သူများစိုက်ပျိုးစရိတ်မြင့်တက်လာရခြင်းမှာ အလုပ်သမားရှားပါးမှုကြောင့်ဖြစ်ပြီး တရုတ်-မြန်မာ နယ်စပ်မူဆယ် ကုန်သွယ်ရေးဇုန်နှင့်တိုက်ရိုက်ချိတ်ဆက် ကုန်သွယ်သည့်ယာဉ်များဖြင့် နယ်စပ်သို့ပြောင်းရွှေ့လုပ်ကိုင်သူများပြားလာခြင်းကြောင့်ဖြစ်ကြောင်း မုံရွာခရိုင်ဖရဲသခွားစိုက်တောင်သူများပြောပြချက်အရသိရှိရသည်။

"ဖရဲနဲ့ သခွားစိုက်ပျိုးရေးလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးစရိတ် မြင့်တက်လာတာ လယ်ယာလုပ်သား ရှားပါးမှုကြောင့်ဖြစ်ပါတယ်။ ဖရဲနဲ့သခွားတွေစိုက်တဲ့ နယ်တွေမှာ နယ်စပ်သွားတဲ့ကားတွေက နေ့တိုင်းဆိုတော့နယ်စပ်သွား အလုပ်လုပ်သူတွေကတစ်နှစ်ထက်တစ်နှစ်ပိုများလာတယ်။ နယ်စပ်မှာက တောင်သူလုပ်ငန်းလိုမပင်ပန်းဘဲနဲ့ငွေပိုရတော့နယ်စပ်သွားသူပိုများတာပေါ့။

အမျိုးသားရော အမျိုးသမီးတွေပါနယ်စပ်မှာအလုပ်သွားလုပ်တော့တောင်သူလုပ်ငန်းမှာ လုပ်သားစရိတ်က တစ်နှစ်ထက်တစ်နှစ်တိုးပေးရတာပေါ့" ဟု မုံရွာခရိုင်၊ချောင်းဦးမြို့နယ်ငါးယုန်ကျေးရွာဒေသခံဖရဲစိုက်တောင်သူတစ်ဦးကပြောသည်။

"မြေပဲသိမ်းချိန်ဆိုတောင်သူလုပ်ငန်းကအချိန်လုလုပ်ကိုင်ရတာဆိုတော့ လုပ်သားကရှားပြီ။ ပြီးခဲ့တဲ့(၂၀၀၉)ခုနှစ်တုန်းကလုပ်သားတစ်ဦးကို တစ်နေကုန်ဆို အမျိုးသား(၂,၀၀၀)ကျပ်နှုန်း၊အမျိုးသမီး(၁,၅၀၀)နှုန်းပေးရတယ်။ အခုတစ်နေကုန်ခိုင်းမယ်ဆိုရင် အမျိုးသမီးတစ်ဦး(၂,၅၀၀)နှုန်း အမျိုးသားတစ်ဦး(၃,၀၀၀)နှုန်းပေးရတယ်။မနက်ပိုင်းသာလုပ်ရမယ်ဆိုရင် အမျိုးသမီးတစ်ဦး (၁,၅၀၀)နှုန်း၊အမျိုးသားတစ်ဦး (၂၀၀၀)နှုန်းပေးရတယ်။နယ်စပ်ကိုတစ်နှစ်ထက်တစ်နှစ်သွားလုပ်ကိုင်သူများလာသရွေ့ စိုက်ပျိုးစရိတ်တွေတစ်နှစ်ထက်တစ်နှစ်ပိုပေးရတော့မယ်" ဟု မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ငါးယုန်းကျေးရွာမြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ဖရဲနဲ့သခွားစိုက်တဲ့တောင်သူတွေကအရင်တုန်းကသီးနှံပွဲစားတွေက တစ်ဆင့်ရောင်းတာ။ အခုနောက်ပိုင်း တောင်သူတွေကိုယ်တိုင် မူဆယ်ဈေးကွက်သွားရောင်းတာပိုများတယ်။ တောင်သူတွေလည်း စီးပွားရေးအမြင်နဲ့ဈေးကွက် အမြင်တွေကျယ်လာသလို အလုပ်သမားတွေလည်း ဈေးကွက်အမြင်နဲ့ နယ်စပ်သွားလုပ်သူတွေ များလာတယ်။ ကောက်ပဲသီးနှံစိုက်သူတွေထက် ဖရဲ၊ သခွားစိုက်တောင်သူတွေက ဈေးပိုပေးခေါ်တာကစပြီး ကောက်ပဲသီးနှံလုပ်သားစရိတ်တွေလည်း အကုန်မြင့်တက်ကုန်ပြီ" ဟုချောင်းဦးမြို့နယ်ငါးယုန်ကျေးရွာ မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မုံရွာခရိုင်အတွင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများမှတစ်ဆင့် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံစသည့်နိုင်ငံများသို့သွားရောက်လုပ်ကိုင်သူများရှိပြီး မူဆယ်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့သောဖရဲနှင့်သခွားစိုက်ခင်းများ ကျယ်ပြန့်စွာလုပ်ကိုင်သည့်ဒေသများတွင် တရုတ်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများ ပိုမိုများပြားလာကြောင်း သိရှိရသည်။

၂၀၀၀ပြည့်နှစ်နောက်ပိုင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာသည့်နောက်ပိုင်း မုံရွာခရိုင်အတွင်းကျေးရွာအချို့တွင်လယ်ယာလုပ်သားရှားပါးမှုအခက်အခဲနှင့်ကြုံတွေ့ခဲ့ရကြောင်း မုံရွာခရိုင်အတွင်းရှိ ကောက်ပဲသီးနှံစိုက် တောင်သူများပြောပြချက်အရ သိရှိရသည်။

## မန်းကုန်စည်ဒိုင်တွင် ပို့ကုန်၊ သွင်းကုန်သင်တန်းဖွင့်မည်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၃၁**

မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန်းကုန်စည်ဒိုင်)တွင် အသင်းသူအသင်းသားများအား သွင်းကုန်၊ ထုတ်ကုန်(ပို့ကုန်)သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတ္တမအကြိမ်မြောက် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်အရစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ အဆိုပါသင်တန်းများကို ပို့ချပေးသွားမည်ဟု ကုန်စည်ဒိုင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်သည့်လုပ်ငန်းရှင်များပေါ်ပေါက်လာစေရေးအတွက်ရည်ရွယ်သည်ဟုဆိုသော အဆိုပါရက်တိုသင်တန်းများကို ဇန်နဝါရီလ ၁၀ ရက်မှ ၂၀ ရက် အတွင်း စီစဉ်ထားကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - စိုင်းသာအောင်

ဝန်ထမ်းအလိုရှိသည်
1. Air-Con ကျွမ်းကျင် ၃ ဦး
လုပ်ငန်းအတွေ့အကြုံ ၃ နှစ်နှင့်အထက် (Leader အဆင့်)
2. Air-Con ကျွမ်းကျင် ၅ ဦး
လုပ်ငန်းအတွေ့အကြုံ ၁ နှစ်နှင့်အထက်
၃။ ယာဉ်မောင်း(ကားလေး) ၁ ဦး
စိတ်ပါဝင်စားသူများသည် CV နှင့်တကွ ဇော်ဂျီပါလီပ်စာသို့ ၄. ၂. ၂၀၁၂ နောက်ဆုံးထား၍ လူကိုယ်တိုင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
တိုက်(၁)၊ အခန်း (၀၀၄)၊ လှိုင်သီရိအိမ်ရာ၊ လှိုင်မြို့နယ်။
ဖုန်း- ၀၉-၇၃၁၇၀၁၆၈၊ ၀၉-၅၀၆၉၀၄၀

ဝန်ထမ်းအလိုရှိသည်
(၁) အရောင်းမန်နေဂျာ (မ)-(၂)ဦး၊
ဘွဲ့ရ အင်္ဂလိပ်စာ-ကောင်းမွန်စွာ ရေး/ဖတ်/ပြောနိုင်ရမည်။ ရုပ်ရည်သင့်တင့်၍ သွက်လက်စွာပြောဆိုနိုင်ရမည်။
(၂) စာရင်းကိုင် (မ)-(၂)ဦး၊
ဘွဲ့ရ ကွန်ပျူတာကျွမ်းကျင်ရမည်။
(၃) Marketing Girls (မ)-(၃)ဦး၊
ဘွဲ့ရ/၁၀ တန်း၊ (၁)နှင့်(၂) အတွက် လူတွေ့ ၅၊ ၆-၁-၂၀၁၂ စစ်ဆေးမည်။
Royal Nawaratk Trading Room-801, 8- လွှာ၊
လမြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၃၇၀၈၃၄၊ ၀၉ ၅၁၂၆၉၆၈

## ရခိုင်ပြည်နယ်ရှိ ကျေးရွာ ၅၀၀ သို့ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေမည်

**မာန်ယုကျော်**

**စစ်တွေ၊ ဒီဇင်ဘာ-၂၆**

ဂျပန်နိုင်ငံအခြေစိုက် နီပွန်ဖောင်ဒေးရှင်း(Nippon Foundation)က ရခိုင်ပြည်နယ်ရှိကျေးရွာ(၅၀၀)သို့ အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဆိုပါဖောင်ဒေးရှင်းက ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၁)မြို့နယ်မှ ကျေးရွာ(၅၀၀)သို့ ယင်းဆေးသေတ္တာများကို ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်ရှိကျေးလက်နေပြည်သူများ၏ကျန်းမာရေးအပေါ် အထောက်အကူဖြစ်စေရန်နှင့် ရခိုင်ပြည်သူ/သားများသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖောင်ဒေးရှင်းအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီးတော့ ရခိုင်ပြည်နယ်အတွင်းမှာ အမှန်တကယ်လိုအပ်နေတဲ့ ကျေးရွာတွေဆီကို ဆေးသေတ္တာတွေဖြန့်ဝေပေးသွားမှာပါ။ နောက်ကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားဖို့အစီအစဉ်တွေရှိပါတယ်"ဟု နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌဖြစ်သူ Mr.Yohei Sasakawa က ပြောသည်။

ယခုဖြန့်ဝေပေးမည့် ဆေးသေတ္တာများတွင် ရုတ်တရက်ဖြစ်ပွားတတ်သည့် ထိခိုက်ရှနာသုံးပစ္စည်းကိရိယာများပါဝင်ပြီး အခြားဖြစ်လေ့ဖြစ်ထရှိသည့်ရောဂါများကို သက်သာပျောက်ကင်းစေသော ဆေးဝါးများပါဝင်ကြောင်း သိရသည်။ အဆိုပါ ဖောင်ဒေးရှင်းက ယခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၂၀၀၀ ကျော်ကို အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

## တရုတ်ဝယ်လက် လျော့ကျသွားသဖြင့် ဂမုန်းဈေး ငါးဆခန့် ပြုတ်ကျ

**မောင်သန်းဝင်း**

**ကျောက်တော်၊ ဒီဇင်ဘာ-၂၄**

ဂမုန်းဈေးကွက် စတင်ပေါ်ပေါက်လာသောအချိန်မှစ၍ တရုတ်ဈေးကွက်မှ အလုံးအရင်းဖြင့် ဝယ်ယူနေကြသော ဂမုန်းမှာ ယခုအချိန်တွင် ဝယ်လက်လျော့နည်းသွားသဖြင့် ဈေးနှုန်းငါးဆခန့်အထိ ကျဆင်းသွားကြောင်း သိရသည်။ ရခိုင်ဒေသ၌ ဂမုန်းစိုက်ပျိုးရေးလုပ်ငန်းကို လွန်ခဲ့သော ဆယ်စုနှစ်ဝန်းကျင်ခန့်မှစ၍ တောတောင်ကုလားတန်မြစ်ဖျားပိုင်း ကျောက်တော်၊ ပလက်ဝတောင်ပေါ်တွင် စိုက်ပျိုးကြကြောင်း သိရသည်။ ထို သို့ စိုက်ပျိုးဝယ်ယူမှုများကြောင့် ဂမုန်းဈေးမှာ ၂၀၀၃ ခုနှစ်တွင် အစိမ်းတစ်မောင်း ၂၅ ပိဿာလျှင် ၁၂,၀၀၀ ကျပ်ရှိခဲ့ရာမှ တစ်နှစ် ထက်တစ်နှစ်တက်လာရာ ၂၀၁၀ ပြည့်နှစ်တွင် ၅၅,၀၀၀ ကျပ်အထိ ဈေးဖြစ်ခဲ့ကြောင်း သိရသည်။

"အခုနှစ်မှာ တရုတ်ဈေးကွက်က အဝယ်သိသိသာသာကျဆင်းသွားလို့ ဈေးကဇောက်ထိုးပြုတ်ကျသွားတာပဲ။ မနှစ်ကဆို ဂမုန်းတစ်မောင်း ၂၅ပိဿာကို ၅၅,၀၀၀ ကျပ်အထိ ဈေးကောင်းခဲ့တာ၊ ဒီနှစ်တော့ ဖေဖော်ဝါရီလကစပြီး တရုတ်ဝယ်လက်ကျဆင်းသွားလို့ တစ်သောင်းကျပ်အောက်အထိ ကျဆင်းနေတယ်"ဟု ကျောက်တော်မြို့နယ်နေ ဂမုန်းကုန်သည်ပွဲစားဦးမောင်အေးက ပြောသည်။ ယင်းကဲ့သို့ ဂမုန်းဈေး မကြုံစဖူးကျဆင်းနေခြင်းနှင့်အတူ လှောင်လက်သမားများဆုံးရှုံးနစ်နာမှုများရှိလာကြောင်း သိရသည်။

# ကိုယ်ပိုင်သင်တန်းကျောင်းများကြောင့် ဆရာ၊ဆရာမများ အလုပ်အကိုင်အခွင့်အလမ်းပိုရမည်

နေလင်းထွန်း

**ရန်ကုန်၊ဒီဇင်ဘာ-၃၁**

၂၀၁၂ခုနှစ်တွင် တရားဝင်ကိုယ်ပိုင်ကျောင်းများတည်ထောင်ခွင့်ရရှိတော့မည်ဖြစ်သောကြောင့် ဆရာ၊ဆရာမများအတွက်အလုပ်အကိုင် အခွင့်အလမ်းများ မြင့်တက်လာဖွယ်ရှိကြောင်း ကိုယ်ပိုင်ကျောင်းတည်ထောင်ရန်ပြင်ဆင်နေကြသူများက ပြောသည်။

ကိုယ်ပိုင်ကျောင်းများဖွင့်လှစ်ခွင့်ရရှိလာပါက လက်ရှိဘော်ဒါကျောင်းတည်ထောင်ထားသူများက လုပ်ငန်းတိုးချဲ့ရန်ပြင်ဆင်နေသလို အခြားပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကလည်း ကိုယ်ပိုင်ကျောင်းတည်ထောင်ရန် ပြင်ဆင်မှုများ ရှိနေသည်။ ယင်းသို့ ကိုယ်ပိုင်ကျောင်းများတည်ထောင်ဖွင့်လှစ်လိုသောလုပ်ငန်းရှင်များ တိုးမြင့်လာမှုကြောင့် စာသင်ကြားပြသရသော ဆရာ၊ဆရာမအလုပ်လုပ်ကိုင်လိုသူများအတွက်အခွင့်အလမ်းကောင်းမွန်လာလျက်ရှိသည်။

"လက်ရှိကျောင်းသားနဲ့ဆရာအင်အားက လုံလောက်ပါတယ်။ ဒါပေမဲ့ ကျောင်းတိုးချဲ့မယ်ဆိုတော့ဆရာ၊ဆရာမတွေထပ်လိုပါတယ်။အရင်တုန်းကလည်းတရားဝင် ကျောင်းဖွင့်ခွင့်ပေးမယ်ဆိုတုန်းကလည်း ဆရာတွေခေါ်ခဲ့ပါတယ်။ တကယ်မရတော့ သိပ်အဆင်မပြေခဲ့ဘူး။ အခုတော့ တကယ်လုပ်ခွင့်ရတော့မယ်ဆိုတော့ ဆရာတွေ ထပ်ခေါ်မှာပါ" ဟု ဘော်ဒါကျောင်း တည်ထောင်ထားသူတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေထွက်ရှိလာခြင်းကြောင့်မြို့ကြီးများတွင် ကျောင်းထောင်ရန်ပြင်ဆင်သူများ ရှိနေသလို နယ်မြို့များတွင်လည်း ကျောင်းတည်ထောင်ရည်ရွယ်ထားသူများရှိနေသည်။ ရန်ကုန်၊မန္တလေးနှင့်ပြင်ဦးလွင်မြို့တို့တွင်နာမည်ကြီးဘော်ဒါကျောင်းများတည်ရှိနေ၍ ဆရာ၊ဆရာမများအတွက် အလုပ်အကိုင် အခွင့်အလမ်းများပေါများလာနိုင်သလိုနယ်မြို့များတွင်လည်း ဆရာ၊ ဆရာမ လိုအပ်ချက်ရှိနေကြောင်း မြိတ်မြို့တွင် ကိုယ်ပိုင်ကျောင်းတည်ထောင်ခွင့် ရရန်ကြိုးပမ်းနေသူကပြောသည်။

"မြို့ကြီးတွေက တော်သေးတယ်။ ကျွန်တော်တို့ နယ်တွေမှာက ဆရာကောင်းရှားတယ်။ တော်ရင် တော်သလောက်လစာငွေပေးသွားမှာပါ။ကျွန်တော်တို့က စာသင်တဲ့ဆရာ လိုချင်တာမဟုတ်ပါဘူး၊ ပညာသင်ပေးမယ့်ဆရာလိုနေတာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေအရ ပြည်တွင်း (သို့မဟုတ်)ပြည်ပတက္ကသိုလ်တစ်ခုမှပါရဂူဘွဲ့(သို့မဟုတ်)ပညာရေးဘွဲ့ရရှိထားခြင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီး ဆရာ အတတ်ပညာဆိုင်ရာဒီပလိုမာ(သို့မဟုတ်)လက်မှတ်ရရှိထားသူ၊ပြည်တွင်း(သို့မဟုတ်) ပြည်ပတက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သောဆရာအတတ်ပညာရက်တိုသင်တန်းဆင်း လက်မှတ်ရှိထားသူ၊အထက်ပါအချက်များနှင့် မကိုက်ညီသော်လည်းပြည်တွင်း (သို့မဟုတ်)ပြည်ပတက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားပြီး တက္ကသိုလ်၊ ကောလိပ် (သို့မဟုတ်) အခြေခံပညာကျောင်းတွင်ဆရာအဖြစ်ဖြစ်စေ၊နိုင်ငံတော်မှ ခွင့်ပြုထားသည့်ဘာသာပြဆရာအဖြစ် ဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှု အတွေ့အကြုံ အနည်းဆုံးငါးနှစ် ရှိသူတို့သည်ကိုယ်ပိုင်ကျောင်းဆရာအဖြစ်လျှောက်ထားခွင့်ရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။



Free Classified

## ဝန်ထမ်းအလိုရှိသည်

အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး စက်ချုပ်ကျွမ်းကျင်နှင့် လက်ချုပ်ကျွမ်းကျင်။
Made Moiselle Fashion
(၇၃)၊မြေညီ၊ရော့ဝတီလမ်း၊အလုံမြို့နယ်။ **ဖုန်း-၂၁၁၃၈၉**

--------------------------

ဂျပန်ဘာသာစကားပြန်အလိုရှိသည်။ (အမျိုးသမီးသီးသန့်) On Job Training ရှိသည်။
KK Interpretation & Translation Service
**ဖုန်း-၀၉-၇၃၁၆၄၅၇၄**

--------------------------

Model နှင့် Dancer ဝါသနာပါသောလူငယ်များ အလိုရှိသည်။
GLAXY MODELLING & DANCING Entertainment
**ဖုန်း-၀၉-၂၂၂၈၃၈၀၊**
**၀၉-၅၄၁၇၆၅၈**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Hashi One Unit ပုံနှိပ်စက်ကိုင် - ကျား ၃ ဦး၊ Marketing - မ ၅ ဦး၊ Graphic Designer - ကျား/မ ၂ ဦး
**ဖုန်း-၂၀၀၅၇၅၊**
**၀၉-၇၃၀၃၂၉၇၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Furniture Sale & Marketing - မ ၇ ဦး၊ ၂။ လိုက်ကာ Sale & Marketing - မ ၅ ဦး၊ ၃။ အထွေထွေဝန်ထမ်း - ကျား ၃ ဦး၊ ၄။ ယာဉ်မောင်း(ကားကြီးမောင်းရန်) - ကျား ၂ဦး၊ ၅။ Store Keeper - မ ၃ ဦး။
**Vanda Curtain Shop**
**ဖုန်း-၀၁-၆၆၄၆၇၅**

--------------------------

**အမြန်အလိုရှိသည်**
စာရင်းကိုင်/Cashier - မ ၄ ဦး (ကွန်ပျူတာအခြေခံကျွမ်းကျင်၊ အဆောင်နေနိုင်သူများသာ)
**ဖုန်း-၀၉-၇၃၂၀၀၄၈၂**

--------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
ညှပ်၊ကောက်၊ဖြောင့် - မ ၂ဦး
ဆံထုံး၊မိတ်ကပ် - မ ၁ ဦး
**ဖုန်း-၀၉-၄၉၅၇၇၈၂၃**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
အိမ်ခြံမြေကျွမ်းကျင် မန်နေဂျာ - ၂ ဦး၊ Marketing ကျွမ်းကျင် - ၅ ဦး၊ စိတ်ပါဝင်စားသူ - ၅ ဦး
**ဖုန်း-၀၉-၅၀၃၄၆၇၇**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
Accounts Assistant - မ ၁ ဦး
ရဲရင့်ကုမ္ပဏီလီမိတက်
**ဖုန်း-၀၆၇-၄၃၂၃၉၇**

--------------------------

**အလိုရှိသည်**
Sales and Marketing Supervisor - မ ၁ ဦး။
**ဖုန်း-၅၅၂၇၀၉**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing (၁၀ တန်း) - ကျား/မ ၅ ဦး၊ ၂။ Office Staff (ဘွဲ့ရ) - မ ၃ ဦး၊ ၃။ Driver - ကျား ၃ ဦး၊ ၄။ အရောင်းဝန်ထမ်း (နေ/စား-ငြိမ်း) - ကျား/မ ၅ ဦး၊ ၅။ Computer Operator - ကျား/မ ၅ ဦး၊ ၆။ Site Engineer - ကျား ၅ ဦး၊ Sale Promoter - ကျား/မ ၅ ဦး
**ဖုန်း-၂၄၃၈၁၉၊**
**၀၉-၇၃၀၂၇၆၃၅**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Cashier - မ ၂ ဦး၊ ၂။ Head Waiter - ကျား ၁ ဦး၊ ၃။ အကြော်ဆရာ(ကျွမ်းကျင်) - ကျား ၁ ဦး၊ ၄။ အကင်ဆရာ - ကျား ၁ ဦး၊ ၅။ ခေါက်ကိုင် - ကျား ၁ ဦး၊ ၆။ Waiter - ကျား ၅ ဦး၊ ၇။ Waitress - မ ၃ ဦး၊ ၈။ စည်ဘားကိုင် - မ ၁ ဦး
**ဆိပ်ကမ်းစားသောက်ဆိုင်**
**ဖုန်း-၀၉-၅၀၉၃၈၇၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Air-con (ကျွမ်းကျင်) - ၃ ဦး (အတွေ့အကြုံ ၃ နှစ်)
၂။ Air-con (ကျွမ်းကျင်) - ၅ ဦး (အတွေ့အကြုံ ၁ နှစ်)
၃။ ယာဉ်မောင်း(ကားလေး) - ၁ ဦး
**ဖုန်း-၀၉-၇၃၁၇၀၁၆၈၊**
**၀၉-၅၀၆၉၀၄၀**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းမန်နေဂျာ - မ ၁ ဦး (ဘွဲ့ရ၊ဖက်ရှင်ဆိုင်အတွေ့အကြုံရှိသူဖြစ်ရမည်)
**ဖုန်း-၂၀၅၄၂၁**

--------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
Tourism လုပ်ငန်းအတွေ့အကြုံရှိပြီး အင်္ဂလိပ်စာကျွမ်းကျင်သူ။
**ဖုန်း-၀၉-၈၆၂၂၀၉၉**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Japanese Language Instructor - ကျား/မ ၂ ဦး၊ ၂။ စားသောက်ကုန်လုပ်ငန်း - ကျား ၂ ဦး၊ ၃။ ဆောက်လုပ်ရေးလုပ်ငန်း - ကျား ၃ ဦး။
Better Life Education & Career Supporting Centre
**ဖုန်း-၃၈၂၅၂၉၊**
**၀၉-၅၁၁၈၈၁၂**

--------------------------

**အမြန်အလိုရှိသည်**
မော်တာစက်ချုပ်(ကျွမ်းကျင်) - မ ၂၀ ဦး။ (လစာကောင်းပေးမည်၊ အဆောင်ပေးမည်)
အင်းလျားရိပ်သာအထည်ချုပ်စက်ရုံ။
**ဖုန်း-၆၆၃၆၀၇**

--------------------------

Driver (၂)ဦး၊ ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းရမည်။
**ဖုန်း-၀၁ ၅၅၉၁၈၅၊**
**၀၉ ၄၃၀၆၈၁၁၁**

--------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


SUNLIFE®
A brand that works !
ဆန်းလိုက်ဖ
အေ-ဇက် + လူတိန်း အားဆေး
ဗီတာမင်၊သတ္တုဓာတ်နှင့် Trace Elements (၂၇)မျိုးပါဝင်သောကြောင့်
ခွန်အားကို အကောင်းဆုံးပြန်လည်ဖြည့်တင်းပေးနိုင်ပါသည်။
Lutein ဓာတ်သည် အမြင်အာရုံတိုးတက်ကောင်းမွန်စေခြင်း၊ မျက်စိရောဂါများမှ ကာကွယ်ပေးခြင်း
အသားအရေစိုပြေစေရန် ထိန်းညှိပေးခြင်း တို့အပြင် နှလုံးရောဂါ အန္တရာယ်မှ ကာကွယ်ပေးပါသည်။
A-Z Vitamine Lutein
Authorized Distributor:
Thet Paing Soe Co., Ltd.
(01) 660923, (02) 61659
Product of Germany
27 Vitamins, Minerals & Trace Elements


SWEETY HOME®
Better Living, simple Life...
Dinning Table & Chair
Imported from Thailand
01-535694,205224. 02-65938,60810,66373,34021.

Education
7Day News Journal
Vol.10, No.42 • JANUARY 5, 2012

# နဝမတန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ တကသိုလ်ဝင်တန်း ပညာသင်ဆု လျှောက်ထားနိုင်

နေလင်းထွန်း

ရန်ကုန်၊ဒီဇင်ဘာ- ၃၀



အခြေခံပညာ နဝမတန်းဖြေဆိုမည့်ကျောင်းသား၊ကျောင်းသူများအနေဖြင့်တက္ကသိုလ်ဝင်တန်းပညာသင်ဆုအတွက် ဖေဖော်ဝါရီလ ၉ရက်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း EC ပညာ့ရိပ်သာမှသိရသည်။

ပညာထူးချွန်သောကျောင်းသားများအား နှစ်စဉ်ရွေးချယ်ပေးအပ်နေသောပညာသင်ဆုအစီအစဉ်အတွက် ယခုနှစ်တွင်ကျောင်းသား ၁၄ဦးကိုရွေးချယ်သွားမည်ဖြစ်ကြောင်း ကျောင်းတည်ထောင်ထားသူ ဒေါက်တာစောလှဖြူကဆိုသည်။

ပညာသင်ဆုလျှောက်ထားလိုသောကျောင်းသားများအနေနှင့် အမည်၊အဖအမည်၊ ကျောင်းနှင့် တန်းခွဲ၊ ဆက်သွယ်ရန်လိပ်စာ၊ ရရှိခဲ့ဖူးသောထူးချွန်ဆုများကိုဖော်ပြ၍ ၆(က)၊နတ်မောက်လမ်း၊ရန်ကုန်မြို့ရှိ EC ပညာ့ရိပ်သာသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

ပညာသင်ဆုအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပြီး နယ်မှလျှောက်ထားမည့် ကျောင်းသားများအတွက် နီးစပ်ရာ ခရိုင်နှင့် ပြည်နယ်၊တိုင်းဒေသကြီးမြို့များတွင် စာမေးပွဲများကျင်းပမည်ဖြစ်သည်။ပထမအဆင့်အနေဖြင့်ရွေးချယ်ခံရသူများအားတစ်နှစ်တာသင်ကြားရေး၊နေထိုင်ရေး၊စားသောက်ရေး၊ ကျန်းမာရေးစရိတ်များကင်းလွတ် ခွင့်ရရှိမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ရွေးချယ်ခံရသူများအား သင်ကြားစရိတ်များကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။



# ပညာသင်ဆုဆိုင်ရာ သိကောင်းစရာများ

နေလင်းထွန်း

မြန်မာကျောင်းသားများအတွက် ပြည်ပနိုင်ငံများတွင် အဆင့်မြင့်ပညာများလေ့လာသင်ယူနိုင်ရန် ပညာသင်ဆု အခွင့်အလမ်းများစွာ ရှိနေသည်။ ပညာသင်ဆုလက်ခံရရှိမှုသည် ဘဝအပြောင်းအလဲတစ်ခုဖြစ်နေသောကြောင့် ကျောင်းသားများအနေဖြင့် တိကျသေချာသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အရေးကြီးသည်။ နိုင်ငံရပ်ခြား တက္ကသိုလ်၊ ကောလိပ်များတွင် ပညာရည်ချွန်ဆုများဖြင့် သွားရောက်ပညာသင်ယူနိုင်ရန်ကြိုးပမ်းရာ၌ ကြိုတင်ပြင်ဆင်နားလည်ထားသင့်သော A မှ Z အထိ အချက် ၂၆ ချက်ကို ပညာသင်ဆုအခွင့်အလမ်းဆိုင်ရာ လမ်းညွှန်မှုပေးနေသော BRIGHTSPARKS မဂ္ဂဇင်းမှဘာသာပြန်ဆိုပြန်လည်ဖော်ပြလိုက်သည်။

**Application Process (ပညာသင်ဆုလျှောက်ထားမှု)**

ပညာသင်ဆုလျှောက်ထားရာတွင် မိမိရေးသားဖြည့်သွင်းသော အချက်အလက်များသည် ရိုးသားမှုနှင့် မှန်ကန်မှု ရှိရမည်ဖြစ်သည်။ သဒ္ဒါအမှားအယွင်း၊ စာလုံးပေါင်းအမှားအယွင်းမရှိစေရန် မိမိလျှောက်လွှာကို အကြိမ်ကြိမ်စစ်ဆေးပါ။ လိုအပ်ပါက ကျွမ်းကျင်သူအချို့အား စာလုံးပေါင်းစစ်ဆေးရန် အကူအညီတောင်းခံပါ။ ပညာသင်ဆု လျှောက်လွှာများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုက်ရိုက်ပေးပို့လျှောက်ထားနိုင်ပြီး အခြားကျွမ်းကျင်အဖွဲ့အစည်းများမှတစ်ဆင့်လည်း ပေးပို့လျှောက်ထားနိုင်သည်။

**Bond(သဘောတူညီချက်)**

ပညာသင်ဆုလျှောက်ထားရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ရမည့်အကြောင်းအရာများကို အလေးထားကြည့်ရှုရမည်ဖြစ်သည်။ ပညာသင်ဆုပေးအပ်မည့် အဖွဲ့အစည်း၏ သဘောတူညီမှုလိုအပ်ချက်များကို အသေအချာလိုက်နာဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ယင်းသဘောတူညီချက်များအား ချိုးဖောက်ပါက မိမိဘာသာပညာသင်ယူမည့်ကုန်ကျစရိတ်ထက် ပိုမိုကုန်ကျလိမ့်မည်ဖြစ်သည်။

**Crème De La Crème (ထူးချွန်ထက်မြက်မှု)**

ပညာသင်ဆုထောက်ပံ့ပေးသော အဖွဲ့အစည်းအများစုအနေဖြင့် ကျောင်းသား၏ အကယ်ဒမစ်ထူးချွန်မှုတစ်ခုတည်းသာ ကြည့်ရှုဆုံးဖြတ်ခြင်းမဟုတ်သော်လည်း လူတွေ့အင်တာဗျူးအဆင့်ကိုရောက်ရှိရန် အခြားသူများထက် ကိုယ်က ခေါင်းတစ်လုံး ပိုသာနေရမည်ဖြစ်သည်။ အခြေခံအားဖြင့် ပညာသင်ဆုရွေးချယ်ပေးအပ်ရာတွင် လူမှုပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှု၊ ခေါင်းဆောင်မှုစွမ်းရည်နှင့် အခြားစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသူများကို ချီးမြှင့်ခြင်းဖြစ်သည်။

**Decision (ဆုံးဖြတ်ချက်)**

မိမိဘဝအနာဂတ်အတွက် သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်တစ်ခုကို ပညာသင်ဆုလျှောက်ထားချိန်တွင် ချမှတ်ရတော့မည်ဖြစ်သည်။ ပညာသင်ဆုအစီအစဉ်တစ်ခုကို ရွေးချယ်ရန် ဆုံးဖြတ်ချက်ချမည်ဆိုပါက မိမိစိတ်ဝင်စားသော နယ်ပယ်၊ မိမိလေ့လာသင်ယူမည့်ဘာသာရပ်အတွက် လိုအပ်ချက်၊ တက္ကသိုလ်ရွေးချယ်မှုများကို ဆုံးဖြတ်ရွေးချယ်ရန် လိုအပ်မည်ဖြစ်သည်။ မိမိဘဝတက်လမ်းခိုင်မာစေရန်အတွက် ဆုံးဖြတ်ချက်တိုင်းကို ဉာဏ်ကြီးစွာဖြင့် ချမှတ်ရွေးချယ်ရမည်ဖြစ်သည်။

**Engineering or ---? (အင်ဂျင်နီယာ၊ဒါမှမဟုတ်---)**

ပညာသင်ဆုပံ့ပိုးပေးသော အချို့အဖွဲ့အစည်းများသည် ပညာသင်ဆုပေးအပ်မည့်ဘာသာရပ်များကို သီးခြားဆုံးဖြတ်ပြီးဖြစ်သည်။ ထို့ကြောင့် မိမိလျှောက်ထားသောပညာသင်ဆုသည် မိမိသင်ယူလိုသောဘာသာရပ်ကို ရွေးချယ်ပေးအပ်ခြင်း ရှိမရှိ သေချာအောင်လေ့လာထားရမည်။

**Further Studies (ပညာဆက်လက်သင်ယူခွင့်)**

အချို့ပညာသင်ဆုအစီအစဉ်များသည် မဟာဘွဲ့သင်တန်းဆက်လက်တက်ရောက်လိုပါက ပညာသင်ဆုဆက်လက်ထောက်ပံ့ပေးအပ်လေ့ရှိသဖြင့် မိမိရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်သော ပညာသင်ဆုအစီအစဉ်ကိုသေချာစွာရွေးချယ်ရမည်။

**Government or Private? (အစိုးရလား၊ပုဂ္ဂလိကလား)**

ပညာသင်ဆုလျှောက်ထားရာတွင် မေးမြန်းရမည့် အခြေခံအချက်တစ်ခုဖြစ်သည်။မိမိစိတ်ဝင်စားမှု၊ အားသာမှု၊ ကျွမ်းကျင်မှုများနှင့် အကိုက်ညီဆုံးဖြစ်ရန် လိုအပ်မည်ဖြစ်သည်။

**Helicopter View (ရေရှည်အမြော်အမြင်)**

ဘဝအနာဂတ်အတွက် အမြော်အမြင်ကြီးစွာရှုမြင်ပါ။ပညာသင်ဆုသည် မိမိရည်မှန်းချက်ကို အနီးကပ်ဆုံး ရောက်ရှိရန် စိတ်အားထက်သန်မှုများရှိနေအောင် သတိအမြဲရှိနေပါစေ။

**Interview Process (လူတွေ့အင်တာဗျူးခြင်း)**

ပုံမှန်အားဖြင့် အဖွဲ့အစည်းများသည် ပညာသင်ဆုလျှောက်ထားသူများကို အင်တာဗျူးများပြုလုပ်၍ လူစစ်ထုတ်လေ့ရှိကြသည်။ စိတ်နေသဘောထားစစ်ဆေးချက်၊ စိတ်ပိုင်းဆိုင်ရာတိုင်း တာချက်၊

စာ(၂၂)သို့

ပညာရေးသတင်းတိုများ

## Chevening ပညာသင်ဆု မဟာဘွဲ့သင်တန်းလျှောက်ထားနိုင်

ရန်ကုန်၊ဒီဇင်ဘာ- ၂၉

ဗြိတိန်အစိုးရက ပေးအပ်နေသော Chevening ပညာသင်ဆုအတွက်မဟာဘွဲ့သင်တန်းတစ်နှစ်တက်ရောက်နိုင်ရန်မြန်မာကျောင်းသားများ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်းသိရသည်။ ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဖေဖော်ဝါရီ၁၄ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်ကို https://www. chevening.fco.gov.uk/cheveningapplications တွင် ဝင်ရောက်လေ့လာလျှောက်ထားနိုင်သည်။

## ဗြိတိန်တွင် ဘွဲ့လွန်ပညာသင်ယူလိုသူများအတွက် ဟောပြောပွဲ

ရန်ကုန်၊ဒီဇင်ဘာ- ၂၉

ဗြိတိန်နိုင်ငံတွင် ဘွဲ့လွန်ပညာသင်ယူလိုသောကျောင်းသားများအတွက် ပညာရေးဟောပြောပွဲအား ဇန်နဝါရီလ ၂၃ ရက် နံနက် ၁၀ နာရီမှ နေ့လယ် ၁၂ နာရီထိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဘွဲ့လွန်သင်တန်းတက်ရောက်ရာတွင်ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ရှင်းလင်းဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားလေ့လာလိုသောကျောင်းသားများတက်ရောက်နိုင်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သတင်းထုတ်ပြန်ထားသည်။

## မွေးမြူရေးနှင့် ဆေးကုသရေးပညာရပ်များအတွက် ပညာသင်ဆုပေးရန် စီစဉ်

ရန်ကုန်၊ဒီဇင်ဘာ-၃၀

ပညာထူးခွန်သောကျောင်းသားများအတွက် ပြည်တွင်း၊ပြည်ပ ပညာသင်ဆုများပေးအပ်သွားမည်ဖြစ်ပြီး မွေးမြူရေးနှင့်ဆေးကုသရေးပညာရပ်များကို စိတ်ဝင်စားသင်ယူလိုသော်လည်းပညာဆည်းပူးရန် အခက်အခဲရှိသော ကျောင်းသားများအား အထောက်အပံ့ပေးနိုင်မည့် ပညာရေးဖောင်ဒေးရှင်းတည်ထောင်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များကို စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ဒီဇင်ဘာ၂၀ ရက်တွင်ကျင်းပသော မောင်မယ်သစ်လွင်ကြိုဆိုပွဲ၌ပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

## စာ – ၂၁၊ ပညာသင်ဆုဆိုင်ရာ သိကောင်းစရာများမှ

အုပ်စုဖွဲ့ ဆွေးနွေးမှုကို ခေါင်း ဆောင်နိုင်မှုစသည့် မိမိစွမ်းရည် နှင့် အလား အလာကို ပြသနိုင်မည့် စမ်းသပ်ချက်တွေအတွက် ပြင်ဆင်ထားရမည်။

**Job Security (အလုပ်အကိုင်ခိုင်မာမှု)**

ပညာသင်ဆုရရှိခြင်းသည် အလုပ်အကိုင်ရရှိရန်အတွက် အာမခံချက် တစ်ခုဖြစ်သည်။ စီးပွားရေး မတည်မငြိမ်ဖြစ်နေသည့်ကာလမှာပင် ဘွဲ့ ရရှိပြီးပါက အလုပ်အကိုင်တစ်ခုအတွက် သေချာနေသည်။

**Know Yourself (ကိုယ့်အကြောင်း ကိုယ်သိမှု)**

မိမိကိုယ်ကို ဆင်ခြင်သတိပြုနိုင်ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အခြေအနေကောင်းတစ်ခု ဖြစ်ပေါ်စေသည်။ မိမိအား သာချက်၊ အားနည်းချက်နှင့် မိမိကိုယ်ကို ဘယ်လိုတိုးတက်မြင့်မားအောင် နေထိုင်ရမည်ဆိုသည်ကို သိနားလည်နေခြင်းသည် ဘဝတစ်လျှောက်လုံး ကို တည်ငြိမ်ခိုင်မာစေလိမ့်မည်။

**Local or Overseas (ပြည်တွင်းလား၊ပြည်ပလား)**

ပညာသင်ဆုအများစုသည် နိုင်ငံရပ်ခြားတွင် ပညာသင်ယူနိုင်ရန် ထောက်ပံ့ပေးကြသည်။ ပြည်ပနိုင်ငံများတွင် ပညာသင်ယူခြင်းသည် ကိုယ့်ကိုယ်ကိုယ်အားကိုးစိတ်နှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများ ရရှိလာမည်ဖြစ်ပြီး ပြည်တွင်းဆိုပါက သူငယ်ချင်းနှင့် မိသားစုများကို ခွဲခွာရမည်မဟုတ်ပေ။ အချို့တက္ကသိုလ်များသည် ကျောင်းသားလဲလှယ်မှု အစီအစဉ်များရှိနေခြင်းကြောင့် နိုင်ငံရပ်ခြားအတွေ့အကြုံ ပိုမိုရရှိနိုင်သည်။

**Money Matter (ငွေရေးကြေးရေး)**

မိမိကို ထောက်ပံ့နေသောအဖွဲ့အစည်းများအတွက် အကျိုးရှိသောအသုံးပြုမှုဖြစ်စေရန် ပညာသင်ထောက်ပံ့ကြေးများကို စနစ်တကျသုံးစွဲရမည်။ အစားအသောက်၊ အနေအထိုင်၊ အသွား အလာနှင့် အခြားအသုံးစရိတ်များကို စိစစ်သုံးစွဲရမည်။ သို့မှသာ ရေရှည်အသုံးစရိတ်လို အပ်ချက်ကို ကာမိစေမည်ဖြစ်သည်။

(ရှေ့တစ်ပတ်ဆက်ရန်)

# အမေရိကန် ပညာရေးအခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲ ၁၂ ပွဲကျင်းပမည်


**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၉**

အမေရိကန်နိုင်ငံတွင် ပညာသင်ယူလိုသော ကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲ ၁၂ ခုအား ဇန်နဝါရီလမှ ဧပြီလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့များ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်စင်တာမှထုတ်ပြန်ကြေညာထားသည်။

အမေရိကန်တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ယူခြင်းနှင့် ပတ်သက်သော ဆွေးနွေးပွဲများအား မန္တလေးမြို့ရှိဂျက်ဖာဆင်စင်တာနှင့် ရန်ကုန်မြို့ရှိ အမေရိကန်စင်တာတို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပညာသင်ဆုဆိုင်ရာ ဆွေးနွေးပွဲများလည်းပါဝင်ကြောင်းသိရသည်။

| နေ့ရက်၊ အချိန် | ဟောပြောမည့် အကြောင်းအရာ | နေရာ |
|---|---|---|
| ဇန်နဝါရီ ၁၀ ရက်<br>ညနေ ၄ နာရီခွဲမှ ၆ နာရီ | Community College Overview | အမေရိကန်စင်တာ |
| ဇန်နဝါရီ ၂၄ ရက်<br>နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီ | Overview of US Higher Education | ဂျက်ဖာဆင်စင်တာ |
| ဇန်နဝါရီ ၂၄ ရက်<br>ညနေ ၃ နာရီမှ ၄ နာရီခွဲ | Community College Overview | ဂျက်ဖာဆင်စင်တာ |
| ဖေဖော်ဝါရီ ၁၄ ရက်<br>ညနေ ၄ နာရီမှ ၆ နာရီ | Financing Your Studies | အမေရိကန်စင်တာ |
| ဖေဖော်ဝါရီ ၂၂ ရက်<br>ညနေ ၄ နာရီခွဲမှ ၆ နာရီ | Scholarship Programs for Undergraduate Students | အမေရိကန်စင်တာ |
| မတ် ၁၃ ရက်<br>ညနေ ၄ နာရီခွဲမှ ၆ နာရီ | Graduate Studies in the US | အမေရိကန်စင်တာ |
| မတ်လ ၂၈ ရက်<br>ညနေ ၄ နာရီခွဲမှ ၆ နာရီ | Online Scholarship Programs for English Language Teachers | အမေရိကန်စင်တာ |
| မတ် ၂၉ ရက်<br>ညနေ ၅ နာရီမှ ၆ နာရီခွဲ | Informational Session Hubert H.Humphrey Fellowship Program | အမေရိကန်စင်တာ |
| မတ် ၃၀ ရက်<br>ညနေ ၅ နာရီမှ ၆ နာရီခွဲ | Informational Session Fulbright Foreign Student Scholarship Program | အမေရိကန်စင်တာ |
| ဧပြီ ၁၀ ရက်<br>ညနေ ၄ နာရီခွဲမှ ၆ နာရီ | Overview of US Higher Education | အမေရိကန်စင်တာ |
| ဧပြီ ၂၆ ရက်<br>ညနေ ၅ နာရီမှ ၆ နာရီခွဲ | Informational Session Hubert H.Humphrey Fellowship Program | အမေရိကန်စင်တာ |
| ဧပြီ ၂၇ ရက်<br>ညနေ ၅ နာရီမှ ၆ နာရီခွဲ | Informational Session Fulbright Foreign Student Scholarship Program | အမေရိကန်စင်တာ |






# Technology

7Day News Journal

Vol.10, No.42 · JANUARY 5, 2012


## ရန်ကုန်တွင် ဖိုက်ဘာအင်တာနက် ဝန်ဆောင်မှု စတင်တော့မည်ဟုဆို

ယုဇနကိုကို

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

မြန်နှုန်းမြင့် ဖိုက်ဘာအင်တာနက်စနစ်ဝန်ဆောင်မှုကို ရန်ကုန်မြို့တွင်းမြို့နယ်အချို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ၂၀၁၂ နှစ်ဆန်းပိုင်း၌ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့၏ အဓိကအချက်အချာကျသည့် နေရာများတွင် စတင်ချထားပေးမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

Fiber to the Home (FttH) ကို ရန်ကုန်မြို့၏ကိုယ်စားလှယ်အဖြစ်ရောင်းချပေးမည့် ပုဂ္ဂလိကကုမ္ပဏီနှစ်ခုမှာ ဖော်ကျွန်း အင်တာနေရှင်နယ်ကုမ္ပဏီနှင့် E-Lite Tech Co.,Ltd တို့ဖြစ်သည်။ ကုမ္ပဏီနှစ်ခုမှာ ရန်ကုန်မြို့၏ ဖိုက်ဘာအင်တာနက်ဝန်ဆောင်မှုပေးမည့်နေရာဒေသများအား နှစ်ပိုင်းစီတာဝန်ယူထားကြောင်း သိရသည်။

ကနဦးတပ်ဆင်ခ ကျပ်ခုနစ်သိန်းငါးသောင်းဖြင့် စတင်ရောင်းချပေးမည်ဟုဆိုသည်။ FttH ဝန်ဆောင်မှုကို မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မန္တလေးမြို့တို့တွင် အသုံးပြုနေပြီဖြစ်ပြီး ယခုအချိန်ထိ ဖိုက်ဘာအင်တာနက်ဆက်ကြောင်း ကီလိုမီတာ ကိုးထောင်နီးပါးတပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

## မြန်မာ့ဆက်သွယ်ရေးက ကြိုးဖုန်းများကို အရစ်ကျစနစ်ဖြင့် ရောင်းပေးမည်ဟုဆို



ဓာတ်ပုံ - SSTM

ယုဇနကိုကို

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် ၂၀၁၂ နှစ်ဆန်းပိုင်း ပထမပတ်မှစတင်ပြီး ကြိုးဖုန်းများကို အရစ်ကျစနစ်ဖြင့်စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းမှသတင်း ရရှိသည်။

ကျပ်ခြောက်သိန်းငါးသောင်းဖြင့် လျှောက်ထားရယူနိုင်မည့် အဆိုပါအော်တိုတယ်လီဖုန်းကြိုးများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးရာတွင် ငါးကြိမ်စီ အရစ်ကျခွဲသွင်းပြီး အသုံးပြုနိုင်မည်ဖြစ်သည်။

လျှောက်ထားလိုသူများအနေဖြင့် စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပထမအရစ်အတွက် ကျပ်သုံးသိန်းကို ပေးချေရမည်ဖြစ်သည်။

ဒုတိယအရစ်အတွက် ပေးချေရမည့်ငွေပမာဏမှာ ကျပ်တစ်သိန်းဖြစ်ပြီး စာချုပ်ချုပ်ဆိုပြီး နှစ်လပြည့်ပြီးလ၏ လဆန်းငါးရက်အတွင်းတွင် ပေးဆောင်ရမည်ဖြစ်သည်။

တတိယအရစ်အတွက်ကိုမူ စာချုပ်ချုပ်ဆိုပြီး လေးလပြည့်ပြီးလ၏ လဆန်းငါးရက်အတွင်း ပေးသွင်းရမည်ဖြစ်ကာ ယင်းအကြိမ်ပေးဆောင်ရမည့် ပမာဏမှာ ကျပ်တစ်သိန်းပင်ဖြစ်သည်။

စတုတ္ထအရစ်နှင့် ပဉ္စမအရစ်များအတွက် ပေးသွင်းငွေများမှာ ကျပ်တစ်သိန်းနှင့် ငါးသောင်းစီ အသီးသီးဖြစ်ကြပြီး စာချုပ်ချုပ်သည့်နေ့မှ ခြောက်လပြည့်ပြီးလဆန်းငါးရက်အတွင်းနှင့် ရှစ်လပြည့်ပြီးနောက် လဆန်းငါးရက်အတွင်း အပြီးသတ်ပေးသွင်းသွား၍ လျှောက်ထားနိုင်မည်ဖြစ်သည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

လျှောက်ထားတပ်ဆင်သူများအနေဖြင့် ၄င်းတို့လျှောက်ထားသည့် တယ်လီဖုန်းလိုင်းများကို စတင်စာချုပ်ချုပ်ဆိုအပြီး ၃ ရက်အတွင်း အပြီးသတ်တပ်ဆင်ပေးမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အော်တိုတယ်လီဖုန်းလိုင်းများကို အရစ်ကျစနစ်ဖြင့်ရောင်းချပေးရေးကို ယခုလဒုတိယပတ်အတွင်း ပြုလုပ်ခဲ့သည့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ကာ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါအရစ်ကျဖြင့် အော်တိုတယ်လီဖုန်းလိုင်းများ လျှောက်ထားတပ်ဆင်နိုင်မည့် အစီအစဉ်ကို ၂. ၁. ၂၀၁၂ တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

## ဖေ့စ်ဘွတ်ခ်တွင် ၂၀၁၁ အတွင်း လူကြိုက်အများဆုံးဂိမ်းမှာ Gardens of Time ဖြစ်ခဲ့

**လန်ဒန်၊ ဒီဇင်ဘာ - ၂၇**

ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ဝက်ဘ်ဆိုက်ပေါ်တွင် ၂၀၁၁ခုနှစ်အတွင်း လူကြိုက်အများဆုံးကစားနည်းမှာ Playdom ကုမ္ပဏီမှ ထုတ်လုပ်သည့် Gardens of Time ကစားနည်းဂိမ်းဖြစ်ကြောင်း သိရသည်။

ယခင်က ဖေ့စ်ဘွတ်ခ်တွင် အများဆုံးကစားခဲ့သည့် Zynga ၏ Cityville ဂိမ်းမှာ ၂၀၁၁ တွင် တတိယနေရာသာရခဲ့သည်။ ဒုတိယနေရာတွင် EA Sports မှ ထုတ်လုပ်သည့် The Sims Social ဂိမ်းရှိခဲ့သည်။ ယခု ထိပ်တန်းဖေ့စ်ဘွတ်ခ်ဂိမ်းများ စာရင်းကို နည်းပညာဝက်ဘ်ဆိုက် Techcrunch က ပြုစုပေးခဲ့ခြင်း ဖြစ်သည်။

ယင်းဝက်ဘ်ဆိုက်၏ ဖော်ပြချက်တွင် “ဒီစာရင်းဟာ ဖေ့စ်ဘွတ်ခ်မှာ လစဉ်အသုံးပြုသူဦးရေ တစ်သိန်းကျော်ရှိတဲ့ ထိပ်တန်းဂိမ်းတွေကိုရှာဖွေပြုစုထားတာပါ” ဟုပြောသည်။

အခြားသုတေသနကုမ္ပဏီ Appdata ကမူ Zynga ၏ City-ville၊ Castleville နှင့် Farmville၊ Texas Holdem တို့မှာ ဖေ့စ်ဘွတ်ခ်တွင်အများဆုံး ကစားကြသည့် ဂိမ်းများဖြစ်သည်ဟု ဆိုသည်။

*—Ref: BBC*












အကောင်းဆုံးဆိုတာတွေထက် ပိုကောင်းနေမယ့်
7 DAY STAR SPORTS
နှစ်သစ်မှာ အသွင်သစ်၊ အမြင်သစ်နှင့် ထွက်ရှိလာမည့်
7 Day Sports ဂျာနယ်၏ ညီနောင်ဂျာနယ် 7 Day Star Sports
သင့်အတွက် ကံကောင်းခြင်းတွေ သယ်ဆောင်လာပေးမည့် စနေနေ့ထုတ်ဂျာနယ်
စနေ၊ တနင်္ဂနွေပွဲများအတွက် နောက်ဆုံးရပွဲကြိုအထောက်အကူပြုအချက်အလက်များ၊ သတင်းများနှင့်အတူ ပဟုသုတရစရာ အခြားအားကစားသတင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိလာပါတော့မည်။
၂၀၁၂ ဇန်နဝါရီ ၇ ရက် ထွက်မည်




ယာဉ်ပိုင်ရှင်ဖြစ်လိုသူများ ဝမ်းမြောက်ဖွယ်
ယာဉ်တန်ဖိုး၏ 30% ပေးသွင်းရုံဖြင့်
ကိုယ်ပိုင်ကားတစ်စီးပိုင်ဆိုင်စီးနင်းခွင့်ရပြီ
ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူစီးနင်းနိုင်ရန်အတွက် SSS Motors မှ အရစ်ကျငွေချေစနစ်ဖြင့် ကူညီပံ့ပိုးပေးပါမည် . . .
SSS Showroom ရှိ မည်သည့်မော်တော်ယာဉ်မဆို စိတ်ကြိုက်ရွေးချယ်၍ တန်ဖိုး၏ ၃၀%ပေးသွင်းပြီးနောက် အရစ်ကျစနစ်ဖြင့် ပိုင်ဆိုင်ခွင့်ရပြီ ဖြစ်ပါသည်။
(၁)နှစ်မှ (၃)နှစ်အတွင်း အရစ်ကျငွေပေးချေနိုင်ပါသည်။
အရစ်ကျ ငွေပေးချေမှုစနစ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက SSS Motors နှင့် ဆက်သွယ်ပါရန်
ဆက်သွယ်ရန်
Super Seven Stars Motors Industry Co., Ltd.
Yangon Showroom
No.(1), Corner of Damazadi Road & Kabar Aye Pagoda Road, Bahan Township, Yangon.
Tel : 01- 544415, 551203, 548261, 545060
Mandalay Showroom
Room No. (6/7), Yangon-Mandalay High Way Road, Chan Mya Thazi Township, Mandalay.
H.P : 09 - 2035054, 2015519, 49229617, 49229618, 02- 78919




ILBC
PRESCHOOL
YANGON - 01-578732, 562401, 372212, 220555
NAY PYI TAW - 067-419018
MANDALAY - 09 650 1462, 02 76221, 77989, 23937
MYITKYINA - 074-22695,22266, 09 49 326678 TAUNGOO -054-25746
TAUNGGYI - 081-23207 LASHIO -082-30421 MYEIK - 09 87 63521

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012




# တက္ကသိုလ်ပညာသင်နှစ် ထပ်တိုးခြင်းနှင့်အတူ

■ ကျောင်းသားတစ်ဦး



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နိုင်ငံတစ်နိုင်ငံမှာ Natural Resource နဲ့ Human Resource တို့ပွားများ ကြွယ်ဝပါမှ အဲဒီနိုင်ငံဟာ တိုးတက်တာပါ။ ကျွန်တော်တို့ရဲ့ Golden Land ကြီးဟာ Natural Resource ကြွယ်ဝသော်လည်း Human Resource မပွားများတဲ့အတွက် နောက်မှာကျန်နေခဲ့တယ်။ စင်ကာပူနိုင်ငံဆိုလျှင် ရေပင်အလုံအလောက်မရရှိဘဲ သူများနိုင်ငံတွေ ဆီကဝယ်ယူသုံးရလောက်အောင် Natural Resource နည်းပါးသော်လည်း Human Resource အားကောင်းတဲ့အတွက် အရှေ့တောင်အာရှတွင် အချမ်းသာဆုံးနိုင်ငံအဖြစ် ရပ်တည်နေနိုင်ခြင်းမဟုတ်ပါလော။ တိုင်းပြည်တစ်ပြည်ရဲ့ တိုးတက်မှုဟာ များစွာသော အခန်းကဏ္ဍတွင် မှီခိုနေပါသည်။

တစ်နည်းဆိုရသော် ဘက်စုံတိုးတက်မှုရှိရန်လိုသည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးကဏ္ဍတို့၏ ဆက်စပ်မှုသည်လည်း လွန်စွာမှအရေးပါလှသည်။ မိုးကောင်းကင်မှောင်မိုက်လျှင် ကမ္ဘာမြေကြီး၌ အမှောင်ထုကြီးစိုး၏။ မိုးကောင်းကင်၌တောက်ပသောနေဝန်းကြီးရှိပါမှ ကမ္ဘာမြေကြီးကို အလင်းဆောင်နိုင်ပါလိမ့်မည်။ ပညာရေးအဆင့်အတန်း နိမ့်ကျလျှင် တိုင်းပြည်အဆင့်အတန်းလည်း နိမ့်ကျသည်။ ပညာရေးသည် တိုင်းပြည်ရဲ့ အသက်သွေးကြောဟုဆိုလျှင်လည်း မမှားပါ။

၂၀၁၁ ခု၊ ဒီဇင်ဘာ ၂၂ ရက်နေ့ထုတ် 7Day News ဂျာနယ်တွင် ဖတ်လိုက်ရသော သတင်းတစ်ခုကြောင့် ဝမ်းသာရမလား၊ စိတ်ညစ်ရမလားဖြစ်သွားတယ်။ ၎င်းမှာ တက္ကသိုလ်ပညာသင်နှစ်တွေကို အဆင့်မြင့်ပညာရေးဖော်ဆောင်ရန်အတွက် တစ်နှစ်စီတိုးမြှင့်ရန် စီစဉ်နေသည့်သတင်းပင်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဘွဲ့ရပြီး ငုတ်တုတ်ထိုင်နေရသော အလုပ်လက်မဲ့များစွာရှိသည်။ တက္ကသိုလ်တွေရဲ့ ပညာသင်နှစ်ဟာ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်စသဖြင့် အသီးသီးရှိကြလေတယ်။ သတ်မှတ်ထားတဲ့ နှစ်တွေအတိုင်း တက်ပြီး ဘွဲ့တွေအသီးသီးရကြတယ်။ ဒါပေမဲ့ အဲဒီဘွဲ့တွေဟာ အသက်မွေးဝမ်းကြောင်းအတွက် ထမင်းအိုး ကောင်းကောင်း မပေးနိုင်ပါဘူး။ ယင်းသို့ဆိုလျှင် ထိုပညာတွေကို သင်စရာမလို၊ ထိုဘွဲ့တွေကိုလည်း ယူစရာမလိုဟု ဆုံးဖြတ်လိုက်လျှင်လည်း ဤသို့တော့ မဟုတ်ပါ။ နိုင်ငံသားတိုင်း ဤနိုင်ငံက အသိအမှတ်ပြုထားတဲ့ ဘွဲ့၊ ဒီဂရီတစ်ခုခုတော့ ရထားသင့်တယ်။ ယခုနောက်ပိုင်း ကျွန်တော်တို့ လူငယ်များသည် ဘွဲ့တစ်ခုခုရပြီး နိုင်ငံခြားသို့သာ အလုပ်လုပ်ရန် သွားနေကြရသည်။ တစ်နှစ် တစ်နှစ် တက္ကသိုလ်ကျောင်းသားတွေ သိန်းနဲ့ချီ ကျောင်းပြီး၍ ဘွဲ့ယူနေကြသည်။ အဲလောက်အများကြီး ဘွဲ့ရတွေကို ဒီနိုင်ငံရဲ့ ဘယ်နေရာမှာ လုံလုံလောက်လောက် အလုပ်ပေးနိုင်မလဲ။ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် စာတတ်ပြီး ပညာမတတ်သော ၆ ပုဒ်ကျက်၊ ၄ ပုဒ်ဖြေစနစ်ဖြစ်သည်။

ကျွန်တော်တို့သည် မူလတန်းမှစ၍ တက္ကသိုလ်အဆင့်ထိ ပညာရပ်များ ဆည်းပူးကြရသည်။ ကျွန်တော်မူလတန်းဘဝတုန်းက Myself အကြောင်း Essay ရေးရာတွင် My Parents are U Ba and Daw Aye ဟု ဆရာမရေးပေးထားတဲ့အတိုင်းသာ အလွတ်ကျက်ပြီး ဖြေရသည်။ ဤနေရာတွင်သွား၍ ကျွန်တော့် မိဘတွေက U Ba နဲ့ Daw Aye မဟုတ်ဟုဆိုပြီး အခြားနာမည် တစ်ခုခုနဲ့ အစားထိုးဖြေရင် ဆရာမက ကြက်ခြေခတ်သာပေးလိုက်ပါလိမ့်မည်။ ထိုပြင် သိပ္ပံဖြေကြားရာတွင်လည်း ကျွန်ုပ်ပတ်ဝန်းကျင်ရှိအစိမ်းရောင်ရှိသော အပင်သုံးမျိုးကိုဖော်ပြပါဆိုလျှင် ဆရာမပေးထားတဲ့ အတိုင်း သရက်ပင်၊ မာလကာပင်၊ အုန်းပင်ဟု မဖြေဆိုဘဲ အခြားအစိမ်းရောင် အပင်တွေမြက်ပင်၊ ဇီးပင်တို့သွားထည့်ရင် ဘဲဥအကြီးကြီးသာ အားရပါးရ ပေးလိုက်ပါလိမ့်မည်။ အလယ်တန်း၊ အထက်တန်းရောက်လျှင်လည်း သမိုင်း၊ ပထဝီတို့ကို ၁၀ ပုဒ်ကျက် ၆ ပုဒ်ပါကြက်တူရွေး Style သာ ကျက်ခဲ့ရသည်။ အတန်းပိုင်ထံတွင် ကျူရှင်မတက်လျှင် အအောင်မပေး၊ ဂရုမစိုက်၊ အပြစ်သေးကိုအပြစ်ကြီးလုပ်ကာ ရိုက်နှက်၊ နှိမ်တာတွေ၊ ဒါ့အပြင် ရန်ကုန်ရှိ ကျောင်းအချို့တွင် ကလေးသူငယ်ကျောင်းသားများ၏ ထမင်းချိုင့်တွင်ပါလာသော ဟင်းများ၊ မုန့်ပဲသရေစာများကို အရှက်မရှိ တရားဝင်ယူစားကြ၊ "နက်ဖြန် teacher ဟိုဟာလေး စားချင်တယ်။ ဒီဟာလေးစားချင်တယ်"နဲ့ ကလေးတွေကို စကားချိုသွေးလိုက်ရင် ကလေးတွေက မိဘတွေကို ပြော၊ မိဘတွေက ကိုယ့်သားသမီးတွေအတွက်သာမက ဆရာမများအတွက်ပါ နှစ်ယောက်စာထည့် ပေးရတယ်။ ကလေးတွေကို ကြားခံပြီး ဒီလိုမျိုး မလုပ်သင့်ပါဘူး။ ဆရာမအားလုံးကို မဆိုလိုပါ။ သို့သော် အများစုကတော့ ဤသို့ပင်။

ကျောင်းသားတွေရဲ့ တီထွင်ကြံဆမှုနယ်ပယ်တွေ ချဲ့ထွင်ဖို့ မသင်ပေးဘဲ စာတွေ့အဆင့်သာ ရှိသည့် ဒါကျက် ဒါဖြေစနစ်သည် ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းမှာပင် ရပ်သွားသည်မဟုတ်၊ တက္ကသိုလ်ပညာရေးအဆင့်ထိပင်ကောက်ကောက်ပါအောင် လိုက်ခဲ့လေသည်။ တက္ကသိုလ်တွင်လည်း ၎င်းနည်းတူပင်။ Praticals တွေ မှန်မှန်လုပ်၊ Tutorials တွေ မှန်မှန်ဖြေ၊ Lecture တွေ မှန်မှန်တက်ရုံနဲ့ Exam ကို လွယ်လွယ်နဲ့ မအောင်ဘူး။ Main Role က ကျူရှင်တက်ခြင်းပဲ။ ကျူရှင်တက်ခြင်းဟာ စာမေးပွဲအောင်ဖို့ အဓိကအခန်းကဏ္ဍကပါဝင်တယ်ဟုဆိုရလောက်အောင် (Tuition First)စနစ်ပင်ဖြစ်နေလေပြီ။

ကျွန်တော်သည် Chemistry EDU သမားတစ်ယောက်ဖြစ်၍ အထင်ကြီးပြီး Chemistry နဲ့ ပတ်သက်တာတွေ နည်းနည်းလေးတောင် လာမမေးပါနဲ့။ ရေကို $H_2O$ လို့ခေါ်တယ်။ အောက်ဆီဂျင်ကို $O_2$ ဟုခေါ်တာထက်ပိုမသိပါဘူး။ Pratical တွေပုံမှန်လုပ်ကြရသည်။ နာမည်လေးကတော့ နားထောင်ကောင်းတယ်။ Pratical လက်တွေ့တဲ့။ တကယ်လုပ်ရတာကတော့ Text Book ထဲက စာမျက်နှာ သုံးမျက်နှာ၊ လေးမျက်နှာလောက်ကို မိမိအဖြေစာအုပ်ထဲ အမုန်းကူး၊ ဆရာမဆီသွားပြ၊ ပေးလိုက်တာက ၈ မှတ်၊ ၉ မှတ်၊ ဤတွင် Pratical ပြီးပါပြီ။ ဒါဟာလက်တွေ့စမ်းသပ်တာပဲလား။ Pratical လုပ်၍ ဘာရလိုက်သလဲ။ ဘယ်လိုဗဟုသုတ၊ ဘယ်လိုဖန်တီးမှု ဉာဏ်တွေရလိုက်သလဲ။ Pratical Room ထဲက Test tube တွေ၊ Acid တွေ၊ Base တွေက လက်တွေ့လေ့ကျင့်ရန်အတွက်လား။ အလှပြထားရုံ၊ ပင့်ကူ၊ ပိုးမွှားတွေရဲ့ ဘုံဗိမ္မာန်အဖြစ် ဆောက်လုပ်ခွင့်ပြုထားရုံသက်သက်ပဲလား။ နိုင်ငံခြားတက္ကသိုလ်တွေမှာဆို Group တွေခွဲပြီး အချင်းချင်းပြိုင်ဆိုင်ကြ၊ တကယ့်လက်တွေ့ကျကျလုပ်ဆောင်ကြနဲ့ ဘယ်လောက်အားရစရာ ကောင်းသလဲ။ နောက်တစ်ခုရှိသေးတယ်။ Assignment တဲ့။ ကူးရေးတာကိုလည်း အမှတ်ပေးသတဲ့။ Assignment တင်မှ စာမေးပွဲအောင်မှာ မတင်ရင် လုံးဝအအောင်မပေးပါဘူး။ Day တက်တယ်။ အသားကုန်ပြင်ဆင်ပြီး အိမ်ကနေ ထွက်သွား၊ ကျောင်းရောက်ရင် Lecture မတက်ဘဲ၊ ကန်တင်းမှာသွား ထိုင်၊ ဂီတာတီး၊ ဖွန်ကြောင် စသဖြင့်သာ အချိန်ဖြုန်းနေရတယ်။ Lecture မတက်လည်း ဘာမှမဖြစ်သေချာသင်တာမှ မဟုတ်တာ၊ ဝတ်ကျေတန်းကျေပဲ။ ကျူရှင်သာတက်၊ အချိန်တန် အောင်သွားရော။ ကွန်ပျူတာတက္ကသိုလ်တက်တယ်တဲ့။ ကျောင်းမှာ ကွန်ပျူတာတွေ Multimedia Room မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။ Java တို့ VB တို့ကို အလွတ်ကျက်ပြီးဖြေ၊ လက်တွေ့ဘာရဘာမှမရ။ Term-Paper လုပ်မှ ဘွဲ့ရမယ်ဆိုလို့ အုပ်စုတွေ ဖွဲ့ပြီးလုပ်လိုက်ကြတာ စာလုံးရေ ၅၀၀၀၊ ၆၀၀၀၊ အွန်လိုင်းပေါ်တက်ရှာ၊ မရှာတတ်ရင် ကွန်ပျူတာဆိုင်က လူကို ပိုက်ဆံပေးပြီးလုပ်ခိုင်း၊ အဲဒီ Term-Paper လုပ်တာ ဘာအကျိုးတွေရသလဲ။ အဖွဲ့အစည်းလိုက်လုပ်ဆောင်ရတဲ့လုပ်ဆောင်ချက် အတုသယောင်ပါပဲ။

ဒီလိုမျိုး သုံးလေးနှစ်အချိန်တွေ ပေးဆပ်ပြီးရလာတဲ့ ဘွဲ့ဟာ ဘဝအာမခံချက် မပေးနိုင်ဘူးဆိုလျှင် ဒီဘွဲ့ရဖို့ နောက်ထပ်တစ်နှစ်တိုးပြီး သင်ရမယ်ဆိုရင်ရော အကျိုးရှိပါသလား။ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းရုံပဲရှိမယ်။ စာတွေ့သာရှိပြီး ပညာရပ်နှင့်ဆိုင်တဲ့ အတွေ့အကြုံမရှိတဲ့ဘွဲ့ကို သုံးနှစ်သင်ရတာတင် အင်မတန်အချိန်တွေကုန်နေပါပြီ။ တချို့လူငယ်တွေဆို အစိုးရတက္ကသိုလ်တက်ရင်းနဲ့ပြင်ပက အသက်မွေးကြောင်းပညာတစ်ခုခုကိုလည်း ပူးတွဲသင်ထားကြတယ်။ ကျောင်းပြီးတာနဲ့ တစ်ခါတည်း Shakira သီချင်းလိုမျိုး Ready For The Good Times ပဲပေါ့။

နိုင်ငံခြားကျောင်းတွေမှာဆို pre-school, upper-KG အဆင့်ကတည်းကပင် ကလေးတွေရဲ့ တီထွင်ထိုးထွင်းမှု ဉာဏ်တွေတိုးတက်အောင်၊ မရှက်တတ်အောင်၊ လူအများနဲ့ပြောဆိုဆက်ဆံတတ်အောင် Self-confidence ရှိလာအောင် စင်မြင့်ပေါ်တက်ခိုင်းပြီး ကဗျာပြိုင်ပွဲ၊ ကျပန်းပြိုင်ပွဲတွေ ကျင်းပပေးတာတွေဟာ ကျွန်တော်တို့နိုင်ငံက မယှဉ်နိုင်တဲ့ ပညာရေးစနစ်တွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာပဲပြောပြော ယခုအစိုးရသစ်လက်ထက်တွင် ကလေးဗဟိုပြုသင်ကြားနည်းစနစ်တွေ၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်တွေ လုပ်ဆောင်တော့မယ်ဆိုတာ သိရှိရလို့ဝမ်းမြောက်ပီတိဖြာမိပါသည်။

အမေရိကန် သမ္မတအိုဘားမားပြောခဲ့သလိုမျိုး မြန်မာနိုင်ငံမှာ မှိတ်တုတ် မှိတ်တုတ်အလင်းရောင်လေးကိုမြင်နေရပြီဟု၊ ယခုလည်း မြန်မာ့ပညာရေးမိုးကောင်းကင်၌ မှိန်ပြပြ အလင်းရောင်လေးကိုမြင်နေရပါပြီ။ အဓိကပြောချင်တာက လူတစ်ယောက်ဟာ အလုပ်တစ်ခုကို လုပ်တယ်ဆိုရင် အဲဒီအလုပ်ဟာ အချိန်ကုန်ရကျိုးနပ်တဲ့ အလုပ်ဖြစ်ဖို့လိုအပ်ပါတယ်။ လောကမှာ တန်ဖိုးအရှိဆုံးနဲ့ ပြန်အစားထိုးမရနိုင်တဲ့အချိန်တွေကို အလဟဿ မကုန်ဆုံးစေချင်ပါဘူး။

အစိုးရသစ်ဟာ မူလတန်းမှစတင်၍ တက္ကသိုလ်အဆင့်အထိ တကယ့်လက်တွေ့ကျကျ အဆင့်မြင့်ပညာရေးစနစ်သစ်ကိုကျင့်သုံးမယ်လို့မျှော်လင့်ပါတယ်။ အဲဒီလိုမျိုးဆိုလျှင် ကျွန်တော်တို့နိုင်ငံမှာ အမှန်တကယ် ပညာတတ်တဲ့ ဘွဲ့ရတွေ ပေါ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။

အစိုးရ တက္ကသိုလ်တွေက ပေးအပ်ချီးမြှင့်တဲ့ ဘွဲ့၊ ဒီဂရီဟာ ဘဝအာမခံချက်အပြည့်အဝ ပေးစွမ်းနိုင်မယ်ဆိုလို့ရှိလျှင် တစ်နှစ်မပြောနဲ့ အနှစ်တစ်ရာထပ်တိုးလည်း မငြိုငြင်ပါဘူး။ သို့တည်းမဟုတ် အဆင့်မြင့် ပညာရေးပြောင်းလဲမည်ဟုဆိုကာ ယခုကဲ့သို့ ဒါကျက် ဒါဖြေစနစ်သာ ဖြစ်နေပါက ပညာသင်နှစ် တစ်နှစ်တိုးလည်း ထိုနေရာမှပင် ရှေ့ဆက်တိုးနိုင်မည်မဟုတ်တော့ပါ။ မြန်မာနိုင်ငံရဲ့ ပညာရေးမိုးကောင်းကင်မှာ တောက်ပတဲ့နေမင်းကြီးပေါ်ထွန်းပြီး အလင်းဆောင်နိုင်ပါစေလို့ဆန္ဒပြုရင်း . . . ။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

# နှုတ် ဆက် ခြင်း

ခွန်းဆင့်သူသူ

ဒီဇင်ဘာ ၃၁ ရက် ရောက်ပြီဆိုတော့ ကျွန်မရဲ့မိတ်ဆွေတွေအားလုံးကိုနှုတ်ဆက်ရတော့မယ်။ ကျွန်မချစ်တဲ့သူတွေ၊ ကျွန်မမုန်းတဲ့သူတွေ၊ ကျွန်မ မသိကျိုးကျွံ ပြုနိုင်တဲ့သူတွေ၊ ကျွန်မအသိအမှတ်ပြုဂုဏ်ပြုနိုင်တဲ့ သူတွေ၊ ကျွန်မနဲ့ဆက်စပ်ထိတွေ့ခဲ့ရတဲ့ ပတ်ဝန်းကျင်။ အရာအားလုံးကို ကျွန်မ က ချန်ထား စွန့်ခွာသွားရတော့မှာလေ။

ကျွန်မရှိနေတဲ့ အတောအတွင်းမှာ ကမ္ဘာလောကကြီးဟာ သာသာယာယာရှိခဲ့သလို၊ မသာမယာတဲ့ အဖြစ်အပျက် အခြေအနေတွေလည်း ရှိခဲ့ကြတာပါပဲ။ ဒါကလည်း အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်တဲ့ လောကရဲ့ နိယာမပဲမဟုတ်လား။ ဒီနိယာမကိုလည်း လူသားတွေက နားလည်သဘောပေါက်စွာ၊ လောကဓံတရားကို ကြံ့ကြံ့ခံနေကြရတာပဲလေ။ ကောင်းတစ်ခါ၊ ဆိုးတစ်လှည့်နဲ့ လူသားတွေရဲ့ ရှင်သန်မှုဘဝဟာ အသည်းတထိတ်ထိတ်နဲ့ စိတ်ဝင်တစား ကြည့်နေရတဲ့ အက်ရှင်ကားတစ်ကားပါပဲ။

သုတေသီတွေကတော့နိုင်ငံတစ်နိုင်ငံ ဆင်းရဲရတဲ့အကြောင်းအရင်းမှာ အချက်လေးချက်ရှိသတဲ့။ သဘာဝသယံဇာတထောင်ချောက်၊ ပြည်တွင်းစစ်၊ အိမ်နီးချင်းဆိုးတွေနဲ့ ဆိုးဝါးတဲ့ အစိုးရတို့ဖြစ်သတဲ့။ စမူဆာ ပုံဏ္ဍာန်နဲ့လှပတဲ့ နိုင်ငံလို့ အများကခေါ်ကြတဲ့ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ၊ အရွေ့တွေက မသိမသာရော၊ သိသိသာသာပါ ပြောင်းလဲ ရွေ့လျားနေပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတတွေ ပေါများ၊ ကြွယ်ဝလှတဲ့ နိုင်ငံပါ။ ဒီသဘာဝသယံဇာတတွေကပဲ ထောင်ချောက်ဖြစ်နေပြီး ဆင်းရဲရတဲ့အကြောင်းတစ်ခုဖြစ်နေပြန်ပါတယ်။

နိုင်ငံရေးပါတီတွေ၊ လွှတ်တော်တွေနဲ့ တိုင်းပြည်က လှုပ်လှုပ်ရှားရှားဖြစ်လာပြီဆိုတော့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်နေပါပြီ။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအဖွဲ့၊ လူ့အခွင့်အရေးကော်မရှင်အဖွဲ့၊ လွတ်ငြိမ်းချမ်းသာခွင့်တွေနဲ့ ပြည်သူအများ မျှော်လင့်နေတဲ့ အိပ်မက်တွေဖြစ်လာကြသလို တစ်ဖက်ကလည်း ပြည်တွင်းစစ်ပဋိပက္ခတွေကို ဖြေရှင်းတုန်း၊ ဖုံးတွေလည်း ပေါက်ကြတုန်းပါပဲ။ ကောင်းတဲ့ သဘောတရားလေးတွေနဲ့ ဆိုးတဲ့သဘောတရားတွေပါပဲလေ။

ပင်စင်စားတွေကို လစာတိုးပေးလို့ တစ်တိုင်းပြည်လုံး ပျော်လိုက်ကြရတာ။ လူသာခုခေါ်၊ နတ်သာခုခေါ်ကြရတဲ့ အပြောင်းအလဲပါပဲ။ ကျပ်တည်းခက်ခဲနေတဲ့ အဘိုး၊ အဘွားတွေ၊ ထမင်းစားရဖို့အတွက် သားသမီးမျက်နှာကြည့်နေရတဲ့ အဘိုး၊ အဘွားတွေပဲလေ။ ဒါပေမဲ့ ပင်စင်လစာထုတ်ရမယ့် ရက်ကို ရက်ချိန်းပေးလို့ သွားပေမယ့် တိုကင်ယူရ၊ သောင်းဂဏန်းလောက်ရှိတဲ့ ကိုယ့်လိုမျိုး ပင်စင်စားတွေကြားမှာ စာရေးမရဲ့ အသံက တိုးတာမို့ ကိုယ့်နာမည်ကြားရဖို့အရေး လူအုပ်ကြားထဲတိုးလို့ မူးမေ့သွားရတဲ့ အဘွားတွေရှိနေပြန်တော့။ အဘိုးကြီး၊ အဘွားကြီးတွေ ကိုယ့်ပိုက်ဆံကိုယ်တိုး တွေ့ယူနေရတဲ့အဖြစ်က စိတ်မချမ်းသာစရာပါ။ အဆင်ပြေမှုကနေ အဆင်မပြေမှုတွေ ဘာလို့ဖြစ်နေရတာလဲ။ အဲဒါမြန်မာစတိုင်လားလို့တောင် မေးရမလိုဖြစ်နေပါပြီ။

ဘာပဲပြောပြော တစ်သက်လုံး တစ်ပတ်ရစ်ကားတွေပဲ စီးလာရတဲ့ မြန်မာတွေ၊ ကားသစ်လေးတွေ စီးခွင့်ရပြီဆိုတော့ ကျေနပ်ပီတိဖြစ်စရာပါပဲ။ ဈေးချိုချိုနဲ့ လူအများစု စီးလာနိုင်မယ်ဆိုရင်တော့ အတိုင်းထက် အလွန်ကျေးဇူးတွေ တင်ရမှာပါ။




အရင်နှစ်တွေကလောက်ဘတ်စ်ကားတွေ သိပ်မကျပ်တော့ပေမယ့် စပယ်ယာတွေရဲ့ ဟောက်စားလုပ်မှုတွေ၊ ယာဉ်မောင်းတွေရဲ့ ကားပြိုင်မောင်းမှုတွေကတော့ သိပ်ပြီး မထူးလှပါဘူး။ ပြည်သူတွေကလည်း ကားပေါ်တက်တာနဲ့ ဘုရား၊ တရားတပြီး အာရုံပြုနေကြတာ။ မပျက်ကွက်တဲ့ အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ အပြောင်းအလဲတွေ တစ်ဖက်ကရှိသလို၊ မပြောင်းလဲဘဲ ပိုနေမြဲ၊ ကျားနေမြဲ အဖြစ်တည်ရှိနေတာကတော့ အခြေခံလက်လုပ်လက်စားတွေရဲ့ ဘဝတွေပါပဲ။ သူတို့ခမျာ မိုးလင်းမိုးချုပ် ပင်ပင်ပန်းပန်းအလုပ်လုပ်ရပြီး ထမင်းနဲ့ ဟင်းကိုဖြစ်သလို စားနေရတဲ့ ဘဝကို စိတ်ညည်းညူမနေအားဘဲနောက်တစ်နေ့အလုပ်မရှိတော့မှာ အလုပ်မရတော့မှာကို စိုးရိမ်နေကြရတဲ့သူတွေပါ။ ပဲဟင်းတစ်ရာဖိုး၊ ချဉ်ပေါင်ကြော် နှစ်ရာဖိုးနဲ့ မိသားစုတစ်နပ်စာ ဖြေရှင်းရတဲ့ အိမ်ရှင်မတွေ၊ အချိုမှုန့်ဆိုတာအာဟာရမဖြစ်မှန်း ဆိုးကျိုးရှိမှန်း သိပေမယ့် လျှာအရသာရှိအောင် သူ့ကိုပဲ အထောက်အကူပြုနေကြတဲ့ အိမ်ရှင်မတွေ၊ ရောဂါတွေတန်းစီဖြစ်မယ်ဆိုတာ သိလျက်နဲ့ အဆင့်နိမ့်စားအုန်းဆီကိုပဲ စားဖို့အခွင့်အရေးရှိနေသေးတဲ့ အိမ်ထောင်စုတွေ များနေသေးတော့ မြန်မာနိုင်ငံမှာ အချိုမှုန့်နဲ့ စားအုန်းဆီ ကပန်းပန်လျက်ပါပဲ။

တကယ်တော့ စားအုန်းဆီဆိုတာ မြန်မာနိုင်ငံရဲ့သယံဇာတထွက်ကုန်မဟုတ်ပါဘူး။ မြန်မာနိုင်ငံက ပဲဆီထွက်ပါတယ်။ နှမ်းဆီထွက်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေက အန္တရာယ်မကင်းတဲ့ တခြားနိုင်ငံက စားအုန်းဆီကို ဘာလို့ စားသုံးရမှာလဲ။ ဘာလို့ နိုင်ငံခြားကို ပိုက်ဆံပေးပြီးတင်သွင်းရမှာလဲ။ အင်း ကျွန်မရဲ့မေးခွန်းတွေ များနေပြီ။

ရန်ကုန်မှာ ကားဝယ်စီးဖို့ အရေး၊ ကိုယ်ပိုင်မြေအိမ်နဲ့ နေရဖို့ အရေး၊ ကိုယ့်ရဲ့သမားရိုးကျဝင်ငွေနဲ့ မအပ်စပ်မိလေတော့ ထီကိုပဲ အားကိုးပြီး ဖိထိုးကြတော့တယ်။ ဆိုက်ကားသမားလည်း ထီပြောင်းရောင်း၊ ဘွဲ့ရအလုပ်လက်မဲ့လည်း ထီလှည့်ကလေးနဲ့။ သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ဟုတ်နေကြတာပဲ။ ရန်ကုန်မှာက အိမ်ငှားခက နေရင်းထိုင်ရင်းနဲ့ကိုတက် တက်နေတာဆိုတော့ တစ်လလုံးရှာတဲ့ ပိုက်ဆံက တစ်ဝက်ပဲ ကိုယ်စားရမှာ။ တစ်ဝက်က အိမ်ငှားခဖြစ်နေကြရတာကိုး။

အဲဒီလို အပြောင်းအလဲတွေ၊ မပြောင်းမလဲတွေနဲ့ ဖြစ်တည်နေတဲ့ မြန်မာပြည်ကြီးကို ပြောစရာတွေ တစ်ပုံတစ်ပင်နဲ့ ကျွန်မက မခွဲခွာလှချင်သေးပေမယ့် သွားရတော့မယ့် အချိန်ရောက်ပြီဆိုတော့ ကျွန်မနှုတ်ဆက်ရတော့မယ်။ မြန်မာပြည်ကြီးနဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မချစ်တဲ့ မြန်မာပြည်ကြီး ဆင်းရဲခြင်းကကင်းဝေးပါစေ။ နိုင်ငံသူ၊ နိုင်ငံသားတွေလည်း ကျန်းမာကြပါစေ၊ ပျော်ရွှင်ကြပါစေ၊ ချမ်းသာကြပါစေ။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးကို သယ်ပိုးနေကြတဲ့ အမှုထမ်း၊ အရာထမ်းတွေကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ပင်စင်စားအဘိုး၊ အဘွားတွေကိုလည်းနှုတ်ဆက်ခဲ့ပါတယ်။ စာရေးဆရာ၊ ကဗျာဆရာများနဲ့ စာနယ်ဇင်းသမားများကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ယာဉ်မောင်းတွေနဲ့ စပယ်ယာတွေကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ အလုပ်သမား၊ လယ်သမားတွေ သာမန်ပြည်သူတွေအားလုံးကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်တွေကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ အနုပညာသမားအားလုံးကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီးဦးသိန်းစိန်ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မသွားတော့မယ်။

ကျွန်မက လူအများစိတ်ဝင်တစားနဲ့ စောင့်ကြည့်ခံခဲ့ရတဲ့ သက္ကရာဇ် ၂၀၁၁ ခုနှစ်ဆိုတဲ့ ကာလလေးတစ်ခုရယ်ပါ။ ။

## အချိန်ပိုလုပ်ခများ သတ်မှတ်ချက်အတိုင်းပေးရမည်ဟု ပြောကြား

ဥက္ကာကိုကို

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

သတ်မှတ်ထားသည့် အလုပ်ချိန်ထက်ပိုမိုလုပ်ကိုင်စေခြင်းအတွက် အချိန်ပိုလုပ်ခကို ခံစားခွင့်ပေးရမည်ဖြစ်ပြီး အချိန်ပိုလုပ်ခမပေးသော ဆိုင်နှင့် အလုပ်ဌာနများ၊ ကုန်တိုက်များကို အမည်ဖော်ပြ၍ တိကျစွာဖော်ပြတိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြောသည်။

ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများတွင် ဥပဒေအရသတ်မှတ်ထားသည့် အလုပ်ချိန်ထက်ပိုမိုလုပ်ကိုင်လိုပါက သက်ဆိုင်ရာအလုပ်ရုံနှင့် အလုပ်သမားဥပဒေရေးစစ်ဆေးရေးဦးစီးဌာနတွင် ခွင့်ပြုမိန့်တောင်းခံရပြီး ဥပဒေနှင့်အညီ အချိန်ပိုလုပ်ခခံစားခွင့်ရရှိရမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်နှင့် အလုပ်ဌာနများ၊ ကုန်တိုက်များ၌ သတ်မှတ်အလုပ်ချိန် ရှစ်နာရီထက်ပို၍ လုပ်ကိုင်ရသော အချိန်ပိုနာရီများကို သက်ဆိုင်ရာတွင် ခွင့်ပြုချက်တောင်းခံရန် မလိုအပ်သော်လည်း အချိန်ပိုလုပ်ခကိုမူ သတ်မှတ်ထားသည့် တွက်ချက်ပုံသေနည်းအတိုင်း ခံစားခွင့်ပေးရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပုဂ္ဂလိကအလုပ်ရုံ၊ အလုပ်ဌာနများ၊ ကုန်တိုက်များတွင် အလုပ်သမားဥပဒေအရ သတ်မှတ်ထားသည့် အလုပ်ချိန်ထက်ပို၍ လုပ်ကိုင်နေရခြင်းနှင့် အချိန်ပိုလုပ်ခမရရှိခြင်းတို့ရှိနေပြီး အဆိုပါ အလုပ်သမားများအတွက် အချိန်ပိုလုပ်ခရရှိနိုင်ရန် မည်သို့ဆောင်ရွက်ပေးနိုင်ပါမည်နည်းဟူသော မေးခွန်းတစ်ခုကို တာမွေမြို့နယ်၊ မဲဆန္ဒနယ် အမှတ် ၁မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)က တိုင်းဒေသကြီးလွှတ်တော်သို့ စာဖြင့်တင်သွင်းမေးမြန်းခဲ့သည်။

ယင်းမေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက စာဖြင့်ပင် ပြန်လည်ဖြေကြားခဲ့ပြီး တိကျစွာတိုင်ကြားပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တိုင်ကြားမှုမရှိပါက မိမိတို့လည်း မသိရှိနိုင်ပါကြောင်း ဖြေကြားခဲ့သည်။သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်လုပ်ကိုင်ရခြင်းတို့အတွက်အချိန်ပိုလုပ်ခရရှိနိုင်ရေးကို သက်ဆိုင်ရာမြို့နယ်များရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနများမှကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆိုသည်။

## ယာဉ်ကြောပိတ်ဆို့မှုများကို ဌာနသုံးခုပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေဟုဆို

ဥက္ကာကိုကို

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများကို ရှင်းလင်းစေရန်အတွက် ယာဉ်ထိန်းရဲ၊ စည်ပင်နှင့် မထသဌာနသုံးခုပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။

ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းရေးဆောင်ရွက်ရာတွင် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုးဖြစ်သည့် အသိပညာပေးခြင်း၊ အင်ဂျင်နီယာနည်းစနစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ အရေးပေါ်ကယ်ဆယ်ခြင်း၊ စစ်ဆေးအရေးယူခြင်းစသည့် နည်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းကို အဓိကထားဆောင်ရွက်နေကြောင်း သိရသည်။

စည်းကမ်းချိုးဖောက်သည့် ယာဉ်များအား လှည့်ကင်းအဖွဲ့များဖြင့်လည်းကောင်း၊ မီးပွိုင့်ရှိ တပ်ဖွဲ့ဝင်များက မှတ်သားဖမ်းဆီးခြင်းဖြင့်လည်းကောင်း၊ စီစီတီဗီကင်မရာမှတစ်ဆင့်လည်းကောင်း၊ အရေးယူနေခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆိုသည်။

ယခုနှစ်တွင် ရန်ကုန်မြို့တော်အတွင်း ယာဉ်အစီးပေါင်း နှစ်သိန်းကျော်သွားလာလျက်ရှိပြီး ယာဉ်ရပ်နားရန် နေရာခက်ခဲခြင်း၊ လမ်းကျဉ်းမြောင်းခြင်း၊ လမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ သဘာဝဘေးကျရောက်ခြင်း၊ စက်ချို့ယွင်းခြင်း၊ လမ်းဘေးဈေးသည်များ ပိတ်ဆို့ထားခြင်း၊ ယာဉ်မတော်တဆဖြစ်ခြင်း စသည်တို့ကြောင့် နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှု ကြီးမားစွာကြုံတွေ့နေရကြောင်း သိရသည်။

စည်းကမ်းမလိုက်နာသော ယာဉ်များကို ဖမ်းဆီးရာတွင် ပြီးခဲ့သည့် အောက်တိုဘာလအထိ တစ်သောင်းကျော် ဖမ်းဆီးခဲ့ကြောင်း၊ ပြည်သူများမှ သတင်းပေး အကူအညီတောင်းခံလာပါက အမြန်ဆုံးသွားရောက် ရှင်းလင်းနိုင်ရန်အတွက် နယ်မြေအလိုက် လှုပ်ရှားအဖွဲ့များ ထားရှိထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနရုံးမှ သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



# ရခိုင်ရိုးမ၌ မျောက်ချေးခါးစားခြင်း

မောင်သာချို

(တစ်)

အင်္ဂလိပ်သဘာဝတ္တဗေဒပညာရှင် ချားလ်စ်ဒါဝင်(Charles Darwin)က လူသည် မျောက်ကဆင်းသက်လာ၏ဟု ဆိုမိန့်ခဲ့ပေလို့လားမသိ လူတော်တော်များများ အဖို့မှာတော့ မျောက်သားစားဖို့ ခက်ခဲပါလိမ့်မည်။ ၁၈၀၉ ၌ မွေးကာ ၁၈၈၂ ၌ ကွယ်လွန်သူချားလ်စ်ဒါဝင်က ၁၈၅၉ တွင် မျိုးစိတ်တို့၏ မူလအစ (Origins of Species)ဟူသော ကျမ်းဖြင့် အသိပညာနယ်ပယ်အား လှုပ်နှိုးစေခဲ့ရာ လူသည် မျောက်ကဆင်းသက်လာသော တစ်နည်းအားဖြင့် မျောက်မျိုးနွယ်၏ မျိုးစိတ်တစ်ခုဖြစ်သော သတ္တဝါဟု ဆိုလိုရာရောက်ပေရာ မျောက်သားကိုစားဖို့ဆိုသည်မှာ တော်တော့်ကို အားထုတ်ရပါလိမ့်မည်။

ရေသည် ပြဇာတ် ဆရာစလေဦးပုညကပင် "မျောက်သားခင်မင်၊ စားသောက်ချင်မင့်၊ အတွင်သာပြု၊ မျောက်မျက်နှာကို၊ ဘဇာတွက်ရှုတော့မလဲ"ဟု ဆိုခဲ့ဖူးသည် မဟုတ်ပါလား။ ကိုယ့်မျက်နှာနှင့်ဆင်တူသည့် သတ္တဝါတစ်ကောင်ကိုသတ်စားဖို့ဆိုသည်မှာ ခက်ခဲလှပါဘိ။

သို့သော် မျောက်သားကို စားသူတွေ ရှိပါသည်။ မျောက်သွေးကိုသောက်သူများလည်းရှိပါသည်။ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုတွေထဲမှာပင်လျှင် မုဆိုးနှင့်မျောက်ဇာတ်လမ်းတွေက သွေးသံတရဲရဲ။ ထို့ပြင် မျောက်ချေးခါးဆိုသည်က နာမည်ကျော်။ ထိုနာမည်ကျော် မျောက်ချေးခါးကို ကျွန်တော်စားဖြစ်ခဲ့သည်က ရခိုင်ရိုးမတောင်တန်းကြီးတွေပေါ်မှာ။

(နှစ်)

တောင် တော်တော်များများကို ကျွန်တော်ကျော်ဖြတ်ဖူးပါသည်။ မြောက်ပိုင်းရှမ်း၊ တောင်ပိုင်းရှမ်း၊ မြောက်ဘက်တောင်ကုန်းဒေသ ကချင်မြေ ချင်းတောင်၊ ပဲခူးရိုးမ၊ အို. . တောင်တွေ တောင်တွေ။ ဘင်္ဂလားပင်လယ်အော်ကြီးကို ဖြတ်ကာ မိုးကိုသယ်ဆောင်လာသည့် အနောက်တောင်မုတ်သုံလေကို ဟန့်တားထားသဖြင့် ပုဂံဒေသ၌မိုးရိပ်(Rain Shadow) ကျကာ ပူပြင်းရခြင်းဖြစ်သည်ဟု ပညာရှင်တို့ သုံးသပ်ကြသည့်အတိုင်း ရခိုင်ရိုးမကြီးက ကျွန်တော်တို့ နိုင်ငံ၏ အနောက်ဘက်တံတိုင်းကြီးပဲ ဖြစ်ပါလေသည်။

ရောဝတီတိုင်း ငသိုင်းချောင်းမြို့ကလေးကိုကျော်၊ ဝေန်မြစ်ကူးတံတားကိုဖြတ်ကာ ရိုးမပေါ်တက်လိုက်သည်နှင့် ရခိုင်ပြည်နယ်က ကျွန်တော်တို့ကို ကြိုဆိုနေပါသည်။ သည်မှာ နယ်စပ်ဂိတ်ဗေဒါစခန်းရှိသည်။ လူဝင်မှုကြီးကြပ်ရေးက တင်းတင်းကျပ်ကျပ် ကွပ်ကဲသည်။ သည်စခန်းမရောက်ခင် တောင်ခြေရင်း ရွာကလေးဖြစ်သော မြောက်စမ်း၌ မျောက်သားဟင်းနှင့် မျောက်ချေးခါးဟင်းရတတ်ပါသည်။

သည်လိုမှမဟုတ်ဘဲ ရခိုင်ပြည်နယ်ကို တောင်ကုတ်တောင်ကြားလမ်းဘက်မှ ဝင်မည်ဟုဆိုကြပါစို့။ ပြည်တစ်ဖက်ကမ်း ဥသျှစ်ပင်မှတစ်ဆင့်ရခိုင်ရိုးမပေါ်သို့ တက်လိုက်သောအခါ ညောင်ကျိုးက နယ်စပ်စခန်း။ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်၏ ဝင်ပေါက်၊ ထွက်ပေါက်။ သည်မှာလည်း လူဝင်မှုကြီးကြပ်ရေးက အသေအချာကွပ်ကဲပါသည်။ သည့်နောက်မှာတော့ တောင်ပေါ်ရွာကလေးများ ရှိရာဆီမှာ မျောက်ချေးခါးကို ရနိုင်ပါပြီ။ ဥပမာ ကျောက်တံခါးလို ကားရပ်နားစခန်းက ရွာကလေးများ။

(သုံး)

မျောက်ချေးခါးဆိုသည်က အချို့လူများအတွက်တော့ စိတ်မသိုးမသန့်ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ သစ်သီးသစ်ရွက် သစ်ဥသစ်ဖုမျိုးစုံကို စားထားသည့် မျောက်ကိုသတ်ကာ ဗိုက်ကိုခွဲပြီး မစင်မဖြစ်မီ အစိတ်အပိုင်းအားလုံးကို ဖြတ်ယူကာ မျောက်စားထားသည့် အစားအစာတွေရောမျောက်၏ဝမ်းတွင်းကလီအစာအိမ် အူသိမ်အူမတို့ကိုပါ စားသုံးရန် စီမံထားသည့်ဟင်းလျာပင်ဖြစ်ပါသည်။

မုဆိုးတို့က ရခိုင်ရိုးမတစ်လျှောက် တောနက်ရာသို့ဝင်ကာ မျောက်ကိုရှာရပါသည်။ ခွေးက သစ်ပင်အောက်ကနေ ဟောင်၊ မျောက်က သစ်ပင်ပေါ်သို့ တက်ပြေး၊ မုဆိုးက ဒူးလေးနှင့်ပစ်။

"တချို့က လေသေနတ်နဲ့ ပစ်တာဆရာရဲ့ Special Two လို့ ခေါ်တာပေါ့. . . ပင်နီဆီလင်ပုလင်းထဲထည့်ပြီး ပင်နီဆီလင်အမှုန့်နဲ့ လူးထားစိမ်ထားတဲ့ ခဲကျည်ဆံနဲ့ပစ်တာ မျောက်က ပင်နီဆီလင်နဲ့ မတည့်ဘူးထင်ပါရဲ့ ထိလို့ကတော့ ပြုတ်ကျတာပဲ သေတော့ မသေဘူးဗျ အောက်ရောက်မှ သတ်ရတာ"

မျောက်ချေးခါးသမားတို့က မျောက်ညိုကိုပဲ အဓိကထားကာ ရှာဖွေကြခြင်းဖြစ်ပါသည်။ မျောက်ညိုက သစ်သီးသစ်ရွက် သစ်ဥသစ်ဖုကလွဲလျှင် ဘာကိုမှမစား။ မျောက်တစ်ကောင်လုံးကို နှစ်သောင်း၊ နှစ်သောင်းခွဲလောက်ဈေးရစဉ် မျောက်ချေးခါးက ခုနစ်ထောင်တစ်သောင်း ဈေးပေါက်ပါသည်။ အစာဟောင်း၊ တစ်နည်းအားဖြင့် မစင်မဖြစ်မီ အထက်ပိုင်းအစာအိမ်အပါအဝင် အူသိမ်အူမွှားအစုစုကို မျောက်ချေးထုပ်အဖြစ် ရောင်းခြင်းဖြစ်ပါသည်။

တချို့က မျောက်ချေးထုပ်ကို ရေနွေးနှင့် ပြုတ်ပစ်သည်။ တချို့က ပွက်ပွက်ဆူနေသည့် ရေနွေးအိုးပေါ်၌ မျောက်ချေးထုပ်ကို ကြွပ်ကြွပ်အိတ်နှင့် ထုပ်ကာ ရေနွေးပွက်ပွက်နှင့် ထိလုထိခင်၌ ကြိုးနှင့်ဆွဲထားပြီး လေးငါးနာရီကြာသည်အထိ စိတ်အေးလက်အေး အပူပေးကာထားသည်မျိုးလည်း ရှိပါသည်။

နောက်တော့ ဘာတစ်ခုကိုမှ ဖယ်ရှားမပစ်ဘဲ မျောက်ချေးထုပ်ကို နုပ်နုပ်စင်း၊ ကြက်သွန်ဖြူနိုင်နိုင်၊ ချင်း နိုင်နိုင်ဖြင့် ဆီကိုနစ်နေအောင်ထည့်ပြီး ချက်စားခြင်းသာဖြစ်ပါသည်။ တချို့က ပုပ်အဲ့အဲ့အနံ့ကို မစင်နံ့လိုလို ယူဆကာ စားဖို့ နှာခေါင်းရှုံ့ကြသည်။ တကယ်က လက်ဖက်နှင့်အရောင်အဆင်း အနံ့အရသာ တော်တော်တူပါသည်။ မျောက်ချေးခါးဟင်းပေါ်ကနေ ပဲခြမ်းကြော်ကလေး ဘာကလေးများ ဖြူးထားလိုက်လျှင် လက်ဖက်နှင့်ဘယ်လိုမှခွဲမရတော့။ "နောက်ပိုင်းမျောက်ကရှားလာတော့ မျောက်ချေးခါးထဲမှာ လက်ဖက်ရောပြီး ထည့်တာမျိုး၊ ကြက်အသည်းအမြစ်ကို ထောင်းပြီး ထည့်တာမျိုးတွေရှိလာတယ်ဗျ။ ယောကျ်ားတွေကတော့ အားရှိတယ်ဆိုပြီး တကူးတကန့်စားကြတာပါပဲ"

ရခိုင်ရိုးမတောင်စောင်းတစ်နေရာရှိဆိုင်ကလေးထဲ၌ထိုင်ရင်း မြင့်မားသီခေါင်လှသည့် တောင်အထပ်ထပ် အဆင့်ဆင့်ကို ငေးကာ မျောက်ချေးခါးကို ရေနွေးကြမ်းနှင့် မြည်းရင်းက အဆင်သင့်ထုပ်ပိုးထားသည့်မျောက်ချေးခါးဟင်းဘူးကလေးတွေကို လှမ်းကြည့်မိသည်။ အစိတ်သားသုံးဆယ်သားလောက်တစ်ဘူးကို သုံးထောင့်ငါးရာတဲ့။

မျောက်ချေးခါးကို ထားဝယ်မြို့မှာ တော့ ပေါပေါများများတွေ့ခဲ့ဖူးပါသည်။ ထားဝယ်ရှိ ထမင်းဆိုင်တွေမှာက မျောက်ချေးခါးဟင်းကို ဟင်းလျာတစ်မျိုးအဖြစ် ချက်ရောင်းလေ့ရှိသည်။ ထားဝယ်မြို့ကို ပတ်ဝိုင်းထားသည့် တောင်တန်းတွေပေါ်မှာ မျောက်တွေပေါတယ်ထင်ပါရဲ့။ ရခိုင်ရိုးမမှာကားထင်သလောက် မပေါများပါလေတော့။

"မျောက်ချေးခါး အကောင်းဆုံး အချိန်က အခုလို ဆောင်းပဲ ဆရာရဲ့။ သစ်သီး သစ်ရွက်ပေါတဲ့ အချိန်ဆိုတော့ မျောက်တွေလည်း အူစိုကြတယ်ထင်ပါရဲ့"

ရခိုင်ရိုးမကို ဖြတ်ကျော်ကာ တောင်ကုတ်သို့ စာပေခရီးသည်အဖြစ် ကျွန်တော့်ကိုခေါ်ဆောင်သွားမည့် ဒေသခံစာချစ်သူများက ရှင်းပြလာပါသည်။

သံတွဲ၊ ငပလီလေဆိပ်မှ တစ်ဆင့် တောင်ကုတ်သို့သွားကြသည့်ကို အော်ပီကျယ်နှင့် မောင်စိန်ဝင်း (ပုတီးကုန်း)တို့ တောင်ကုတ်ကို ရောက်ရှိနေလောက်ချိန်မှာ ဟသ်ာတမြို့ စာပေစင်မြင့်ကနေ ချက်ချင်းဆင်း၊ အကြိုတော် ကားပေါ် ချက်ချင်းပြေးတက်၊ ရခိုင်ရိုးမ တစ်လျှောက် ဒရေသောပါး မောင်းနှင်၊ တောင်ကုတ်တောင်ကြား လမ်းတစ်လျှောက် တစ်တောင်ဆင်း တစ်တောင်တက် ဖြတ်သန်းလာသူ ကျွန်တော်တစ်ယောက် မျောက်ချေးခါးတစ်ဇွန်းကို ပါးစပ်ထဲသို့ ထည့်ဝါးကာ ရခိုင်ရိုးမတစ်နေရာကနေ အထဉ် ပုပ်အဲ့အဲ့အရသာက ကျွန်တော့်ကိုညှို့မြူထားလိုက်ပါတော့သည်။ ။

*(ရခိုင်ပြည်နယ်လမ်းခြမ်းဒေသသို့)*



## အမျိုးသားစာပေ (အင်္ဂလိပ်ဘာသာ)ဆု စတင်ချီးမြှင့်

**ထူးသန့်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၉**

စာပေလောကဖွံ့ဖြိုးရေးကို အားဖြည့်သည့်အနေဖြင့် အစိုးရသစ်လက်ထက်တွင် ယခုနှစ်က စတင်ပြီး အမျိုးသားစာပေဆု အမျိုးအစားတွင် အင်္ဂလိပ်ဘာသာဆု တစ်ဆုထပ်တိုးချီးမြှင့်ရခြင်းဖြစ်ကြောင်း အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှတ်ချက်အရသိရသည်။


အဆိုပါ မှတ်ချက်အကျဉ်းကို စာရေးဆရာဦးတင်လှိုင်(လယ်တွင်းသား စောချစ်) ကဖတ်ကြားတင်ပြခဲ့ခြင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာစာအုပ်ဆုအတွက် စာရေးဆရာကျော်လတ်၏ ပုဂံအကြောင်းရေးသားထားသည့် Art and Architecture of Bagan and Historical Background စာအုပ်ကိုရွေးချယ်ခဲ့ကြောင်းလည်း ၎င်းကပင်ဖတ်ကြားခဲ့သည်။

အဆိုပါစာအုပ်ကို ဆုအဖြစ်ရွေးချယ်ရခြင်းနှင့် ပတ်သက်၍ "ပညာရပ်နဲ့ဘာသာရပ်နှစ်ခုစလုံးဝမ်းစာကြွယ်ဝသူပညာရှင်တစ်ဦးက ရေးသားပြုစုတဲ့ မြန်မာ့အကြောင်းကမ္ဘာကသိစေဖို့အတွက် အရေးပါတဲ့ အကြောင်းအရာအချက်အလက်တွေပါရှိတဲ့အတွက် ဤစာအုပ်ကို ဆုအဖြစ်ရွေးချယ်ခြင်းဖြစ်ပါတယ်"ဟု ဆရာဦးတင်လှိုင်ကဖတ်ကြားသွားခဲ့သည်။

စာအုပ်ပေါင်း ၁၈ အုပ် ထဲမှ အဆိုပါစာအုပ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ စာအုပ်တွင် ပုဂံရှိ သာသနိက အဆောက်အအုံများနှင့် အနုပညာလက်ရာများကို ဗိသုကာရှုထောင့်မှ စနစ်တကျဆန်းစစ်ပြီး ကိုယ်တိုင်သုတေသနပြုချက်များ၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ ပန်းချီကားအထောက်အထားများ ထည့်သွင်းဖော်ပြထားကြောင်းလည်းသိရသည်။

ယခုနှစ်အမျိုးသားစာပေဆုချီးမြှင့်ပွဲတွင် ထူးခြားမှုအဖြစ် နိုင်ငံရေးစာပေဆုကိုလည်း ပြန်လည်ချီးမြှင့်ခဲ့ကြောင်း ယခင်၃ နှစ် အတွင်းအမျိုးသားစာပေဆုအတွက် ထိုက်တန်သော ဘာသာရပ် စာအုပ်မရှိခဲ့၍ ဆုမချီးမြှင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားသွားသည်။ အဆိုပါ ဆုအတွက် မြန်မာ့နိုင်ငံရေးခရီးကြမ်းတွင် ကိုယ်တိုင် ပါဝင်ဖြတ်သန်းခဲ့သူ ဆရာကြီးကိုသန်း(ကြည့်မြင်တိုင်)၏ "မြန်မာလူငယ်တစ်စု၏ ဗီယက်နမ်အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစစ်မျက်နှာသို့ လျှို့ဝှက်ခရီး" စာအုပ်ဖြင့် ရရှိခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012



# လိုတာလေးတွေ ဖြည့်ပေးပါ

မှန်လိုသူ

ကျွန်တော် ဒီစာကိုရေးသားလိုက်ခြင်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမှ ထိခိုက်နစ်နာစေလို၍ မဟုတ်ပါ။ ကျွန်တော်သိမြင်တွေ့ရှိခဲ့သည်များကိုသာ ပြန်လည်ပြီး ရေးသားတင်ပြခြင်းပင်ဖြစ်ပါသည်။ အကယ်၍ ကျွန်တော့်စာသည် မြန်မာတစ်နိုင်ငံလုံး၌ရှိသောဆေးရုံဆေးခန်းများတွင် တက်ရောက်ကုသနေသောလူနာနှင့် လူနာရှင်များကို ကိုယ်စားပြုသည်ဆိုလျှင် ကျွန်တော်၏စာသည် အုတ်တစ်ချပ်လောက် နေရာမရခဲ့လျှင်တောင် သဲတစ်ပွင့်စာလောက် အရာထင်ခဲ့လျှင်ပင် ဒီစာကို ရေးသားရကျိုးနပ်ပါသည်ဟုသာ ပြောချင်ပါတော့သည်။

၉-၉-၂၀၁၁ ရက် နေ့လယ်တစ်နာရီခွဲ၊ နှစ်နာရီအချိန်ခန့်က အဖေ အရမ်းမောလာ၍ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ဆေးရုံတင်ရန်အတွက် လိုအပ်မည်ထင်သည့် ပစ္စည်းများ ထည့်၍ သွားပြပါသည်။ အဖေမောနေသည်မှာ၊ ရင်ထဲကစူးအောင့်နေသည်မှာ ငါးရက်ခန့်ရှိနေပါပြီ။ အဖေဘာရောဂါဖြစ်နေသည်ကို ကျွန်တော်မသိပါ။ အဖေ့ရင်ခေါင်းထဲတွင် တစ်ခုခုဖြစ်နေသည်ကိုတော့ ကျွန်တော်ခန့်မှန်းလို့ရပါသည်။ ဆေးရုံ ဆင်ဝင်အောက်ရောက်သည်နှင့် ဝန်ထမ်းတစ်ယောက်က လမ်းမလျှောက်နိုင်ဘူးလားလို့မေးပြီး ဗီးချဲတစ်စီးတွန်းလာပေးပါသည်။ အဖေ့ကို ဗီးချဲပေါ်တင်ပြီး ပြရမည့်အခန်းသို့ တွန်းသွားပါသည်။ အဖေသည် ခံစားနေရသည့်ဝေဒနာကြောင့် အသက်ကို မနည်းရှူနေရပါသည်။ အဖေ့အခြေအနေကိုကြည့်ပြီး တာဝန်ကျဆရာဝန်မလေးက "အဘဘာဖြစ်တာလဲ၊ တော်တော်မောနေလား""ဘယ်နေရာကလဲ" ဆိုပြီး ခုတင်ပေါ်တက်လှဲခိုင်းလိုက်သည်။ ပြီးတော့ သွေးပေါင်ချိန်၊ နားကျပ်နဲ့ ရင်ဘတ် နေရာအနှံ့ကို စမ်းသပ်ပြီးတော့ သူနာပြုဆရာမလေးများကို အီးစီဂျီဆွဲမယ်ဟု ပြောလိုက်ပါသည်။

ဆရာမလေးများကလည်း ချက်ချင်းပင် အီးစီဂျီစက်ကို ခုတင်ပေါ်တင်လိုက်ပြီး အဖေ့ရဲ့ ကြယ်သီးများကို ဖြုတ်လိုက်ပါသည်။ ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက်ကို ညှပ်များနှင့် ညှပ်လိုက်ပါသည်။ မြန်လိုက်သည်ဖြစ်ခြင်း။ ပြီးတော့ ရင်ဘတ်ပေါ်ကို ရော်ဘာဘုလုံးလေးများပါသည့် စုတ်ခွက်လိုပုံစံလေးများကို လိုက်တင်နေပါသည်။ ဘုလုံးလေးကို ညှစ်၊ ခွက်လေးကို ရင်ဘတ်ပေါ်တင်၊ ရော်ဘာဘုလုံးလေးကို ပြန်လွှတ်လိုက်သည်နှင့် ခွက်လေးက ကပ်ကျန်နေခဲ့သည်မှာ မြန်လိုက်တာ။ ပထမသုံးလုံးကတော့ အဆင်ပြေပါသည်။ နောက်ချိုင်းအောက်တည့်တည့် နံရိုးပေါ်ကို ကပ်တော့ အဆင်မပြေတော့ပါ။ ပြန်ပြန်ပြီး ကွာကွာကျနေပါသည်။ ဆရာမလေးတစ်ယောက် စိတ်မရှည်တော့ပါ။ ကပ်လို့ရသည့် သုံးလုံးနှင့်သာ အီးစီဂျီရိုက်နေပါသည်။ လှိုင်းတွန့်လေးများပါသော စာရွက်အရှည်လေးက စက်ထဲမှ ထွက်လာပါသည်။ ထွက်လာသောစာရွက်ကို ဆရာမလေးက မယူသေးပါ။ ရင်ဘတ်ပေါ်ကပ်ထားသော စုတ်ခွက်လုံးလေး သုံးခုကို ပြန်ဖြုတ်ပါသည်။ ပြီးတော့ ခလုတ်ကိုနှိပ်ပြီး ထပ်ဆွဲပြန်ပါတော့သည်။ စက်ထဲက ထွက်လာသောစာရွက်လေးသည် ငါးပေကျော်၊ ခြောက်ပေလောက် ဖြစ်သွားပါသည်။

သည်အချိန်မှာပဲ ဆရာဝန်မလေးက ကျွန်တော့်ကိုခေါ်ပြီး ဘာတော်လဲ အရင်က ဘာတွေဖြစ်ဖူးလဲ၊ ဆေးလိပ်သောက်လား၊ မေးစရာရှိသည်များကိုမေးကာ ဆေးရုံတင်ရမည်လို့ဆိုပြီး အင်္ဂလိပ်လို ရေးထားတဲ့ စာရွက်ပေါ်မှာ လက်မှတ်ထိုးခိုင်းပါသည်။ လက်မှတ်ထိုးရတဲ့အပေါ်က စာကို ဖတ်လိုက်တော့ ဆေးရုံမှာ အနည်းဆုံး ၂၄ နာရီနေရမည့်အကြောင်း ဖြစ်ပါသည်။

ကျွန်တော်လက်မှတ်ထိုးပြီးသည်နှင့် သူနာပြုဆရာမလေးတစ်ယောက်က အီးစီဂျီဆွဲတာက တစ်ထောင်၊ သွေးဖောက်ပြီးစစ်တာက တစ်ထောင်၊ စာအုပ်ဖိုး ကငါးရာ၊ စုစုပေါင်း ၂,၅၀၀ ကျပ်ပေးရမယ်လို့ပြောသည်နှင့် ကျွန်တော်လည်း အိတ်ထဲက ၂,၅၀၀ ကျပ် ထုတ်ပေးလိုက်ပါတော့သည်။

အဖေ့ကို ဗီးချဲပေါ် ပြန်တင်ပြီးသည်နှင့် ဝန်ထမ်းအဒေါ်ကြီးက ရှေ့က တွန်းသွားပါသည်။ ကျွန်တော်နှင့် ကျွန်တော့်သားက အထုပ်တစ်ထုပ်စီဆွဲပြီး နောက်က လိုက်သွားပါသည်။ ဓာတ်လှေကားနှင့်တက်ရသည်မို့ အဆင်ပြေပါသည်။ ပထမထပ်မှာပဲဆိုတော့ ဘာမှမကြာလိုက်။ ပထမထပ် တာဝန်ကျဆရာဝန်များ အခန်းရောက်တော့ အောက်ကပေးလိုက်သည့် စာရွက်ကိုယူပြီး သေသေချာချာကြည့်ပါသည်။ ပြီးတော့ ခြောက်နှစ်လို့ ပြောလိုက်သည်နှင့် အဖေ့ဗီးချဲကို တွန်းလာသည့်အဒေါ်ကြီးက အခန်းနံပါတ် (၆) ခုတင်နံပါတ်(၂)ကို ပို့ပေးပါသည်။ အဖေ့ကို ခုတင်ပေါ်တင်ပြီးရုံမှာပဲ ဆရာဝန်လေးနှစ်ယောက်ရောက်လာပြီး အဖေ့ကို စမ်းသပ်ပြန်ပါသည်။

ပြီးတော့ အီးစီဂျီထပ်ဆွဲပြန်သည်။ ဆရာဝန်လေးတစ်ယောက်က အောက်ထပ်က သူနာပြုဆရာမလေး လုပ်သလိုပဲ အဖေ့ရဲ့ ရင်ဘတ်ပေါ် ဘုသီးလေးတွေ လိုက်တင်နေပြန်ပါသည်။ ဒီတစ်ခါ အီးစီဂျီစက်က တစ်မျိုးဖြစ်နေပါသည်။ ဘုသီးလေးတွေက ရင်ဘတ်မှာ မကပ်ပါ။ ပြန်ကွာကွာကျနေပါသည်။ ဆရာဝန်လေး နောက်တစ်ယောက်ရောက်လာပြီး အဆင်မပြေဘူးလားလို့ မေးပါသည်။ ပြီးတော့ အီးစီဂျီစက်ကို လက်နဲ့ ခေါက်လိုက်ပါသည်။ ဒါပေမဲ့ စာရွက်က ထွက်မလာပါ။ စက်ကို ဒီလိုပဲ လက်နဲ့ခေါက်ခေါက်ပြီး စာရွက်ကိုထွက်လာခိုင်းနေကျနဲ့ တူသည်။ တော်တော်ကြာမှ အဆင်ပြေသွားသည်။ စာရွက်လေးထွက်လာမှ ဆရာဝန်လေးတစ်ယောက်က သွေးဖောက်သည်။ အီးစီဂျီဆွဲခနှင့် သွေးဖောက်ခ ၁,၅၀၀ ကျပ် ရှင်းရပြန်ပါပြီ။

အဖေ့ ခုတင်မှာနေသားတကျဖြစ်ရန် စီစဉ်နေတုန်း ဆရာဝန်လေးတစ်ယောက်က စာရွက်လေးတစ်ရွက် လာပေးပါသည်။ ဆေးနာမည်တွေ ရေးထားသည့် စာရွက်။ ကျွန်တော်လည်း အောက်ထပ်ကို အမြန်ဆင်းပြီး ဆေးဆိုင်သို့ပြေးရပါတော့သည်။ ဆေးဆိုင်ရောက်တော့ ကိုယ့်ရှေ့မှာ ဆေးဝယ်နေသည့်လူ ၄၊၅ ယောက်လောက်ရှိနေပါသည်။ ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ယောက်က ၃,၈၀၀ ကျပ်ကျတယ်၊ ၅,၀၀၀ ကျပ်ကျတယ်၊ ၆၀၀ ကျပ်ကျ တယ်ဆိုပြီး ပိုက်ဆံတွေ ယူလိုက်၊ ပိုငွေကို ပြန်အမ်းလိုက်နဲ့ သူ့လက်ကအားသည်မရှိပါ။ ဆေးရောင်းနေသည့် ကောင်မလေး နှစ်ယောက်ကလည်း အားသည်မရှိပါ။ သူတို့အခန်းလေးထဲမှာပါ လာဝယ်သည့်လူလိုအပ်သည့် ဆေးများကို ပေးနေသည်မှာ ငယ်ငယ်က သမဆိုင်မှာ ဆန်လုထုတ်ရသလို ဖြစ်နေပါတော့သည်။ ကျွန်တော်လည်း ကိုယ့်အလှည့် ရောက်တော့ ဆေးစာရွက်ပြ ဆေးယူ၊ ပိုက်ဆံရှင်းပြီး အပေါ်ပြန်တက် သူနာပြုဆရာမလေးတွေကို ဆေးတွေပြ၊ သူနာပြုလေးတွေကလည်း ဘယ်အချိန်မှာ ဘယ်ဆေး၊ ဘယ်အချိန်မှာ ဘယ်ဆေးဆိုပြီး ဆော့ဖ်ပင်လေးနဲ့ ရေးမှတ်ပေးလိုက်ပါသည်။ ပြီးတော့ သူတို့ဆီမှာပဲ လက်အိတ်တစ်ထုတ်၊ ဂွမ်းတစ်ထုတ်၊ အရက်ပြန်တစ်ပုလင်းတစ်ထောင်ကျပ် မယူမနေရဆိုပြီး ရောင်းလိုက်ပြန်ပါသည်။

ဒါနဲ့ ကျွန်တော်လည်းအဖေ့ခုတင်ကို ပြန်လာ သူတို့ညွှန်ကြားတဲ့ဆေးတွေကို ချက်ချင်းတိုက်လုပ်နေချိန်မှာပဲ ဆရာဝန်လေးတစ်ယောက်က စာရွက်လေးတစ်ရွက် လာပေးပြန်ပါသည်။ ဓာတ်မှန်ခန်းသွားပြီး ဓာတ်မှန်သွားရိုက်လိုက်ပါဆိုတာနဲ့ အဖေ့ကို ဗီးချဲပေါ် ပြန်တင်၊ ဓာတ်မှန်ကို တွန်းသွားပြီး ဓာတ်မှန်ရိုက်လိုက်ရပြန်ပါသည်။ ရိုက်ခက ၂,၃၀၀ ကျပ်ကျ၏။ ဓာတ်မှန်ကို တနင်္လာနေ့ ၁၁ နာရီမှရမယ်၊ အဲဒီတော့မှ လာယူပါလို့ဟုဆိုပါသည်။ ဒီနေ့မရဘူးလားဟု ကျွန်တော်ကမေးလိုက်တော့ ခုအချိန်က ညနေ ၃ နာရီခွဲနေပြီး မမီတော့ဘူး။ စနေ၊ တနင်္ဂနွေကလည်း ပိတ်တော့ တနင်္လာနေ့ မနက် ၁၁ နာရီမှ လာယူပါဆိုပြီး ပြန်ခိုင်းလိုက်ပါသည်။ ကျွန်တော်လည်း အဖေ့ကို ဗီးချဲပေါ်ပြန်တင်ပြီး ခုတင်ရှိရာကို တွန်းလာရင်း စဉ်းစားမိသည်။ ဆေးရုံကို ရောက်လာတဲ့ လူနာတိုင်း အရေးမကြီးတော့ဘူးလား။ တကယ်သေရေး ရှင်ရေးတမျှ အရေးကြီးတဲ့ လူနာဆိုမည်သို့ လုပ်မည်လဲ။ စနေ၊ တနင်္ဂနွေခံနေလို့ လူနာကို ဆေးကုသလို့ မရသေးဘူးဆိုပြီး တားထားလို့ရပါသလား၊ လိုအပ်သော စစ်ဆေးချက်တွေ ရမှ ကုသလို့ရမယ့်လူနာဆိုရင် ဘယ်လိုလုပ်မလဲဟု အတွေးပွားမိပါသည်။

အဖေ့ခုတင်ရောက်တော့ အဖေ့ကိုခုတင်ပေါ်ပြန်တင် နေရာတကျလုပ်နေတုန်းမှာပဲ ဆရာဝန်မလေးတစ်ယောက်က ဆေးစာရွက်လာပေးသည်။ ဆေးဝယ်ပေးပါဦးတဲ့။ ဆင်းရပြန်ပြီအောက်ထပ်ကို နောက်တစ်ခေါက်၊ ဆေးဆိုင်ရောက်တော့လည်း စောင့်ရပြန်ပြီ ၄၊၅ ယောက်လောက်၊ ဆေးဆိုင်က ဝင်ငွေကိုတွက်ကြည့်မယ်ဆိုရင် ကြက်သီးထစရာပါ။ ဝယ်သွားတဲ့ဆေးတွေကို ဆရာဝန်တစ်ယောက်ကို ပေးလိုက်တော့ လာခဲ့မယ်လို့ပြောပါသည်။ ဒါနဲ့ ကျွန်တော်လည်း အဖေ့ခုတင်ဆီ ပြန်သွားပြီး အဖေ့ အခြေအနေကိုကြည့်နေပါသည်။ မကြာပါ ဆရာဝန်လေးတစ်ယောက်ရောက်လာပြီး ဆေးသွင်းရမယ် အဘ၊ အကြောထဲကို အပ်စိုက်ရမယ် နည်းနည်းတော့ နာမယ်လို့ပြောတယ်။ နောက်တစ်ယောက်က ဆေးရည်ဘူးနဲ့ ထပ်ဝင်လာပြီး ဆေးကိုတိုင်မှာ ချိတ်လိုက်ပါတယ်။

ပြီးတော့ အဖေလက်ဖျံက အကြော တစ်ကြောကို အပ်နဲ့ ဖောက်ပါတော့တယ် မရပါ။ ညာဘက်မရတော့ ဘယ်ဘက်ကို ပြောင်းပြီး ဖောက်ပြန်တယ်။ ဒါပေမဲ့ မရပါ။ ဆရာဝန်လေး တစ်ယောက်က အပြင်ပြန်ထွက်သွားပြီး လုံချည်အနီဝတ်သူနာပြုဆရာမလေးတစ်ယောက်ကို ခေါ် လာခဲ့ပါသည်။ စာ(၃၆) သို့

## JOKE

### ကော်ပိုရေးရှင်း သင်ခန်းစာ

ထုံးစံအားဖြင့် ကုမ္ပဏီ၏ သာမန်ဝန်ထမ်းများက ဘောလုံးကစားကြသည်။ အလယ်အလတ်အဆင့် မန်နေဂျာများက တင်းနစ်ကို စိတ်ဝင်စားကြသည်။ အုပ်ချုပ်ရေးထိပ်ပိုင်းရောက်နေသူတွေကတော့ ဂေါက်သီးကစားရတာကို ပို၍နှစ်သက်ကြသည်။

လေ့လာတွေ့ရှိချက်မှာ ကုမ္ပဏီကြီးများ၏ ထိပ်ပိုင်းသို့ ရောက်လာလေလေ ကစားသောဘောအရွယ်အစား သေးလာလေလေဟူ၍ ဖြစ်သည်။

### ဒီလောက်တော့ မအဘူး

နယ်မြို့ကလာသော လူတစ်ယောက်မြို့ပေါ် ဟိုတယ်တစ်ခုတွင် အခန်းငှားသည်။ ဝိတ်တာက တည်းခိုသူအား အခန်းသို့လိုက်ပို့ရာတွင် အခန်းငှားသူက "ဒီမှာ ကျုပ်တောကတက်လာတယ်ဆိုတာ ဟုတ်တယ်။ ဒါပေမဲ့ ကျုပ်ကို လိမ်ဖို့တော့ မကြိုးစားနဲ့။ ဘာလဲ ဒါကျုပ်နေရမယ့်အခန်းလား။ အခန်းက ကျဉ်းကျဉ်းလေးနဲ့ အိပ်ရာမပါ၊ တံခါးပေါက်မပါနဲ့ ကျုပ်ဒီအခန်းအတွက် ပိုက်ဆံတွေ အများကြီးပေးထားရတာ" ဟု ဆိုပါ၏။ ဤတွင် ဝိတ်တာက

"ခင်ဗျားအရမ်း စိတ်မလှုပ်ရှားပါနဲ့လေ။ အခု ကျွန်တော်တို့ ခင်ဗျား အခန်းဆီကိုသွားဖို့ ဓာတ်လှေကားထဲမှာပဲ ရှိပါသေးတယ်" ဟု အသိပေးရပါလေသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL
# Business
Vol.10, No.42 • JANUARY 5, 2012

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၀၅ | ၈၂၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၀၅ | ၈၂၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၀ | ၆၃၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၅ | ၁၀၅၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၂ | | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၈ | | ကျပ် |

၂၀၁၁ ဒီဇင်ဘာ ၃၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဒီဇင်ဘာ ၃၀ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၃၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၁၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၉၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၉၃၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၀၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၈. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၆၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၃၁. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၇၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၆၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၈၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၈၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၁၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၁၉၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၆၆. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၃၈၀ |
| ငွေ | ၁ အောင်စ | ၂၇. ၉၁၅ |
| ကြေးနီ | ပေါင် | ၃၄၃. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၉၈၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဒီဇင်ဘာ ၃၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# အစိုးရဘဏ်ဝန်ထမ်းဟောင်းအချို့ကို ပုဂ္ဂလိကဘဏ်များက အကျိုးခံစားခွင့်များ ပေး၍ခေါ်ယူ

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

အရည်အချင်းရှိပြီး ကျန်းမာသန်စွမ်းသော အစိုးရဘဏ်များ၏ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဟောင်းများအား ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက လစာနှင့် အကျိုးခံစားခွင့်များစွာ ပေးကာ အပြိုင်အဆိုင် ခန့်အပ်ထားမှုများ ရှိနေကြောင်း ကာယကံရှင်များက ပြောသည်။

"တချို့ဆိုနေစရာတိုက်ခန်း၊ စီးစရာကားနဲ့ လခအဆများစွာ ပေးနေတာ"ဟု နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer Licence)ဖြင့် လုပ်ငန်းစတင်တော့မည့် ဘဏ်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသော အစိုးရဘဏ်ဝန်ထမ်းဟောင်းတစ်ဦးကပြောသည်။

အဆိုပါ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားရေးကို ဘဏ်ခြောက်ခုဖြစ်သော ကမ္ဘောဇဘဏ်၊ အင်းဝဘဏ်၊ မြဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့အရှေ့တိုင်းဘဏ်နှင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်တို့ရရှိထားသည်။

အထက်ပါ လုပ်ငန်းမျိုးမှာ ၂၀၀၃ ခုနှစ်မတိုင်မီက ပုဂ္ဂလိကဘဏ်တစ်ခုရရှိရန် ကြိုးပမ်းခဲ့ဖူးသော်လည်း ယနေ့တိုင် ပုဂ္ဂလိကက လုပ်ဆောင်ဖူးခြင်း မရှိသေး၍ ကျွမ်းကျင်ဝန်ထမ်းမရှိဘဲ နည်းပါးနေသည်ဟုဆိုသည်။ ထို့ကြောင့် ယခင်နှစ်ပေါင်းများစွာ အစိုးရအသီးသီး၏ ဘဏ်များတွင် နိုင်ငံခြားငွေ ကိုင်တွယ်လုပ်ဆောင်ခဲ့ဖူးသော အတွေ့အကြုံရှိဝန်ထမ်းဟောင်းများကို ခေါ်ယူနေရခြင်းဖြစ်သည်။

ယခင်က မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်(MICB)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(CBM)များကသာ နိုင်ငံခြားသုံးငွေကို တရားဝင်လုပ်ကိုင်ခွင့်ရခဲ့သည်။

ထို့ကြောင့် အထက်ပါဘဏ်များက အရည်အချင်းရှိပြီး ကျန်းမာသန်စွမ်းသော အငြိမ်းစားဝန်ထမ်းများအား လစာနှင့် အကျိုးခံစားခွင့်များစွာပေး၍ အပြိုင်အဆိုင် ဝန်ထမ်းခန့်ထားနေကြရသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် သိမ်ဖြူနိုင်ငံခြားငွေလဲကောင်တာကို ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်မှ စတင်ကာ အထက်ပါပုဂ္ဂလိကဘဏ်ခြောက်ခုအား နိုင်ငံခြားငွေလဲကောင်တာ ၅၀ စတင်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ အလိုအလျောက်ငွေထုတ်စက်(ATM)ကိုလည်း သုံးစွဲခွင့်ရရှိထားကြသည်။ အခြားသောပုဂ္ဂလိကဘဏ်များကိုလည်း ငွေလဲကောင်တာများ ဆက်လက်ခွင့်ပြုခဲ့သည်။

နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ရထားသော ဘဏ်ခြောက်ဘဏ်မှာ အထက်ပါငွေလဲကောင်တာအပြင် ပြည်ပနိုင်ငံများနှင့် အွန်လိုင်းဖြင့် ချိတ်ဆက်ကာ အလုပ်လုပ်နိုင်ရေးနှင့် နိုင်ငံခြားငွေကြေးကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ ထပ်မံခေါ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

# မူဆယ်–ရန်ကုန် တန်ဆာခပြုတ်ကျ



**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

တရုတ်နိုင်ငံမှ သွင်းကုန်ဝင်ရောက်မှုနည်းပါးနေခြင်းကြောင့် မူဆယ်-ရန်ကုန်ကုန်စည်ပို့ဆောင်ခတစ်တန်လျှင် ကျပ် ၄၀,၀၀၀ ကျော် ဈေးနှုန်းကျဆင်းလာကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

တရုတ်ငွေဈေးသည် ယခုရက်ပိုင်းတွင် မြန်မာငွေကျပ် ၁,၀၀၀ လျှင် ၇ ဒသမ ၉၁ ယွမ်ထိ မြင့်တက်လာသည့်အတွက် သွင်းကုန်သမားများ လျော့သွားခြင်းဖြစ်ပြီး ယခင်လများက ကျပ် ၁,၀၀၀ လျှင် ၈ ဒသမ ၃ ယွမ်ထိရှိခဲ့ကြောင်း မူဆယ်မှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ကားတွေက ဝင်းထဲမှာ ပုံနေတာပဲ။ အဆင်းကုန်မရတော့ သောင်တင်နေတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လက်ရှိတရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်မှ မြန်မာ့ပို့ကုန်များ တင်ပို့မှုတွင် ပြောင်းမှာအများဆုံးဖြစ်ပြီး တစ်ရက်လျှင် ကားအစီးရေ ၂၀၀ ကျော်တင်ပို့လျက်ရှိသည်။ ဖရဲ၊ သခွားမွေးနှင့် ပဲတီစိမ်းတို့မှာ တင်ပို့မှုလျော့နည်းနေကြောင်း သိရသည်။ ထို့အပြင် တရုတ်နိုင်ငံဘက်မှ တင်သွင်းနေသည့် သစ်သီးဝလံများမှာလည်း ပြည်တွင်းသို့ဝင်ရောက်မှုနည်းနေကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"ကုန်အဝင်နည်းတော့ တန်ဆာခ ခဏပြန်ကျသွားတာ နှစ်ပတ်၊ သုံးပတ်ရှိပြီ"ဟု ဘုရင့်နောင်ဈေးရှိ ရန်ကုန်-မူဆယ်ကုန်စည်ပို့ဆောင်ရေးဂိတ်မှ ပိုင်ရှင်တစ်ဦးက ရှင်းပြသည်။

လက်ရှိ ရန်ကုန်-မူဆယ် ကုန်စည်ပို့ဆောင်ခသည်တစ်တန်လျှင်ကျပ် ၁၀၀,၀၀၀ ဝန်းကျင်သာရှိသည်။ ဒီဇင်ဘာလဆန်းပိုင်းက တစ်တန်လျှင်ကျပ် ၁၄၀,၀၀၀ ဝန်းကျင်ရှိခဲ့သည်။ ယင်းကဲ့သို့ပင် ရန်ကုန်၊ မန္တလေး ကုန်စည်ပို့ဆောင်ခမှာလည်း တစ်တန်လျှင် ကျပ် ၄၀,၀၀၀ ဝန်းကျင်သာရှိကြောင်း အဆိုပါဂိတ်ပိုင်ရှင်က ဆိုသည်။



7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

## ဗဟိုသမဝါယမလီမိတက်က ရရန် ကျန်ရှိကြွေးဆုံးငွေများအား လျှော်ပစ်

**နေလင်းအောင်၊ ကျော်သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

ဗဟိုသမဝါယမအသင်းလီမိတက်မှ ရရန်ရှိသော ကြွေးဆုံးလျာထားငွေကျပ် ၇၆ ဒသမ ၇၂ သန်းမှ ခုနှိမ်၍ စာရင်းမှ ပယ်ဖျက်ခွင့်အား ဗဟိုသမဝါယမအသင်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ဗဟိုသမဝါယမအသင်း အမှုဆောင်ဟောင်း ဦးလှမြင့်ထံမှ ရရှိရန် ငွေကျပ် ၄၂ ဒသမ ၁၅၅ သန်းနှင့်လှည်းကူးမြို့နယ်စေတနာ့အားမာန် လယ်ယာသမဝါယမအသင်းမှ ရရန်ငွေကျပ် ၀ ဒသမ ၃၂ သန်းအား ကြွေးဆုံးလျာထားငွေကျပ် ၇၆ ဒသမ ၇၂ သန်းမှ ခုနှိမ်ခဲ့သည်။

အမှုဆောင်ဟောင်း ဦးလှမြင့်၏ ရရန်ငွေများအား ၁၉၉၄ ခုနှစ်တွင် သမဝါယမဝန်ကြီးဌာနမှ ဦးစီးအရာရှိတစ်ဦးအား ကိုယ်စားလှယ်ထား၍ တရားစွဲဆိုခဲ့ပြီး ထိုမှရရန်ငွေကျပ်၄၂ဒသမ၁၅၅ သန်းအား ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် စာရင်းမှပျယ်ဖျက်ခွင့်အား အတည်ပြုနိုင်ခဲ့သည်။

ဗဟိုသမဝါယမ အသင်းလီမိတက်၏ မတ် ၃၁၊ ၂၀၁၁ ရှိ လက်ကျန်ရှင်းတမ်းပါအထွေထွေမြီစား ခေါင်းစဉ်အောက်ရှိ အမှုဆောင်ဟောင်းဦးလှမြင့်အမှုများမှ ရရန်ငွေကျပ် ၄၂ ဒသမ ၁၅၅ သန်းနှင့် လှည်းကူးမြို့နယ် စေတနာ့အားမာန် လယ်ယာသမဝါယမအသင်းမှ ရရန်ငွေကျပ် ၀ ဒသမ ၃၂ သန်းကို ကြွေးဆုံးလျာထားငွေကျပ် ၇၆ ဒသမ ၇၂ သန်းမှ ခုနှိမ်၍ စာရင်းမှ ပယ်ဖျက်ခွင့်ပြုပါရန် တင်ပြခဲ့သည်။ လက်ကျန်ရှင်းတမ်းတွင် စာရင်းညှိဖော်ပြထားသော ကုန်ပစ္စည်းလျော့ပျက်တန်ဖိုးကျပ် ၀ ဒသမ ၂၉၉ သန်းနှင့်တရားရုံးဆုံးဖြတ်ချက်များမှ ကြွေးဆုံးငွေကျပ် ၅၇ ဒသမ ၆၉၃ သန်းကို စာရင်းမှ ပယ်ဖျက်ခွင့်အား ဒီဇင်ဘာ ၂၄ ရက်တွင် ပြုလုပ်သော အစည်းအဝေး၌ အတည်ပြုနိုင်ခဲ့သည်။



## ညှော်သည်များကို ပုဂံညဈေးသစ်သို့ ပို့ဆောင်ပေးရန်တိုက်တွန်း

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၉**

မကြာသေးမီက ညဈေးဖွင့်ရန် ပုဂံမြို့၊ ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းတည်ဆောက်ထားသော ဆိုင်ခန်းများသို့ ညှော်သည်များကို ပို့ဆောင်ပေးရန် ညှော်လမ်းညွှန်များအား သက်ဆိုင်ရာကခေါ်ယူပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

"အတင်းအကျပ်ကြီး ပို့ပေးဖို့ပြောတာတော့မဟုတ်ပါဘူး"ဟု ပုဂံဒေသခံညှော်လမ်းညွှန်တစ်ဦးကပြောသည်။

အဆိုပါဆိုင်ခန်းများအား ၂၀၁၁ နိုဝင်ဘာလကုန်ခါနီးမှ စတင်ဖွင့်လှစ်ခဲ့ပြီး တစ်လလျှင် ကျပ်သုံးသောင်းဖြင့် ငှားရမ်းရကြောင်း ပုဂံဒေသခံတစ်ဦးကပြောသည်။

"အဲဒီနေရာကို သွားဖို့က ကားထပ်ငှားရတယ်။ ဟိုတယ်တွေနဲ့မနီးဘူး၊ ကားထပ်ငှားရရင် ပိုက်ဆံပိုကုန်တယ်။ မြို့သစ်မှာဆိုရင် ပို့ပေးလို့ရတယ်"ဟု ရန်ကုန်ရှိ ဂျာမန်ညှော်လမ်းညွှန်တစ်ဦးက ပြောသည်။

ယခု ညဈေးတည်ဆောက်ထားသောနေရာသည် ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း တည်ရှိပြီး ၁၉၉၀ ပြည့်နှစ်က ထိုနေရာတွင် နေထိုင်သူများအား ပုဂံမြို့သစ်သို့ ရွှေ့ပြောင်းပေးခဲ့သည်။




## ဗဟိုသမဝါယမအသင်း အစုထည့်ဝင်ငွေ ကျပ်သန်းပေါင်း ငါးရာကျော်ပြီဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

ဗဟိုသမဝါယမအသင်းတွင် ယခုနှစ်အထိ အစုထည့်ဝင်ငွေကျပ်သန်းပေါင်း ၅၈၀ ဒသမ ၉၁ ထိ တိုးတက်လာကြောင်း ဥက္ကဋ္ဌဦးခင်မောင်အေးက ထုတ်ဖော်ပြောကြားသည်။

ဗဟိုသမဝါယမအသင်းသည် သမဝါယမအသင်းစုများ၊ အသင်းစုချုပ်များနှင့် ပါဝင်ဖွဲ့စည်းထားသော အသင်းတစ်ခုဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဗဟိုသမဝါယမအသင်း၌ အသင်းဝင်ဦးရေ ၁၆၇ သင်းသာရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အသင်းဝင်စုစုပေါင်း ၄၄၂ အသင်းထိ တိုးတက်လာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အစုထည့်ဝင်ငွေ ကျပ်သန်းပေါင်း ၃၉ ဒသမ ၀၆ သန်းသာရှိခဲ့ပြီး ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် အစုထည့်ဝင်ငွေကျပ် သန်းပေါင်း ၅၈၀ ဒသမ ၉၁ သန်း ထိ တိုးတက်လာခဲ့သည်။

၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းရရှိသော ဝင်ငွေများမှ အသင်းဝင်များအတွက် အစုခွဲဝေပေးပေးခြင်း၊ အချိန်ပြည့်ဒါရိုက်တာများ၊ အချိန်ပိုင်း ဒါရိုက်တာများ၊ ဗဟိုသမဝါယမ အသင်းဝန်ထမ်းများအား ကြိုးပမ်းဆောင်ရွက်ခ ခွဲဝေပေးခြင်းများ ပြုလုပ်နိုင်ခဲ့သည့်အပြင် အလှူအတန်းရန်ပုံငွေများကိုလည်း ထူထောင်သုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။

7DAY BOOK REVIEW

## ခင်ဦး၏ ခင်ဦး (ယုဝတီခင်ဦး)




အများအကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သော ယုဝတီခင်ဦး(ဆရာဝန်မကြီး ဒေါ်လှလှရီ)၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်ဖွား ယုဝတီခင်ဦးသည် ယခုဆိုလျှင် အသက်၈၀ကျော်ခဲ့ပြီဖြစ်သည်။ယခုစာအုပ်တွင် သူမမွေးဖွားသည်မှ ၈၀အရွယ်ထိကြုံတွေ့ဖြတ်သန်းမှုများကို ဖတ်ရှုရပါမည်။

စာအုပ်တွင် ဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခဒေါ်ကြူကြူဆွေ၊ ဒေါက်တာလှကြည်နှင့် ဒေါက်တာကံညွန့်တို့၏ အမှာစကားများကို ဦးစွာဖတ်ရှုရမည် ဖြစ်သည်။ ယုဝတီခင်ဦး၏ ငယ်စဉ်ဘဝ၊ ဆေးပညာသင်ကာလ၊ ကလေးအာဟာရ ပျိုးထောင်ယူနစ်၊ မိခင်နှင့် ကလေးကျန်းမာရေးပညာစံနမူနာ၊ သံသရာအတွက် အလှူရေစက်၊ မွန်းတည့်ချိန်ပေ ဘဝနွေ၊ ဖူးမြော်ခဲ့ရာ ဗုဒ္ဓဂါယာနှင့် တစ်ခါက အင်လျားဆောင်သူ ဘဝ၊ တိမ်တောက်ချိန်ခါဘဝဆည်းဆာ အခန်းကဏ္ဍတို့သည် စာရေးသူ ယုဝတီခင်ဦး၏ ဘဝကို ညွှန်းဆိုဖော်ပြနေသည်။

လူပုဂ္ဂိုလ်တစ်ဦး၏ ပုဂ္ဂလိကဘဝကိုဖွင့်ဆိုပြဋ္ဌာန်းသော စာအုပ်တစ်အုပ်ဟု အကြမ်းဖျင်းဆိုနိုင်သော်ငြား မျိုးဆက်များစွာနှင့် ခေတ်များစွာကိုဖြတ်သန်းခဲ့သော ယုဝတီခင်ဦး၏ ဘဝလှုပ်ရှားမှုများသည် ဆရာဝန်ကောင်း၊ သားသမီးရတနာကောင်းဖြစ်လိုသူများ အတွက် အကျိုးသက်ရောက်မှုရှိမည့် စာအုပ်တစ်အုပ်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် ဘဝတစ်သက်တာလုံး တစ်စိုက်မတ်မတ် ဆောင်ရွက်လုပ်ကိုင်ခဲ့သော မိခင်နှင့် ကလေးအာဟာရကျန်းမာရေး အတွက် မည်သို့မည်ပုံ ဆောင်ရွက်ခဲ့သည်များကို ဖတ်ရှုရပါသည်။

'ဒေါက်တာရီရီလှသည် ယုဝတီဘွဲ့ကို အသက် ၁၈ နှစ်တွင် ရရှိခဲ့သည်ဖြစ်၍ ယုဝတီခင်ဦးဖြစ်လာခဲ့သည်မှာ ၆၄ နှစ်ရှိပါပြီ။ အသက် ၁၄ နှစ်မှစပြီး စာပေရေးသားခဲ့ရာ ဒီးဒုတ်ဂျာနယ်၊ တိုင်းရင်းမေ၊ ဂျာနယ်ကျော်၊ ယုဝတီတို့တွင် ရေးသားခဲ့သည်မှ အစပြုလျှင် စာရေးဆရာသက်အနေနှင့် ၆၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ဆရာဝန်တစ်ဦးအနေဖြင့်လည်း ရင်သွေးပေါင်းများစွာ၏ အသက်ကို ကယ်ဆယ်ခွင့်ရခဲ့ပြီး ကလေးမိခင်၊ ဖခင်တို့၏ မိသားစုဘဝတိုးတက်ရေး၊ အာဟာရနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်းအာဟာရပျိုးထောင်ယူနစ်ကို စတင်တည်ထောင်နိုင်ခဲ့ခြင်းအတွက် အသက်ရှင်သန်နေသမျှကာလပတ်လုံးဂုဏ်ယူစွာမေ့ပျောက်နိုင်တော့မည် မဟုတ်ပါ။

မိမိဘဝခရီးတစ်လျှောက်တွင် စာရေးဆရာ ဆရာဝန်ဖြစ်ခဲ့ရသော ဘဝ၊ တွေ့ကြုံဆုံကွဲရသည့်ဘဝ၊ ပျိုရာမှ အို၊ အိုပါသော်လည်း အံကိုခဲ၍ မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံအတွက် သမီးကောင်းရတနာတစ်ဦးဖြစ်အောင်ကြိုးစားနေခဲ့သည်။ သမီးကောင်းဘဝ၊ ဇနီးကောင်းဘဝ၊ သားကောင်းမိခင်ဘဝ၊ တပည့်ကောင်းတို့ကို မြေတောင်မြှောက် ပျိုးထောင်မွေးထုတ်နိုင်ခဲ့သော ဆရာကောင်းဘဝ၊ ဆရာကောင်းတို့၏ တပည့်ကောင်းဘဝ၊မိတ်ဆွေတို့အတွက် မိတ်ဆွေကောင်းဘဝ၊ မကျန်းမာသူတို့အတွက်သမားတော်ကောင်းဘဝ စသည်ဖြင့် ဖွဲ့နပဲဖြင့် ဆောင်ရွက်ခဲ့သည်။

အမှန်စင်စစ် မည်သည့်အလုပ်ကိုမဆို မေတ္တာသည်သာ အရင်းခံဖြစ်ပါသည်။ "မေတ္တာဟူသည် ကြင်နာခြင်း၊ ချစ်ခင်ခြင်း၊ မျှတခြင်း၊ညှာတာခြင်း၊ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်း၊ ပြေပြစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ အနစ်နာခံခြင်းနှင့် စွန့်လွှတ်ခြင်းတို့ကို သန္ဓေတည်စေတာပင် ဖြစ်သည်" ဟု တံ့တေးဆရာတော် အရှင်ဣန္ဒကာ၏ မေတ္တာစာကို အခြေတည်၍ ဆောင်ရွက်ခဲ့သည်တို့မှ ခံစားစရာ၊ တမ်းတစရာ၊ ကြည်မွေ့စရာလေးတွေ၊ ဝမ်းသာဝမ်းနည်းစရာ ဖြစ်စရာကလေးတွေဖြင့် ဘဝခရီးကို လျှောက်လှမ်းခဲ့ရပါသည်'ဟု ယုဝတီခင်ဦးက စာအုပ်တစ်နေရာတွင် ရေးသားထားသည်။

ဆရာဝန်ကောင်းတစ်ဦးဖြစ်ဖို့ ထားသင့်သည့် စိတ်ဓာတ်၊ လူတော်လူကောင်းတစ်ယောက်ဖြစ်အောင် လိုက်နာရမည့် လူ့ကျင့်ဝတ်တွေကိုလည်း ဤစာအုပ်မှာ ဖတ်ရှုရမည်ဖြစ်ပါသည်ဟု ပါမောက္ခဒေါက်တာကံညွန့်၏ အမှာစာတွင် လည်းရေးသားထားသည်။ သင်းစာပေက တန်ဖိုး ၄,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ပို့စ်ကတ်တွေရဲ့ ရာဇဝင်ကို သိလား

ပို့စ်ကတ်ဟူသည် တံဆိပ်ခေါင်းကပ်စရာမလိုဘဲစာတိုရေးသားပေးပို့နိုင်သည့် ကတ်ပြားထူထူလေးတစ်ခုပင်ဖြစ်သည်။ အစောပိုင်းကာလကထုတ်လုပ်ခဲ့သည့် ရုပ်ပုံပါပို့စ်ကတ်များမှာ တစ်ပဲနီတန်အနက်ရောင် တံဆိပ်တုံးရိုက်နှိပ်ထားသည့် ပန်းချီရေးဆွဲထားသောကတ်များဖြစ်ပြီး ၁၈၄၀ ခုနှစ် က လန်ဒန်တွင် စာရေးဆရာသီရိုဒေါ်ဟုခ်သည် စာတိုက်လုပ်သားများ၏ ရုပ်ပြောင်ပုံများရေးဆွဲကာ စာပို့လုပ်ငန်းကိုအပြောင်အပြက်ပြုလုပ်သည့် သဘောဖြင့်ကိုယ့်လိပ်စာကိုပြန်ပို့စေခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ရုပ်ပုံပါသည့်၊ မပါသည့်ပို့စ်ကတ်များမှာ ၁၈၄၈ ခုနှစ်တွင်ထွက်ပေါ် လာခဲ့သည်။ ပန်းချီရေးဆွဲခြင်းမဟုတ်ဘဲ မျက်နှာပြင်တစ်ဖက်တွင် ရုပ်ပုံရိုက်နှိပ်ထားသည့် ပထမဆုံးပို့စ်ကတ်များမှာ ၁၈၇၀တွင် ပြင်သစ်နိုင်ငံတွင်ထုတ်ဝေခဲ့သည်။

နှစ်ကာလရှည်ဖြတ်သန်းလာသည့်တစ်လျှောက် နိုင်ငံအလိုက် သဘာဝရှုခင်း၊ အထင်ကရနေရာများ၊ လူရုပ်ပုံများ၊ ဓာတ်ပုံများ၊ ပန်းချီပုံများစသည်တို့ကိုပို့စ်ကတ်ရိုက်နှိပ်ထုတ်ဝေလာခဲ့ကြသည်။ ယနေ့ခေတ်တွင်လည်း မည်သည့်နေရာဒေသကိုရောက်သည်ဖြစ်စေ၊ အဆိုပါနေရာကိုအမှတ်တရဖြစ်စေနိုင်သည့်ပို့စ်ကတ်ဈေးကွက်သည်လည်း နေရာယူထားဆဲပင်ဖြစ်သည်။ —*Source:wikipedia.com*

## တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၄ ရက် မှ ၁၀ ရက် အထိ

စံဇာကျော်ဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မိသားစုတွင် သားချင်းများနှင့် ပိုင်ဆိုင်မှုကိစ္စအတွက် စကားပြောရမည်။ အမွေအနှစ်ဆန်ဆန်စကားများ ပြောရမည်။ စီးပွားတိုးတက်မည်။ လုပ်ငန်းအဆင်ပြေမည်။ ပညာလိုလားသူများ ထူးခြားစွာ တိုးတက်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ မြှုပ်နှံထားသည့် ငွေကြေးများမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ နာမည်ကောင်းရခြင်း ကောင်းသောသတင်းကျော်ကြားမှုများရှိမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မိမိအပေါ် မကောင်းကြံဒုက္ခပေးနေသည့် ရန်သူကိုအောင်နိုင်သည့်ကာလဖြစ်သည်။ အခက်အခဲများကို ဖြေရှင်းနိုင်လိမ့်မည်။ ပညာလုပ်ငန်းတွဲဖက်ဆောင်ရွက်နေသူများ အလိုရှိရာ အောင်မြင်မည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများတွင် အခက်အခဲကြားမှ အဆင်ပြေမည်။ လျှို့ဝှက်ရန်သူရှိမည်။ ရိုးရိုးရှင်းရှင်းနှင့် အရာရာအဆင်ပြေမည်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

ရန်အနှောင့်အယှက်များနှင့် ယှဉ်နေရမည်။ ပြဿနာတစ်မျိုးပြီးတစ်မျိုးဖြေရှင်းနေရမည်။ ကိုယ်မပြောသော စကားများပြောသည့်အလား မလုပ်သည့်ကိစ္စများလုပ်သည့်အလား အထင်မှားခြင်းများကြုံမည်။ ဖြစ်လာသော ပြဿနာများ ချက်ချင်းဖြေရှင်းပါ။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို အထူးသုံးသပ်ပြီးမှ ဆောင်ရွက်ပါ။ အရာရာတစ်ကြိမ်မကစဉ်းစားပြီးမှ ဆုံးဖြတ်ခြင်းပြုပါ။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

တစ်ပိုင်းတစ်စဖြစ်နေသည့် ကိစ္စများအား ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ယုံကြည်အားထားပြီး ဆောင်ရွက်လိုက်သည့် ကိစ္စများတွင် တွဲဖက်လုပ်သောသူများနှင့် လမ်းခွဲရမည်။ လူသစ်နှင့် ဆက်ဆံရမည်။ အလွယ်တကူ ပြောလိုက်သော ကိစ္စများအပေါ် တာဝန်ယူရခြင်းများရှိမည်။ အဆင့်မရှိသော အမျိုးသမီး တစ်ဦးကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ကျန်းမာရေးအနည်းငယ်အညံ့ရှိသည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကာလအတန်ကြာဖြစ်ပေါ်ခဲ့သော ပြဿနာများကို အသစ်သဖွယ် ပြန်လည်ဖြေရှင်းရမည်။ မိမိကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ပါဝင်ပတ်သက်ဖြေရှင်းရမည်။ တစ်ခုထက်မကသော လုပ်ငန်းများကို လုပ်ကိုင်ရင်းစိတ်ပင်ပန်းမှုကြုံမည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ မယုံသင်္ကာစိတ်များခြင်းတို့ အထင်အမြင်သေးတတ်ခြင်းစသည့်စရိုက်ရှိသူများနှင့် ပေါင်းဖက်ရင်း မိမိတွင် ပြဿနာဖြစ်ခြင်း၊ လူမုန်းများခြင်းကြုံမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရည်းမှန်းချက်များနှင့် စိတ်ကူးမှန်းဆထားသည်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ ရည်မှန်းချက်တူသောသူများနှင့် ပူးပေါင်း၍ တိုးတက်မှုသစ်များ ရရှိမည်။ ရုတ်တရက်ဆုံးဖြတ်ဆောင်ရွက်ထားသည်များမှ အကျိုးကောင်းရမည်။ မိမိအပေါ် ဒုက္ခပေးသူများ၏ ဘေးရန်မှ ကင်းလွတ်မည်။ ကံကြောင့် ငွေဝင်မည်။ ကြိုးစားထားသည်များမှ အကျိုးအမြတ်ရမည်။ မြှုပ်နှံထားသည်များမှ အကျိုးအမြတ်ရမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရာရာတလွဲတချော်ဖြစ်ပြီးမှ အဆင်ပြေမည်။ ချောမွေ့ခြင်းမရှိ ရန်အပြိုင်အတိုက်အခံများကြားမှ အလိုရှိရာ ဆောင်ရွက်မည်။ လမ်းရိုးအတိုင်းလုပ်၍ မရ။ ပုံစံသစ်ထွင်ပြီး ဆောင်ရွက်၍ အကျိုးရှိမည်။ အာမခံမှားတတ်သည်။ ငွေဝင်ကောင်းသော်လည်း ငွေမမြဲ။ အပျောက်အရှုများမည်။ သူတစ်ပါးအပေါ် ယုံစား၍ မရ။ မိသားစုအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။ မိတ်ဆွေများနှင့် ပူးပေါင်းရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရန်များမည်။ အနှောင့်အယှက်များကြုံမည်။ သူတစ်ပါးအပေါ် ယုံကြည်အားကိုး၍ မရ။ အနီးကပ် သစ္စာဖောက်သူများနှင့် တွေ့တတ်သည်။ စကားအမျိုးမျိုးပြောပြီး ကတိဖျက်သောသူများနှင့် တွေ့တတ်သည်။ ဆောင်ရွက်နေသော ကိစ္စများအားလုံး အဆုံးသတ်ခါနီးတိုင်း ပြဿနာအခက်အခဲနှင့် ကြုံမည်။ ရည်မှန်းထားခြင်းမရှိသော ခရီးကိစ္စများ သွားရောက်ရမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလိုရှိရာ ပြည့်စုံမည်။ စိတ်ကူးထားသည်များအောင်မြင်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ အရွေးရခက်အောင်အခွင့်အရေး ၂ မျိုးပေါ်မည်။ လက်လွှန်ထားသော ငွေကြေးများပြန်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ငယ်ရွယ်သောသူများ စန်းပွင့်မည်။ အိမ်တွင် အလှူမင်္ဂလာကိစ္စများကြုံမည်။ စုပေါင်းလုပ်သော ကိစ္စများမှ ကောင်းသော အကျိုးအမြတ်ရမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

နာမည်ဂုဏ်သတင်းကြီးမြင့်၍ ကောင်းသောကျော်ကြားမှုအောင်မြင်မှုအဆင့်ဆင့်ရရှိမည်။ ပင်ကိုယ်အားဖြင့် ကျော်ကြားမှုကို မလိုလားဘဲ ထင်ရာမြင်ရာဖြစ်လိုရာဆန္ဒများကို ဦးစားပေး၍ လုပ်တတ်သည်။ စီးပွားတက်မည်။ လာဘ်ပွင့်မည်။ မိမိအပေါ် မနာလိုသောသူပေါ်မည်။ ငွေကြေးကိစ္စကြားဝင်တာဝန်ယူခြင်း အာမခံခြင်းမပြုရ။ ကိုယ်ရေးကိုယ်တာကိစ္စများဦးစားပေးပါ။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အကြံအစည်အောင်မြင်ခြင်း၊ ဘဝတိုးတက်ခြင်း၊ ရည်ရွယ်ချက်ကောင်းမြင်ခြင်းရှိမည်။ ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ထားသည်များမှ တိုးတက်မည်။ လုပ်ငန်းခွင်မှ သူများအလုပ်အဆင့်၊ ရာထူးအဆင့်တိုးတက်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ အခွင့်အရေးကောင်းရမည်။ ဂုဏ်သတင်းတိုးပွားမည်။ နာမည်ကျော်ကြားသူများနှင့် တွေ့မည်။ မေတ္တာရေးအလွန်အဆင်ပြေမည်။ အချစ်ရေးကံကောင်းမည်။ ပညာကံကောင်းမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ပြဿနာများမည်မျှဖြစ်စေ အဆုံးပိုင်းတွင် မိမိဘက်မှ အနိုင်ရကိန်းကြုံမည်။ သူတစ်ပါး၏ လေးစားမှု ခံယူရမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ အပင်ပန်းခံရကျိုးနပ်မည်။ ပြဿနာများနှင့် ထိပ်တိုက်တွေ့တတ်သည်။ သူတစ်ပါးကြိုတင်မမှန်းဆနိုင်သည့် ရှုထောင့်မှ လုပ်ကိုင်ရင်း အောင်မြင်မှုရမည်။ တစ်ခုထက်ပိုသော လုပ်ငန်းများမနိုင်မနင်းဖြစ်ရသော်လည်း အဆုံးတွင် အောင်မြင်သွားမည်။

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# အမေရိကန်၏ အင်ပါယာစိတ်ဓာတ်

**ကြည်နေဝင်းမင်း**



ဝါရှင်တန်ဟာ တစ်ကမ္ဘာလုံးမှာ သူ့ရဲ့ လွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားဖို့နဲ့စစ်အသုံးစရိတ်တွေ အလွန်အကျွံသုံးစွဲဖို့အတွက် 'တရုတ်ခြိမ်းခြောက်မှု' ဆိုတာကိုအသုံးချပါတယ်။ ထိန်းချုပ်မှုနဲ့ ထိတွေ့ဆက်ဆံမှုကို ပေါင်းစပ်ပြီး ရှုပ်ထွေးတဲ့မူဝါဒကို အမေရိကန်က တရုတ်နိုင်ငံအပေါ် ပိုမိုကျင့်သုံးလာခဲ့ပါတယ်။ အမေရိကန်ဟာ ကုန်သွယ်ရေးအကျိုးအမြတ်နဲ့ သူ့ရဲ့ နိုင်ငံတကာအစီအစဉ်တွေကို ထောက်ခံမှုအလိုရှိတယ်။ ဒါပေမဲ့လည်း ပိုပြီးချမ်းသာလာပြီး သူ့အကျိုးစီးပွားအတွက် ပိုပြီးလေသံမာလာတဲ့ ဘေဂျင်းကို ကြောက်ရွံ့ပါတယ်။ ရလဒ်ကတော့ ဝါရှင်တန်ကနေ ထုံးစံအတိုင်း ရှေ့နောက်မညီညွတ်မှုဆိုတာထက်ပိုပါတယ်။

ပုံမှန်ဆိုရင် ရင်းနှီးကျွမ်းဝင်နေတဲ့နိုင်ငံတွေကြားမှာ သဘောထားမတိုက်ဆိုင်မှုတွေဖြစ်ပေါ်တာဟာမဆန်းပါဘူး။ အမေရိကန်နဲ့ဥရောပနိုင်ငံတွေကြားက ဆက်ဆံရေးကိုကြည့်လိုက်ပါ။ ဒါပေမဲ့လည်း အဲဒီ အတ္တလန်တစ်ဖြတ်ကျော်ဆက်ဆံရေးက ပူးပေါင်းဆောင်ရွက်မှုမှာ အခြေတည်ထားပါတယ်။ စစ်ရေးယှဉ်ပြိုင်မှုမရှိပါဘူး။ ဥရောပနိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ပြီး စစ်တပ်ချထားတာတွေမရှိပါဘူး။ ဥရောပရဲ့ စစ်ရေးခြိမ်းခြောက်မှုအပေါ် ပင်တဂွန်ရဲ့ အစီရင်ခံစာတွေမရှိပါဘူး။

တရုတ်နိုင်ငံရဲ့ လုံခြုံရေးမူဝါဒနဲ့ စစ်ရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ဝါရှင်တန်ရဲ့အမြင်ကတော့ကွဲပြားပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက တရုတ်စစ်ဘက်နဲ့ပတ်သက်ပြီး နှစ်စဉ်အစီရင်ခံစာထုတ်ပြန်ပါတယ်။ ဒီအစီရင်ခံစာထုတ်ပြန်တာကိုက တရုတ်နိုင်ငံဟာ စစ်ရေးအရခြိမ်းခြောက်လာနိုင်ခြေရှိတယ်လို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ နောက် အဲဒီအစီရင်ခံစာကလည်း အမေရိကန်နိုင်ငံရဲ့ ပိုပိုသာသာ စစ်ရေးအခင်းအကျင်းတွေကို ဆက်လက်ထိန်းသိမ်းဖို့ လိုအပ်ကြောင်း အထောက်အထားတွေကို မသိမသာရေးခြစ်သွားပါတယ်။

တပ်ဖွဲ့ဝင်တွေနဲ့ လက်နက်တွေအပေါ် ငွေကြေးဆက်လက်သုံးစွဲဖို့တင်မကဘဲ အမေရိကန်နဲ့ ဝေးကွာပြီး တရုတ်နိုင်ငံနဲ့နီးတဲ့ ဩစတြေးလျမှာ တပ်ဖွဲ့ဝင်တွေချထားရေးအတွက်ဖော်ပြထားပါတယ်။ နှစ်ပေါင်းများစွာပဲ အမေရိကန်ဟာ အာရှဒေသက ရန်သူလို့ထင်တဲ့လူတွေကိုရှာဖွေခဲ့ပါတယ်။ ပထမ-ဂျပန်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ(မြောက်ကိုရီးယား)၊ နောက် ရုရှား၊ အဲဒီအခြေအနေတွေနဲ့ လိုက်ဖက်အောင်လည်း မဟာမိတ်တွေထူထောင်ခဲ့ပါတယ်။ အခုဆိုရင်တော့ အဲဒီသုံးနိုင်ငံထဲမှာ တစ်နိုင်ငံက အနီးကပ်မဟာမိတ်၊ တစ်နိုင်ငံက ဆင်းဆင်းရဲရဲနိုင်ငံ၊ နောက်တစ်နိုင်ငံကတော့ ခြိမ်းခြောက်မှုမပြတော့ဘဲ အနောက်ဘက် ယိမ်းနေသူဖြစ်နေပြီ။ တကယ်တော့ လက်ရှိ မဟာမိတ်တွေကို ဆက်လက်ထိန်းသိမ်းထားရာမှာ ရည်ရွယ်ချက်တစ်ခုတည်းသာရှိပြီး အဲဒါကတော့တရုတ်နိုင်ငံကိုထိန်းချုပ်ရေးဖြစ်ပါတယ်။

ဟုတ်ပါတယ်။ ဒီလို ထင်ရှားတဲ့အချက်ဖြစ်တဲ့ အမေရိကန်ဟာ တရုတ်နဲ့ဖြစ်နိုင်ခြေစစ်ပွဲအတွက် ပြင်ဆင်နေတယ်ဆိုတာကို အမေရိကန်မူဝါဒသမားတွေက ငြင်းချက်ထုတ်ဖို့ တော်တော်လေးအားထုတ်ပါတယ်။ သို့ပေမဲ့လည်း အဲဒီလို အာမခံချက်တွေကို အလေး အနက်ယူလို့မဖြစ်ပါဘူး။ ဆင်ဟွာတက္ကသိုလ်က ဆွန်ဇီး ပြောသလိုပဲအမေရိကန်ဟာ(အမေရိကန်ရဲ့ လေယာဉ်တင်သင်္ဘောတွေနဲ့ ချူကလီးယား ရေငုပ်သင်္ဘောတွေ) မြောက်ကိုရီးယားကိုပဲ ပစ်မှတ်ထားနေတယ်လို့ ပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ပါဘူး။ မှန်ပါတယ်။ ပဋိပက္ခဖြစ်ဖို့ဆိုတာ ဝါရှင်တန်ရဲ့ ရည်မှန်းချက်မဟုတ်ပါဘူး။ အမေရိကန်ရဲ့ စစ်ရေးအင်အားကို ဘေဂျင်းက ဆက်လက်မှင်တက် အံ့ဩစေဖို့ပဲ မျှော်လင့်တာဖြစ်ပါတယ်။ ဒီလိုဆိုရင်တော့ အမေရိကန်အစိုးရ အဆက်ဆက်ဟာ သူ့ရဲ့စစ်ရေးအင်အားသာလွန်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး တရုတ်ရဲ့ လှုပ်ရှားမှုအလားအလာ ကိုကန့်သတ်ဖို့ရာ ငွေကြေးနဲ့ အရင်းအမြစ်အများအပြား သုံးစွဲနေတယ်လို့ အဓိပ္ပာယ်ရပါတယ်။

နည်းပညာနဲ့ စီးပွားရေးအကြီးအကျယ်သာလွန်တဲ့ နိုင်ငံတစ်နိုင်ငံအတွက် ဖြစ်သင့်တဲ့မဟာဗျူဟာပါပဲ။ သို့သော်လည်းပဲ ဝါရှင်တန်ဟာ သူ့ရဲ့ကြွေးရှင်တွေကတံခါးဝရောက်နေချိန်မှာပဲ ချေးထားတဲ့ပိုက်ဆံတွေနဲ့ ကိုယ့်ဟာကိုယ် သတ်မှတ်ထားတဲ့ အင်ပါယာကို ဆက်လက်ထိန်းသိမ်းထားဖို့ ကြိုးပမ်းနေတာပဲဖြစ်ပါတယ်။ အမျိုးသားကြွေးမြီ ကန်ဒေါ်လာ ၁၅ ထရီလီယံတင်ရှိနေပြီး အခြား မပေးရသေးတာတွေ၊ ပေးချေစရာတွေ အားလုံး စုစုပေါင်း ကန်ဒေါ်လာ ၂၀၀ ထရီလီယံလောက်ရှိနေချိန်မှာ အမေရိကန်ဟာ ဆက်လက်ပြီး ကမ္ဘာ့ပုလိပ်ကြီး လုပ်နေဖို့ရာမဖြစ်နိုင်တော့ပါဘူး။

ပိုပြီးကြီးမားတဲ့ပြဿနာကတော့ အမေရိကန်ရဲ့မူဝါဒကြောင့် ဘေဂျင်းမှာဖြစ်ပေါ်လာတဲ့တုံ့ပြန်မှုပဲဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးအတွက် ဘုံအကျိုးစီးပွားတွေကိုထိန်းသိမ်းပြီး မိတ်ဆွေတွေကို ကိုယ်ကျိုးစွန့်ပြီး ကာကွယ်နေတယ်လို့ အမေရိကန်ကရှုမြင်တာကို အမေရိကန်ဟာ ကိုယ့်အကျိုးစီးပွားတွေကို တစ်ကိုယ်ကောင်းဆန်ဆန်မြှင့်တင်ပြီး သူတို့ရဲ့ အမိမြေကိုခြိမ်းခြောက်နေတယ်လို့ တရုတ်နိုင်ငံက ရှုမြင်ပါတယ်။ အဲဒီအတွက် ထင်ရှားတဲ့တုံ့ပြန်မှုကတော့ စစ်ရေးတည်ဆောက်မှုပဲဖြစ်ပါတယ်။ ဒါဟာ ပင်တဂွန်က အမေရိကန်လွှတ်တော်ကို အသေးစိတ်တင်ပြထားတဲ့ အစီရင်ခံစာအတိုင်း ကွက်တိပါပဲ။

အင်အားချိန်ခွင်လျှာတဖြည်းဖြည်း ပြောင်းလဲလာတာကိုလည်း တင်ပြထားပါတယ်။ ဥပမာအားဖြင့် ပင်တဂွန်က သုံးသပ်ထားတဲ့ အထဲမှာ 'တရုတ်နိုင်ငံ၏ ခေတ်မီတပ်မတော်အား သံတမန်ရေး အသာစီးရစေရန်နှင့် အငြင်းပွားမှုများ ဖြေရှင်းရာတွင် ၎င်းဘက်အရေးသာအောင် လုပ်ဆောင်ရေး တရုတ်နိုင်ငံ၏ စွမ်းရည်ကို တိုးတက်စေသည့်နည်းလမ်းများတွင် အသုံးချနိုင်ပါသည်'လို့ပါရှိတယ်။ ဒီအချက်ဟာ မှန်ကန်တယ်ဆိုတာ ယုံမှားသံသယရှိစရာမလိုပါဘူး။ ဆိုတော့ ဘာဖြစ်လဲ။ ဝါရှင်တန်ဟာ သူ့ရဲ့ စိုးမိုးနိုင်လွန်းတဲ့စစ်ဘက်ကို ဒီနည်းအတိုင်း အပတ်စဉ်လိုလို အသုံးချနေတာပဲမဟုတ်လား။

အမေရိကန်ဟာ သူ့ရဲ့ စစ်ရေးလွှမ်းမိုးမှုကို ပစိဖိတ်ဆီကိုလည်း ဦးလှည့်လာခဲ့ပါတယ်။ သမ္မတဘားရက်အိုဘားမားက ဒါကို အတည်ပြုပေးခဲ့ပါတယ်။ အမေရိကန်ဟာ ပစိဖိတ်အင်အားကြီးနိုင်ငံဖြစ်ပါတယ်လို့ အိုဘားမားကပြောကြားရင်း တစ်ဆက်တည်းမှာပဲ "အမေရိကန်ကာကွယ်ရေး အသုံးစရိတ်တွေကို လျှော့ချတဲ့နေရာမှာ အာရှ-ပစိဖိတ်ဒေသကို အနစ်နာအဆုံးရှုံးခံပြီး လျှော့ချမှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံမှာလည်း လုံခြုံရေးအရ စိုးရိမ်သင့်တဲ့ပူပန်မှုတွေရှိပါတယ်။ ဆင်ဟွာသတင်းအေဂျင်စီက ခက်ခဲသောသမိုင်းကိုညွှန်ပြပါတယ်။ ၁၈၄၀ ပြည့်နှစ်ဘိန်းစစ်ပွဲကနေစပြီး ၁၉၄၉ကနေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ချိန်အထိ တရုတ်နိုင်ငံဟာ အကြိမ်ပေါင်း ၄၇၀ ကျော် ပင်လယ်ဘက်ကလာတဲ့ ကျူးကျော်မှုတွေနဲ့(လုံခြုံရေး) ချိုးဖောက်မှုတွေကိုခံစားခဲ့ရပါတယ်"ဟု ဆင်ဟွာက သုံးသပ်ထားပါတယ်။

ဩစတြေးလျမှာ အမေရိကန်တပ်ဖွဲ့တွေချထားတာဟာ ဟန်ပြလို့ဆိုပေမယ့်လည်း ခြိမ်းခြောက်မှုလို့ပဲ မြင်စရာရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂန်ရန်ရှန်းက "ဒါဟာ စစ်အေးစိတ်ဓာတ်ပေါက်ဖွားလာတာပဲလို့ ယုံကြည်ပါတယ်" လို့ဆိုပါတယ်။

ဘေဂျင်းရဲ့ စစ်ရေးအခင်းအကျင်းတွေနဲ့ဆက်စပ်ပြီး အမေရိကန်ဟာ ညည်းတွားပြောဆိုနေတာနဲ့ပတ်သက်လို့ ဆင်ဟွာရဲ့ သုံးသပ်ချက်တစ်ခုက ကျိုးကြောင်းဆီလျော်မှုမရှိတာမဟုတ်ပါဘူး။ "တရုတ်နိုင်ငံက လူအများအပြားအတွက်တော့ စစ်ရေးအသုံးစရိတ်ကန်ဒေါ်လာ ၇၀၀ ဘီလီယံနီးပါးရှိပြီး ၂၀၁၀ ပြည့်နှစ်အတွင်းမှာ ကမ္ဘာ့စစ်ရေးအသုံးစရိတ် စုစုပေါင်း ၄၀ ရာခိုင်နှုန်းကိုသုံးစွဲခဲ့တဲ့ ပင်တဂွန်ဟာ မကြာခဏဆိုသလို တရုတ်နိုင်ငံကိုပဲ လက်ညှိုးထိုးထိုးနေတာဟာ ထူးဆန်းနေပါတယ်" ဟူ၍. . .

တရုတ်ဆီသို့ ဝါရှင်တန်ရဲ့ ချဉ်းကပ်ပုံကို ပြောင်းလဲဖို့လိုပါတယ်။ အမေရိကန်ရဲ့ အရေးပါတဲ့ရည်မှန်းချက်ဟာ တရုတ်နိုင်ငံနဲ့ စစ်ရေးပဋိပက္ခရှောင်လွှဲရေးဖြစ်သင့်ပါတယ်။ လက်ရှိစူပါပါဝါနဲ့နောက်ထပ် စူပါပါဝါဖြစ်လာနိုင်ခြေရှိတဲ့နိုင်ငံကြီးများအကြား ပူးပေါင်းဆောင်ရွက်တဲ့ ဆက်ဆံရေးဒါမှမဟုတ် ထိပ်တိုက်ရင်ဆိုင်တဲ့ ဆက်ဆံရေးဖြစ်ပေါ်လာမလားဆိုတဲ့အပေါ် မူတည်ပြီး ၂၁ ရာစုရဲ့ သဘောသဘာဝ သိသိသာသာ ပြောင်းလဲသွားပါလိမ့်မယ်။ အိန္ဒိယနိုင်ငံဟာလည်း စူပါပါဝါလမ်းကြောင်းကို လိုက်နေလို့ အာရှ-ပစိဖိတ်ဒေသဟာဝင်ရိုးစုံချက်မဒေသ ဖြစ်လာနေပါတယ်။

*—Ref: US' empire state of mind; Xinhuanet*

**အောင်ချမ်းသာ**

ဆေးဝါးကျွမ်းကျင်/ သူနာပြုအကူသင်တန်း

[illegible]

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ... အောင်ချမ်းသာသို့ ကြွခဲ့ပါ။

အသင့်မြင့် ဆေးဝါးကျွမ်းကျင် နှင့် သူနာပြု အကူသင်တန်း [illegible] သင်ကြားပေးပါသည်။

အပတ်စဉ် (၁၂၀၄) - ၉ - ၁ - ၂၀၁၂(တစ်လပြတ်အထူးသင်တန်း)
(Mon to Fri) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 7:30 AM- 12:00 AM(၁၂)ဦး (ii) 9:00 AM-2:00 PM (၁၂)ဦး
(ii) 12:30PM- 5:00 PM (၁၂)ဦး

အပတ်စဉ် (၁၂၀၅) - ၁၀ - ၁ - ၂၀၁၂(နှစ်လပြတ်အထူးသင်တန်း)
(Mon to Thur) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 9: 00 AM - 12:00 AM (၁၂)ဦး (ii) 12:30 PM-3:30 PM(၁၂)ဦး

အပတ်စဉ် (၁၂၀၆) - ၁၄- ၁ - ၂၀၁၂(နှစ်လပြတ်အထူးသင်တန်း)
(Sat to Sun) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 7:30AM - 12:00 AM(၁၂)ဦး (ii) 9:00 AM-2:00 PM(၁၂)ဦး
(iii)12:30 PM-5:00 PM(၁၂)ဦး

အပတ်စဉ် (၁၂၀၇) - ၁၅- ၁ - ၂၀၁၂(သုံးလပြတ်အထူးသင်တန်း)
(Sunday only) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 9:00AM - 3:30 PM (၁၂)ဦး
အင်္ဂလိပ်စာ Basic Grammar and 4 Skills ကိုသင်တန်းတက်ရောက်သူတိုင်း အခမဲ့သင်ကြားပေးသည်။

ဆက်သွယ်ရန်- အမှတ် ၃၃၊ 3.B ... (ဖုန်း) - ၇၀၃၀၈၆၆၊ ၅၀၁၅၅၈၊ ၀၉၈၈၆၄၃၁၉၉

**TRADEMARK CAUTION**

Vestergaard Frandsen SA., a company incorporated in Switzerland at Chemin de Messidor 5-7, 1006 Lausanne, Switzerland is the Owner and Sole Proprietor of the following Trademark:

PermaNet

Reg : No. 4/2931/2002
Reg : No. 4/4917/2006
Reg : No. 4/6641/2008

In respect of : "Int'l Class 24 : Textiles and textile goods (not included in other classes) including mosquito nets, covers.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 5.Jan.2012

# တရုတ်ကျည်ဆန်ရထားတိုက်မှုအတွက် အရာရှိ ၅၄ ဦးကို အပြစ်ပေးမည်

**ဘေဂျင်း၊ ဒီဇင်ဘာ - ၂၉**

အနည်းဆုံး လူပေါင်း ၄၀ သေဆုံးခဲ့သော မြန်နှုန်းမြင့် ရထားနှစ်စီးတိုက်မှုအပေါ် ကြာညောင်းသော စုံစမ်းစစ်ဆေးမှုပြု လုပ်ခဲ့ပြီးနောက် မီးရထားဝန်ကြီး ဟောင်းအပါအဝင် အခြားအရာရှိ၅၃ ဦးကို အပြစ်ပေးသွားမည်ဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ပြောကြားသည်။

ရထားသွားလာရေး ထိန်းချုပ်မှုစနစ်တွင် အားနည်းချက်များရှိနေကြောင်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာက တွေ့ရှိခဲ့ပြီး မီးရထားအာဏာပိုင်များ၏ အရေးပေါ်တုံ့ပြန်ရေးစနစ်မလုံလောက်မှုများကိုလည်း အပြစ်တင်ထားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ လူပေါင်း ၅၄ ဦးကို စည်းကမ်းပိုင်းဆိုင်ရာအပြစ်ပေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီ(သို့မဟုတ်)ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့သည်။



အပြစ်ပေးခံရမည့်သူများတွင် တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့် ရထားကွန်ရက်အား ကမ္ဘာ့အကြီးဆုံးဖြစ်လာအောင် ဦးဆောင်ကိုင်တွယ်ခဲ့သူ မီးရထားဝန်ကြီးဟောင်း လျူဇီဂျွန်လည်း ပါဝင်သည်။ နောက်ပိုင်းတွင် မစ္စတာလျူသည် ခြစားမှုများကျူးလွန်ကြောင်းတွေ့ရှိခဲ့ပြီး ရာထူးမှဖယ်ရှားခံရကြောင်း သိရသည်။

ယင်းရထားနှစ်စီးတိုက်မှုကြောင့် ပြည်သူလူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ဒေါသဖြစ်ပေါ်ခဲ့ပြီး ပို၍တင်းကျပ်သော ဘေးကင်းလုံခြုံရေးစံနှုန်းများသတ်မှတ်ရန် တောင်းဆိုမှုများဖြစ်ပေါ်ခဲ့သည်။

—*Ref: The Hindu*

## ရွေးကောက်ပွဲအပေါ် ပြန်လည်သုံးသပ်ရေးကို မစတာပူတင်ပယ်ချ

**မော်စကို၊ ဒီဇင်ဘာ- ၂၈**

ဒီဇင်ဘာလ ၄ ရက်ပါလီမန်ရွေးကောက်ပွဲပြန်လည်ကျင်းပရေးကို ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်ကပယ်ချလိုက်ပြီး ကန့်ကွက်ဆန္ဒပြရေးလှုပ်ရှားမှုများသည် အပြုသဘောဆောင်သော ခေါင်းဆောင်များရည်မှန်းချက်များ နည်းပါးနေသည်ဟုလည်း စွပ်စွဲပြောကြားလိုက်သည်။

“ရွေးကောက်ပွဲတွေပြီးသွားပါပြီ။ လွှတ်တော်ကလည်း အလုပ်လုပ်နေပါပြီ။ ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း တရားရုံးကို အယူခံဝင်တဲ့နည်းကလွဲလို့ ပြန်လည်သုံး သပ်မယ်ဆိုတဲ့အကြောင်းတွေ ပြောလို့မရတော့ဘူး”ဟု မစ္စတာပူတင်ကပြောသည်။

မစ္စတာပူတင်၏ ယူနိုက်တက်ရုရှားပါတီအနိုင်ရရှိခဲ့သည့် ပါလီမန် ရွေးကောက်ပွဲ၌ လိမ်လည်မှုများရှိခဲ့သည်ဟုဆိုကာ ဆန္ဒပြသူများက ယင်းရွေးကောက်ပွဲအားပယ်ဖျက်ရန်တောင်းဆိုကြကြောင်းသိရသည်။

ချီတက်ဆန္ဒပြမှုများအပေါ် ပထမဆုံးအကြိမ်တုံ့ပြန်ရာတွင် မစ္စတာပူတင်က “သူတို့မှာ စည်းလုံးညီညွတ်တဲ့ အစီအစဉ်မရှိဘူး။ ရည်မှန်းချက်တွေအောင်မြင်ဖို့ ရှင်းလင်းတဲ့နည်းလမ်းလည်းမရှိဘူး။ အဲဒီရည်ရွယ်ချက်တွေက ဘာတွေလဲဆိုတာ သူတို့အတွက်တောင်မရှင်းဘူး။ အကောင်အထည်ပြနိုင်တာမျိုးကို အောင်မြင်အောင်လုပ်နိုင်တဲ့ လူမျိုးလည်းမရှိဘူး”ဟု ၎င်းအား ထောက်ခံသည့် All-Russian Popular Front ချီတက်ပွဲတွင် မစ္စတာပူတင်က ပြောသည်။

ထို့အပြင်အစိုးရနယ်ပယ်တွင် လုပ်သမျှအရာတိုင်းအား သေးသိမ်အောင်လုပ်ရန် စိတ်အားထက်သန်နေသော လူများထံမှ လိမ်လည်မှုစွပ်စွဲချက်များ ရှောင်လွှဲနိုင်ရန် နောင်လာမည့်သမ္မတ ရွေးကောက်ပွဲများ ပွင့်လင်းမြင်သာမှုအပြည့်အဝရှိစေရန် လုပ်ဆောင်ရေးကိုလည်း မစ္စတာပူတင်က တိုက်တွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သည် အတိုက်အခံများနှင့် ဆွေးနွေးရန် အဆင်သင့်ဖြစ်နေပြီဟု ဘဏ္ဍာရေးဝန်ကြီးဟောင်းအလက်ဆီကူဒရင်က ပြောကြားခဲ့သည်ဆိုခြင်းကိုလည်း မစ္စတာပူတင်က အခိုင်အမာငြင်းဆိုခဲ့သည်။ —*Ref:The Hindu*



# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 50,560 |
| Intel P4 Core i3 3.3 GHz (1155,2120) Processor | 96,380 |
| Intel P4 Core i5 2.8 GHz (1155,2300) Processor | 139,830 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 160,370 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 235,420 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 48,190 |
| MSI PH61A-P35 (B3) | 78,210 |
| ASUS P5G41T-MLX (775) | 48,980 |
| ASUS P8H61-MLX Plus (1155) | 62,410 |
| ASUS P8H67MLE (1155) | 90,850 |
| Gigabyte G41MT-S2(775) | 48,980 |
| Gigabyte P61-USB3 (B3) (1155) | 86,110 |
| Gigabyte H61M-S2 (B3) (1155) | 71,100 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 37,920 |
| 1 GB DDR2 (800) Kingston | 13,430 |
| 2 GB DDR2 (800) Kingston | 20,540 |
| 4 GB DDR3 (1333) Kingston | 17,380 |
| **Harddisk** | |
| 500 GB Seagate SATA | 70,310 |
| 1000 TB Seagate SATA | 94,800 |
| 2 TB Seagate SATA | 110,600 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 38,710 |
| MSI N430GT 1GB PCI Express Card | 65,570 |
| MSI N430GT 2GB PCI Express Card | 69,520 |
| ASUS ENGTX520 1GB PCI Express Card | 48,980 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 60,040 |
| ASUS EHA 6670 Formula 1GB DDR5 PCI Express Card | 90,850 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 40,290 |
| Gigabyte Geforce N430 OC 1GB PCI Express Card | 69,520 |
| **Memory Stick** | |
| Toshiba 4 GB | 6,500 |
| Apacer 4 GB | 7,500 |
| Sony 8 GB | 12,500 |
| Kingston 8 GB | 7,000 |
| **UPS** | |
| Numeric (600 VA) UPS | 31,600 |
| Numeric (1000 VA) UPS | 63,200 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 31,600 |
| East (1.2KVA) UPS | 59,250 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,400 |
| Liteon 8X Blu-ray Disc Combo | 112,000 |
| Liteon DVD Writer (SATA) | 24,000 |
| **အိတ်ဆောင်တီပီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၃၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၉)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၉)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၂,၀၀၀-၁၃,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၅၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန့်) | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၄၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ(၃၁)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧည့်မထ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၅၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၆၀၀-၁၃,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၅,၅၀၀-၆,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၈၀၀ |

ဒီဇင်ဘာ (၂၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၈ | ၁၅၀ |
| ဆပ်ဖ် | ၉၇ | ၆၈ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆၈ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆၈ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆၈ | ၄၂၀ |

ဒီဇင်ဘာ(၃၀)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec (26) | Dec (27) | Dec (28) | Dec (29) | Dec (30) | Dec (31) | Jan (1) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၃,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

# Environment

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

## ထားဝယ်ရေနက်ဆိပ်ကမ်း ကျောက်မီးသွေးစက်ရုံမှ ကာဗွန်ထုတ်လွှတ်မှု ထိုင်းတစ်နိုင်ငံလုံး ကာဗွန်ထုတ်လွှတ်မှု၏ ထက်ဝက်ရှိဟုဆို



**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် တည်ဆောက်မည့် မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်မည်ဖြစ်သော ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံမှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုသည် ထိုင်းတစ်နိုင်ငံလုံးတွင် အသုံးပြုနေသော လျှပ်စစ်စွမ်းအားသုံးစက်ရုံများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှင့်မှု၏ ထက်ဝက်ခန့်ရှိကြောင်း ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ ကျန်းမာရေးလေ့လာဆန်းစစ်မှုဆိုင်ရာအဖွဲ့မှ ကျွမ်းကျင်သူ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် တည်ဆောက်မည်ဖြစ်သော မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်မည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် အကြီးဆုံး ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်ကြောင်း၊ အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“တကယ်ကိုကြီးမားတဲ့ စက်ရုံတစ်ခုပါ။ ထိုင်းနိုင်ငံမှာ အကြီးဆုံးကျောက်မီးသွေးစက်ရုံက မဂ္ဂါဝပ် ၂၆၀၀ပဲရှိတယ်။ သဘာဝဓာတ်ငွေ့နဲ့ လည်ပတ်တဲ့စက်ရုံဆိုရင် ၃၅၀၀ မဂ္ဂါဝပ်ပဲရှိတယ်။ တစ်ခါမှ မရှိခဲ့ဖူးဘူး။ ထိုင်းနိုင်ငံရဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုက တစ်နှစ်ကို တန်ချိန်သန်း ၈၀ ရှိတယ်။ ယှဉ်ကြည့်လိုက်ရင် ထားဝယ်မှာလုပ်မယ့် ကျောက်မီးသွေးစက်ရုံတစ်ခုတည်းကနေထိုင်းတစ်နိုင်ငံလုံးမှာ သုံးတဲ့ လျှပ်စစ်စွမ်းအားစက်ရုံတွေထက်တစ်ခုတည်းနဲ့ တစ်ဝက်လောက်ရှိမယ်”ဟု အထက်ပါ ပုဂ္ဂိုလ်ကထိုင်းနိုင်ငံရှိ ရေနံဓာတုစက်ရုံနှင့် ကျောက်မီးသွေးစက်ရုံများကို လေ့လာဆန်းစစ်ပြီး ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် တွက်ချက်၍ ပြောခြင်းဖြစ်သည်။

အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများကိုဖြစ်စေသော ဆာလဖာဒိုင်အောက်ဆိုက်၏ ထုတ်လွှတ်မှုသည် တန်ချိန် ၁၁၈,၀၀၀ နှင့် လူနှင့်သစ်ပင်ကို ထိခိုက်၍ အက်စစ်မိုးရွာသွန်းနိုင်သော နိုက်ထရိုဂျင်အောက်ဆိုက် ထုတ်လွှတ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၁၉,၀၀၀ ထွက်ရှိသည်။


“ထိုင်းနိုင်ငံရဲ့ အကြီးဆုံး ကျောက်မီးသွေးဓာတ်အားစက်ရုံ မဲမို့ (Mae Moh) မှာ ရှိတဲ့လူတွေရဲ့ ဒုက္ခရောက်မှုကို ကြည့်ရင် သူတို့ရဲ့ရောဂါအများစုက အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေပဲတွေ့ရတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရာသီဥတု ပြောင်းလဲခြင်း အစီအစဉ် ကောက်ယူသော စာရင်းများအရ ယခုနှစ်တွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၉၂ နိုင်ငံထဲတွင် ၃၆ နေရာ၌ရှိသည်။ မြန်မာနိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုနည်းသော်လည်း ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်ပြီးသွားပါက ကာဗွန်ထုတ်လွှင့်မှုနိုင်ငံများစာရင်းတွင် ပြောင်းလဲမှု ဖြစ်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားထုတ်ယူရန် တစ်လလျှင်ကျောက်မီးသွေးတန်ချိန်သန်းပေါင်း ၁၁ ဒသမ ၄ လိုအပ်မည်ဖြစ်ပြီး တန်ချိန် ၁၆၀,၀၀၀ အထိ တင်ဆောင်နိုင်သော သင်္ဘောကြီးများ တစ်လလျှင် ၁၀ စီးမှ ၁၆စီး ဖြတ်သန်းသွားလာရမည် ဖြစ်ကြောင်းထိုသို့ ဖြတ်သန်းသွားလာမှုကြောင့်ရေကြောင်းသွားလာမှု အခက်အခဲဖြစ်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကျောက်မီးသွေး စက်ရုံမှ ထုတ်လွှတ်သော ရေများအအေးခံရန်ပင်လယ်ရေတစ်နေ့လျှင်ကုဗမီတာ ၂၀ ဒသမ ၆ သန်းနှင့် ရေချိုအသုံးပြုမှုသည် တစ်နေ့လျှင် ကုဗမီတာ ၆၀၀၀ တန်လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

**Environment Cartoon**









Tourism

7 DAY NEWS JOURNAL

Vol.10, No.42 • JANUARY 5, 2012

# အင်ဒို – မြန်မာတိုက်ရိုက်လေကြောင်းပျံသန်းနိုင်ရေးဆွေးနွေး

**အေးမြကျော်**

**ရန်ကုန်- ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံသို့ တိုက်ရိုက်လေကြောင်းပျံသန်းမှုများကို ၂၀၁၂ အတွင်းတွင် ပြုလုပ်သွားနိုင်ရန် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးခဲ့ကြောင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး ဆွေးနွေးရန်ရောက်ရှိနေသော အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးမာတီနာတာလီဂါဝါက ဒီဇင်ဘာ (၂၈)ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်ရန်ကုန်-စင်ကာပူ - ဂျကာတာကို တိုက်ရိုက်ပြေးဆွဲဖို့ပြောခဲ့သလို ရန်ကုန်-စင်ကာပူ-ဘာလီကို တိုက်ရိုက်လေကြောင်းပြေးဆွဲဖို့ မြန်မာနိုင်ငံလေကြောင်းလိုင်းတာဝန်ရှိသူတွေနဲ့ဆွေးနွေးခဲ့တယ်" ဟု ဝန်ကြီးမာတီကပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံ ပူးပေါင်း၍ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ၊ ကူးသန်းရောင်းဝယ်မှုများနှင့်ခရီးသွားလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်မှုကိုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟုလည်းယင်းကပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းပူးပေါင်းမြှင့်တင်ရေးကိုလုပ်ဆောင်ရာတွင် ဥပမာအားဖြင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် မြန်မာနိုင်ငံမှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံနှင့် အင်ဒိုနီးရှားနိုင်ငံမှယဉ်ကျေးမှုနယ်မြေ ဘိုရိုဘူဒါ ဒေသတို့ကို ခရီးသွားလုပ်ငန်းများပိုမိုဖွံ့ဖြိုးအောင် လုပ်ဆောင်သွားမည်ဟုလည်း ပြောကြားခဲ့သည်။



**အင်ဒိုးနီးရှားနိုင်ငံမှ ဘာလီကမ်းခြေ။ ဘာလီသို့လည်း တိုက်ရိုက်ပျံသန်းမည်ဖြစ်သည်**

## ရန်ကုန်ဟိုတယ်များ နှစ်သစ်တွင် ဈေးတက်ရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၉**

ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးများသည်လာမည့် ခရီးသွားရာသီတွင် အခန်းခများအား နှစ်ဆနီးပါးဈေးမြှင့်ရန် ပြင်ဆင်နေကြကြောင်း သတင်းရရှိသည်။

"လာမယ့်ရာသီမှာ အနည်းဆုံး ၃၀ ရာခိုင်နှုန်းလောက်တက်မယ်။ တချို့ဟိုတယ်တွေဆို contract တောင် မပေးတော့ဘူး" ဟု ရန်ကုန်အခြေစိုက် ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ contract မပေးသော ဟိုတယ်များ၏ အခန်းခများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခင်နှစ်ကထက် နှစ်ဆနီးပါး ဈေးမြင့်သွားကြောင်း ခရီးသွားကုမ္ပဏီများက ပြောသည်။

ယခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုများခဲ့သဖြင့် ရန်ကုန်မြို့ရှိ ဟိုတယ်အားလုံးနီးပါး အခန်းပြည့်ရရှိကြသည်။

"ဒီအတိုင်းသွားရင် မြန်မာခရီးသွားလုပ်ငန်းက လာမယ့်နှစ်မှာ နာမည်ပျက်လိမ့်မယ်" ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။



7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

The Cartoon





















7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

## တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက နျူကလီးယားယိုစိမ့်မှုကြောင့် ထိခိုက်ခဲ့သောပြည်သူများကို လျော်ကြေးပေးရန် အစိုးရထံမှ ယန်း ၆၉၀ ဘီလီယံတောင်းခံ



**တိုကျို၊ ဒီဇင်ဘာ - ၂၇**

တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ Tepco သည် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားရုံမှ ရောင်ခြည်ယိုစိမ့်မှုကြောင့် ထိခိုက်ခဲ့သောပြည်သူများကို လျော်ကြေးပေးနိုင်ရန်အတွက် အစိုးရကျောထောက်နောက်ခံ ဘဏ္ဍာရေးအဖွဲ့တစ်ခုမှ ယန်း ၆၉၀ ဘီလီယံ(ကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ)တောင်းခံထားသည်။

အစိုးရသည် Tepco ၏ လျော်ကြေးပေးရန်နှင့် နျူကလီးယားရောင်ခြည်ယိုစိမ့်မှုများ သန့်ရှင်းရန် ဆောင်ရွက်မှုများအတွက် ယန်းငွေထရီလီယံချီလိုအပ်မည်ကိုသိသောကြောင့် နိုဝင်ဘာလကပင် ဘဏ္ဍာရေးကယ်ဆယ်ရေးရန်ပုံငွေမှ ယန်း ၈၉၀ ဘီလီယံ ပေးသွားရန် သဘောတူပြီးဖြစ်သည်။ Tepco ကထုတ်ပြန်သော ကြေညာချက်တွင် "ကျွန်တော်တို့ဟာ ကော်မတီကဆုံးဖြတ်ပြီးတဲ့ နောက်ပိုင်းမှာ လျော်ကြေးစုစုပေါင်း ခန့်မှန်းခြေကိုသုံးသပ်နေပါတယ်"ဟုဖော်ပြထားသည်။

၂၀၁၀ အောက်တိုဘာလကမူ အစိုးရအကြံပေးအဖွဲ့က Tepco ကုမ္ပဏီသည် ပထမ ၂နှစ် အတွင်း လျော်ကြေးပေးရန် ယန်း ၄ ဒသမ ၅ ထရီလီယံရနိုင်ဖွယ်ရှိသည်ဟုပြောကြားထားသည်။—*Ref: Reuters*




## ထိုင်းနိုင်ငံရေးသမားနှစ်ဦး ကမ္ဘောဒီးယားတွင် သူလျှိုလုပ်မှုဖြင့် ထောင်ဒဏ်ချမှတ်ခံရ

**ဖနွမ်းပင်၊ ဒီဇင်ဘာ - ၂၈**

ထိုင်းနိုင်ငံမှ ရှပ်ဝါအဖွဲ့ဝင် နိုင်ငံရေးလှုပ်ရှားသူနှစ်ဦးသည် ကမ္ဘောဒီးယားနိုင်ငံတွင် သူလျှိုလုပ်မှုဖြင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါနှစ်ဦးမှာ ခြစားမှုတိုက်ဖျက်ရေး ပြည်သူ့ကွန်ရက်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ထိုင်းမျိုးချစ်ကွန်ရက်အဖွဲ့ဝင်ဖြစ်သူဗီရာ ဆုမ်ကွမ်ကစ်နှင့် ၎င်း၏ အတွင်းရေးမှူး ရတ်ထရီပီပါတနာပိုင်ဘွန်းတို့ဖြစ်ကြောင်းသိရသည်။ ၎င်းတို့သည် အဖမ်းခံရပြီးနောက် ပြစ်ဒဏ်အတွက် နိုင်ငံတော်အယူခံတရားရုံးသို့အယူခံဝင်ခဲ့သော်လည်း ပယ်ချခံရပြီး နှစ်ဦးစလုံး ထောင်ဒဏ်ရှစ်နှစ်နှင့်ခြောက်နှစ်စီ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ဖနွမ်းပင် စည်ပင်သာယာတရားရုံးသည် ၂၀၁၁ ဖေဖော်ဝါရီ ၁ ရက်က ၎င်းတို့အား နိုင်ငံတွင်း တရားမဝင်ဝင်ရောက်မှု၊ စစ်စခန်းအတွင်း ဥပဒေမဲ့ခိုးဝင်မှုနှင့် သူလျှိုမှုများအတွက် ထောင်ဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် အယူခံဝင်ခဲ့သော်လည်း ထောင်ဒဏ်ချမှတ်ခဲ့သည်။

ဗီရာနှင့် ရတ်ထရီတို့သည် ၂၀၁၀ ဒီဇင်ဘာ ၂၉ ရက်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့နှင့်အတူ ဒီမိုကရက်ပါတီအမတ် ပန်နစ်ဗီကစ်စရတ်အပါအဝင် ငါးဦးကိုလည်း ကမ္ဘောဒီးယားနယ်နိမိတ်အတွင်း တရားမဝင် ခိုးဝင်မှုဖြင့်ဖမ်းဆီးခဲ့သည်။ သို့သော် ၎င်းတို့ငါးဦးကိုမူ ကမ္ဘောဒီးယားတရားရုံးက မူလ ထောင်ဒဏ်ကိုးလကို ပယ်ဖျက်ပေးကာ ၂၀၁၁ ဇန်နဝါရီလတွင် တရားသေလွှတ်ပေးခဲ့သည်။

—*Ref: Xinhua*

## တရုတ် ကိုယ်ပိုင်ဂြိုဟ်တုတည်နေရာပြစနစ် Beidou စတင်

**ဘေဂျင်း၊ ဒီဇင်ဘာ - ၂၈**

တရုတ်နိုင်ငံသည် ၎င်းကိုယ်ပိုင်ဂြိုဟ်တုတည်နေရာပြစနစ်တစ်ခုဖြစ်သော Beidou ကို စတင်ခဲ့ပြီး ကမ္ဘာ့ထိပ်တန်းနည်းပညာလောကနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

အမေရိကန်နိုင်ငံမှ တီထွင်ထားသော ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုတည်နေရာပြစနစ်(ဂျီပီအက်စ်)ကို အတုယူဖန်တီးထားသည့် ဒိုင်ဗင်ထိုးငှက်အမည်ရ Beidou စနစ်တွင် ဂြိုဟ်တုမှပြသထားသည့် တည်နေရာပြမြေပုံများ၊ လေယာဉ်မှူးများအတွက် အချိန်စာရင်းများ၊ တရုတ်နှင့် အိမ်နီးချင်းနိုင်ငံဒေသများကိုဖော်ပြထားပြီး အခမဲ့သုံးစွဲနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ပတ်လမ်းကြောင်းထဲမှ ဂြိုဟ်တု ၁၀ လုံးပါဝင်သော ယင်းစနစ်သည် တောင်ဘက်တွင် သြစတြေးလျနိုင်ငံမှ မြောက်ဘက်တွင် ရုရှားနိုင်ငံအထိ တည်နေရာပြသနိုင်ပြီး အချက်ပြမှုများသည်လည်း နိုင်ငံအနောက်ပိုင်း ရှင်းကျန့်အန်ဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အရှေ့ဘက်တွင် ပစိဖိတ်သမုဒ္ဒရာအထိ ထုတ်လွှင့်ရောက်ရှိနိုင်ကြောင်းဆိုထားသည်။

တရုတ်နိုင်ငံသည် ယခုကဲ့သို့ ဂြိုဟ်တုနေရာပြစနစ်တည်ထောင်နိုင်ခဲ့၍ ရုရှားနှင့် အမေရိကန်နိုင်ငံတို့နောက်တွင် တတိယမြောက် ဂြိုဟ်တုလမ်းပြစနစ်တီထွင်နိုင်သော နိုင်ငံဖြစ်လာသည်။

တရုတ်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ဂျီပီအက်စ်အပေါ် မှီခိုရမှုများကိုလျှော့ချခဲ့ကာ ကိုယ်ပိုင်တည်နေရာပြဂြိုဟ်တုများကို ကမ္ဘာ့ပတ်လမ်းအတွင်း စမ်းသပ်ပို့လွှတ်ခဲ့ သည်။

—*Ref: Xinhua*

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

## နောက်ကျောဖုံး -စောင့်ကြည့်လေ့လာသူများ ဆီးရီးယားမှ ရုပ်သိမ်းရန် အာရပ်အဖွဲ့ချုပ်တိုက်တွန်း မှ

ဆီရီးယားအစိုးရက အပြစ်မဲ့အရပ်သားများအား ဆက်လက်သတ်ဖြတ်နေခြင်းကို ထောက်ရှု၍ အာရပ်လေ့လာသူများအား ချက်ချင်းပြန်လည်ရုပ်သိမ်းသင့်ကြောင်း အာရပ်ပါလီမန်ဥက္ကဋ္ဌ ဆာလမ်အယ်လ်ဒစ်ဘက်စီက အာရပ်အဖွဲ့ချုပ်အကြီးအကဲ နာဘီလ်အယ်လ်အာရာဘီအား တိုက်တွန်းလိုက်သည်။

အာရပ်ပါလီမန်မှာ အာရပ်အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံ ၂၂ နိုင်ငံမှ ဥပဒေပြုအမတ်များနှင့် ဖွဲ့စည်းထားသော အဖွဲ့ဝင် ၈၈ ဦးပါ အကြံပေးကော်မတီအဖွဲ့ ဖြစ်သည်။

ဆီးရီးယားအစိုးရ၏ လုပ်ရပ်များသည် ဆီးရီးယားပြည်သူများကို အကာအကွယ်ပေးရေး ဟူသော အာရပ်အဖွဲ့ချုပ်၏ သတ်မှတ်ချက်အပေါ် သိသိသာသာချိုးဖောက်ခြင်းဖြစ်ကြောင်းပါလီမန်ဥက္ကဋ္ဌ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ —Ref: AFP

## နောက်ကျောဖုံး -၂၀၁၂ ခုနှစ်သည် ခက်ခဲသောနှစ်ဖြစ်နိုင်ကြောင်း ဥရောပခေါင်းဆောင်များ သတိပေး မှ

ယူရိုငွေမှာလည်း အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်လျှင်နှစ်စဉ်တန်ဖိုးပိုမိုကျဆင်းလာခဲ့ပြီး ဂျပန်ယန်းငွေနှင့် နှိုင်းယှဉ်ပါက ဆယ်စုနှစ်တစ်စုအတွင်း အနိမ့်ဆုံးတန်ဖိုးသို့ရောက်ရှိလာသည်။

ဥရောပသည် နှစ်ပေါင်းများစွာအတွင်းအပြင်းထန်ဆုံးစမ်းသပ်မှုနှင့် ကြုံတွေ့နေရသော်လည်း အကျပ်အတည်းပြီးဆုံးသွားပါက ပို၍ အင်အားတောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်းဂျာမနီအကြီးအကဲ အန်ဂျလာမာကယ်လ်က ပြောကြားသည်။

ဂရိဝန်ကြီးချုပ် လူးကပ်စ်ပါပါဒီမို့စ်ကလည်း ရှေ့လာမည့်နှစ်တွင်ကြုံတွေ့နေရမည့်အခက်အခဲများကို သတိပေးပြောကြားရင်း "ကျွန်တော်တို့ရဲ့ အားထုတ်ကြိုးပမ်းမှုတွေကို ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာနဲ့ ဆက်လက်လုပ်ဆောင်ရပါမယ်။ ဒါမှသာ အခုချိန်ထိ ကျွန်တော်တို့ပေးဆပ်ခဲ့တဲ့ စွန့်လွှတ်အနစ်နာခံမှုတွေဟာ အလဟဿမဖြစ်မှာပါ"ဟု နိုင်ငံတော်ရုပ်သံမိန့်ခွန်းတွင်ပြောကြားသွားသည်။ —Ref: AFP

## နောက်ကျောဖုံး - မြောက်ကိုရီးယားနှင့် ဆက်ဆံရေး တိုးတက်လာမည်ဟု တောင်ကိုရီးယား ယူမြင် မှ

"ကျွန်တော်တို့ရဲ့ အကြီးမားဆုံး ရည်မှန်းချက်က ကိုရီးယားကျွန်းဆွယ်တည်ငြိမ်ရေးဖြစ်ပါတယ်"ဟုတောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က ရုပ်သံ၌ ထုတ်လွှင့်ခဲ့သည့် နှစ်သစ်ကူး မိန့်ခွန်းတွင်ထည့်သွင်းပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ရိုးသားသော ဖော်ရွေမှုသာပြသပါက ကိုရီးယားကျွန်းဆွယ်တွင် ခေတ်သစ်တစ်ရပ်အတွက် တံခါးဖွင့်နိုင်မည်ဖြစ်ကြောင်းတောင်ကိုရီးယားသမ္မတကပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ သက်တမ်းရှည်ခေါင်းဆောင်ကင်ဂျုံအီလ်သည် ဒီဇင်ဘာ ၁၇ ရက်တွင် ကွယ်လွန်ခဲ့ပြီး သားဖြစ်သူ ကင်ဂျုံအမ် အာဏာရယူပြီးချိန်နောက်ပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်အားပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။မူဝါဒအပြောင်းအလဲများ မမျှော်လင့်ရန်လည်း မြောက်ကိုရီးယား ထိပ်တန်းပေါ်လစီအဖွဲ့ အမျိုးသားကာကွယ်ရေးကောင်စီကသတိပေးပြောကြားသည်။ မစ္စတာကင်ဂျုံအီလ်ကွယ်လွန်ပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်ကာလတွင် မလေးမစား အပြုအမူများတွက်လည်း တောင်ကိုရီးယားအပေါ် လက်တုံ့ပြန်သွားမည်ဟု မြောက်ကိုရီးယားအစိုးရက ခြိမ်းခြောက်ခဲ့သည်။ —Ref: AFP

**စေတနာတိုင်းရင်းဆေးကုခန်း**

(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)

## နောက်ကျောဖုံး - နယူးယောက် နှစ်သစ်ကူး အကြိုညတွင် ကန့်ကွက်ဆန္ဒပြသူ ၆၈ ဦး အဖမ်းခံရ မှ

လူပေါင်း ၆၈ ဦးကို ဖမ်းဆီးလိုက်ကြောင်း နယူးယောက်ရဲဌာနကပြောကြားသည်။ လူအချို့ကို လွှတ်ပေးလိုက်ပြီဟု ရဲတပ်ဖွဲ့က ပြောကြားသော်လည်း ရဲတပ်ဖွဲ့နှင့် ကန့်ကွက်သူများအကြား ဖြစ်ပေါ်ခဲ့သည့် ထိပ်တိုက်ရင်ဆိုင်မှု၏ အခြားအသေးစိတ်အကြောင်းအရာများကို မပြောခဲ့ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။ —Ref: AP

## မျက်နှာဖုံး - ဥပဒေနှင့်မညီသော အဂတိလိုက်စားသည့် တရားသူကြီးများအား အရေးယူနိုင်မည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် စီစဉ်နေ မှ

ဒီမိုကရေစီစနစ်သစ်ဖြင့် ကျင့်သုံးအုပ်ချုပ်လျက်ရှိသော ယနေ့အချိန်တွင် တရားရေးမဏ္ဍိုင်သည် ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးမဏ္ဍိုင်များကဲ့သို့ မရွေ့သေးကြောင်း ဝေဖန်ထောက်ပြမှုများ ကြားသိနေရကြောင်း၊ သို့သော်လည်း တရားရေးမဏ္ဍိုင်၏ အောက်ခြေပိုင်း တရားစီရင်ရေးအချို့တွင် စနစ်ဟောင်းကို ဖက်တွယ်နေဆဲဖြစ်သည်ကိုတွေ့ရကြောင်းလည်း ဦးအောင်ကိုကပင် ဆက်လက်ပြောကြားသည်။

ဥပဒေနှင့်ပတ်သက်ပြီး ဘွဲ့ရထားသူ ဒီပလိုမာရရှိထားသူ မဟာ ဝိဇ္ဇာဘွဲ့ရရှိထားသူများအပါအဝင် အဖွဲ့ဝင် ၁၅ဦးနှင့် ဖွဲ့စည်းထားသော တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေဖြင့် တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာစေရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကပင် ပြောကြားခဲ့သည်။

ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်များအပြင် အင်န်ဒီအက်ဖ်၊ တဆည၊ ကျားဖြူစသည့် ပါတီကိုယ်စားလှယ်များ ပါဝင်သော ယင်းကော်မတီအနေဖြင့် ပါတီစွဲ၊ ဂိုဏ်းဒေသစွဲမထားဘဲပြည်သူအတွက် အစွမ်းကုန်လုပ်ဆောင်နေခြင်းနှင့်ပတ်သက်၍လည်း အဂတိတရားကင်းတဲ့ တော်တဲ့မှန်ကန်တဲ့ တရားရေးမဏ္ဍိုင်ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားသွားပါတယ်"ဟူ၍ ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

## စာ(၅) ကြေကွဲအ လျှော်ဦး မှ

ထိုနေ့နံနက်က ကူးတို့ဆိပ်ရပ်ကွက်တွင် ကမ္ဘာပျက်သည့်အလား။ ကူးတို့ဆိပ်လမ်းအတိုင်း ဝင်၍ ချောင်းစပ်အနီး လမ်းဆုံးအထိ ရောက်တော့ မြင်ကွင်းကသွေးပျက်စရာပင်။ ပေ ၄၀ ခန့်မြင့်မည့် ဂိုဒေါင်အလုံးတွေက မီးညွန့်တွေအောက်မှာ ဝပ်နေသည်။ လောင်သည့် ဧရိယာက ဘောလုံးကွင်းတစ်ကွင်းစာမျှပင် ရှိမည်။ မီးသတ်ကား ၄စီးခန့် အစီအရီနှင့် အနီးစပ်ဆုံးကားထံ ရေတွေပို့လွှတ်နေသည်။ ဘောလုံးကွင်းသုံး မီးမောင်းအသေးစားတစ်ခု ယာဉ်ကိုယ်ထည်ပေါ် တပ်ဆင်၍ မီးလောင်ပြင်ကိုထိုးထားသည်။

ထိုလမ်းတစ်လျှောက် ကပ်လျက်ရှိနေသည့် ပျဉ်ထောင်အိမ်မျက်နှာစာတွေက အိမ်ရှေ့လမ်းပေါ် အပုံလိုက်။ သွပ်ပြားတွေက စက္ကူလုံးခြေထားသလို တွန့်ကြေ၍ အပိုင်းအပြတ်များ လမ်းမပေါ် လွင့်စဉ်ကျနေသည်။ စောစောက မြင်ရသည့် မီးလောင်ခံ ဂိုဒေါင်ဘေးမှာတော့ မီးလောင်ပျက်စီးထားသည့် မီးသတ်ယာဉ်နှစ်စီး။ အပျက်အစီးအပိုင်းအစများ ကလည်း အောက်တွင်ပြန့်ကြဲနေသည်။

လူးလာခတ်နေသည့် မီးသတ်ဝန်ထမ်းတွေ၊ ကယ်ဆယ်ရေးတွေလက်ထဲမှာ တစ်ခါတစ်ရံ ပျော့ခွေစွာပါလာသည့် ဒဏ်ရာရသူများကို တွေ့ရသည်။ လမ်းမဟိုဘက်ခြမ်း ဂိုဒေါင်အနီး နံရံကို ကပ်၍ မီးသတ်နေသည့် ဝန်ထမ်းတွေ။ မီးလောင်ပြင်အပျက်အစီးပုံကြား ဝတ်စုံပြည့်ဖြင့် မီးသတ်များ၊ ကယ်ဆယ်ရေးများက အပျက်အစီးပုံများကို မွှေနှောက်ရှာဖွေကြသည်။

နံနက် ၁ နာရီ ၄၀ တွင်မီးစတင်လောင်ကျွမ်းအပြီး မိနစ် ၂၀ ကျော်ကြာမြင့်ချိန်၌ ပေါက်ကွဲခဲ့သောပေါက်ကွဲမှုကြောင့် နံနက် ၃ နာရီဝန်းကျင်တွင် အေဘီစီမှတ်တိုင်၏ မျက်နှာချင်းဆိုင်ရှိသိုလှောင်ရုံများ၌ မီးတောက်များမှာအားကောင်းစွာပိုမိုလောင်ကျွမ်းလျက်ရှိသလို မီးသတ်ကားများတစ်စီးပြီးတစ်စီးရောက်ရှိကာဝင်ချည်ထွက်ချည်ဖြင့်မီးကိုနိုင်အောင်ငြိမ်းသတ်ခဲ့ရသည်။ ထိုအချိန်တွင် ပေါက်ကွဲအားကြောင့် ရပ်ကွက်တွင်းမှ ဒဏ်ရာရသူများကိုလူနာတင်ကား၊ ပြင်ပမှကားများဖြင့်ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့သွားချည်ပြန်ချည်ပို့ဆောင်ပေးနေသည်။

ထိုပေါက်ကွဲမှုကြောင့် မီးလောင်မှုသို့ အစောဆုံးရောက်ရှိကာ မီးငြိမ်းသတ်လျက်ရှိသော တာမွေမြို့နယ် မီးသတ်ဦးစီးမှ မီးသတ်တပ်ဖွဲ့ဝင်များမှာအသက်ဆုံးရှုံးခဲ့ပြီဖြစ်သည်။ မီးသတ်ရဲဘော် ၅ ဦး ကျဆုံးခဲ့သည်။

သက်ဆိုင်ရာမှထုတ်ပြန်သော စာရင်းများအရ မေတ္တာညွန့်ဂိုဒေါင်များ မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၇ ဦးရှိသွားပြီဖြစ်ပြီး ထိုအထဲတွင် မီးသတ်တပ်ဖွဲ့ဝင် ၅ ဦးပါဝင်သည်။ သိုလှောင်ရုံများနှင့် အနီးဆုံးရပ်ကွက်များဖြစ်သော ကူးတို့ဆိပ်နှင့် အရှေ့ဦးရပ်ကွက်များအတွင်းမှ မီးဘေးမှလွတ်မြောက်သူများနှင့် ဒဏ်ရာအနည်းငယ်သာ ရရှိသူများကို အနီးရှိမဟာဝိဇယရာမ (ပုသိမ်ညွန့်ရာကျော်)ဘုန်းတော်ကြီးကျောင်းတွင် အရေးပေါ် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကူညီခဲ့ကြသည်။

ဘုန်းတော်ကြီးများ စာသင်၊ စာအံနှင့် အနားယူကျိန်းစက်ရာ တစ်ထပ်ပျဉ်းထောင်ကျောင်းဆောင်မှာ တစ်ခဏအတွင်းမှာပင် အမျိုးသမီးကြီးငယ်များ၊ ကလေးငယ်များနှင့် ပြည့်သွားပြီး မီးဘေးသင့်သူများကို ကူညီကယ်ဆယ်နေသောကြက်ခြေနီလုပ်သားများနှင့် ယောက်ျားသားများမှာ ပြေးချည်လွှားချည်ရှိနေကြသည်။

"ရုပ်ရှင်ကားတွေ ထဲကထက်တောင် ဆိုးပါတယ်။ ဝုန်းဆို လူကလည်းပျာသွားတာပဲ။ အသံကြီးကလည်း အကျယ်ကြီး။ လူတွေကလည်းကမ္ဘာပျက်သလိုပါပဲ" ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်းတွင် နေထိုင်သူ ကလေးမိခင်တစ်ဦးက ပြောသည်။

မီးလောင်မှုကြောင့်ပေါက်ကွဲမှုမှာစက္ကန့်ပိုင်းသာကြာသော်လည်း ထိုပြင်းအားက အသက်ပေါင်း ၂၀ နီးပါးကို သေစေခဲ့သည်။ မဟာဝိဇယရာမကျောင်းအတွင်း ရောက်ရှိနေကြသူများတွင် မိသားစုဝင် မောင်သုံးယောက်နှင့် မွေးစားညီမ လောလောလတ်လတ်ဆုံးရှုံးထားသူ ပါဝင်သလို၊ အိမ်ထောင်ဦးစီး၊ အစ်ကို၊ ခင်ပွန်း၊ ဇနီးသည် စသည့်မိသားစုဝင်များဆုံးရှုံးထားသူများမှာလည်း ရှိုက်ကြီးတငင ငိုကြွေးနေကြသည်။

"လမ်းမှာတင်မောင်လေးနှစ်ယောက်က ခေါင်းတွေ ပွင့်ပြီးဆုံးသွားပါတယ်။ နောက်ထပ် မောင်လေးတစ်ယောက်က ဆေးရုံမှာဆုံးတယ်။ မွေးစားထားတဲ့ညီမလေး တစ်ဦးလည်းဆုံးသွားပါသေးတယ်" ဟု ၁၉ နှစ်အရွယ်ကလေးတစ်ဦးမိခင် မသန္တာအောင်က ဝမ်းနည်းစွာ ငိုကြွေးနေသည့်ကြားမှ ပြောသည်။ မသန္တာအောင်၏ မိသားစုဝင်များ အပါအဝင် အသက်ဆုံးရှုံးသွားခဲ့ကြသူများမှာ ပေါက်ကွဲမှုမှ လွင့်စဉ်လာသော ခဲလုံးများ၊ အရာဝတ္ထုများ ပြင်းထန်စွာ ထိမှန်ကာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထိုပေါက်ကွဲမှုသည် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကူးတို့ဆိပ်ရပ်၊ အရှေ့ဦး ရပ်ကွက်တို့မှ အိမ်ခြေပေါင်းတစ်ရာကျော်ကို ပျက်စီးစေသည့် တရားခံဖြစ်ခဲ့ပြီး အသေအပျောက်များခဲ့ ရခြင်း၏ အကြောင်းရင်းလည်း ဖြစ်သည်။

မေတ္တာညွန့်ဂိုဒေါင်များဟု ခေါ်ဆိုသော ကုန်ပစ္စည်းသိုလှောင်ရုံများပေါက်ကွဲမှုကြောင့် ဘေးဒုက္ခသည်အဖြစ် ညတွင်းချင်း ရောက်ရှိသွားသူများကို အနီးဆုံးဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ စားသောက်စရာများ မပူပင်ရအောင် ကူညီသူများ များပြားလျက်ရှိသော်လည်း ပေါက်ကွဲပျက်စီးမှုကြောင့် လဲပြိုသွားသော အိမ်ခြေများကို ပြန်လည်ထူမတ်ရေးမှာ တွေးရင်းစိတ်မောရသည်ဟု ဘေးဒုက္ခသည်များက အချင်းချင်းပြောဆိုနေကြသည်။ မီးငြိမ်းသတ်ရန်ကြိုးပမ်းရင်း ကျဆုံးခဲ့ရသောမီးသတ်တပ်ဖွဲ့ဝင်များအတွက် မိသားစုဝင်များနှင့် မြန်မာပြည်သူအများစု ကြေကွဲခဲ့ကြသည်။

"မီးသတ်တပ်ဖွဲ့ဝင်တွေက ဘာတွေရှိမှန်းမသိဘဲနဲ့မီးငြိမ်းသတ်ဖို့ကြိုးစားရင်း အခုလိုဖြစ်သွားတာ သူတို့က ပေါက်ကွဲစရာတွေရှိတယ်ဆိုတဲ့ အချက်အလက်ကို ကြိုမသိခဲ့လို့ဖြစ်ခဲ့ရတာ။ ဘာနဲ့တူလဲဆိုတော့ သူတို့က အကာအကွယ်မဲ့ သတ်ကွင်းထဲကိုရောက်သွားတဲ့သူတွေလိုပဲ။ တကယ်တာဝန်ရှိတာက ဂိုဒေါင်ပိုင်ရှင်တွေ၊ ဂိုဒေါင်ထဲမှာပေါက်ကွဲအန္တရာယ်ရှိတဲ့ပစ္စည်းတွေကိုထားပြီး ကြိုမပြောတဲ့သူတွေပဲ"ဟု ရန်ကုန်မြို့ခံတစ်ဦးက မီးသတ်တပ်ဖွဲ့ဝင်များ ဆုံးရှုံးရခြင်းနှင့်ပတ်သက်၍ စိတ်မကောင်းစွာ ဖွင့်ဟသည်။ ဒီဇင်ဘာ ၂၉ရက်နေ့ အရှေ့ဦးသည် အားလုံးအတွက် ကြေကွဲစရာပြည့်နေခဲ့သည်။

## နောက်ကျောဖုံး - အိန္ဒိယနှင့် ပါကစတန် နျူဒေသများမြေပုံ ဖလှယ် မှ

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရချိန်တွင် နှစ်နိုင်ငံခွဲခြားခဲ့ပြီး နောက်ပိုင်းစစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ကာ နှစ်နိုင်ငံကြားတွင် နယ်စပ်ဒေသနှင့် အရင်းအမြစ်အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။ ဖြစ်ပွားခဲ့သော စစ်ပွဲနှစ်ကြိမ်မှာ ကက်ရှ်မီးယားဒေသနှင့် ပတ်သက်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင်လည်းယင်းဒေသနှင့်ပတ်သက်၍ အငြင်းပွားခဲ့ရာက နျူကလီးယားပဋိပက္ခဖြစ်လုနီးပါး အခြေအနေအထိ ရောက်ရှိခဲ့ကြောင်းသိရသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012


Photo - AFP

# ကျွန်တော်တို့ ငြိမ်းချမ်းရေးကို ယုံကြည်တယ်

## ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ပါလက်စတိုင်းဟာ နိုင်ငံတည်ထောင်ဖို့ ကြိုးစားနေခဲ့ပေမယ့် ကုလသမဂ္ဂမှာ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ ပိတ်ပင်ထားမှုကြောင့် အရာမထင်သေးဘူးဖြစ်နေပါတယ်။ ဒါပေမဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူနက်စကိုအဖွဲ့ကြီးကတော့ ပါလက်စတိုင်းကို မကြာမီက အဖွဲ့ဝင်အဖြစ် လက်ခံခဲ့တဲ့အတွက် အမေရိကန်နဲ့ အစ္စရေးရဲ့ ရန်ပုံငွေထည့်ဝင်မှုရပ်တန့်ကာ ဒဏ်ခတ်အရေးယူမှုတွေကို ခံခဲ့ရပါတယ်။ ဒါကြောင့် ယူရိုသတင်းဝက်ဘ်ဆိုက်ဟာ ပါလက်သမ္မတ မာမွတ်အဘတ်စ်နဲ့တွေ့ဆုံကာ ဒီအကြောင်းတွေကို မေးမြန်းထားပါတယ်။ ယခုအဲဒီမေးမြန်းမှုတွေကို ပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။

**သမ္မတကြီးခင်ဗျာ ယူနက်စကို အဖွဲ့ထဲ ပါလက်စတိုင်းဝင်ခွင့်ရခဲ့တာနဲ့ ပတ်သက်လို့ ပြောပြပေးနိုင်မလားခင်ဗျာ။**

ကုလသမဂ္ဂရဲ့ ပညာရေးသိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ကြီးယူနက်စကိုမှာ ပါလက်စတိုင်းတို့အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့တာဟာ နိုင်ငံရေးအရရော၊ ကျင့်ဝတ်ရေးအရပါ အဓိပ္ပာယ်အများကြီးဆောင်ပါတယ်။ ကျွန်တော်တို့ဟာ ပါလက်စတိုင်းကို ကုလသမဂ္ဂမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံဖို့ လုံခြုံရေးကောင်စီကိုတောင်းဆိုခဲ့ပြီး အဲဒီတောင်းဆိုချက်ကိုလည်း ဆက်ထားနေဆဲပါ။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ ယူနက်စကိုထဲလည်း ဝင်ချင်ခဲ့တယ်။ ဒီအဖွဲ့ဟာ အလွန်အရေးပါတဲ့အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းက ပြည်သူတွေနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်နေတဲ့အဖွဲ့ပါ။

**အခုဆို အမေရိကန်က ယူနက်စကိုမှာ သူ့ရဲ့ ဘဏ္ဍာရေးအရ ပါဝင်မှုကို ရပ်တန့်ပစ်လိုက်ပြီဆိုတော့ ဘာများဖြစ်မလဲ။**

အမေရိကန်ပြည်ထောင်စုဟာ ဘာအကြောင်းပြချက်ကောင်းကောင်းမှမရှိဘဲ ယူနက်စကိုမှာ ကျွန်တော်တို့ပါဝင်မှုကို ဆန့်ကျင်ခဲ့တယ်။ အဲဒါရဲ့ အကြောင်းပြချက်ကဘာလဲ။ သူတို့ပြောတာကတော့ ၁၉၈၉ ကတည်းက အမေရိကန်ပြည်ထာင်စုအစိုးရကို အကြမ်းဖက်ဝါဒနဲ့ ဆက်နွှယ်နေတဲ့ အဖွဲ့အစည်းတွေကို ဘဏ္ဍာရေးအရ ပါဝင်ထောက်ပံ့ခြင်းကိုပိတ်ပင်ထားတဲ့ ဥပဒေတစ်ရပ်ရှိလို့ပါတဲ့။ ကျွန်တော်တို့ဟာ အကြမ်းဖက်ဝါဒီတွေလို့ ကိုယ့်ကိုယ်ကိုယ် မထင်မှတ်ကြောင်း တုံ့ပြန်ပြီးဖြစ်ပါတယ်။ ပြီးတော့ ဒီလိုအရည်အချင်းသတ်မှတ်ချက်ကို လွန်ခဲ့တဲ့ ၂၂ နှစ်လောက်က လုပ်ခဲ့တာဆိုတော့ အဲဒါဟာ ဒီနေ့ကာလမှာ မဖြစ်နိုင်တော့ပါဘူး။

သက်သေကတော့ ပါလက်စတိုင်းဟာ လေးနိုင်ငံကော်မရှင် အဖွဲ့ဝင်ဖြစ်တဲ့ အမေရိကန်နဲ့ စီးပွားရေးနဲ့နိုင်ငံရေး ဆက်ဆံမှုတွေရှိထားခဲ့တယ်။ ဒါပေမဲ့ သူတို့အဖြေကတော့ ဥပဒေဟောင်းတစ်ခု ရှိနေတယ်။ ဒါကြောင့် မပြောင်းနိုင်ဘူးလို့ ပြောနေတာပါ။ ဒါဟာ မမျှတတဲ့ အနေအထားတစ်ရပ်ပဲဆိုတာ ရှင်းနေပါတယ်။

**ဟားမားစ်အဖွဲ့နဲ့ ဆွေးနွေးမှုတွေလုပ်နေတာကရော ဘာများသတင်းထူးတာရှိပါသေးသလဲ။**

ပြီးခဲ့တဲ့ တစ်လလောက်ကတော့ ကျွန်တော်ဟားမားစ်ခေါင်းဆောင် ဆလတ်မာရှယ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ သဘောတူညီချက်တစ်ခုအတွက် အခြေခံကိုလည်း ချမှတ်နိုင်ခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ ဟားမားစ်ဟာ အောက်ပါအချက်တွေကို လိုက်နာရပါမယ်။ အနောက်ဘက်ကမ်းမှာရော ဂါဇာမှာပါ တည်ငြိမ်မှုနဲ့ငြိမ်းချမ်းရေးရှိစေဖို့ "တော်လှန်မှုတွေဖြစ်ရင်လည်း လက်နက်မကိုင်စွဲဘဲ လူထုအား အခြေခံတဲ့တော်လှန်မှုတွေသာဖြစ်ဖို့။ ၁၉၆၇ နယ်စပ်မျဉ်းတွေအပေါ် အခြေခံတဲ့ (ပါလက်စတိုင်း) နိုင်ငံတည်ထောင်ဖို့၊ နောက်ပြီး ၂၀၁၂ မေ ၅ ရက်မှာ ဥပဒေပြုရွေးကောက်ပွဲတွေ ကျင်းပနိုင်ဖို့ အဖွဲ့အစည်းတစ်ရပ်ရှိဖို့တို့ ဖြစ်ပါတယ်။ ဒါတွေကို ဟားမားအဖွဲ့ကလည်း သဘောတူထားပါတယ်။

ဒီအချက်တွေက ဆက်လုပ်စရာတွေ လိုအပ်နေပါတယ်။ ပါလက်စတိုင်းအဖွဲ့အစည်းတွေအားလုံး ပီအယ်လ်အိုအဖွဲ့ထဲ ဘယ်လိုပါမယ်ဆိုတာတွေကိုလည်း ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဒီရက်ပိုင်းမှာ အစ္စရေးဟာ ပါလက်စတိုင်းအကျဉ်းသားတွေကို လွှတ်ပေးနေတယ်နော်။ နောက်ထပ်ဘာများ သမ္မတကြီးမျှော်လင့်ထားသေးလဲ။**

အစ္စရေးစစ်သား ရှာလစ်ပြန်ပေးဆွဲခံခဲ့ရပြီး သူ့ကိုလွှတ်ပေးရေးအတွက် စေ့စပ်ခဲ့တာတွေက ငါးနှစ်ကြာခဲ့တယ်။ အီဂျစ်ရဲ့ ကြားဝင်မှုနဲ့ ဟားမားစ်နဲ့ အစ္စရေးအကြား သဘောတူညီမှုရခဲ့တယ်။ အကျဉ်းသား ၁,၀၂၇ ဦးရှိပါတယ်။ ပထမအဆင့်မှာ လေးရာလွှတ်ပေးပြီး ကျန်တဲ့သူတွေကို ဒုတိယအဆင့်မှာ လွှတ်မှာပါ။

အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်ဘိုလ်မတ်နဲ့ ကျွန်တော် သဘောတူညီမှုတစ်ခုလုပ်ခဲ့တုန်းက ရှာလစ်ကိုလွှတ်ပေးရင် အစ္စရေးဘက်ကလည်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့အတွက် အကျဉ်းသားတွေကိုလွှတ်ပေးမယ်လို့ ဆိုထားခဲ့တယ်။ နေတန်ညာဟုကတော့ ဒီသဘောတူညီချက်ကို ရှုတ်ချခဲ့တယ်။ ပြီးခဲ့တဲ့ တစ်နှစ်လောက်က သမ္မတအိုဘားမားက သူလည်း နေတန်ညာဟုနဲ့ အကျဉ်းသားတွေလွှတ်ပေးဖို့ အကြောင်းဆွေးနွေးမယ်လို့ ကျွန်တော်ကို ပြောခဲ့တယ်။ ပြီးတော့ အားလုံး မေ့လျော့ခံခဲ့ရတယ်။

ဒါ့ကြောင့် အကျဉ်းသားကိစ္စ က စိတ်စေတနာကောင်းနဲ့သာမကဘဲ အပြန်အလှန်ပူးပေါင်းမှု၊ အားထုတ်မှုတွေနဲ့ပါ ဖြေရှင်းရမှာ ဖြစ်ပါတယ်။

**အရှေ့အလယ်ပိုင်းဒေသ တစ်ခုလုံးမှာဖြစ်နေတဲ့ အခြေအနေနဲ့ပတ်သက်လို့ မရှောင်လွှဲနိုင်တဲ့ မေးခွန်းတစ်ခုကတော့ ဆီးရီးယားမှာ ဖြစ်နေတဲ့ ကိစ္စပါပဲ။ ဆီးရီးယားမှာဖြစ်နေတဲ့ကိစ္စတွေက ပါလက်စတိုင်းအပေါ် ဩဇာသက်ရောက်မှုရှိပါသလား။**

တရားဝင်အမြင်ရှုထောင့်ကသာပြောရရင် ကျွန်တော်တို့အဲဒီမှာ ဝင်မပါပါဘူး။ အဲဒီမှာ ဖြစ်ပျက်နေတာတွေနဲ့ ကျွန်တော်တို့ မရောနှောပါဘူး။ ဒါပေမဲ့ ပြည်သူတွေရဲ့ဆန္ဒကို လေးစားကြောင်းတော့ ကျွန်တော်တို့ဖော်ပြထားပါတယ်။ လူတွေတောင်းဆိုနေတာကို ကျွန်တော်တို့ အတည်ပြုထောက်ခံထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လေ့လာနေပါတယ်။ ဆီးရီးယား (သို့မဟုတ်) အီဂျစ်၊ တူနီးရှားတို့မှာ ဘာဖြစ်ဖြစ် ကျွန်တော်တို့ ဝင်မပါပါဘူး။ ကျွန်တော်တို့ ဆီးရီးယားက ဖြစ်စဉ်တွေကို စောင့်ကြည့်နေတယ်။ ဒီထက်မပိုပါဘူး။


Photo - AFP

**သမ္မတကြီးဟာ ပြင်သစ်သမ္မတ ဆာကိုဇီနဲ့ ပါရီမှာတွေ့ခဲ့တယ်။ ဥရောပကောင်စီဥက္ကဋ္ဌ ဗန်ရွမ်ပိုင်နဲ့ ဘရပ်ဆဲလ်မှာ တွေ့ခဲ့တယ်။ ပြီးတော့ အိုက်စလန်နိုင်ငံက ပါလက်စတိုင်းနိုင်ငံကို ၁၉၆၇ နယ်စပ်မျဉ်းတွေအတိုင်း လက်ခံခဲ့တယ်ဆိုတော့ . . ။**

ကျွန်တော်တို့က ကျူးကျော်မှုဒဏ်ခံနေရတဲ့ ပြည်သူတွေပါ။ ကျွန်တော်တို့ရဲ့ လွတ်လပ်ခွင့်ကို တောင်းဆိုနေတာပါ။ ကျွန်တော်တို့ ငြိမ်းချမ်းရေးကို ယုံကြည်တယ်။ နိုင်ငံတကာရဲ့ တရားဝင်အသိအမှတ်ပြုမှုကို ယုံကြည်တယ်။ တိုင်းပြည်တွင်းမှာလည်း ငြိမ်းချမ်းရေးဓလေ့ကို ကျင့်သုံးနေတယ်။ နိုင်ငံတကာ ဗဟိုဘဏ်တွေနဲ့ အလှူရှင်တွေကလည်း ကျွန်တော်တို့ရဲ့ စာရင်းဇယားတွေဟာ ပွင့်လင်းမြင်သာမှုရှိတယ်ပြောထားတယ်။ ဒါဆို ကျွန်တော်တို့ဘာတွေလွဲနေသလဲ။ အဓိကပြဿနာကတော့ အစ္စရေးက ကျွန်တော်တို့ကို ငြင်းဆန်နေပြီး အဲဒီကို အမေရိကန်က အတည်ပြုပေးနေတာပါ။ ကျွန်တော်တို့ဟာ အမြဲတမ်းပဲ သူတို့နဲ့ စေ့စပ်ဆွေးနွေးချင်ခဲ့ပြီ ငြိမ်းချမ်းရေးဟာ ပါလက်စတိုင်းတွေအတွက်သာမကဘူး အစ္စရေးတွေနဲ့ ဒီဒေသတွင်းအတွက်၊ နိုင်ငံတကာ အကျိုးစီးပွားရေးအတွက် အရေးကြီးတယ်ဆိုတာ ပြောခဲ့ပါတယ်။ ဒါ့ကြောင့် ဖိအားပေးတယ်ဆိုတာ ငြင်းဆန်နေတဲ့သူတွေ၊ ငြိမ်းချမ်းရေးလမ်းမှာ ပိတ်ရပ်နေသူတွေကို ဖိအားပေးရမှာပါ။ ကျွန်တော်သူတို့ကို ပြောတယ်။ "ဒီမှာ ကျုပ်တို့အနေအထား ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲပြောပါ။ ကျုပ်အမှားက ဘာလဲလို့။ ကျုပ်က အမှားကိုပြင်ဖို့ အဆင်သင့်ပါပဲ" ဒါပေမဲ့ သူတို့ ဘာအမှားမှ ရှာမတွေ့ကြဘူးလေ။

*Ref: 'Abbas Ready to Correct Errors" Euronews:16 Dec.*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.42 · JANUARY 5, 2012

## အခွေတစ်ခွေထုတ်ဖို့ဆိုတာ အနုပညာအတွက် ကိုယ့်ရဲ့ငွေကြေးကို ပစ်ချလိုက်ရသလိုပဲ

**တင်ဇာမော်နှင့်တွေ့ဆုံခြင်း**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှာ အခြေချနေထိုင်ပြီး အားလပ်ရက်တွင်မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အဆိုတော်တင်ဇာမော်သည် အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့သော ပြည်ထောင်စုတိုင်းရင်းသားများ ဖွံ့ဖြိုးရေး ရန်ပုံငွေဖျော်ဖြေပွဲနှင့် ကြုံကြိုက်ကာ ပါဝင်အားဖြည့်ပေးခဲ့သူတစ်ဦးလည်းဖြစ်သည်။ သူမ၏ လူကြိုက်များသော အချစ်ကျောင်းသူ၊ အချစ်မရှိနေ့ရက်များ သီချင်းနှစ်ပုဒ်ဖြင့် ထိုပွဲတွင် ပရိသတ်ကို ဖျော်ဖြေပေးခဲ့သော တင်ဇာမော်သည် အမိမြေသို့ ပြန်လာခိုက် အမျိုးသမီးအဆိုတော် လေးဦးဖျော်ဖြေမည့် 4 Flavoursဂီတပွဲတွင်လည်း ပါဝင်မည်ဖြစ်ပြီး ပရိသတ်ကိုဖျော်ဖြေဦးမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ်၏နောက်ဆုံးရက်ဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် တင်ဇာမော်နှင့် တွေ့ဆုံစကားပြောဖြစ်ခဲ့သည်များမှ အချို့ကို ပရိသတ်ထံ ပြန်လည်ဝေမျှလိုက်ပါသည်။

**မနေ့ည(ဒီဇင်ဘာ၃၀)က ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ရန်ပုံငွေဖျော်ဖြေပွဲမှာ အစ်မ လည်းအားဖြည့်ပေးခဲ့တယ်နော်။ အစ်မဆိုဖြစ်ခဲ့ပုံလေး ပြောပြပေးပါ။**

အစ်မလန်ဒန်မှာတုန်းက အင်တာနက်မှာဖတ်ရတယ်။ ဒီပွဲရှိတဲ့အကြောင်း။ နောက်ပြီးရက်ရွှေ့လိုက်ရတာတွေ သိလိုက်ရတယ်။ ဘယ်နေ့ကို ရွှေ့လိုက်လဲဆိုတာလဲ အစ်မ မသိဘူး။ မီလိမ့်မယ်လို့လည်းမထင်ဘူး။ အစ်မစိတ်ထဲမှာတော့ အန်တီစုလုပ်မယ့် ဒီပွဲမှာ အစ်မ ဆိုဖြစ်လိမ်မယ်လို့မထင်ထားခဲ့ဘူး။ သူနဲ့တွေ့ရလိမ့်မယ်လို့လည်း မမျှော်လင့်ထားခဲ့ဘူး။ ဒါပေမဲ့ အစ်မ ဒီကိုရောက်တဲ့အချိန်မှာ အစ်မရဲ့ ပရိုဂျူဆာက ပြောလာတယ်။ ၃၀ရက်မှာ ဆိုမလားလို့မေးတယ်။

**စာ(၄၅)သို့**

စာ(၄၅)သို့



ဓာတ်ပုံ-စောပြည့်စုံ



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## သူငယ်ချင်းချစ်သူနဲ့လက်တွဲလိုက်တဲ့ ပန်းဖြူ

**ကြုံကြုံဟန်**

**ရန်ကုန်၊ ဇန်နဝါရီ၁**

ငယ်စဉ်ကတည်းကသိကျွမ်းခင်မင်ခဲ့သော သူနှင့် ချစ်သူသက်တမ်း တစ်နှစ်ပြည့်ချိန်တွင် စေ့စပ်လိုက်ခြင်းဖြစ်ကြောင်း အကယ်ဒမီပန်းဖြူက ယနေ့ပြုလုပ်သော သူမ၏စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် အခြေချနေထိုင်သော ချစ်သူကိုလူမင်းနှင့် စေ့စပ်ပြီး၊ မင်္ဂလာဦးဆွမ်းကျွေးကိုဇန်နဝါရီ၂ရက်နေ့တွင်ပြုလုပ်မည်ဖြစ်ကာ မင်္ဂလာညည့်ခံပွဲအနေနှင့် သီးသန့်ပြုလုပ်သွားရန် အစီအစဉ်မရှိကြောင်း ပန်းဖြူကပြောကြားသည်။

"သူနဲ့ကငယ်ငယ်ကတည်းက သူငယ်ချင်းလို၊ မောင်နှမလိုနေခဲ့တာ။ သူနိုင်ငံခြားထွက်သွားတော့ အဆက်အသွယ်ပြတ်သွားတယ်။ နောက်မှ အွန်လိုင်းမှာပြန်တွေ့တာ။ ငယ်ငယ်တုန်းက ရန်အမြဲဖြစ်နေတော့ ဒီလိုဖူးစာဆုံမယ်လို့ တွေးတောင်မတွေးမိခဲ့ဘူး"ဟုပန်းဖြူကပြောသည်။

လက်ထပ်ပြီးလျှင် မြန်မာနိုင်ငံတွင်သာ အနုပညာအလုပ်များကိုဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပြီး ခင်ပွန်းရှိရာသို့ သွားချည်ပြန်ချည်သာပြုလုပ်သွားမည်ဟု ပန်းဖြူကပြောသည်။

## စီးရီးဝင်ငွေကို ဗိုလ်ချုပ်အတ္ထုပတ္တိအတွက်လှူမယ့် Dယံ

**ကြုံကြုံဟန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

ပေါ့ပ်တေးသံရှင် Dယံသည် ဇန်နဝါရီလတွင် ထွက်ရှိမည့် "လူတန်းစေ့"စီးရီးရောင်းချ၍ရသော အမြတ်ငွေကို ၂၀၁၅ ခုနှစ်တွင် အပြီးသတ်ရိုက်ကူးမည့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရေးတွင် လှူဒါန်းသွားမည်ဟု ၎င်းကပြောသည်။

ထိုကိစ္စနှင့်ပတ်သက်၍ Dယံအား မေးမြန်းရာ"ကျွန်တော်လှူရတဲ့အကြောင်းအရင်းက အချက်၂ချက်ရှိတာပေါ့။ နောင်လာနောင်သားတွေ ကျွန်တော်တို့ မြန်မာလူမျိုးတွေက နိုင်ငံရဲ့လွတ်လပ်ရေးဖခင်ကြီးကို လူတိုင်းသိစေချင်တဲ့ဆန္ဒနဲ့ လှူဒါန်းရခြင်းဖြစ်ပါတယ်။ နောက်မွေးလာတဲ့ ကလေးတွေက ဗိုလ်ချုပ်ဆိုတာဘယ်သူမှန်းတောင်မသိဘူး"ဟု Dယံကပြောသည်။



"လူတန်းစေ့"စီးရီးခေါင်းစဉ်ပေးဖြစ်ပုံကို မေးမြန်းရာ "အရင်ဦးဆုံး 'ပထမခြေလှမ်း'ဆိုပြီး ပေးထားတာ။ ဒါပေမဲ့ နောက်ပိုင်း ကျတော့ 'လူတန်းစေ့'ဆိုတာလေးကို ကျွန်တော်ကြိုက်တယ်။ လူတန်းစေ့ ဆိုတာပေးမယ် ဆိုပြီးတော့ ကျွန်တော်ပြန်စဉ်းစားလိုက်တဲ့အခါမှာ ငါတို့မြန်မာနိုင်ငံမှာ လူတွေကအချိန်တန်ကျရင် လူတန်းစေ့ဖြစ်စေရမယ်ဆိုတဲ့ နိမိတ်နဲ့ ပေးလိုက်ခြင်းဖြစ်ပါတယ်"ဟု Dယံကပြောသည်။

နှစ်သစ်ဆုတောင်းကို Dယံက"နှစ်သစ်မှာ ဘာတွေပြောချင်လဲဆိုတော့ ကျွန်တော့်ပရိသတ်မြန်မာလူမျိုးအကုန်လုံးကိုပြောချင်တာကစိတ်သစ်၊လူသစ်၊အခွင့်အရေးသစ်တွေများစွာနဲ့ ဘေးမသီရန်မခဘဲ ထမင်းငတ်တဲ့ဘေးက အားလုံးကင်းဝေးနိုင်ကြပါစေလို့ကျွန်တော်ဆုတောင်းပေးလိုက်ပါတယ်"ဟု Dယံကပြောသည်။



## ကမ္ဘာ့အလှပဆုံး မျက်နှာပိုင်ရှင်ငါးဦး စာရင်းဝင်ခဲ့တဲ့ အွန်စော

**ဆိုးလ်၊ ဒီဇင်ဘာ - ၂၆**

ကိုရီးယားမင်းသမီးဆောင်ဟေးကျို(အွန်စော)သည် ကမ္ဘာပေါ်တွင် အလှပဆုံးမျက်နှာပိုင်ရှင်ငါးဦး စာရင်း၌ ပါဝင်ခဲ့ကြောင်းသိရသည်။

ထိုစာရင်းကို အမေရိကန်နိုင်ငံမှထိပ်တန်းဖျော်ဖြေရေးသတင်းဝက်ဘ်ဆိုက် TC Candlerက ပြုစုခဲ့ခြင်းဖြစ်သည်။ စာရင်းတွင် 'ကမ္ဘာ့အလှပဆုံး မျက်နှာပိုင်ရှင် ၁၀၀'ကို စာရင်းပြုတင်ပြထားရာ အွန်စောက နံပါတ်-၅ နေရာရခဲ့သည်။

ဝက်ဘ်ဆိုက်တွင် "ဆောင်ဟေးကျိုဟာ ကမ္ဘာ့အလှဆုံးတွေထဲကတစ်ဦးပါပဲ။ လာမယ့် ၂၀၁၂ မှာ ကျန်းကျိုယီနဲ့တွဲရိုက်ထားတဲ့ The Grandmasters ကားကိုလည်း စောင့်ကြည့်ရပါမယ်"ဟု မှတ်ချက်ပေးထားသည်။

ယခုစာရင်းတွင် ကိုရီးယားမင်းသမီး ကိုအားရာနှင့် Girls' Generation ဂီတအဖွဲ့မှ ဂျက်ဆီကာတို့မှာ နံပါတ်-၁၂နှင့် ၄၅ နေရာအသီးသီးရခဲ့သည်။ စာရင်းတွင် ကမ္ဘာ့အလှပဆုံးမျက်နှာပိုင်ရှင် နံပါတ်-၁ မှာဟယ်ရီပေါ်တာ မင်းသမီး အမ်မာဝပ်ဆင်ဖြစ်ခဲ့သည်။

—Ref: Hancinema

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

## တစ်နှစ်တာကြယ်ပွင့်ဆု ရပြန်တဲ့ Girls' Generation အဖွဲ့

**ဆိုးလ်၊ ဒီဇင်ဘာ - ၂၇**

တောင်ကိုရီးယားနိုင်ငံမှ အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ Girls' Generationသည် ကိုရီးယားအားကစား နေ့စဉ်သတင်းစာ Sports Hankook က ချီးမြှင့်သော တစ်နှစ်တာ ကြယ်ပွင့်ဆုကိုရရှိသွားသည်။

အဆိုပါဆုကိုသတင်းစာက အနုပညာဖျော်ဖြေရေးလောကထဲမှ ကျွမ်းကျင်ပညာရှင် ၁၀၀ခန့်ကို စစ်တမ်းကောက်ယူ မဲပေးစေခဲ့ခြင်းဖြစ်သည်။ ပညာရှင် ၁၀၀ မှ ၃၀ ဦးက Girls' Generation အဖွဲ့ကို မဲပေးခဲ့သည်။ အဆိုပါ အဖွဲ့သည် ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်တွင်လည်း ဤဆုကိုရခဲ့ဖူးရာ သုံးနှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။

Girls' Generation အဖွဲ့သည် ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံရပ်ခြား၌ အောင်မြင်မှုများရခဲ့ပြီး ဂျပန်နိုင်ငံတွင်လည်း Mr. Taxi အပါအဝင် သီချင်းများစွာ လူကြိုက်များခဲ့သည်။ ယခုလအစောပိုင်းကမူ အဖွဲ့သည် အမေရိကန် နိုင်ငံတွင် ၎င်းတို့၏ အင်္ဂလိပ်သီချင်းအယ်လ်ဘမ် The Boysကို ဖြန့်ချိထားသည်။

—Ref: Hancinema

## ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ BEAST ၂၀၁၂တွင် ကမ္ဘာလှည့်ဖျော်ဖြေမည်

**ဆိုးလ်၊ ဒီဇင်ဘာ - ၂၇**




တောင်ကိုရီးယားအမျိုးသားပေါ့ပ်ဂီတအဖွဲ့ BEAST ၏ စီမံခန့်ခွဲရေးအေဂျင်စီ ကျူဘ်အင်တာတိန်းမန့် ကုမ္ပဏီက ယင်းအဖွဲ့သည် ၂၀၁၂ ခုနှစ်တွင် စင်ကာပူအပါအဝင် အာရှတစ်လွှားတွင်လည်းကောင်း၊ ဥရောပနှင့် အမေရိကတိုက်များတွင်လည်းကောင်း ကမ္ဘာလှည့် ဂီတဖျော်ဖြေပွဲများပြုလုပ်သွားမည်ဟု အတည်ပြုလိုက်သည်။

BEAST အဖွဲ့၏ ယင်းကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲတွင် ဘာလင်၊ လန်ဒန်၊ ရှန်ဟိုင်း၊ ဘန်ကောက်ကဲ့သို့သော အဓိကမြို့တော်ကြီး ၂၁ခုပါဝင်ကြောင်း သိရသည်။ တေးဂီတအဖွဲ့ဝင် ယန်ယိုဆွတ်ကလည်း “BEAST ဟာ ကိုရီးယားမှာတင်မကဘဲ ကမ္ဘာတစ်ဝန်းမှာ ပါ ဖျော်ဖြေပွဲလုပ်တော့မှာမို့ ကျွန်တော် ဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

ကျူဘ် အင်တာတိန်းမန့် ကုမ္ပဏီသည် အဆိုပါဖျော်ဖြေပွဲအတွက် ဝမ်ငွေ ၂၀ ဘီလီယံ (စင်ကာပူဒေါ်လာ ၂၂ ဒသမ ၃ သန်း) ရင်းနှီးမြှုပ်နှံသွားမည်ဆိုထားသည်။

—Ref: CNA












7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



## စာ – ၄၃၊ တင်ဇာမော်နှင့်တွေ့ဆုံခြင်းမှ

ဟာဆိုရမှာပေါ့ဆိုပြီး အစ်မ ပြန်ပြောလိုက်တယ်။ အဲဒီပွဲကိုဆိုဖြစ်ခဲ့တယ်။ အချစ်ကျောင်းသူနဲ့ အချစ်မရှိနေ့ရက်များ ဆိုဖြစ်ခဲ့တယ်။

**ဒီလို အဆိုတော်တွေ အများဆုံး ပါဝင်ခဲ့တဲ့ဒီလိုမျိုးပွဲကြီးမှာ အစ်မလည်း တစ်ထောင့်တစ်နေရာက ဝင်ကူညီပေးနိုင်ခဲ့တဲ့အတွက် အစ်မ ပျော်မယ်ထင်တယ်။ အစ်မ ဘယ်လိုခံစားရလဲ ။**

အစ်မပျော်ပါတယ်။ ကျေနပ်တယ်။ အန်တီစု၊ အမေ့ကိုလည်း တွေ့လိုက်ရတယ်။ အပြင်မှာ သူစကားပြောတာလည်း မြင်ဖူးလိုက်ရတယ်။ တစ်ခါစင်ပေါ်ကနေဆင်းလာတဲ့အခါ ကြည့်ခွင့်ရလိုက်တယ်။ နှုတ်ဆက်ခွင့်လည်း ရလိုက်တယ်။ အစ်မအရမ်းပျော်ပါတယ်။ ဒါလူမှုရေးအတွက်လုပ်တဲ့ပွဲကြီးလည်းဖြစ်တဲ့အတွက် ကိုယ်ပိုင်စီးပွားရေးတစ်ခုမှမပါဘူးအားလုံးက ပရဟိတအတွက် ဝိုင်းပြီး လုပ်ကြတဲ့ပွဲမို့ အစ်မကြည်နူးမိပါတယ်။

**အစ်မ သကြၤန်တုန်းက တစ်ခေါက်လာဖြစ်ခဲ့သေးတယ်နော်။ အခု ဒီဇင်ဘာမှာပြန်လာဖြစ်ခဲ့ပုံလေး ပြောပြပါဦး။**

အစ်မကနယူးရီးယားပွဲတစ်ခုကို ပျဉ်းမနားမှာ ၃၁ ရက်ညမှာ ဆိုဖို့ စာချုပ်ချုပ်ဖြစ်လို့ လာတာပါ။ မခိုင်(ထွန်းအိန္ဒြာဗို)က လက်ခံပေးထားတဲ့ပွဲကို ဆိုဖို့လာတာ။ အဲဒီပွဲကတော့ပျက်သွားပါတယ်။

**အစ်မ ရန်ကုန်မှာရှိနေတဲ့ ရက်အတွင်းမှာဆိုဖြစ်မယ့်ဖျော်ဖြေပွဲကိုဘယ်လိုစိတ်ကူးနဲ့ စီစဉ်ဖြစ်ခဲ့တာလဲ။**

အစ်မက ဟိုမှာ အလုပ်လုပ်တော့ နယူးရီးယားပွဲကိုလာရင်း ဟောလီးဒေး သုံးပတ်ယူပြီး လာတာဆိုတော့ လာတဲ့အတောအတွင်းမှာကိုယ့်အတွက် မှတ်မှတ်ရရ ဖြစ်မယ့်ပွဲလေးဆိုချင်တယ်။ အစ်မအတွက်လည်းအကျိုးရှိတယ်လေ။ အလကားနေမယ့်အတူတူ ဒီအားလပ်ရက်လေးမှာ အနုပညာအလုပ်ကိုလုပ်ဖြစ်အောင်ဆိုပြီးတွေးကြတာပေါ့။ အစ်မတစ်ယောက်တည်းလည်း မလုပ်ချင်သေးတာကြောင့် အဖွဲ့လိုက် ရှိုးလေး လုပ်ကြမယ်ဆိုပြီးစီစဉ်ဖြစ်တာပါ။ အားလုံးစဉ်းစားပြီးတော့ နောက်ဆုံး အစ်မတို့လေးယောက်(ဖြူဖြူကျော်သိန်း၊ ထွန်းအိန္ဒြာဗို၊ တင်ဇာမော်၊ ချမ်းချမ်း) လုပ်ဖြစ်သွားတယ်။ ပွဲက ဇန်နဝါရီ ၈ ရက် အမျိုးသားဇာတ်ရုံမှာပါ။

**အစ်မ သီချင်းသစ်တွေနဲ့ တစ်ကိုယ်တော်စီးရီးရောပရိသတ်တွေ ဘယ်တော့လောက်နားဆင်ခွင့်ရမလဲ။**

တစ်ကိုယ်တော်ထုတ်ဖို့ အခွေအနေနဲ့ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ၊ အခွေဈေးကွက်က အခွေထုတ်ပြီး သွားရင်ရင်းနှီးမြှုပ်နှံတဲ့ ငွေကြေးပမာဏကဘာမှပြန်ရမယ့်အခြေအနေမရှိတော့ အနုပညာရှင်တွေ အားလုံးလည်းဒီဟာအတွက်ကိုခေါင်းခဲနေကြတာညီမတို့အသိဆုံးပါ။ အခွေတစ်ခွေထုတ်ဖို့ဆိုတာက အနုပညာအတွက်ကိုယ့်ရဲ့ငွေကြေးကို ပစ်ချလိုက်ရသလို ကြဲချလိုက်ရသလိုမျိုးပဲ။ အလှူတစ်ခုလိုပဲလေ။ အစ်မအနေနဲ့လည်း အခွေတစ်ခွေထုတ်ဖို့ အစီအစဉ် ရှိပါတယ်။ တစ်ခွေမဟုတ်ဘူးနှစ်ခွေ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၇ နှစ်လောက်ကတည်းက တည်ထားတာ။ လုပ်မယ်ဆိုပြီးအဲလိုကိစ္စတွေကြောင့်မလုပ်ဖြစ်၊မလုပ်ဖြစ်နဲ့ဒီတစ်ခါတော့ သီချင်းတွေပေးဖြစ်ခဲ့လိမ့်မယ်လို့ မျှော်လင့်တယ်။ အစ်မဆိုချင်တဲ့ သီချင်းလေးတွေလည်းစုထားတာများနေပြီဆိုတော့လေ။ ထွက်ဖြစ်ရင်တော့ ၂၀၁၃ နှစ်လယ် သို့မဟုတ် ၂၀၁၂ နှစ်ကုန် တစ်ခုခုဖြစ်လိမ့်မယ်။ အစ်မသီချင်းကတော့ ပေးတာတော့ ပေးထားခဲ့လိုက်မယ်ဆိုဖို့။

**အစ်မလုပ်ချင်တဲ့ ဂီတပုံစံအသစ်လေးတွေရောရှိလား။အရင်ဆိုနေကျပုံစံလေးတွေက ခွဲထွက်ပြီးတော့လေ ။**

အစ်မကတော့ အစ်မဆိုချင်တဲ့ သီချင်းပုံစံလေးတွေတွေ့ရင်တေးတေးထားတယ်။ ဆိုချင်တဲ့ပုံစံလေးတွေတွေ့လာရင် ဆိုချင်တယ်။ ဘယ်သူမှလည်းမဆိုရသေးဘူး၊ ဆိုပြီးရင်တောင်မှ ပရိသတ်သိပ်မသိဘူးဆိုရင် ရွေးရင်အဆင်ပြေတယ်လေ။ အစ်မတို့ကကော်ပီဆိုတဲ့သူဆိုတော့။ သပ်သပ်ကြီးလိုင်းခွဲထွက်သွားပြီးဆိုချင်တဲ့သဘောတော့မရှိပါဘူး။ လောလောဆယ်အခြေအနေအချိန်အခါမှာ ဆိုချင်တဲ့ သီချင်းလေးတွေရှိတယ်။ ဘယ်လိုဟာမျိုးလဲဆိုရင် ရော့ခ်ဘဲ ဒါပေမဲ့ အပြင်းစားရော့ခ်လည်း မဟုတ်ဘူး။ ကန်းထရီးရော့ခ်လည်းမဟုတ်ဘူး။အော်တာနေးတစ်ဘက်ကို နည်းနည်းလေးနွယ်မယ့် ရော့ခ်လိုမျိုး။ ပေါ့ပ်ဆိုရင်လည်း ပေါ့ပ်ရော့ခ်လို ပုံစံမျိုးပဲ နည်းနည်းအော်တာနေးတစ်ဘက်ကို နွယ်သီချင်းကတော့မာတဲ့ သီချင်းလေးတွေပဲပေါ့။ သီချင်းအေးလေးတွေပါမယ်ဆိုရင်လည်း Soft Pop လေးတွေပါမယ်ပေါ့။ Soft Pop မျိုးလေးတွေ။

**အစ်မက ဂီတလောကမှာ ရပ်တည်အောင်မြင်လာတာ ဆယ်စုနှစ်တစ်ခုကျော်လာပြီ။ ဝါရင့် အဆိုတော် တစ်ယောက်အနေနဲ့ ခုလက်ရှိ မျိုးဆက်သစ်တွေထဲက အစ်မစိတ်ကြိုက်တွေ့တာသဘောကျတဲ့သူများရှိလား။**

ရှိပါတယ်။ အသစ်တွေထဲက ဆို ချမ်းချမ်းအစ်မ ကြိုက်တယ်။ နောက်ပြီး နီနီခင်ဇော်လည်း ကောင်းတယ်။ ကလေးတွေက အားလုံးကောင်းကြတယ်။ ဝိုင်းစုဆိုလည်း သူ့အသံလေးနဲ့ သူ့သီချင်းလေးတွေနဲ့ ကောင်းတယ်။ ဂျင်းနီဆိုလည်းကောင်းတယ်။ အသစ်ထွက်တဲ့လူငယ်တွေရဲ့သီချင်းတော်တော်များများကို အစ်မနားထောင်ဖြစ်ပါတယ်။ အများကြီးတော့ မဟုတ်ဘူးပေါ့နော်။ အားလုံးက သူ့အရည်အချင်းတွေနဲ့ သူကောင်းကြတဲ့သူတွေချည်းပါဘဲ။ ဒါကြောင့်လည်း အောင်မြင်တာပေါ့နော်။ အရည်အချင်းတစ်ခုမရှိဘဲနဲ့တော့ အောင်မြင်မှုမရနိုင်ပါဘူး။

**အစ်မတို့ ခြေလှမ်းစခဲ့တုန်းက ဂီတလောကအနေအထားနဲ့ အခုလက်ရှိအနေအထားကို နှိုင်းယှဉ်ကြည့်ရင် ဘာတွေကွာခြားသွားပြီလဲ ။**

ကွာခြားတာတော့ အများကြီး ကွာခြားပါတယ်။ အစ်မတို့တုန်းကဆိုရင် စီးရီးတစ်ခွေလုံးထွက်က အဆိုတော်တန်းဝင်နိုင်ခဲ့တယ်လေ။ အဲဒီ ခေတ်တွေတုန်းက ရှိုးတွေသာလူအများကြီးဆိုဖြစ်ကြတာ အခွေတွေမှာ ကျတော့ တစ်ယောက်ထဲ ခွေတွေထွက်ကြတာကိုး။ စုံတွဲအခွေကနည်းတယ်။ တော်တော်လေးကိုနည်းပါတယ်။ အဆိုတော်ဖြစ်ချင်လို့ ဝါသနာပါတဲ့ လူငယ်တွေက သီချင်းဆိုမယ်လို့ စလာရင်မြန်မာ့အသံမှာသီချင်းသွားသွင်းကြမယ်။ အဲဒီတစ်ခုတည်းနဲ့ မပြီးဘဲ အခွေထွက်မှ ဖြစ်တဲ့အတွက် အခွေအတွက်ပဲ လုပ်ကြတယ်။ အဲဒီအချိန်မှာ မီဒီယာက မြန်မာ့အသံတစ်ခုပဲရှိတယ်။ ပရိသတ်ဆီကိုရောက်နိုင်တဲ့နည်းလမ်းသည် အခွေပဲရှိတယ်။ အခွေမှာတောင်တစ်ကိုယ်တော်အခွေပဲရှိတယ်။ အခုခေတ်မှာကတော့ စုပေါင်းအခွေကပရိသတ်အတွက်ဆွဲဆောင်မှုပိုကောင်းတဲ့ခေတ်ဖြစ်နေတဲ့ အတွက် အဆိုတော်ဖြစ်ချင်တဲ့ ဝါသနာရှင်များက အဆိုတော်ဖြစ်ဖို့ အလားအလာရှိတဲ့သူတွေကဒီလိုမျိုးအခွင့်အရေးတွေကနေ အဆိုတော်ဖြစ်ခွင့်ရလာနိုင်ပါတယ်။အဆိုပြိုင်ပွဲတွေကလည်း ဟိုးအရင်တုန်းကထက်ကိုများလာတာအားလုံး အသိပါဘဲ။အစ်မတို့ခေတ်တုန်းကဆိုရင်အဆိုပြိုင်ပွဲကအနုပညာတက္ကသိုလ်က လုပ်တဲ့ပွဲလောက်ပဲရှိတယ်။ အဲဒါတောင်ခုခေတ်လောက် မတွင်ကျယ်သေးဘူး။ဆရာဦးစောနုက အဆိုသင်တန်းပြိုင်ပွဲဆိုပြီးတော့ ပေါ်လာပြီး အစ်မဝင်ပြိုင်လို့ ဒီလိုဖြစ်လာတာပါ။ အခုခေတ်မှာ အနုပညာအလုပ်ကို လုပ်ချင်တဲ့ လူငယ်ဝါသနာရှင်တွေအတွက် လမ်းတွေအများကြီးရှိပါတယ်။ အခြေအနေအခွင့်အလမ်းတွေက အဆိုတော်ဖြစ်ဖို့ အခွင့်အလမ်းပိုများပါတယ်။ ရွေးချယ်စရာလမ်းတွေ အများကြီးရှိပါတယ်။ သီချင်းတစ်ပုဒ်တည်းနဲ့ ပရိသတ်လက်ခံတဲ့ တန်းဝင်တဲ့ အဆိုတော်ဖြစ်သွားနိုင်တဲ့အခြေအနေအချိန်အခါမျိုးဖြစ်ပါတယ်။

**မိခင်တစ်ယောက်အနေနဲ့ သားသားကို ဘယ်လောက်အထိ မျှော်လင့်ထားလဲ ။**

အစ်မ အရည်အချင်းက ဒီလောက်ရှိပေမယ့် သားသားက အစ်မထက် ကျော်ချင်ကျော်သွားမယ်။ အစ်မထက် လျော့ချင်လျော့မယ်။ အစ်မနဲ့လယ်ဗယ်ဖြစ်ရင်ဖြစ်မယ်။ လူဆိုတာ တစ်ယောက်နဲ့ တစ်ယောက်တော့ ယှဉ်ထိုးလို့မရဘူး။ အစ်မ သူ့ကို ယောကျ်ားကောင်းတစ်ယောက်၊ မပျင်းတဲ့၊ မပျော့ညံ့တဲ့ လုံ့လဝီရိယနဲ့ပြည့်စုံပြီးကိုယ့်မှာရှိတဲ့ အရည်အချင်းနဲ့ ရှင်သန်နိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်စေချင်တယ်။

**ဒီနေ့ ၂၀၁၁ရဲ့နောက်ဆုံးနေ့ဆိုတော့ အစ်မကို ၂၀၁၁နဲ့ ပတ်သက်ပြီးမေးရဦးမယ်။ ၂၀၁၁ က အစ်မအတွက် ဘယ်လိုနှစ်တစ်နှစ်လဲ။**

၂၀၁၁ ခုနှစ်မှာတော့ တစ်နှစ်လုံးထူးထူးခြားခြား ဖြစ်စဉ်တော့ ဘာမှတော့ မရှိပါဘူး။ တစ်နှစ်လုံး အေးအေးချမ်းချမ်းပါပဲ။ အစ်မ သကြၤန်တုန်းက အိုင်စီနဲ့ မန္တလေးမှာဆိုဖို့ပြန်လာဖြစ်တယ်။ ပြန်သွားတယ်။ အစ်မအလုပ်လုပ်တယ်။ အခုဒီဇင်ဘာမှာပြန်လာဖို့အကြောင်းဖြစ်လာတော့ ပြန်လာဖြစ်တယ်။ တစ်နှစ်အတွင်း အမိမြေကို နှစ်ခေါက်ပြန်လာရတဲ့အတွက်ပျော်ပါတယ်။ မေမေ့ကိုလည်း တစ်နှစ်ထဲ နှစ်ခါတွေ့ခွင့်ရတဲ့အတွက် အစ်မပျော်ပါတယ်။ အစ်မအတွက်ဒီနှစ်ကပျော်စရာနှစ်ပါ။ အခက်အခဲမရှိတဲ့နှစ်လို့ ပြောလို့ရပါတယ်။

**မနက်ဖြန်မှာ ကျရောက်တော့မယ့် ၂၀၁၂အတွက် အစ်မအနေနဲ့ ပရိသတ်အတွက်ဆုတောင်းပေးတာဖြစ်ဖြစ်၊ ဆန္ဒပြုပေးတာပဲဖြစ်ဖြစ် ပြောပေးပါဦး အစ်မ။**

လူတိုင်းကတော့ အနာဂတ်ကိုကြိုပြီးမှန်းဆထားလို့မရပါဘူး။အနာဂတ်မှာကောင်းအောင်လုပ်ဖို့အတွက်ကိုတော့ ကြိုပြီးပြင်ဆင်မယ် ဆိုရင်တော့ပြင်ဆင်ခွင့်လူတိုင်း မှာရှိပါတယ်။ အားလုံးနှစ်သစ်မှာအတွေးအခေါ် ကောင်းကောင်း မှန်ကန်တဲ့ အယူအဆနဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့ အရာရာကိုအဆင်ပြေပြေနဲ့အောင်မြင်စွာကျော်လွှားနိုင်ကြမယ့် ဦးတည်ချက်တွေနဲ့ လာမယ့် ၂၀၁၂ ကို ဖြတ်သန်းနိုင်ကြပါစေလို့ဆုတောင်းပါတယ်။

---


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Mission:Impossible Ghost Protocol | Paramount Pictures | ၇၂၆၈၅၀၀၀ | ၂ |
| ၂။ | Sherlock Holmes:A Game of Shadows | Warner Bros. Pictures | ၅၉၃၄၅၀၀၀ | ၂ |
| ၃။ | Alvin and the Chipmunks: Chipwrecked! | N/A | ၅၀၂၆၅၁၈၇ | ၂ |
| ၄။ | The Girl With the Dragon Tattoo | Sony Pictures | ၂၁၄၀၀၀၀၀ | ၁ |
| ၅။ | The Adventures Tintin | Paramount Pacutres | ၂၂၃၀၇၀၀၀ | ၁ |
| ၆။ | We Bought a Zoo | 20th Century Fox | ၇၈၀၀၀၀၀ | ၁ |
| ၇။ | New Year's Eve | Warner Bros Pictures | ၃၂၃၄၂၀၀၀ | ၃ |
| ၈။ | Arthur Christmas | Sony Pictures | ၄၄၂၀၀၀၀၀ | ၅ |
| ၉။ | Hugo | Paramount Pictures | ၄၄၆၅၃၀၀၀ | ၅ |
| ၁၀။ | The Muppets | Walt Disney Pictures | ၇၅၅၅၉၀၀၀ | ၅ |

## Movie Review

### The Devil Inside




လွန်ခဲ့သော အနှစ် ၂၀က မာရီယိုရော့စီဟုခေါ်သော အမျိုးသမီးတစ်ဦးက ရဲတပ်ဖွဲ့အရေးပေါ်ဖုန်းနံပါတ်ကို ခေါ်ဆိုပြီး သူမလူသုံးဦးကို သတ်ဖြတ်လိုက်ကြောင်း ပြောသည်။ ယင်းအဖြစ်အပျက်ဖြစ်ပြီး အနှစ် ၂၀ ကြာသောအချိန် မာရီယာ၏ သမီးအစ်ဆာဘဲလားက ထိုညအဖြစ်အပျက်များ မည်သို့ဖြစ်ပျက်ခဲ့ကြောင်းကိုကြိုးစားရင်း မာရီယာအားအကျဉ်းချထားသည့် အရှုးထောင်သို့ သွားသည်။ အစ်ဆာဘဲလားက သူနှင့်အတူ သရဲတစ္ဆေများကို ကိုင်တွယ်နိုင်သည့် အောက်လမ်းဆရာနှစ်ဦးကိုလည်း ခေါ်ဆောင်သွားပြီး ဘာသာရေးနှင့် သိပ္ပံပညာပေါင်းစပ်၍ သူ့အမေအားပူးကပ်နေသော သရဲတစ္ဆေများကို ချွတ်ဖို့ကြိုးစားရာတွင် . . . ။

ဒါရိုက်တာ Brent Bell ရိုက်ကူးထားသော သည်းထိတ်ရင်ဖို သရဲတစ္ဆေဝိညာဉ်ဇာတ်ကားတွင် Fernanda Andrade, Bonnie Morgan, Evan Helmuth တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ဇန်နဝါရီလ ၆ ရက်တွင် Paramount Insurge က ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.10, No.42 • JANUARY 5, 2012


## မြန်မာနေရှင်နယ်လိဂ် နည်းပြချုပ်များ၏ အရည်အချင်းကို တိုးမြှင့်သတ်မှတ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းနည်းပြချုပ်များအနေဖြင့် အနိမ့်ဆုံး အာရှဘောလုံးအဖွဲ့ချုပ် AFC ဘီလိုင်စင်ရှိရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် နည်းပြချုပ်ကို AFC စီလိုင်စင်ရှိရမည်ဟု သတ်မှတ်ထားခဲ့သော်လည်း လာမည့် ၂၀၁၂ ပြိုင်ပွဲအဆင့်အတန်းကို မြှင့်တင်သည့်အနေဖြင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကိုတိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ထို့အတူ ပြိုင်ပွဲဝင်အသင်းများ၏ နည်းစနစ် ဒါရိုက်တာများသည်လည်း AFC ဘီလိုင်စင်ရှိရမည်ဖြစ်ပြီး လက်ထောက်နည်းပြ၊ ဂိုးနည်းပြနှင့် ကြံ့ခိုင်ရေးနည်းပြအဖြစ် ဆောင်ရွက်သူများသည် အနိမ့်ဆုံး AFC စီလိုင်စင်ရှိသူများ (သို့မဟုတ်) ဂိုးနည်းပြသင်တန်း၊ Conditioning Course သင်တန်းတက်ရောက် အောင်မြင်ပြီးသူများဖြစ်ရမည်ဖြစ်သည်။

ထို့အပြင် အသင်း၏ ဆရာဝန် (သို့မဟုတ်) သူနာပြုအဖြစ် ဆောင်ရွက်သူများသည်လည်း သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသူများဖြစ်ရမည်ဟု သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

## ၂၀၁၂ ခုနှစ်အတွက် ပထမအကြိမ်ခြေစမ်းရန် မလေးရှားလက်ရွေးစင်ကို ဖိတ်ခေါ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ၂၀၁၂ ခုနှစ်အတွက် ပထမအကြိမ်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် မလေးရှားလက်ရွေးစင်အသင်းအား ဖိတ်ခေါ်ကမ်းလှမ်းထားကြောင်း သတင်းရရှိသည်။

"မလေးရှား လက်ရွေးစင်အသင်းကို ရန်ကုန်မှာ ခြေစမ်းပွဲယှဉ်ပြိုင်ဖို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မလေးရှား ဘောလုံးအဖွဲ့ချုပ်ထံ တရားဝင်ဖိတ်ကြားထားပါတယ်။ သူတို့ဘက်ကတော့ အကြောင်းပြန်တာတော့မရှိသေးပါဘူး" ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါ ခြေစမ်းပွဲအား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားပြီး အကယ်၍ မလေးရှားအသင်းနှင့် ခြေစမ်းပွဲ ပျက်ပြယ်ခဲ့ပါက အခြားအာဆီယံထိပ်သီးအသင်းများနှင့် ခြေစမ်းကစားရန် စီစဉ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကိုရီးယားနည်းပြဆရာ ပက်ဆောင်ဟွာ ကိုင်တွယ်မည့်မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၂ ခုနှစ်အတွင်း၌ အဓိကယှဉ်ပြိုင်ရမည့် ပြိုင်ပွဲမှာ ဆူဇူကီးဖလားပြိုင်ပွဲဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ၎င်းပြိုင်ပွဲအား ခြေစမ်းပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါ ခြေစစ်ပွဲ ပွဲစဉ်များအား လာမည့် အောက်တိုဘာအတွင်းတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ မလေးရှားဖြစ်သည်။




## ဘောလုံးအသင်းများ မီးဘေးသင့်ပြည်သူများထံ ကျပ်သိန်း ၅၀၀ လှူဒါန်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၁**

ကွန်မြူနတီဒိုင်းပြိုင်ပွဲမှ ရရှိခဲ့သည့် ကွင်းဝင်ကြေးအပါအဝင် စုစုပေါင်း ကျပ်သိန်းငါးရာအား မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးသင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းလိုက်ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းက အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ရန်ကုန်ယူနိုက်တက်နှင့် ရောဝတီအသင်းတို့ပွဲစဉ်မှ ကွင်းဝင်ကြေးကျပ်သိန်းလေးဆယ်ရရှိခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်း ၁၄ သင်းမှ ကျပ်သိန်းသုံးဆယ်စီဖြင့် (စုစုပေါင်းကျပ်သိန်း ၄၂၀)၊ MRTV-4 ရုပ်သံလိုင်းမှ ကျပ်သိန်းလေးဆယ်စုစုပေါင်း ကျပ်သိန်းငါးရာအား လှူဒါန်းခြင်းဖြစ်သည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ မတိုင်မီကျင်းပသည့် ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင်ပွဲချိန် မိနစ်ကိုးဆယ်အထိ နှစ်ဂိုးစီ သရေကျနေသောကြောင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ရောဝတီအသင်းက ၇-၅ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီဝန်းကျင်ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်ရှိ ဂိုဒေါင်တစ်ခုတွင် မီးလောင်ရာမှ စတင်ခဲ့သော ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၇ ဦးနှင့် ဒဏ်ရာရရှိသူ ၈၃ ဦးရှိခဲ့ပြီး လူပေါင်းတစ်ထောင်နီးပါးခန့် အိုးမဲ့၊ အိမ်မဲ့ဖြစ်ခဲ့သည်။

## ထိုင်းနိုင်ငံရေကြီးမှုကြောင့် ရွှေ့ဆိုင်းခဲ့သည့် အာဆီယံဇုန် ဖူဆယ်ခြေစစ်ပွဲ ဖေဖော်ဝါရီတွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**


**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ထိုင်းနိုင်ငံတွင် ရေကြီးနေမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် အာရှတံခွန်စိုက်ဖူဆယ်ပြိုင်ပွဲအတွက် အာဆီယံဇုန်ခြေစစ်ပွဲအား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အုပ်စုနှစ်ခု ခွဲခြားထားသည့် အာဆီယံဇုန်ပြိုင်ပွဲအား ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အိမ်ရှင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်အသင်းများနှင့် အုပ်စု(က)တွင် ကျရောက်လျက်ရှိသည်။ အုပ်စု(ခ)တွင် ဩစတြေးလျ၊ ဗီယက်နမ်၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းများ ပါဝင်လျက်ရှိသည်။

"မြန်မာအသင်းအတွက် ပြီးခဲ့တဲ့ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းထဲက လူကောင်းသေးတဲ့ ကစားသမားတွေနေရာမှာ ထွားကျိုင်းတဲ့ကစားသမားတွေနဲ့ အစားထိုးလေ့ကျင့်ပြင်ဆင်နေပါတယ်။ အုပ်စုတွင်းမှာ အင်ဒိုနဲ့ ဖိလစ်ပိုင်အသင်းကိုနိုင်ရင်တော့ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ဖူဆယ်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်တင်က ပြောသည်။

၎င်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို ယူအေအီးနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ယခင်နှစ်ချန်ပီယံ အီရန်၊ ဥဇဘက်ကစ္စတန်၊ ဂျပန်နှင့် အိမ်ရှင် ယူအေအီးအသင်းတို့မှာ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိကာ ဇုန်လေးဇုန်မှ ထိပ်ဆုံးနှစ်သင်းစီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။



# ၁၄ နှစ်အောက် အာရှအဆင့် တင်းနစ်ပြိုင်ပွဲသို့ အတွေ့အကြုံမရှိသေးသူများနှင့် ဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

အသက် ၁၄ နှစ်နှင့်အောက် အာရှအဆင့် တင်းနစ်ပြိုင်ပွဲ (ITF ASIA 14 and U DEVELOPMENT CHAMPIONSHIPS 2012 DIVISION 2) ပြိုင်ပွဲသို့မြန်မာနိုင်ငံမှ အတွေ့အကြုံမရှိသေးသည့်လူငယ်ကလေးများနှင့်သွားရောက်ယှဉ်ပြိုင်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး၊ မြန်မာအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ လာအို၊ စင်ကာပူ၊ ဘူတန်၊ မလေးရှား၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ မကာအို၊ မော်လဒိုက်၊ နီပေါ၊ မွန်ဂိုလီးယားနှင့် ပါကစ္စတန်နိုင်ငံတို့မှ လူငယ်ကစားသမားများဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နှစ်စဉ်ပြုလုပ်သည့်ၡင်းပြိုင်ပွဲသည် အားကစားသမားများ၏ အဆင့်သတ်မှတ်ချက်ရယူသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ လူငယ်အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သွားပြိုင်မယ့်ကလေးတွေမှာနိုင်ငံတကာအတွေ့အကြုံရှိသူ တစ်ဦးပဲပါပြီး ကျန်ကလေးတွေက အတွေ့အကြုံလုံးဝမရှိသေးတဲ့ ကစားသမားလေးတွေပါ။ ပြိုင်ပွဲအတွေ့အကြုံရှိမှ ကစားသမားတွေ တိုးတက်နိုင်မှာဖြစ်တဲ့အတွက် လူသစ်လေးတွေ ဦးစားပေးစေလွှတ်ခြင်း ဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့်နှစ်ယောက်တွဲပြိုင်ပွဲများပါဝင်မည့်ယင်းပြိုင်ပွဲမှအပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF) ၏ အဆင့်သတ်မှတ်ချက်ပေးမည့် အဆင့် ၁မှ ၄ပါဝင်သူများသည် DIVISION 1 ပြိုင်ပွဲတွင်တိုက်ရိုက်ယှဉ်ပြိုင်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

# ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင် ယူ-၂၁ ကို စတီဖင်ဟန်ဆန် ကိုင်တွယ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၁ အသင်းအား စတီဖင်ဟန်ဆန်က တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ်လ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိကြောင်း သိရသည်။

ဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ၌ တတိယဆုရရှိခဲ့သည့် မြန်မာယူ-၂၃ အသင်းနည်းပြဖြစ်သူ စတီဖင်ဟန်ဆန်အား ၎င်းဖိတ်ခေါ်ဖလားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အသင်းအားတာဝန်ယူကိုင်တွယ်စေခဲ့ခြင်းဖြစ်သည်။

ဘရူနိုင်းဘောလုံးအဖွဲ့ချုပ်သည် အဆိုပါဖိတ်ခေါ်ဖလားပြိုင်ပွဲအား သမိုင်းတစ်လျှောက် ယူ-၂၁ ပြိုင်ပွဲအဖြစ်သာ ကျင်းပခဲ့သော်လည်း လာမည့် ပြိုင်ပွဲတွင်မှ အသင်းတစ်သင်းလျှင် စီနီယာကစားသမား ငါးဦးစီ ထည့်သွင်းယှဉ်ပြိုင်ခွင့်ပြုထားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမရရှိသည့် အသင်းအား ဆုကြေးကန်ဒေါ်လာ ၁၅,၅၀၀ နှင့် ဆုဖလား၊ ဒုတိယအသင်းအားကန်ဒေါ်လာ ၇,၇၀၀ နှင့် တတိယအသင်းအား ကန်ဒေါ်လာ ၃,၈၀၀ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




# အာရှဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ACE ကလပ် အသင်းကြီးများနှင့် ယှဉ်ပြိုင်ရမည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**

၂၀၁၂ အာရှဖူဆယ်ကလပ် ချန်ပီယံရှစ်ခြေစမ်းပွဲဝင်နိုင်ငံများစာရင်းထွက်ပေါ်လာခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု ACE ဖူဆယ်အသင်းသည် ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့မှဖူဆယ်ကလပ်အသင်း များနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ် သည်။

အာရှဘောလုံးအဖွဲ့ချုပ် AFC မှ ထုတ်ပြန်ကြေညာချက်အရ ACE အသင်းသည် အရှေ့အာရှဇုန်မှ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းခြေစစ်ပွဲ ပွဲစဉ်များကို ဗီယက်နမ် နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပမည်ဖြစ်သည်။

၎င်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို ကူဝိတ်နိုင်ငံ၌ လာမည့်ဇွန်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး အရှေ့အာရှဇုန်နှင့် အာရှအလယ်ပိုင်းဇုန်မှ နှစ်သင်းစီနှင့် အီရန်၊ လက်ဘနွန်၊ ကူဝိတ်၊ ဂျပန်နိုင်ငံတို့မှ တိုက်ရိုက်ဝင်ခွင့်ရသော အသင်းလေးသင်း စုစုပေါင်း အသင်းရှစ်သင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ ဂျပန်ဖူဆယ်ကလပ်နာဂိုယာဂရန်းပတ် အသင်းဖြစ်ပြီး ခြေစစ်ပွဲစဉ်များ မဲခွဲပွဲအခမ်းအနားကိုဇန်နဝါရီလ ၂၀ ရက်တွင်မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ပြုလုပ်မည်ဖြစ်သည်။

ACE ဖူဆယ်အသင်းသည် မြန်မာနိုင်ငံ၌ ပထမဆုံးစတင်ကျင်းပသည့် ၂၀၁၁ ဖူဆယ်ပရီလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သဖြင့် အာရှအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ပြည်ပကစားသမားများ ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

# Sports

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

## အာဆင်နယ်က အွန်နရီကို အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဟု ဝင်းဂါးအတည်ပြု



Photo - Getty Images

**လန်ဒန်၊ ဒီဇင်ဘာ-၃၁**

အင်္ဂလန်ပရီးမီးယားလိဂ်၏ အာဆင်နယ်အသင်းသည် လက်ရှိ၌ အမေရိကန်မေဂျာလိဂ်ဘောလုံးပြိုင်ပွဲဝင် နယူးယောက်ရက်ဒ်ဘူးလ်အသင်း၌ ကစားနေသော အသင်း၏ကစားသမားဟောင်း အွန်နရီအား အငှားစာချုပ်ဖြင့်ပြန်လည်ခေါ်ယူခဲ့ကြောင်းသိရသည်။ အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးက အွန်နရီနှင့်ပတ်သက်၍ "ပုံမှန်အတိုင်းပဲဆိုရင် ဒီလိုပဲဖြစ်သင့်တာပါ။ ရတ်ဒ်ဘူးလ်နဲ့ (အွန်နရီတို့) စာချုပ်ရှိထားတာကိုလည်း လေးစားရပါမယ်။ ဒါပေမဲ့ နှစ်လလောက် အငှားခေါ်ယူဖို့ကတော့ သေချာနေပြီ။ ဖြစ်လာတော့မှာပါ" ဟု ဆိုသည်။

ယခင် အာဆင်နယ် အသင်းခေါင်းဆောင်ဟောင်း အွန်နရီသည် ယခုအခါ မေဂျာလိဂ်ရပ်နားထားချိန်ကာလအတွင်း အာဆင်နယ်နှင့် လေ့ကျင့်ခန်းဆင်းလျက်ရှိပြီး မတ်လအထိ ရက်ဒ်ဘူးလ်သို့ ပြန်ရန်အကြောင်းမရှိသေးကြောင်း သိရသည်။

အာဆင်နယ်တွင် ယခုအခါ ရှေ့တန်းလူနှစ်ဦးဖြစ်သော ဂါဗင်ဟိုနှင့် ချာမက်တို့က ဇန်နဝါရီတွင် အာဖရိကနိုင်ငံများ ပြိုင်ပွဲအတွက် အသင်းမှ ထွက်ခွာရမည်ဖြစ်ရာ အွန်နရီရှိခြင်းအားဖြင့် အသင်း၏ရှေ့တန်းကို အားဖြည့်နိုင်မည်ဖြစ်သည်။

အွန်နရီသည် အာဆင်နယ်တွင် ရှစ်နှစ်ကစားခဲ့ပြီး ပွဲ ၃၇၀ တွင် ၂၂၆ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် အာဆင်နယ်အတွက် လိဂ်ချန်ပီယံဆုနှစ်ဆုနှင့် အက်ဖ်အေဖလားသုံးဆုရယူပေးခဲ့သည်။ *—Ref:AP*




## ကစားသမားသစ်များ ခေါ်ယူရန်မရှိဟု ရီးရဲလ်နည်းပြ မော်ရင်ညိုပြောကြား

**မတ်ဒရစ်၊ ဒီဇင်ဘာ-၃၁**


စပိန်လိဂ်၏ ဦးဆောင်သူ ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ကစားသမားအသစ်များ ခေါ်ယူစာချုပ်ချုပ်ရန် မရှိကြောင်း နည်းပြမော်ရင်ညိုက ပြောကြားလိုက်သည်။ နည်းပြမော်ရင်ညိုက ရီးရဲလ်မက်ဒရစ်ရုပ်သံနှင့် အင်တာဗျူးတွင် "ဈေးကွက်ဆိုတာ လိုအပ်တဲ့သူတွေအတွက် ဖွင့်ပေးထားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ် ပါတယ်။ ဒါပေမဲ့ ကံကောင်းတာက ကျွန်တော်တို့မှာ ကစားသမားသစ် မလိုအပ်ပါဘူး။ ကျွန်တော်တို့အသင်း လူစာရင်းကိုလည်း အသင်းအတွက် အလုပ်အများကြီးလုပ်နိုင်အောင် တည်ဆောက်ထားတာပါ" ဟု ပြောသည်။

မော်ရင်ညို၏ ရီးရဲလ်အသင်းသည်ယခုအခါရမှတ်၄၀ဖြင့် စပိန်လိဂ်ပြိုင်ပွဲကို ဦးဆောင်နေပြီး မဟာပြိုင်ဘက် ဘာစီလိုနာထက် သုံးမှတ်အသာရနေသည်။

## တူနီးရှား ရေကူးသမားမယ်လိုလီ တစ်နှစ်တာ အာရပ်အားကစားသမားဆုရရှိ

**တူးနစ်၊ ဒီဇင်ဘာ-၃၀**

ပြီးခဲ့သည့် ၂၀၀၈ ဘေဂျင်းအိုလံပစ်ပြိုင်ပွဲဝင် တူနီးရှားလက်ရွေးစင်ရေကူးသမား အော်စမာမယ်လိုလီသည် အီဂျစ်နိုင်ငံ အယ်လ်အာရမ်အယ်လ်အာရဘီအားကစားမဂ္ဂဇင်းမှ ပေးအပ်သော ၂၀၁၁ ၏ တစ်နှစ်တာ အာရပ်အားကစားသမားဆုကို ရရှိသွားခဲ့ကြောင်း သိရသည်။ မယ်လိုလီသည် မကြာမီက ကျင်းပခဲ့သော ဒိုဟာအာရပ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၅ ဆုရထားခဲ့ပြီး မီတာ ၁၅၀၀ ကမ္ဘာ့ချန်ပီယံလည်း ဖြစ်သည်။


Photo - Getty Images

မဂ္ဂဇင်းမှ ပေးအပ်သော တစ်နှစ်တာ အာရပ်ကလပ်အသင်းဆုကိုလည်း တူနီးရှားဘောလုံးကလပ် အက်စ်ပါရင့် စပေါ့တစ်ဒီတူးနစ်က ရရှိခဲ့သည်။ ယင်းအသင်းသည် လက်ရှိ အာရှကလပ်ချန်ပီယံဖြစ်သော ကာတာမှ အယ်လ်ဆွဒ်အသင်းနှင့် အတူ တစ်နှစ်တာ ကလပ်အသင်းဆုရခြင်းဖြစ်သည်။ စပေါ့တစ်ဒီတူးနစ်ကလပ်သည် ယခုနှစ်၌ အာဖရိကန်ချန်ပီယံလိဂ်ဆုကို ရရှိထားခဲ့သည်။ ထို့အပြင် ယင်းကလပ်၏ နည်းပြနာဘီလ်မာလူသည်လည်း အကောင်းဆုံးအာရပ်နည်းပြဆုကို ရရှိခဲ့သည်။ *—Ref:Xinhua*

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်အတွက် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ


Photo - AFP

**ပြုံယမ်း၊ ဒီဇင်ဘာ - ၂၉**

မြောက်ကိုရီးယားနိုင်ငံတွင် ကွယ်လွန်သွားသူ ခေါင်းဆောင် မစ္စတာကင်ဂျုံအီလ်အတွက် ခမ်းနားသောစျာပနပွဲအပြီး နောက်တစ်ရက်တွင် အမျိုးသားအောက်မေ့ဖွယ်ရာအခမ်းအနားကို ထပ်မံကျင်းပခဲ့ကြောင်း သိရသည်။

မြို့တော်ပြုံယမ်း၏ အဓိကရင်ပြင်တွင် ပြုလုပ်သည့်အခမ်းအနား၌ ပြည်သူလူထုအများအပြားနှင့် စစ်ဘက်တပ်ဖွဲ့ဝင်အများအပြား စုရုံးတက်ရောက်ခဲ့သည်ကို မြောက်ကိုရီးယားရုပ်သံက ပြသခဲ့သည်။

မစ္စတာကင်ဂျုံအီလ်အားဆက်ခံရန် လျာထားသူ ၎င်း၏သား ကင်ဂျုံအမ်က ကြည့်ရှုနေစဉ်မှာပင် ယခင်နံပါတ်-၂ခေါင်းဆောင် ကင်ယုံနမ်က မိန့်ခွန်း ပြောကြားခဲ့သည်။

မစ္စတာကင်ဂျုံအမ်မှာ ပါတီ၊ နိုင်ငံတော်နှင့် စစ်တပ်၏ အမြင့်မားဆုံး ထိပ်သီးခေါင်းဆောင်ဟု နိုင်ငံတော်မီဒီယာက ဒီဇင်ဘာ ၂၉ ရက်တွင် ခေါ်ဝေါ်သုံးစွဲခဲ့သည်။

အခမ်းအနားတွင် သုံးမိနစ် ငြိမ်သက်ခြင်းအစီအစဉ်လည်း ပါဝင်ခဲ့ပြီး ယင်းအစီအစဉ်အပြီးတွင် နိုင်ငံတစ်ဝန်း ရထားနှင့် သင်္ဘောများက ဟွန်းတီးဂုဏ်ပြုခဲ့ကြသည်။

မစ္စတာကင်ဂျုံအီလ်သည် ဒီဇင်ဘာ ၁၇ ရက်က အသက် ၆၉ နှစ်အရွယ်တွင် နှလုံးရောဂါကြောင့် ကွယ်လွန်သွားခဲ့ကြောင်း နိုင်ငံတော်မီဒီယာက ကြေညာခဲ့သည်။ မစ္စတာကင်ဂျုံအီလ်သည် ၎င်း၏ဖခင် ကင်အီဆွန်းသေဆုံးချိန် ၁၉၉၄ ခုနှစ်မှစ၍ မြောက်ကိုရီးယားနိုင်ငံကို အုပ်ချုပ်ခဲ့သည်။ အမျိုးသားအောက်မေ့သတိရဖွယ်အခမ်းအနားကိုလည်း ကင်အီဆွန်းရင်ပြင်တွင်ပြုလုပ်ခဲ့သည်။

*—Ref: BBC*

## အီတလီရေနံတင်သင်္ဘော ပြန်ပေးဆွဲခံရ

**နေပယ်လ်၊ ဒီဇင်ဘာ-၂၈**

သင်္ဘောသား ၁၈ ဦးပါဝင်သော အီတလီရေနံတင်သင်္ဘောတစ်စီးသည် အိန္ဒိယသမုဒ္ဒရာတွင် ဒီဇင်ဘာ ၂၇ ရက်က ပြန်ပေးဆွဲခံခဲ့ရကြောင်းအီတလီနိုင်ငံရေးဝန်ကြီးဌာနက ပြောကြားသည်။

နေပယ်လ်မြို့မာဇာနီသင်္ဘောကုမ္ပဏီမှ ပိုင်ဆိုင်သော အင်ရစ်ကိုလီဗိုလီ သင်္ဘောမှာ အိုမန်ကမ်းခြေအနီးတွင် သိမ်းပိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု အီတလီသတင်းဌာန ANSA ကဖော်ပြသည်။ ပင်လယ်ဓားပြများသင်္ဘောပေါ် ရောက်ရှိလာခဲ့ကြောင်း၊ သို့သော် သင်္ဘောသားများကိုအနာတရဖြစ်အောင် မလုပ်ခဲ့ကြောင်း သင်္ဘောမာလိန်မှူး အက်ဂေ့ါခတီနိုက တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့သည်ဟု သိရသည်။

လွန်ခဲ့သော ဖေဖော်ဝါရီလက ဆိုမာလီယာပင်လယ်ဓားပြများ ပြန်ပေးဆွဲခဲ့သည့် အီတလီရေနံတင်သင်္ဘောမှာ လွန်ခဲ့သည့်အပတ်ကပြန်လည်ရောက်ရှိလာခဲ့သည်။ ပြန်ပေးငွေပေးလိုက်သည်ဆိုသောသတင်းများကို အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုခဲ့သည်။

အောက်တိုဘာလအတွင်းကလည်း ဗြိတိသျှအထူးတပ်ဖွဲ့များ၏ စစ်ဆင်ရေးကြောင့် ဆိုမာလီယာကမ်းရိုးတန်းတွင်ပြန်ပေးဆွဲခံထားရသောအီတလီသင်္ဘောတစ်စီးလွတ်မြောက်လာခဲ့သည်။

ဆိုမာလီပင်လယ်ဓားပြများသည်ယမန်နှစ်အတွင်းပြန်ပေးဆွဲမှုများကနေ၍ ကန်ဒေါ်လာသန်း ၈၀ ခန့်ရရှိသွားခဲ့သည်ဟု ယုံကြည်ရပြီးယခုနှစ်တွင်ပြန်ပေးငွေမပေးရန် အစိုးရများအကြား သဘောတူညီထားကြောင်း ANSA သတင်းဌာနကပြောကြားသည်။

*—Ref:UPI*

## ဂျပန်နိုင်ငံတွင် အမေရိကန်စစ်စခန်း ပြန်လည်နေရာချထားခြင်းကိုကန့်ကွက်

**အိုကီနာဝါ၊ ဒီဇင်ဘာ- ၂၈**

ဂျပန်နိုင်ငံအိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန်စစ်စခန်းအား အိုကီနာဝါကျွန်းပေါ်၌ပင်ရှိသောအခြားဒေသသို့ ပြန်လည်နေရာချထားရေး အကဲဖြတ်စစ်ဆေးထားသည့် အစီရင်ခံစာများကိုသယ်ယူပို့ဆောင်ရာတွင်ကန့်ကွက်ဆန္ဒပြသူများက ပိတ်ပင်တားဆီးခဲ့ကြောင်း သိရသည်။

ကန့်ကွက်ဆန္ဒပြသူ ၂၀၀ ခန့်သည် စာမျက်နှာ ၇၀၀၀ ခန့်ရှိသည့် ယင်းအစီရင်ခံစာများ တင်ဆောင်လာသော ဗင်ကားသွားမည့်လမ်းကို ပိတ်ဆို့ထားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ပြောကြားသည်။

ဖူတန်မားလေတပ်အခြေစိုက်စခန်းအား လူနေထူထပ်ရာ ဂီနိုဝမ်ဒေသမှ လူနေကျဲပါးရာ နာဂိုမြို့သို့ ပြောင်းရွှေ့ရေးအစီအစဉ်အတွက်ယင်းစာရွက်စာတမ်းများပေးပို့ခြင်းမှာ အရေးပါသောအဆင့်ဖြစ်ကြောင်းဂျပန်ကာကွယ်ရေးဝန်ကြီး ယာဆူအိုအီချီကာဝါက ကျိုဒိုသတင်းဌာနအား ပြောသည်။

အိုကီနာဝါကျွန်းတွင် နေထိုင်သူများကမူ ယင်းသို့ အခြေစိုက်စခန်းအား အိုကီနာဝါ စီရင်စု၌ ဆက်လက်ထားရှိခြင်းကို ဆန့်ကျင်ကြပြီး စစ်စခန်းအား ၎င်းတို့ကျွန်းပေါ်မှ အပြီးအပိုင်ပြောင်းရွှေ့သွားစေလိုကြသည်။

အိုကီနာဝါကျွန်းမှာ ဒုတိယကမ္ဘာစစ်အဆုံးသတ်ခါနီးတွင် မြေပြင် စစ်ပွဲများ ဖြစ်ပွားခဲ့ရာဒေသ ဖြစ်ကြောင်းသိရသည်။ စစ်စခန်းအားပြောင်းရွှေ့ရေးလေ့လာအကဲဖြတ်မှုများမှာလာမည့် ဇွန်လတွင် အပြီးသတ်မည်ဟု မျှော်လင့်ရသည်။

*—Ref:UPI*




7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# ဟောမုဒ်စ်ရေလက်ကြားအား ပိတ်ဆို့မှုမပြုရန် အမေရိကန်က အီရန်ကို သတိပေး


Photo - AFP

**တီဟီရန်၊ ဒီဇင်ဘာ - ၂၉** ကမ္ဘာ့အရေးအကြီးဆုံး ရေနံစီးဆင်းရာလမ်းကြောင်းဖြစ်သော ဟောမုဒ်စ်ရေလက်ကြားသို့ သင်္ဘောများသွားလာမှုကို တားဆီးပိတ်ဆို့ရေးမည်သည့်ပြင်ဆင်မှုကိုမဆို သည်းခံသွားမည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံက အီရန်ကို သတိပေးလိုက်သည်။

အီရန် ရေတပ်ဗိုလ်ချုပ်ကြီး ဟာဘီဘို လာဆာရာရီက အီရန် Press TV နှင့် အင်တာဗျူးတွင် ပြောကြားရာ၌ "အီရန်တပ်ဖွဲ့တွေအတွက် ရေလက်ကြားကို ပိတ်ဆို့ဖို့ရာ အရမ်းကိုလွယ်ကူပါတယ်။ ကျွန်တော်တို့ အီရန်မှာ ပြောသလို ရေတစ်ခွက်သောက်သလိုပါပဲ" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ "ဒါပေမဲ့ ဒီကနေ့ ရေလက်ကြားကို ပိတ်ဖို့ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ အိုမန်ပင်လယ်ကို ထိန်းချုပ်ထားနိုင်ပါတယ်။ အဝင်အထွက်ကို ကျွန်တော်တို့ထိန်းချုပ်နိုင်ပါတယ်"ဟု အီရန်ရေတပ်ဗိုလ်ချုပ်ကြီးကဆက်လက်ပြောသည်။

ဝါရှင်တန်က တုံ့ပြန်ရာတွင် ပင်လယ်ကွေ့အဝင် သင်္ဘောများသွားလာမှုကို အနှောင့်အယှက်ပေးရန်ကြိုးပမ်းမှုမှန်သမျှအပေါ် ပြင်းပြင်းထန်ထန် သတိပေးပြောကြားခဲ့သည်။ ဟောမုဒ်စ်ရေလက်ကြားမှာကမ္ဘာ့ရေနံတင်သင်္ဘောများ သုံးပုံတစ်ပုံဖြတ်သန်းသွားလာရာလမ်းကြောင်းဖြစ်သည်။

"ဟောမုဒ်စ်ရေလက်ကြားကနေပြီး သင်္ဘောတွေဖြတ်သန်းသွားလာမှုကို အနှောင့်အယှက်ပေးတာကို သည်းခံမှာမဟုတ်ပါဘူး"ဟု ပင်တဂွန်မီဒီယာအရာရှိ ဂျော့ချ်လစ်တယ်လ်က ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

—*Ref: AFP*




# အစ္စရေးကို အီရန်ကာကွယ်ရေးဝန်ကြီး သတိပေး


Photo - AFP

**တီဟီရန်၊ ဒီဇင်ဘာ- ၂၆** အီရန်နိုင်ငံအား တိုက်ခိုက်ခဲ့ပါက အစ္စရေးနိုင်ငံ၏ နိဂုံးပင်ဖြစ်လိမ့်မည်ဟု အီရန်ကာကွယ်ရေးဝန်ကြီးအာမက်ဗာဟီဒီက သတိပေးလိုက်သည်။ ဟောမုဒ်စ် ရေလက်ကြားတွင် အီရန်က ကြီးမားသောစစ်ရေးလေ့ကျင့်မှုပြုလုပ်နေစဉ် အီရန်ကာကွယ်ရေးဝန်ကြီးကယင်းသို့ ပြောခဲ့ခြင်းဖြစ်သည်။

အစ္စရေးအစိုးရသည် လုံးဝအထီးကျန်နေကြောင်းနှင့် ကိုယ့်ကိုယ်ကိုယ်သတ်သေလိုခြင်း မရှိလျှင် အီရန်အား တိုက်ခိုက်ရန် အခြေအနေမပေးကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးအား ကိုးကား၍ အီရန်နိုင်ငံပိုင်သတင်းဌာနက ကြေညာခဲ့သည်။

အီရန်နိုင်ငံသည် မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်များထုတ်လုပ်ခြင်း၊ ကာကွယ်ရေးနှင့် တိုက်ခိုက်ရေးလေယာဉ်များထုတ်လုပ်ရာတွင် အနေအထားတစ်ရပ်ရရှိလာကြောင်း၊ ထို့အပြင် အီလက်ထရွန်နစ်စစ်ပွဲနည်းပညာ၊ အာကာသနှင့် ဒုံးပျံနည်းပညာနယ်ပယ်များတွင်လည်း များစွာတိုးတက်လာပြီဖြစ်ကြောင်း အာမက်ဗာဟီဒီကပြောသည်။

မည်သို့သောစစ်ရေးထိတွေ့တိုက်ခိုက်မှုများဖြစ်ပေါ်လာသည်ဖြစ်စေ ရန်သူအားချည့်နဲ့သွားစေမည့် တည်နေရာများကို အီရန်တပ်ဖွဲ့များက ရှာဖွေထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီလိုစစ်ပွဲမျိုးက ကျွန်တော်တို့ ရှာနေတဲ့ စစ်ပွဲမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ရန်သူက တိုက်ခိုက်လာရင်တော့ကျွန်တော်တို့စွမ်းရည်ရှိသမျှ အားလုံးအသုံးချသွားပါမယ်"ဟု အီရန်ကာကွယ်ရေးဝန်ကြီးကပြောသည်။

မကြာသေးမီက အမေရိကန် မောင်းသူမဲ့လေယာဉ်အားကြားဖြတ်ထိန်းချုပ်နိုင်ခဲ့ခြင်းမှာလည်း ကြီးမားသော အောင်မြင်မှုဖြစ်ကြောင်း ၎င်းကပြောကြားသည်။

—*Ref: UPI*



အကောင်းဆုံးကိုက်ခဲဖျားနာပျောက်ဆေး Xcel® ကိုသာရွေး
အိပ်က်စ်ဆဲလ်
ပါရာစီတမောလ်
Xcel
Xcel
ကလေးများအတွက် စတော်ဘယ်ရီနံ့
နာနတ်အရသာနှစ်မျိုး ပေါင်းစပ်ပါဝင်သည့်
ကိုက်ခဲဖျားနာပျောက်ဆေးရည်
Paracetamol suspension 120mg/ 5ml
Paracetamol Tablet 500mg
သောက်ရန်လွယ်ကူသောဆေးခဲပုံစံနှင့် အရွယ်အစား
eXcellent relief from pain and fever.
Xcel Tablet (အိပ်က်စ်ဆဲလ်) တွင် အာနိသင်ပြည့်အစွမ်းထက် Paracetamol 500mg ပါဝင်သောကြောင့်
ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်းနှင့် နာကျင်ကိုက်ခဲမှုဝေဒနာအမျိုးမျိုးတို့ကို ထိရောက်လျင်မြန်စွာ
အကောင်းဆုံးသက်သာ ပျောက်ကင်းစေပါသည်။
Marketed by:
Network Marketing Limited
Yangon, Myanmar
Manufactured by:
ACI Limited




၄၀ – အရွယ်မှာလိုအပ်တာ . . .
ROYALVITA
Soft Cap.
(Royal Jelly)
Royal Jelly + MULTI-VITAMIN+MINERAL
(၁) အိုမင်းရင့်ရော်မှုကို နှောင့်နှေးစေခြင်း
(၂) သွေးဆုံးချိန်ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာများ သက်သာစေခြင်း
(၃) ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း
(၄) သွေးတွင်းရှိ ကိုလက်(စ်)ထရော ပမာဏကို ထိန်းညှိပေးခြင်း
(၅) သွေးတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းညှိပေးခြင်း
(၆) အရိုးပွ၊ အရိုးကျိုးလွယ်ခြင်းကို ကာကွယ်ပေးခြင်း
(၇) အိမ်ထောင်ရေးသုခကို အပြည့်အဝ ခံစားနိုင်စေခြင်း
သင် အသက် ၄၀ ပြည့်ပြီလား?
သင်၏အသက်(၄၀)ကျော်ခံစားချက်များကို ရေးသားပေးပို့ခြင်းဖြင့်
Royalvita ၏ မေတ္တာလက်ဆောင်ကိုရယူပါ...
ရွှင်ရယ်ဗိုက်တာ
အားဆေး
ROYALVITA

7 DAY NEWS JOURNAL

# International

Vol.10, No.42 · JANUARY 5, 2012

## ၂၀၁၂ ခုနှစ်သည် ခက်ခဲသောနှစ်ဖြစ်နိုင်ကြောင်း ဥရောပခေါင်းဆောင်များ သတိပေး

**ဘရပ်ဆဲလ်၊ ဇန်နဝါရီ-၂**

၂၀၁၁ ခုနှစ်တွင် အီတလီနှင့် စပိန်နိုင်ငံတို့တွင် နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီး ယူရိုငွေ ဆက်လက်ရှင်သန်ရေးကိုပါခြိမ်းခြောက်ခဲ့သည့်ဥရောပအကျပ်အတည်းသည် ၂၀၁၂ ခုနှစ်တွင်ပိုမိုခက်ခဲလာနိုင်သည်ဟုဥရောပခေါင်းဆောင်များက သတိပေးပြောကြားလိုက်သည်။

နိုင်ငံတော်ရုပ်သံမှ မိန့်ခွန်းပြောကြားရာတွင်ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတွင် အဆိုးရွားဆုံးကြုံတွေ့ရသည့် အကျပ်အတည်းမှာ မပြီးဆုံးသေးကြောင်းပြောသည်။

ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်ကလည်း ၂၀၁၂ ခုနှစ်သည် ၂၀၁၁ ခုနှစ်ထက် ပိုမိုခက်ခဲမည်ဆိုသည်မှာ သံသယရှိစရာ မလိုကြောင်း မဲပေးသူများအား ပြောကြားသည်။

၂၀၁၁ ယူရိုငွေအကျပ်အတည်းသည် အီတလီနှင့် စပိန်နိုင်ငံများအတွက် ငွေချေးငှားရန် ကုန်ကျစရိတ် ပိုမိုများပြား လာစေခဲ့ပြီး ဆီမီယိုဘာလူစကူနီ၏ ဗဟိုနှင့် လက်ယာယိမ်းအစိုးရ အဖွဲ့ကိုလည်း ပြုတ်ကျစေခဲ့သည်။ စပိန်နိုင်ငံမှ ဟိုဆေးလူဝစ်ရိုဒရီ ကွတ်စ်ဇာပါတေးရိုး၏ ဆိုရှယ် လစ်အစိုးရအဖွဲ့ကိုလည်း ပြုတ်ကျစေခဲ့သည်။ စာ(၄၁)သို့



## မြောက်ကိုရီးယားနှင့် ဆက်ဆံရေး တိုးတက်လာမည်ဟု တောင်ကိုရီးယား ျမြင်

**ဆိုးလ်၊ ဇန်နဝါရီ- ၂**

မြောက်ကိုရီးယားနိုင်ငံ၌ ခေါင်းဆောင်သစ်များအာဏာရရှိလာချိန်တွင် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနှင့် ဆက်ဆံရေးပိုမိုကောင်းလာရန် မျှော်လင့်ကြောင်း တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က ပြောကြားသည်။ တစ်ချိန်တည်းမှာပင် မည်သည့် လှုံ့ဆော်ရန်စမှုမျိုးကိုမဆို ပြင်းထန်စွာတုံ့ပြန်သွားမည်ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။ စာ(၄၁)သို့



ကန့်ကွက်သူများနှင့် ရဲတပ်ဖွဲ့အကြား ရုန်းရင်းဆန်ခတ်မှုများဖြစ်နေစဉ်

Photo - AP

## အိန္ဒိယနှင့် ပါကစ္စတန် နျူဒေသများမြေပုံညွှန်း ဖလှယ်

**အစ္စလာမာဘတ်၊ ဇန်နဝါရီ-၁**

နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသော သဘောတူညီချက်အရ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ၎င်းတို့၏ နျူကလီးယားဒေသများမြေပုံညွှန်း ကိုဖလှယ်ခဲ့ကြကြောင်း ပါကစ္စတန်နိုင်ငံရေးဝန်ကြီးဌာနက ပြောကြားသည်။

၁၉၈၈ ခုနှစ်တွင် ရေထိုးခဲ့သော သဘောတူညီချက်အရ နျူကလီးယားလက်နက်များပိုင်ဆိုင်သော ထိုအိမ်နီးချင်းနှစ်နိုင်ငံသည် အရပ်ဘက်နှင့် စစ်ဘက်နျူကလီးယား စက်ရုံတည်ရှိရာ ဒေသများအား တစ်နိုင်ငံနှင့်တစ်နိုင်ငံ အသိပေးရန်လိုအပ်ပြီး ယင်းနေရာများကို တိုက်ခိုက်ခြင်းမှလည်း တားမြစ်ထားသည်။

"အထက်မှာပြောခဲ့တဲ့ သဘောတူညီချက်နဲ့အညီ အိန္ဒိယသံရုံးအရာရှိကို ပါကစ္စတန်ရဲ့ (နျူကလီးယား)စက်ရုံများနေရာကို နိုင်ငံခြားရေးရုံးမှာ ယနေ့ ပေးအပ်ခဲ့ပါတယ်"ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

အလားတူ အိန္ဒိယ၏ နျူဒေသနေရာများကို ပါကစ္စတန်သံရုံးအရာရှိထံပေးအပ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံက ပြောကြားသည်။ စာ(၄၁)သို့

## စောင့်ကြည့်လေ့လာသူများ ဆီးရီးယားမှ ရုပ်သိမ်းရန် အာရပ်အဖွဲ့ချုပ်တိုက်တွန်း

**ဒမတ်စကတ်၊ ဇန်နဝါရီ- ၂**

အာရပ်အဖွဲ့ချုပ်၏ စောင့်ကြည့်လေ့လာသူများသည် ဆီးရီးယားနိုင်ငံတွင် ရောက်ရှိနေသော်လည်း ဆီရီးယားအစိုးရက ကန့်ကွက်မှုများအား ရက်ရက်စက်စက် နှိမ်နင်းမှုအပေါ် သက်ရောက်မှု မရှိ၍ ယင်းအဖွဲ့အား ချက်ချင်းပြန်လည်ရုပ်သိမ်းရန် အာရပ်အဖွဲ့ချုပ်အကြံပေးအဖွဲ့တစ်ဖွဲ့က တိုက်တွန်းလိုက်သည်။

အာရပ်အဖွဲ့ချုပ်က စောင့်ကြည့်လေ့လာသူများအား ဆီးရီးယားနိုင်ငံသို့ ထပ်မံစေလွှတ်ရန်စီစဉ်နေပြီး နှစ်သစ်ကူးအချိန် ကန့်ကွက်ဆန္ဒပြမှုများတွင်ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း သတင်းများထွက်ပေါ်နေစဉ် ယခုတိုက်တွန်းချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ စာ(၄၁)သို့

## နယူးယောက် နှစ်သစ်ကူးအကြိုညတွင် ကန့်ကွက်ဆန္ဒပြသူ ၆၈ ဦး အဖမ်းခံရ

**နယူးယောက်၊ ဇန်နဝါရီ- ၂**

နယူးယောက်မြို့နှစ်သစ်ကူးအကြိုညတွင်လူပေါင်း၅၀၀ခန့်သည် 'ဝေါလ်စထရိကိုသိမ်းပိုက်ကြ'လှုပ်ရှားမှုပြုလုပ်ခဲ့ရာ ဇူကော့တီပန်းခြံသို့ရောက်ရှိလာခဲ့ပြီး ယင်းပန်းခြံအရံအတားလက်ရန်းများအား ဖယ်ရှားခဲ့ကြောင်းနှင့် နောက်ပိုင်းတွင် ကန့်ကွက်သူများနှင့် ရဲတပ်ဖွဲ့အကြား ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ၎င်းကန့်ကွက်ဆန္ဒပြမှုများ၌ လူပေါင်း ၆၈ ဦး ဖမ်းဆီးခံခဲ့ရကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

ဇူကော့တီပန်းခြံတွင် နေထိုင်ဆန္ဒပြသူများအား နယူးယောက်ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၁၅ ရက်တွင် အပြီးသတ် ဖယ်ရှားထားခဲ့ပြီးဖြစ်သည်။

နှစ်သစ်ကူးအကြိုည၁၁နာရီခန့်တွင် ဆန္ဒပြသူများ ထပ်မံရောက်ရှိလာပြီး ဇူကော့တီပန်းခြံတွင် ချထားသည့် အရံအတားသံလက်ရန်းများအား ဖျက်ဆီးဖယ်ရှားမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က ဝင်ရောက်နှိမ်နင်းခဲ့ရသည်။

"ရဲတွေက အရမ်းကို ကြမ်းတမ်းတာပဲ။ လူတွေကို တွန်းလားတိုက်လားလုပ်ပြီး ငရုတ်ကောင်းဖျန်းဆေးတွေ သုံးတော့တာပဲ"ဟု ကယ်လီဖိုးနီးယားမှ ဆန္ဒပြသူ ၂၇ နှစ်အရွယ်ရှိ ဂျေဆန်အာမာဒီက ပြောကြားသည်။

၎င်းတို့သည် အရံအတားများကို ပန်းခြံအလယ်တွင် စုပုံ၍ ယင်းအပုံပေါ်၌ "Occupy Wall Street" အမှတ်အသားပါ ပိတ်စကို ဖြန့်၍ မတ်တတ်ရပ်နေခဲ့ကြကြောင်း ဘရွတ်ကလင်းမှ ဆန္ဒပြသူမီလာနီဘတ်တလာက ပြောသည်။ စာ(၄၁)သို့



ရ ရက် သတင်းဂျာနယ်
7DAY NEWS
JOURNAL

# သမိုင်းတွင်ခဲ့သော 2011


Special Report

Vol.10,
No.42,
January 5,
2012

၂၀၁၁ခုနှစ်မှာ မြန်မာနိုင်ငံအတွက်
အပြောင်းအလဲများခဲ့သောနှစ်ဖြစ်သည်။
နိုင်ငံရေးတွင်လည်း
ပြည်တွင်းပြည်ပမှ စောင့်ကြည့်သူအများစု
မျှော်လင့်မထားသောအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။
ထိုအပြောင်းအလဲများကြောင့်
ပြည်သူအများစုတွင် ကာလအတန်ကြာပျောက်ဆုံးခဲ့သော
မျှော်လင့်ချက်များ ရှင်သန်လာခဲ့သည်။
သို့သော် ဖြစ်ပေါ်တိုးတက်မှုများက
ကနဦးအစသာရှိသေးသည်။
စီးပွားရေးတွင်လည်း အစိုးရ၏ ယခင်နှင့်မတူသော
အားထုတ်မှုများကို ကြုံတွေ့ခဲ့သည်။
သို့သော် ရလဒ်ကမူ မကောင်းသေး။
တစ်နှစ်တာအတွင်းမှ အပြောင်းအလဲများ၊
အဖြစ်အပျက်များက ပြန်လှည့်ကြည့်လျှင်
အလွန်ပင်များပြားခဲ့ပါသည်။
သမိုင်းဝင်သော ဖြစ်ရပ်များစွာလည်း ဖြစ်ပေါ်ခဲ့သည်။
ကျွန်ုပ်တို့မှာ မိမိဘယ်ရောက်နေသည်ကိုသိရန်၊
ရှေ့ဘာထပ်ဖြစ်နိုင်သည်ကိုသိရန်အတွက်
အတိတ်ကို ပြန်လည်ကြည့်ရန်နှင့် အတိတ်မှဖြစ်ရပ်များကို
ကောင်းစွာသိထားရန်လည်း လိုပါသည်။
ယခုတင်ဆက်လိုက်သော အထူးသတင်းပေးပို့ချက်မှာ
မြန်မာနိုင်ငံ၏မျက်မှောက်ကာလ အခြေအနေမှန်ကို
သုံးသပ်နိုင်ရန် သင့်ကိုအထောက်အကူပြုနိုင်လိမ့်မည်ဟု
ယုံကြည်မိပါသည်။



၂၀၁၁ အထူးခြားဆုံးသတင်းများ
အချပ်ပို(C)သို့



**Person of the Year**
၂၀၁၁ ကို အသက်ဝင်စေခဲ့သူများ
အချပ်ပို(I)သို့



ကြိုးစားသော်လည်း ရလဒ်မကောင်းခဲ့သော
မြန်မာ့စီးပွားရေး
အချပ်ပို(B)သို့



စိတ်လှုပ်ရှားစရာအပြည့်နှင့် မြန်မာ့နိုင်ငံရေး
အချပ်ပို(I)သို့



မမေ့သင့်သော ၂၀၁၁၏ နေ့စွဲများ
အချပ်ပို(M)သို့



မြန်မာ့ခရီးသွားစန်း ပြန်ထခြင်း
အချပ်ပို(E)သို့



၂၀၁၂ ဟောကိန်း
အချပ်ပို(E)သို့

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012







# ကြိုးစားသော်လည်း ရလဒ်မကောင်းသေးသော
# မြန်မာ့စီးပွားရေး

■ အောင်သူရ၊ ပြည်သိမ်း

စီးပွားရေးနှင့် ပတ်သက်၍ မူဝါဒပြောင်းလဲခြင်းနှင့်ဖြေလျှော့မှု အများဆုံးပြုလုပ်ခဲ့သောနှစ်။ ပြိုလဲလုမတတ်ဖြစ်နေသော တိုင်းပြည် စီးပွားရေးအတွက် အစိုးရက စီးပွားရေးနှိုးဆွမှုအစီအစဉ် အများဆုံးပြုလုပ်ခဲ့သောနှစ်။ ၂၀၁၁ ၏ ထူးခြားမှုများပင်။

ယခင်တွင် တွေ့ရခဲ့သော အစိုးရ၏ မူဝါဒပြုပြင်ပြောင်းလဲမှုများစွာကိုယခုနှစ်တွင်တွေ့မြင်ခဲ့ရသည်။ သို့သော် အသင်းအဖွဲ့ အများစုတွင် ပြောင်းလဲမှုနည်းခဲ့သည်။

ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများပေးခဲ့သော ၂၀၁၁ စီးပွားရေးမှာ တိုးတက်လာမှုမရှိခြင်းနှင့် အပြောင်းအလဲများမှာလည်း အောက်ခြေလူတန်းစားအပေါ် သက်ရောက်မှုမရှိခဲ့ပေ။

စီးပွားရေးလုပ်ငန်းရှင်များက ၂၀၁၁ ခုနှစ်အားအစိုးရသစ်နှင့် အတူ မျှော်လင့်ချက်ထားခဲ့သည်။ ထိုမျှော်လင့်ချက်မှာ အသစ်တက်လာသောသမ္မတသစ်၏မိန့်ခွန်းကြောင့် ပို၍အရောင်လက်ခဲ့သည်။

သမ္မတဦးသိန်းစိန်ပြောကြားသော မိန့်ခွန်းတွင် "အစိုးရက အတိုင်းအတာတစ်ရပ်အထိထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းထားပါတယ်။ ဝင်ထိန်းပေးမယ်ဆိုတာလည်း ဈေးကွက်ရဲ့ လွတ်လပ်မှုကို ထိန်းချုပ်လိုတဲ့ သဘောမျိုးမဟုတ်ဘဲ အရင်းရှင်စနစ်ကြီးများ အခွင့်ထူးခံများက လက်ဝါးကြီးအုပ်ခြယ်လှယ်တာမျိုး မဖြစ်ရအောင် ထိန်းကျောင်းတည့်မတ်ပေးတာမျိုးကို သာရည်ရွယ်ပါတယ်"ဟု ပြောခဲ့သည်။

> **၆၇၅**
> ယခုနှစ်အတွင်းဈေးဖြစ်ခဲ့သော
> ဒေါ်လာအနိမ့်ဆုံးဈေးနှုန်း(တစ်ယူနစ်-၆၇၅ကျပ်)

ထို့အပြင်"ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ အခွန်အကောက်ဆိုင်ရာမူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ်ကျင့်သုံးဆောင်ရွက်သွားရမှာဖြစ်တယ်" လို့လည်း ပြောသွားခဲ့ပါတယ်။

ထိုကတိများ ပေးခဲ့သော အစိုးရသစ်မှာ တက်လာပြီးတစ်လအကြာ ၂၀၁၁ မေလမှစ၍ ပို့ကုန်သွင်းကုန်လိုင်စင်များအား စိစစ်ပေးနေသော ကုန်သွယ်မှုမူဝါဒကောင်စီ (TC-Trade Counal) ကို ဖျက်သိမ်းပေးခဲ့သည်။

ထိုမေလ၌ပင် စီးပွားရေးဦးပိုင်က တစ်ဆင့်ကုမ္ပဏီကြီးတစ်ခုတည်းကသာ လက်ဝါးကြီးအုပ်ခြယ်လှယ်ထားသော စားအုန်းဆီတင်သွင်းခွင့်အားဆီလုပ်ငန်းလုပ်ကိုင်သူများကိုပါ တင်သွင်းခွင့်ပြုခဲ့သည်။

ထို့အပြင် အခွန်ကောက်များနှင့် ပတ်သက်၍ ပို့ကုန်ရငွေပေါ်ကောက်ခံနေသော ၁၀ ရာခိုင်နှုန်းအား ဇူလိုင်လတွင် ၃ ရာခိုင်နှုန်းနှင့် ဩဂုတ်လတွင် ၅ ရာခိုင်နှုန်း စုစုပေါင်း ၈ ရာခိုင်နှုန်းအား ဖေဖော်ဝါရီ ၁၄ ရက်ထိလျှော့ပေးခဲ့သည်။

"အစိုးရသစ်လက်ထက်မှာ ထင်သာမြင်သာတဲ့ပြုပြင်မှုကတော့ စားအုန်းဆီတင်သွင်းခွင့်ပြုတာနဲ့ ပို့ကုန်ရငွေပေါ် ကောက်ခံတဲ့အခွန်ကိုလျှော့ပေးတာဖြစ်တယ်"ဟု ကုန်သည်စက်မှုအသင်း (UMFCCI) ဒုဥက္ကဋ္ဌ ဦးလှမောင်ရွှေက သုံးသပ်သည်။

ထိုကဲ့သို့ ဖြေလျှော့မှုများပြုလုပ်ပေးသော်လည်း အစိုးရသစ်တက်လာပြီး နှစ်လကြာ၌ပင် စီးပွားရေး ပညာရှင်များ ပြောသော ဒတ်ချ်ရောဂါနှင့် ကြုံတွေ့ခဲ့ရသည်။ ပုဂ္ဂလိကပိုင် ပြုပြင်ခြင်းနှင့် ကျောက်မျက်ပွဲမှ ဝင်လာသော ဝင်ငွေများကြောင့် ပို့ကုန်ရငွေဈေးနှုန်းမှာ ဇွန်လတွင် ၇၇၀ ကျပ်သို့ ရောက်ခဲ့သဖြင့် ပဲစိုက်တောင်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအထိနာခဲ့ကြသည်။

ထိုအခြေအနေမှ ဆွဲတင်ရန် ဩဂုတ်လတွင် ဖုန်ကား အမည်ခံ Super Custom နှင့် ကားအစီးရေ ၁၂၀၀ ကျော်အား ဒဏ်ရိုက်ခဲ့ပြီး ထိုဒဏ်ငွေအား အမေရိကန်ဒေါ်လာနှင့် ဆောင်ရန်သတ်မှတ်ခဲ့သည်။ ထို့နောက် စက်တင်ဘာလတွင် သက်တမ်း ၃၀ ရှိသော ကားအို၊ ကားဟောင်းများအား ကားသစ်များဖြင့် လဲလှယ်တင်သွင်းခွင့်ပြုပေးခဲ့သည်။

ထို့ကြောင့် တစ်ဒေါ်လာလျှင် ၇၅၀ ကျပ်ထိ ဈေးကျသွားသော အမေရိကန်ဒေါ်လာမှာ ၈၅၀ကျပ်ထိရောက်ရှိလာခဲ့ပြီးလုပ်ငန်းရပ်ဆိုင်းရန်ပြင်ဆင်နေသော ငါးလုပ်ငန်းလုပ်ကိုင်သူများ ပြန်လည်အသက်ရှုချောင်လာသည်။ ထိုကားဟောင်းအပ်၍ ကားသစ်တင်သွင်းမှုပေါ်လစီတွင် စီးပွားကူးသန်းဝန်ကြီးဌာနလုပ်ဆောင်ချက်နှေးကွေးမှုကို တွေ့ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနက ကုမ္ပဏီများနှင့်ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူများအား ကားတင်သွင်းခွင့်ပြုခဲ့သော်လည်း ပြည်ပတွင် အလုပ်လုပ်နေသူများမှာ ယခုအချိန်ထိ တင်သွင်းခွင့်မရရှိသေးသည်ကို တွေ့ခဲ့ရသည်။

စီးပွားကူးသန်း ဝန်ကြီးဌာနကအစိုးရသစ် စတက်ခါစတွင် ပြုပြင်ပြောင်းလဲမှု များပြုလုပ်ရာ၌ နှေးကွေးခဲ့ပြီး နှစ်ကုန်ခါနီးမှသာ အပြောင်းအလဲ အချို့လုပ်ဆောင်လာခဲ့သည်။

အစိုးရသစ်တက်လာပြီးနောက်ငွေဖောင်းပွမှုကြုံသွားခြင်းနှင့် ဘဏ်တိုးနှုန်းမှာ အိမ်နီးချင်းနိုင်ငံများထက် မြင့်မားနေသဖြင့်ပြည်ပမှစီးပွားရေးလုပ်ငန်းရှင်အချို့ မြန်မာဘဏ်များတွင် ငွေအပ်နှံမှုများရှိခဲ့သည်။

ထို့ကြောင့် အစိုးရက စက်တင်ဘာလမှစ၍ ချေးငွေအပေါ် ကောက်ခံသောအတိုးနှုန်းကို ၁၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အပ်ငွေအပေါ်ပေးရသည့် အတိုးနှုန်းသာ ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လျှော့ချပေးခဲ့သည်။ ထို့အပြင် ၂၀၁၂ ဇန်နဝါရီလဆန်းမှစ၍ အတိုးနှုန်း နှစ်မျိုးအား ၂ ရာခိုင်နှုန်းစီ ထပ်မံလျှော့ချရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာလဆန်းမှစ၍ ငွေလဲကောင်တာ ၆ ခုအား သိမ်ဖြူလမ်းဖွင့်လှစ်ခဲ့ပြီး ဘဏ် ၆၃ ခုဖွင့်အားဖွင့်ခွင့်ပြုခဲ့ပြီး မကြာခင် ဘဏ် ၁၅ ခုကိုပါ ထပ်မံ ခွင့်ပြုခဲ့သည်။

သို့သော်လည်း အဆိုပါငွေလဲကောင်တာများမှာ နိုင်ငံခြားသားများအတွက်သာ အဆင်ပြေပြီး ငွေလဲခွင့်သတ်မှတ်ထားသော စာရွက်စာတမ်းပြည့်စုံသူများပင် ငွေလဲရန် ခက်ခဲခဲ့သည်။

ထို့အပြင် ပြည်တွင်းဘဏ် ၁၁ ခုအားနိုင်ငံခြားငွေကိုင်ဆောင်ရောင်းဝယ်လဲလှယ်ခွင့်ကို ခွင့်ပြုခဲ့ပြီး ATM ကတ်စနစ်ကိုလည်း ဒီဇင်ဘာလဆန်းမှစ၍ ခွင့်ပြုပေးခဲ့သည်။

သို့သော် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် လယ်ယာထွက်ကုန်ထုတ်လုပ်သူနှင့် တင်ပို့သူများအတွက် ၂၀၁၁ အပြောင်းအလဲများမှာ အကျိုးသက်ရောက်မှုမရှိခဲ့ပေ။

စပါးရိတ်သိမ်းချိန်တွင်မိုးရွာခြင်းနှင့် ပဲရိတ်သိမ်းချိန်တွင် မိုးရွာခြင်းကြောင့် သီးနှံအရည်အသွေးပျက်ကာ ဈေးကျဆင်းခဲ့သည်။ ထို့ကြောင့်နှစ် ၂၀ကြာတင်ပို့ခွင့် ပိတ်ထားသော ဆန်ကွဲအား ပြန်လည်တင်ပို့ခွင့်ပြုခဲ့သည်။

အခြား စပါးစိုက်ပျိုးထုတ်လုပ်သောနိုင်ငံများတွင်ရာသီဥတုဖောက်ပြန်ခြင်းနှင့် အခြေခံစပါးဈေးမြင့်လိုက်ခြင်းကြောင့်ဩဂုတ်လဆန်းတွင် မြန်မာနိုင်ငံမှတင်ပို့သော ၂၅ မှတ် ဆန်မှာတစ်တန်လျှင် ၄၂၀ ထိရှိလာခဲ့သော်လည်း ဒေါ်လာဈေးကျသဖြင့် ပြည်တွင်းဈေးမတက်ခဲ့ပေ။ ထိုအခြေမှာ နှစ်လခန့်သာကြာမြင့်ပြီးအိန္ဒိယနိုင်ငံမှ ဆန်ထုတ်ရောင်းသဖြင့် မြန်မာနိုင်ငံမှ ဆန်ဝယ်လက်မြောက်ခဲ့သည်။ ထို့ကြောင့် စပါးပေါ်ချိန်တွင် တင်းတစ်ရာကျပ်သုံးသိန်းဈေးဖြင့် ဝယ်မည့်သူမရှိဖြစ်ခဲ့သည်။

ပဲမှာလည်း ထိုနည်းအတိုင်းပင်။ ပဲပေါ်ချိန်တွင် မိုးရွာသဖြင့် အရည်အသွေးညံ့ခြင်း ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် ဈေးကွက်ပျောက်ခဲ့ပြီး ရန်ကုန်နှင့် မန္တလေးမှ ကုန်သည်အချို့ ကျပ်သိန်းချီလိမ်လည်မှုများ ဖြစ်ခဲ့သည်။

သို့သော် ၂၀၁၁ ခုနှစ်တွင် နိုင်ငံခြားသားများဝင်ရောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကား၊ ရွှေနှင့် ငွေလုပ်ငန်းများ မကောင်းခြင်းတို့ကြောင့် အိမ်ခြံမြေလုပ်ငန်းစန်းပွင့်ခဲ့သည်။

ထို့ကြောင့် ၂၀၁၁ မြန်မာစီးပွားရေးမှာ မြန်မာကျပ်ငွေခိုင်မာလာမှု၊ နိုင်ငံတကာသီးနှံဝယ်ယူမှု ဈေးကွက်ကျဆင်းလာခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှု သိသိသာသာ မမြင်ခဲ့ရချေ။

ထိုအခြေများအား ရုန်းကန်ရန် အရပ်ဘက်အဖွဲ့အစည်းများ တက်ညီလက်ညီနှင့် ကြိုးစားရန်လိုအပ်ပြီး မိမိတို့ရဲ့ အတ္တစီးပွားတွေနဲ့အသင်းအဖွဲ့အစည်းများကို အသုံးပြုနေမယ်ဆိုလျှင် ဟန်ချက်ညီမှာမဟုတ်ဘူးဟု မြန်မာနိုင်ငံဆန်စပါးအသင်းဥက္ကဋ္ဌဦးချစ်ခိုင်က သုံးသပ်ခဲ့သည်။

ငြိမ်ချမ်းရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြီးမားစွာ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပြီး အစိုးရနှင့် လွှတ်တော်ကပါစီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ထက်ပိုလုပ်ပေးမယ်လို့ မျှော်လင့်ကြောင်းနှင့် မလုပ်ပေးပါက အချိန်နည်းနည်းပဲကျန်တော့ကြောင်း AFTA နှင့် AEC မှာ ယှဉ်ဖို့ကြောက်ရကြောင်း စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေက သုံးသပ်သည်။

ထို့အပြင် ငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းနှင့် သီလဝါထားဝယ်ကျောက်ဖြူကဲ့သို့ အထူးစီးပွားရေးဇုန်များနှင့် ရေနက်ဆိပ်ကမ်းများအား တိုင်းပြည်အတွက် မထိခိုက်ဘဲ သေချာစွာ ပညာရှင်များဖြင့် အပြန်အလှန် လေ့လာစိစစ်ဆောင်ရွက်ပြီး အကောင်အထည်ဖော်ပါက ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့၏ရှေ့သို့ ရာက်နိုင်သည်ဟု ဦးချစ်ခိုင်က သုံးသပ်သည်။

"နိုင်ငံရေး တည်ငြိမ်မှုငွေကြေးမူဝါဒပြောင်းလဲမှု စီးပွားရေးလုပ်ငန်းများ ထင်သာမြင်သာရှိမှုတွေကို နိုင်ငံတော်အစိုးရနှင့် မှန်ကန်သောအရပ်ဘက်အဖွဲ့အစည်းများပေါင်းစည်းဆောင်ရွက်ကျရင် ၂၀၁၂ က မျှော်လင့်ချက်ရှိပါတယ်"ဟုဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က သုံးသပ်သည်။

အစိုးရက ယခင်နှင့် ခြားနားစွာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ခဲ့သော်လည်း ထိုရလဒ်များ၏ အသီးအပွင့်များမှာ အောက်ခြေလူတန်းစားများမခံစားရသေးပေ။ မည်သို့ပင်ဆိုစေ အစိုးရ၏ ထူးခြားစွာအားထုတ်မှုကို အသိအမှတ်ပြုရမည် ဖြစ်သည်။


သို့သော် မြန်မာနိုင်ငံလူဦးရေ၏အများစုဖြစ်သော အောက်ခြေလူတန်းစားများအကျိုးရှိရန် ယခုထက်ပိုသော စစ်မှန်သည့် ပြုပြင်ပြောင်းလဲမှု ရည်မှန်းချက်ရောက်အောင် မဆုတ်မနစ် အားထုတ်မှုနှင့် စေတနာတို့ လိုပါသေးသည်။ ။

> **၁၁၆၉**
> ၂၀၁၁ခုနှစ်တွင် ရန်ကုန်တိုင်းစည်ပင်နယ်နိမိတ် ၃၁ မြို့နယ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုအရေအတွက်ဖြစ်သည်။ ၁၁၆၉မှုဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူ ၂၀၈ ဦးနှင့် ဒဏ်ရာရသူ ၁၈၃၀ ဦးရှိခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ပြည့်နှစ်တွင် ရန်ကုန်တိုင်းစည်ပင်နယ်နိမိတ် ၃၁ မြို့နယ်တွင်ဖြစ်ပွားသော ယာဉ်တိုက်မှုပေါင်းမှာ ၇၉၅ မှုရှိခဲ့၍ သေဆုံးသူ ၁၇၅ ဦးနှင့် ဒဏ်ရာရသူ ၁၂၅ ဦးရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ်သည် ၂၀၁၀ ခုနှစ်ထက် ယာဉ်တိုက်မှု ၃၇၄ မှုပိုများပြီး သေဆုံးသူ ၃၃ ဦးနှင့် ဒဏ်ရာရသူ ၅၇၉ ဦးပိုများလာခဲ့သည်။

7Day NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012







**၂၀၁၁ ခုနှစ်အတွင်း အထူးခြားဆုံးသတင်း၁၂ပုဒ်ကို 7Day News စာဖတ်ပရိသတ်များအတွက် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။**

# 2011 အထူးခြားဆုံးသတင်းများ

**အားမာန်**

### (၁) နိုင်ငံတော်သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံခြင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့၏ ဩဂုတ်လ ၁၉ ရက်က တွေ့ဆုံမှုမှာ ၂၀၁၁ ခုနှစ်အတွင်း စိတ်လှုပ်ရှားစရာအကောင်းဆုံး အခိုက်အတန့်တစ်ခုဖြစ်ခဲ့သည်။ အစိုးရခေါင်းဆောင်နှင့် အတိုက်အခံခေါင်းဆောင်တို့အကြား နှစ်ပေါင်း ၂၀ အတွင်း အကောင်းဆုံးတွေ့ဆုံမှုဖြစ်သည်။ ရွေးကောက်ပွဲအလွန်ကာလတွင် ပြည်တွင်းနှင့်ပြည်ပမှစောင့်ကြည့်သူများ အံ့ဩလောက်သည့် ပြောင်းလဲမှုများ၏ အစလည်းဖြစ်သည်။ သူတို့နှစ်ဦးတွေ့ဆုံပုံက လွန်ခဲ့သည့်နှစ်ပေါင်း ၂၂နှစ်ကျော်က တောင်အာဖရိကမှ လူဖြူသမ္မတ ဒီကလပ်နှင့် လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားတို့၏ တွေ့ဆုံမှုကဲ့သို့ပင် ဆင်တူပြီး အရေးလည်းပါခဲ့သည်။ ၂၀၁၁ ဩဂုတ်လ ၁၉ ရက်တွင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံကြီးကိုချိတ်ထားသော ခန်းမအတွင်း သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးသိန်းစိန်တို့တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့အပြင် ညစာဖြင့်ပါ ဧည့်ခံခဲ့သေးသည်။ နိုင်ငံတော်သမ္မတနှင့်ပထမဆုံးအကြိမ်တွေ့ဆုံမှုအပေါ် ဝမ်းမြောက်ကျေနပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့သည်။ ထိုတွေ့ဆုံမှုဖြင့်ပင် ခေါင်းဆောင်နှစ်ဦးကြား၌ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်။

### (၂) သမိုင်းတွင်သော သမ္မတ၏ ဧရာဝတီဆုံးဖြတ်ချက်

စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သမိုင်းတွင်မည့်ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ အငြင်းပွားမှုများစွာ ဖြစ်ပေါ်နေသော ဧရာဝတီမြစ်ဆုံစီမံကိန်းကို သမ္မတဦးသိန်းစိန် အစိုးရသက်တမ်းအတွင်း ဆက်လက်တည်ဆောက်ခြင်းမပြုဘဲ ရပ်ဆိုင်းရန် သမ္မတက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာသုံးဘီလီယံကျော် တန်ဖိုးရှိသော အဆိုပါစီမံကိန်းကို ရပ်ဆိုင်းခဲ့ခြင်းကြောင့် သမ္မတဦးသိန်းစိန်မှာ လူထု၏ ယုံကြည်မှုနှင့်ထောက်ခံမှုများစွာရရှိခဲ့သည်။ မြန်မာနိုင်ငံရှေ့ရေးအတွက် အရေးကြီးသော အဆိုပါဆုံးဖြတ်ချက်ကြောင့် တစ်နိုင်ငံလုံး ပျော်ရွှင်ခဲ့ကြပြီး ၂၀၁၁ ခုနှစ်၏ အထူးခြားဆုံးအခိုက်အတန့်တစ်ခုလည်းဖြစ်ခဲ့သည်။

### (၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ချက်

ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီကလည်း သမိုင်းဝင်မည့်ဆုံးဖြတ်ချက်တစ်ခုကို နိုဝင်ဘာ ၁၈ ရက်တွင် ချမှတ်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သော၊ ၁၉၉၀ ရွေးကောက်ပွဲတွင် လူထုဆန္ဒတစ်ခဲနက်ဖြင့် အောင်ပွဲခံခဲ့သော အဆိုပါပါတီက ၂၀၁၁ကြားဖြတ်ရွေးကောက်ပွဲနှင့် နောင်လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု နိုဝင်ဘာ ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်မှာလည်း ၂၀၁၁ ခုနှစ်အတွင်း အထူးခြားဆုံး အခိုက်အတန့်တစ်ခုဖြစ်ခဲ့သည်။

### (၄) အိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ သမိုင်းဝင်မိန့်ခွန်း

နိုဝင်ဘာ ၁၈ ရက်သည် မြန်မာနိုင်ငံအတွက် မင်္ဂလာသတင်းကြီးသုံးခု ပေါ်ထွက်ခဲ့သောနေ့ဖြစ်သည်။ ကမ္ဘာ့စူပါပါဝါ အမေရိကန်သမ္မတ အိုဘားမားက နိုဝင်ဘာ ၁၇တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်မိနစ် ၂၀ ခန့်ဖုန်းပြောခဲ့သည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ ဘာလီမှ အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အိုဘားမား၏ ပထမဆုံးမိန့်ခွန်းကို ပြောကြားခဲ့သည်။ အမှောင်မိုက်ဆုံးကာလများ အလွန်တွင် မှိတ်တုတ်မှိတ်တုတ်တိုးတက်မှုများ(Flicker of Progress) မြန်မာနိုင်ငံ၌ မြင်တွေ့ခဲ့ရပြီဟု အိုဘားမားကဆိုသည်။

အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်အကြား စတင်တွေ့ဆုံဆွေးနွေးမှု၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူအချို့ လွှတ်ပေးမှု၊ မီဒီယာနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးမှု၊ ဥပဒေပြုကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးမှုတို့ကို အမေရိကန်က အသိအမှတ်ပြုပြီး ပြောင်းလဲမှုများ ထပ်မံပြုလုပ်ရန် မြန်မာအစိုးရကိုလည်း တိုက်တွန်းခဲ့သည်။ မိန့်ခွန်းပြောကြားစဉ် နှစ်ပေါင်း ၅၀ ကျော်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးကိုပထမဆုံးအကြိမ်အဖြစ်မြန်မာနိုင်ငံသို့စေလွှတ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

### (၅) ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ခြင်း

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မှာ နှစ်ပေါင်း ၅၆ နှစ်အတွင်း အမေရိကန်၏ အဆင့်မြင့်ဆုံးအရာရှိတစ်ဦးအဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်အထိ ဟီလာရီကလင်တန်သည်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့မှ အဆင့်မြင့်ပုဂ္ဂိုလ်များနှင့်တွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများကို ခြွင်းချက်မရှိလွှတ်ပေးရန်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ဖြစ်ပေါ်နေသော ပဋိပက္ခများကို အဆုံးသတ်ပေးရန်၊ တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပေးရန် မြန်မာအစိုးရကို တိုက်တွန်းခဲ့သည်။ မြန်မာအစိုးရက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်နှင့်အမျှ အမေရိကန်အစိုးရကလည်း ဖြေလျှော့မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန် အဆင်သင့်ရှိကြောင်း အမေရိကန်မူဝါဒကို ချပြခဲ့သည်။

### (၆) ပထမဆုံးအကြိမ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ရာထူးရရှိခြင်း

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးက နိုဝင်ဘာ ၁၈ ရက်၌ မြန်မာနိုင်ငံအတွက် သမိုင်းဝင်မည့်ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်ပေးခဲ့ပြန်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံကို အလှည့်ကျဥက္ကဋ္ဌရာထူးပေးရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ မြန်မာအစိုးရအတွက် အဆိုပါရာထူးမှာ နိုင်ငံတကာနယ်ပယ်တွင် မိမိနှင့်ထိုက်တန်သောနေရာ၊ဂုဏ်သိက္ခာကို ပြန်လည်ရယူသည့်အနေဖြင့် အရေးကြီးသလို အာဆီယံကလည်း မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ ယုံကြည်မှုကိုသက်သေပြလိုက်သည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်၍ သမိုင်းဝင်အဆုံးအဖြတ်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံကို ကူးပြောင်းနေပြီဆိုသော မြန်မာနိုင်ငံအတွက်လည်း အာဆီယံဥက္ကဋ္ဌရာထူးက အားဆေးတစ်ခွက်ဖြစ်သည်။

### (၇) ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၂၀၀ ဝန်းကျင်ကို လွှတ်ပေးခြင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင်လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်ပြုခဲ့သော်လည်းအောက်တိုဘာ၁၂ရက်တွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၂၀၀ ဝန်းကျင်အပါအဝင် အကျဉ်းသား ၆,၃၅၀ ကျော် လွှတ်ပေးခဲ့မှုမှာသာ အရေးကြီးသော နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ ဇာဂနာ၊ ဗိုလ်ချုပ်ဆေထင်၊ ရန်မျိုးသိမ်း စသော ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူ ၂၀၀ ဝန်းကျင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းမှာ အမျိုးသားရင်ကြားစေ့ရေး၊ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အပြုသဘောဆောင်သော သမိုင်းဝင်အဆုံးအဖြတ်ဖြစ်ခဲ့သည်။ ကျန်ရှိနေသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကိုလွတ်မြောက်ပေးရန် သတင်းများလည်း ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာသည်။

**အချပ်ပိုု(M)သို့**

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# အထိနာခဲ့သောစိုက်ပျိုးရေး

ေအာင်သူရ



စိုက်ပျိုးရေးလုပ်ငန်းအတွက် ၂၀၁၁ ခုနှစ်မှာ ရိုက်ချက်ပြင်းသော နှစ်ဖြစ်ခဲ့သည်။ ရာသီဥတုဖောက်ပြန်ခြင်း၊ မြန်မာကျပ်ငွေမာလာခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမားလာခြင်းတို့ကြောင့် ဖြစ်သည်။

၂၀၁၀ အောက်တိုဘာတွင် ဖြစ်ပေါ်ခဲ့သော ဂီရိမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိရိတ်သိမ်းမည့်စပါးနှင့်ပဲစိုက်ခင်းများ ပျက်စီးခဲ့သည်။

ထို့အပြင် ၂၀၁၀ နှစ်ကုန်ပိုင်းမှ စတင်ဖြစ်ပေါ်သော လာနီညာရာသီဥတုကြောင့် နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလတို့တွင် မိုးရွာသွန်းခဲ့သည်။ အဆိုးဆုံးမှာ ဖေဖော်ဝါရီလလယ်တွင် ဂျပန်နိုင်ငံ၌ဖြစ်ခဲ့သော ဆူနာမီကြောင့် မြန်မာနိုင်ငံတွင် မိုးရွာသွန်းခဲ့ရာ ရိတ်သိမ်းနေသည့် ပဲနှမ်းများနှင့် ယာသီးနှံတချို့ ပျက်စီးဆုံးရှုံးမှုများခဲ့သည်။

ထို့ကြောင့် တောင်သူများ လယ်ယာမြေကို စွန့်ခွာကာ လုပ်သားဖြစ်လာသူ သိသိသာသာများခဲ့သည်။

ပဲတီစိမ်းတစ်တင်းကျပ်သုံးသောင်းဈေးမှ ၇၀၀၀ ကျပ်ထိ ဈေးကျခဲ့ပြီး ဝယ်မယ့်သူမရှိဖြစ်ခဲ့သည်။ ထိုကြောင့် နှစ်ဆယ်ကြာပိတ်ထားသော ဆန်ကွဲကိုပင်ပြန်လည် တင်ပို့ခွင့်ပြုခဲ့သည်။

ထို့နောက် စပါးစိုက်ချိန်တွင် မိုးရွာသွန်းမှုများခဲ့သဖြင့် ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်တိုင်းနှင့် ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် မြေများရေနစ်မြုပ်ခဲ့ကာ အပျက်အစီးများခဲ့သည်။

အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သော OZB မုန်တိုင်းကြောင့်မြန်မာပြည်အလယ်ပိုင်းကိုကြက်သွန်ခင်းများနှင့် ဂရုတ်နှင့် ယာယီနှံများထပ်မံပျက်စီးရပြန်သည်။

ဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူရရှိသောကိန်းဂဏန်းများအရမြန်မာနိုင်ငံတွင် စိုက်ပျိုးသီးနှံများ ၂ ရာခိုင်နှုန်းပျက်ဆီးခဲ့ရသည်ဟု ဟားဗတ်တက္ကသိုလ်မှ ပညာရှင်တစ်ဦးကဆိုသည်။

အထွက်ကောင်းသော သီးနှံများမှာလည်း ဈေးမရဖြစ်ခဲ့ရသည်။ အထွက်များသဖြင့် ခရမ်းချဥ်သီးဈေးများ ကျဆင်းခဲ့သည်။

ထိုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများသော နှစ်တွင်မြန်မာကျပ်ငွေတန်ဖိုးမှာ လိုအပ်သည်ထက် ပိုမိုမာသဖြင့် ဈေးမရဖြစ်ခဲ့ရသည်။ ရာသီဥတု ပျက်စီးမှုကြောင့် စပါးပေါ်ချိန်တွင် တစ်ရာလျှင် လေးသိန်းဝန်းကျင်ရှိခဲ့သော စပါးဈေးမှာ ဖွန်လမှစ၍ ဈေးကျခဲ့သည်။ ပြည်ပဈေးကွက်တွင် ထိုင်းနိုင်ငံအခြေအနေကြောင့် ဇူလိုင်၊ ဩဂုတ်နှစ်လသာ ဆန်ရောင်းခဲ့ရသော်လည်း အိန္ဒိယနိုင်ငံမှ ဆန်ထုတ်ရောင်းသဖြင့် ဝယ်သူပျောက်ခဲ့သည်။ ထို့အပြင် မြန်မာကျပ်ငွေမှာလည်း လိုအပ်သည်ထက် ပိုမာသဖြင့် ဈေးပြိုင်မရောင်းနိုင်ခဲ့။ ထို့ကြောင့် မိုးစပါးပေါ်ချိန်တွင် တင်းတစ်ရာသုံးသိန်းကျပ်ဈေးသာရှိခဲ့သည်။

ပဲမျိုးစုံမှာလည်း ထိုနည်းအတိုင်းသာ ဖြစ်သည်။ ရာဘာမှာလည်း ငွေဈေးမာနေသဖြင့် တွက်ခြေမကိုက်ဖြစ်ခဲ့သည်။

ထိုအပြင် ကုန်ကားများအား အာဆီယံစံနှုန်းမြှင့်တင်ရန် သတ်မှတ်ချိန်သည် သီးနှံများထွက်သည့်အချိန်နှင့် အံကိုက်ဖြစ်ခဲ့သဖြင့် ဈေးထပ်ကျခဲ့ရသည်။ ယခုနှစ်တွင် ဈေးကောင်းရခဲ့သော အဓိကသီးနှံမှာ ပြောင်းတစ်ခုသာရှိခဲ့သည်။

တက်လာသော အစိုးရသစ်က ထိုအခြေအနေကို ဖြေလျှော့မှုတချို့ပြုလုပ်ပေးခဲ့သည်။ ပို့ကုန်ရငွေခွန် လျှော့ချပေးခြင်းနှင့် လယ်တစ်ဧကလျှင် ယခင်က နှစ်သောင်းကျပ် ဈေးမှ နှစ်ဆတိုး၍ လေးသောင်းဈေးပေးခဲ့ပြီး ပြန်ဆပ်ရမည့်ရက်ကိုလည်း ၁၅ ရက်နောက်ဆုတ်ပေးခဲ့သည်။

ပုဂ္ဂလိကပိုင်းက အဓိကဆောင်ရွက်နေသော အတည်ပြုကုမ္ပဏီများ ချေးငွေလျှော့ချေးလာကြသလို အာမခံဈေးဖြင့်ဝယ်ရန်လည်း စတင်ခဲ့သည်။ ကဥ္စနကျွန်းသာကုမ္ပဏီနှင့် ဧရာဟသာကုမ္ပဏီတို့က အာမခံ ဈေးများပေးဝယ်မည်ဟု မတ်လုံးပေးခဲ့သည်။ သို့သော်လည်း ရာသီဥတုဒဏ်ကြောင့် သက်ရောက်မှုနည်းခဲ့သည်။

သို့သော်လည်းထိုအခြေအနေကိုနိုင်ငံတော်သမ္မတကနားလည်၍ တောင်သူများမနစ်နာစေရန် ပုဂ္ဂလိကနှင့်ဖက်စပ်၍ အာမခံဈေးဖြင့် အရန်ဆန်တန်ချိန်တစ်သန်း ဝယ်ယူမည်ဟု ကတိပေးခဲ့သည်။ ထိုကတိကို အကောင်အထည်ဖော်သည့်အပိုင်းတွင်မူ ကြန့်ကြာနေခဲ့သည်။ ပုဂ္ဂလိက ကဏ္ဍဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းက တန်ချိန်နှစ်ထောင်ဝယ်ယူချိန်ထိ အစိုးရပိုင်းက ဝယ်ယူမှု မရှိခဲ့ပေ။

ထို့ကြောင့် အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့သော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးမှာ ထူးမခြားနားဖြစ်ခဲ့ရသည်။ နှစ်ပေါင်း ၃၀ ကျော် မအောင်မြင်ခဲ့သော အထွက်တိုးရေးကိုသာ ထပ်မံဆောင်ရွက်နေသည်သာ တွေ့ရသည်။

အမေရိကန် အပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့အား နမူနာယူသင့်နေပြီး သူတို့မူဝါဒမှာရှင်းသည်။ လယ်ယာထွက်ကုန်များအား နိုင်ငံတကာဈေးကွက်တွင် အကျိုးအမြတ်ရရှိရေးဖြစ်သည်။ သို့သော် မြန်မာ နိုင်ငံတွင်မူ ခံစစ်ကစားနည်းဖြစ်သည်။ မြို့ပေါ်နေ လူတန်းစားတစ်ခု ဈေးနှုန်းသက်သာရေး အတွက် အများစုဖြစ်သော တောင်သူများက ဒုက္ခခံပေးနေရခြင်းဖြစ်သည်။

# အဓမ္မမှုများ၊ လူသတ်မှုများ၊ လိမ်လည်မှုများ

**ယုဇနကိုကို**

ယခုနှစ်တွင် အဓမ္မပြုကျင့်ခြင်းများနှင့် လူသတ်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။

ဓားပြမှုများ၊ ငွေကြေးလိမ်လည်မှုများနှင့်မူးယစ်ဆေးဝါးမှုအချို့ကလည်း ၂၀၁၁ ၏ ကာလအချို့တွင် လူအများကို အံ့ဩမင်တက်သွားစေခဲ့သည်။

ထို့အပြင် အရွယ်မရောက်သေးသူ ကလေးငယ်များကို လိမ်လည်ခေါ်ယူမှုများ၊ ယာဉ်တိုက်မှုများနှင့် ငွေအတုထုတ်လုပ်ခြင်း အစရှိသည့် အဖြစ်အပျက်များသည်လည်း ယခုနှစ်အတွင်း လူအများသတိထားမိစရာဖြစ်ခဲ့သည်။

၂၀၁၁ ဇန်နဝါရီလအတွင်းတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်အတွင်းနေထိုင်သည့် စိတ်ရောဂါသည် အမျိုးသားတစ်ဦးက တူဖြစ်သူ၏ လည်ပင်းကို ဓားနှင့်လှီးကာ ၄င်းကိုယ်တိုင် တိုက်ပေါ်မှ ခုန်ချခဲ့သည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ထိုကာလအတွင်းပင် ရန်ကုန်မြို့၏ မြို့နယ်အချို့ရှိစာသင်ကျောင်းများအနီးတွင် ကလေးသူငယ်များအား လိမ်လည်ခေါ်ယူသွားသည့်ကလေးပျောက် ဆုံးမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်ဟု ပြည်တွင်းမီဒီယာများက ရေးသားဖော်ပြကြသည်။

ဖေဖော်ဝါရီလအတွင်းပင် နာမည်ကြီး လူငယ်ဒါရိုက်တာတစ်ဦး၏ မူးယစ်ဆေးဝါးမှုဖြင့် အရေးယူခဲ့သည့်ဖြစ်စဉ်ကလည်း လူအများ၏စိတ်ဝင်စားမှု ခံခဲ့ရသည့်သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

မတ်လအတွင်း အထူးခြားဆုံးဖြစ်ရပ်တစ်ခုမှာ ၂၀၁၀ ပြည့်နှစ်ကတည်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့တွင် ဖြစ်ပေါ်ခဲ့သည့် ရွာသားသုံးဦးသေဆုံးခဲ့သော ဓားပြမှုကျူးလွန်သူများကို အစိုးရက သေဒဏ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

၂၀၁၁ ၏ မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလအတွင်းတွင်မူ ယာဉ်တိုက်မှု ၆၄ မှုဖြစ်ပေါ်ခဲ့ကာ လူ ၁၀ ဦးသေဆုံးခဲ့သည်။

အလိုမတူ အဓမ္မပြုကျင့်သည့် ဖြစ်ရပ်တစ်ခုမှာ ပဲခူးတိုင်းဒေသကြီးအတွင်းတွင်ဖြစ်ပွားခဲ့ပြီး အရွယ်မရောက်သေးသည့်ကလေးငယ်ကို အသက် ၂၀ အရွယ် အမျိုးသားတစ်ဦးက ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကာ ထိုအမျိုးသားလည်း ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခံခဲ့ရသည်။

မေလ ၁ ရက်တွင်မူ ဂိမ်းဆော့ရန် မုန့်ဖိုးတောင်းသည်ကို မပေးသော အဒေါ်ဖြစ်သူအား ဓားနှင့် ၁၁ ချက်ထိုးကာ သတ်ခဲ့သည့် ဖြစ်ရပ်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ထိုပြစ်မှုကျူးလွန်သူလူငယ်သည် ဂိမ်းများကို အလွန်အကျွံကစားသဖြင့် ဂိမ်းစွဲလမ်းခြင်း၏ အကျိုးဆက်ကြောင့် စိတ်အခြေအနေမမှန်ဖြစ်ကာ ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်နိုင်ကြောင်း နီးစပ်သူများက မှတ်ချက်ပေးခဲ့ကြသည်။

ထိုကာလများမှ စက်တင်ဘာလများအထိတွင် အဓမ္မပြုကျင့်မှုများ၊ နိုက်ကလပ်များ၊ ဒေးကလပ်များကို အရေးယူမှုများ၊ ငွေစက္ကူအတုပြုလုပ်သည့် ဖြစ်ရပ်များဖြစ်ပေါ်ခဲ့သည်။

၂၀၁၁ စက်တင်ဘာလအတွင်း ရန်ကုန်မြို့လယ်တွင် အုပ်စုဖွဲ့ကာ ဓားထောက်လုယက်မှုကို ငါးကြိမ်ဆက်တိုက်ကျူးလွန် သူများကို သက်ဆိုင်ရာက ဖမ်းဆီးခဲ့သည်။

စက်တင်ဘာ ၂၈ ရက်တွင် ကျောက်ပန်းတောင်းမြို့အနီးတွင် ဆိုင်ကယ်ကယ်ရီမောင်းသူက ခရီးသွား ဂျပန်အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်ရန်၍ သတ်ခဲ့မှုကလည်း လူအများ အံ့ဩစေခဲ့သည်။

ထိုဖြစ်ရပ်အတွက် သက်ဆိုင်ရာက ပြစ်မှုကျူးလွန်သူကို သေဒဏ်အပြစ်ပေးခဲ့သည်။

ထိုကာလများနောက် စီးပွားရေးလုပ်ငန်းလောကတွင် ငွေကြေးသိန်းပေါင်းမြောက်မြားစွာ လိမ်လည်မှုများနှင့် မိမိကိုယ်ကို အဆုံးစီရင်သည့်ဖြစ်ရပ်များဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

ထို့နောက် နိုဝင်ဘာလအတွင်း ရန်ကုန်မြို့တွင် ဒါရိုက်တာတစ်ဦးကို လူတစ်စုက ကားဖြင့် ဒရွတ်တိုက်ဆွဲခေါ်ကာ သေစေခဲ့သည့်အမှုနှင့် မြောက်ဥကလာပမြို့နယ်အတွင်း လူတစ်ဦးကို လူနှစ်ဆယ်နီးပါးခန့်ရှိသော လူအုပ်စုက ဓားနှင့်အချက် ပေါင်းများစွာခုတ်သတ်ခဲ့သည့် ဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ မြောက်ဥက္ကလာပလူသတ်တရားခံအချို့ကို ဖမ်းဆီးထားပြီးဖြစ်သည်။

ထို့နောက် ၂၀၁၁ ၏ နောက်ဆုံးနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် လှည်းတန်းလမ်းဆုံအနီးရှိ အများပြည်သူသုံးသန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကြောင့် သန့်စင်ခန်းဝန်ထမ်း အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရသည်။

၂၀၁၁ ၏ အချိန်ကာလအချို့ကို အရုပ်ဆိုး၊ အကျည်းတန်စေခဲ့သည့် အထက်ပါအဖြစ်အပျက်အချို့တွင်ဖြစ်ပွားမှုအများဆုံးဖြစ်သော အလိုမတူအဓမ္မပြုကျင့်ခြင်းများ၌ အရွယ်မရောက်သေးသူများကို ပြစ်မှုကျူးလွန်သည့် ပြစ်မှုများက ယခင်နှစ်များထက် ပိုမိုများပြားလာခြင်းဖြစ်သည်။



ညှို့သည်အဝင်များသော ဟိုတယ်များက ပွဲတော်တိုင်းလှပစွာ ဖြတ်သန်းလာနိုင်သည်

# မြန်မာ့ခရီးသွား စန်းပြန်ထခြင်း

သူရအောင်ထက်

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ၂၀၁၁ နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသွားများပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတကာသတင်းဌာနတစ်ခုနှင့် အင်တာဗျူးတွင်မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်များ လာရန် ဖိတ်ခေါ်ခဲ့ပြီး၊ နှစ်ဆန်းပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကမ္ဘာလှည့်ခရီးသွားများလာရန် တရားဝင်ထုတ်ပြန်ခဲ့သည်။ ယခင်ကြိုးပမ်းခဲ့မှုများနှင့် ထိုသို့ ဖိတ်ခေါ်မှုများကြောင့် ၂၀၁၁ ခုနှစ် ခရီးသွားလုပ်ငန်းမှာ တိုးတက်ခဲ့သည်။

နိုင်ငံတကာသတင်းများတွင် အပြုသဘောဆောင်သောမြန်မာသတင်းပိုများလာခြင်းကြောင့်လည်း ခရီးသွားပိုများခဲ့သည်။

ခရီးသွားများလာခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုးမာလာခြင်းကြောင့် ဟိုတယ်အခန်းခများနှင့် ပို့ဆောင်ရေးစရိတ်များ ဈေးမြင့်လာခဲ့သည်။ အထူးသဖြင့် ရန်ကုန်ဟိုတယ်များ အလုပ်ဖြစ်ကာ ဈေးတက်ခဲ့ကြသည်။

ဟိုတယ်နှင့် ပို့ဆောင်ရေးလုပ်ငန်းများသို့ လုပ်ငန်းရှင်ကြီးများ ဝင်ရောက်လုပ်ကိုင်မည်သူများ လာခဲ့ပြီးသည်။ ကမ္ဘောဇဘဏ်အုပ်စုမှ Air KBZ နာမည်ဖြင့် ပြည်တွင်းလေကြောင်းလိုင်းသစ်အား ဧပြီလမှ စတင်ပြေးဆွဲပေးခဲ့သည်။ ငပလီနှင့် အင်းလေးကန်တို့တွင်လည်း ပြည်တွင်းလုပ်ငန်းရှင်ကြီးများက ဟိုတယ်အသစ်များ ထပ်မံဖွင့်လှစ်လာခဲ့ကြသည်။

အစိုးရသစ်တွင် အရပ်ဖက်မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဝန်ကြီးဖြစ်လာခဲ့သည်။ ထို့နောက် မြန်မာခရီးသွားလုပ်ငန်း တိုးတက်ရန် ရည်ရွယ်၍ အရပ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပေးခဲ့သည်။ မြန်မာခရီးသွားလုပ်ငန်းဘုတ်အဖွဲ့အောက်တွင်စားသောက်ဆိုင်လုပ်ငန်းရှင်အသင်းနှင့် ညှို့လမ်းညွှန်အသင်းတို့ အပါအဝင် အသင်း ၁၁ ခု ထပ်မံဖွဲ့စည်းခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများ ပါဝင်သော ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (MTB)က ဖွဲ့စည်းပြီးနောက် ဟိုတယ်ဇုန်သစ်များ ဖွင့်လှစ်ရန်စီစဉ်ခဲ့သည်။

သို့သော်လည်း ထိုလုပ်ငန်းမှာ နှစ်ကုန်သည်အထိ အကောင်အထည်မပေါ်ခဲ့။ အထူးသဖြင့် ပုဂံဒေသတွင်ရှေးဟောင်းနယ်မြေအတွင်း အဆောက်အဦ ဆောက်လုပ်ခြင်းကြောင့် လူပြောစရာဖြစ်ခဲ့သည်။

ထို့အပြင် ဧည့်လမ်းညွှန်များယူနီဖောင်းကိစ္စနှင့် အလှည့်ကျစနစ်တို့ကြောင့်လည်း ဧည့်လမ်းညွှန်များကြား မကျေမလည်ဖြစ်ခဲ့ကြသည်။

တိုးတက်လာသော ခရီးသွားလုပ်ငန်းနှင့်အတူ အကျည်းတန်ဖြစ်ရပ်များလည်းဖြစ်ပေါ်ခဲ့သည်။ ပုဂံဒေသတွင် ဂျပန်အမျိုးသမီးအသတ်ခံရမှုနှင့် နယ်သာလန်သူအမျိုးသမီးအား ရိုက်၍ ပိုက်ဆံလုမှုများဖြစ်ခဲ့သည်။

ထိုကြောင့်ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းနှင့်အတူ ပုဂံဒေသခံများနှင့် ရှေးဟောင်းအမွေအနှစ်ကို နှစ်သက်သူများပုဂံအတွက်ရတက်မအေးဖြစ်ခဲ့ကြသည်။

ထိုကဲ့သို့ စိုးရိမ်စရာဖြစ်ခဲ့သောပုဂံဒေသတွင် မဲခေါင်ဒေသနိုင်ငံများ ခရီးသွားလုပ်ငန်းတိုးတက်ရေး စာတမ်းဖတ်ပွဲအား နိုဝင်ဘာလကုန်ပိုင်းတွင်ပထမဆုံးကျင်းပခဲ့သည်။ ထိုပွဲသို့ ယခင်က မြန်မာနိုင်ငံတွင် ပြုလုပ်သော အအစည်းအဝေးများမတက်ရောက်ခဲ့သော ADB ဘဏ်မှ ပြန်လည်တက်ရောက်ခဲ့သည်။

ထိုပွဲတွင် ယခင်က အသင်းက မြန်မာနိုင်ငံအစိုးရက ပါဝင်လေ့ရှိသော PATA အဖွဲ့သို့ဝင်ရောက်ခဲ့သည်။ ထိုစာတမ်းဖတ်ပွဲသို့တက်ရောက်လာသောပညာရှင်များက မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းမှာ အမြန်အဆန် တိုးတက်လာမည်ဟု မှတ်ချက်ပေးခဲ့သည်။

ထိုအပြင် သူတို့အတွေ့အကြုံများထဲမှာ အမှားမျိုးထပ်မဖြစ်ရန် ရှေးဟောင်းဇုန်တွင် အဆောက်အဦများတည်ဆောက်ခြင်း မပြုရန်လည်း မှတ်ချက်ပေးကြသလို လူထုအခြေပြု ခရီးသွားလုပ်ငန်းအား ဆောက်ရွက်ရန် အကြံပြုကြသည်။

ကမ္ဘာ့လှည့်ခရီးသွား ဝင်ရောက်မှုမှာ သုံးသိန်းကျော်၊ လေးသိန်းနီးပါးဝင်ရောက်ခဲ့သော နှစ်တွင် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိခဲ့သည်။ ဟိုတယ်အခန်းမလောက်ခြင်းနှင့် လူစွမ်းအား အရင်းအမြစ်ရှားပါးခြင်းတို့ ဖြစ်သည်။

သို့သော်လည်း ၂၀၁၂ မှာ ၂၀၁၁ ခုနှစ်ထက် ဧည့်သည်ပိုဝင်ရန် အခြေအနေများ ပေးနေသည်။ ကမ္ဘာကျော် Lonely Planet က ၂၀၁၂ ခုနှစ်သွားလာလည်ပတ်ရန် အကောင်းဆုံးကမ္ဘာ့နံပါတ်(၂)နှင့်(၃)အဖြစ် မြန်မာနိုင်ငံအား ရွေးချယ်ဖော်ပြပေးသည်။ ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ နှစ် ၅၀ အတွင်းလာရောက်ခဲ့သည်။

ထိုကြောင့် ၂၀၁၂ အတွက် ပြင်ဆင်ရန်လိုအပ်မည်ဖြစ်ပြီး မပြင်ဆင်ပါ နာမည်ပျက်လိမ့်မည်ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေက သုံးသပ်သည်။

"အခြေခံပြုပြင်ပြောင်းလဲမှုတွေထဲမှာ နှစ်ချက်လိုတယ်။ ဟိုတယ်အခန်းတွေနဲ့ ဝန်ဆောင်မှုတွေ ဒီထက်ပိုပြီးပြင်ဖို့ လိုတယ်။ နောက်ငွေလဲနှုန်းပေါ့ကိုငွေကလိုအပ်တာထက် ပိုမနေတော့ ဒေသတွင်းမှာ ဈေးကြီးသလိုဖြစ်သွားတယ်" ဟု ဦးလှမောင်ရွှေက ဆိုသည်။

လာမယ့် နှစ်ဆန်းမှစ၍ ရန်ကုန်၊ ငပလီနှင့် အင်းလေးဒေသရှိဟိုတယ်များ အခန်းခ ၃၀ ရာခိုင်နှုန်းခန့် မြှင့်ရန်ပြင်နေကြီး၊ ရန်ကုန်ဟိုတယ်ကြီးများကို contrant ပင် မပေးတော့ပေ။

သို့သော်လည်း ကိုယ်နိုင်ငံသို့ အဓိကလာရောက်သော ဥရောပနိုင်ငံများတွင် စီးပွားရေးအခြေအနေ မကောင်းဖြစ်နေသည်။ ထိုအခြေအနေမျိုးတွင် ဟိုတယ်အခန်းခများ မြှင့်ရန် ကြိုးစားနေခြင်းနှင့် မြန်မာငွေတန်ဖိုးမာနေခြင်းမှာ လာမယ့်ခရီးသွားရာသီအတွက် စိန်ခေါ်မှုဖြစ်နေသည်။

သတင်းကောင်းလည်းရှိသည်။ကမ္ဘာကျော်CNNသတင်းဌာနက ၂၀၁၂လည်ပတ်ရန်အကောင်းဆုံး ၉ နေရာတွင် မြန်မာနိုင်ငံက နံပါတ် ၃ ချိတ်၍ ကမ္ဘာလှည့်ခရီးသွားများပိုလာရန် မျှော်လင့်စရာဖြစ်နေသည်။

## ၂၀၁၂ ဟောကိန်း

**လာမည့်နှစ်သစ် ၂၀၁၂ အတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော ကဏ္ဍပေါင်းစုံအပေါ် နာမည်ကျော်ဗေဒင်၊ နက္ခတ်ပညာရှင်နှစ်ဦး၏ ကြိုတင်ဟောကိန်းများကို ဖော်ပြလိုက်ပါသည်။**

### စံဇာဏီဘို

စီးပွားရေးနှင့်ပတ်သက်၍ ကုန်ထုတ်စွမ်းအားတိုးတက်မှု မရှိနိုင်ပါ။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများတွင် ၂၀၁၁ နှင့် ကွာခြားမှုမရှိနိုင်ပေ။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွင် ခြံမြေကဲ့သို့ (Property) များဘက်တွင်သာ အားသာမှုများ နေသည်။ ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း ပြည်တွင်းပြည်ပကုန်သွယ်ရေးတွင် ပုံမှန်အခြေအနေသာရှိပြီး နယ်စပ်ကုန်သွယ်ရေးမှာ အားကောင်းနိုင်သည်။ ဝေးလံသော နိုင်ငံများနှင့် ကုန်သွယ်ရေးမှာ အားနည်းသည်။ (A, M, S, T, J)နှင့် စတင်သည့်နိုင်ငံများနှင့် ကုန်သွယ်မှုကောင်းနိုင်သည်ဟု ဆိုသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုမှာ အသင့်ပြင်ဆုံးကာလဖြစ်ပြီး ၂၀၁၄ မှလုံးလုံးလျားလျား အကောင်အထည်ပေါ်နိုင်သည်။ ပြည်တွင်းကုန်သွယ်ရေးလမ်းကြောင်း၊ ကုန်စီးဆင်းမှုတွင် အခက်အခဲများရှိပြီး ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်နိုင်သည်။ အထူးသဖြင့် ကုန်သွယ်ရေးတွင်အောက်ခြေလုပ်ငန်းများမှာ အဆင်ပြေနိုင်သည်ဟု ဆိုသည်။

၂၀၁၂ ကျန်းမာရေးနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်စရာများရှိသည်။ မြန်မာနိုင်ငံနှင့်ဆိုလျှင် ရုတ်တရက်ကူးစက်ရောဂါများနှင့် ကြုံတွေ့နိုင်သည်။ ယင်းရောဂါများကို ဗေဒင်ပညာအရ တနင်္ဂနွေထောင့်ဟုခေါ်သည့် အရှေ့မြောက်အရပ်၊ ကြာသပတေးထောင့်ဟုခေါ်သည့် အနောက်အရပ်တို့မှ စီးဝင်လာနိုင်သည်။ နယ်စပ်ချင်းထိနေသည့် အဆိုပါအရပ်များတွင် ရောဂါဖြစ် ပွားမှုများသည့်အတွက် အထူးပင် ဂရုစိုက်ရန်လိုအပ်သည်။ ရောဂါဖြစ်ပွားမှုတွင်မြန်မာပြည်အလယ်ပိုင်းတွင် ပိုမိုများပြားပြီး ဆေးဝါးအခက်အခဲလည်းရှိနိုင်သည်။ ထို့အပြင် ဖြစ်ပေါ်နေဆဲကုသရန်ခက်ခဲသည့် တီဘီ၊ AIDS ကဲ့သို့ ရောဂါများအတွက် ဆေးဝါးရရှိမှုမှာလည်း အခက်အခဲများရှိနိုင်သည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ၂၀၁၂ သည် မြေငလျင်နှင့် ရုတ်တရက်ရေကြီးခြင်းတို့ကို အထူးသတိထားရမည်။ သောကြာဂြိုဟ်နှင့် နေနှင့်နီးခြင်းအပြင် ဂြိုဟ်များ၏ ဖွဲ့စည်းပုံအခြေ အနေကြောင့် ရေကြီးခြင်း၊ မြေငလျင်ဖြစ်ပေါ်မှုတို့ကို အားကောင်းနေသည်။ ထို့အပြင် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် စိုးရိမ်စရာရှိပြီး မြို့ဟောင်းများထက် မြို့သစ်များတွင် ပိုများနိုင်သည်။ အထူးသဖြင့် မီးအန္တရာယ်မှာ ပေါ့ဆမီးထက် လျှပ်စစ်မီးကို ပိုမိုသတိရှိရန်လိုအပ်သည်ဟု ဆိုသည်။

### ဦးဇေယျာကို

စီးပွားရေးနှင့်ပတ်သက်၍ အပြောင်းအလဲများ အများကြီးရှိလာနိုင်သည့်နှစ်ဖြစ်သည်။ အနောက်နိုင်ငံများမှ အကူအညီနှင့် စီးပွားရေးပြန်ပွင့်လာနိုင်သည်။ အဓိကအမေရိကန်နှင့်ဥရောပမှအကူအညီများရလာနိုင်သည်။ တစ်ချိန်က ပိတ်သိမ်းခဲ့သော ကုမ္ပဏီကြီးများကလည်း ပြည်တွင်း၌ လာရောက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာနိုင်သည်။ ထို့အပြင် နိုင်ငံကြီးများ၏ စက်မှုလုပ်ငန်းများလည်း ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်သည်။

မြန်မာငွေတန်ဖိုးနှင့်ပတ်သက်၍ ဆက်လက်မာနေမည်။ အိမ်ခြံမြေဈေးကွက်များလည်း မြင့်တက်နေပြီး ရွှေဈေးလည်း ဆက်တိုက်မြင့်တက်နေဦးမည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ နက္ခရပ်တည်မှုအခြေအနေအရ တင်တိုင်မဖြစ်နိုင်သေးကြောင်းကို သိရသည်။ ဝမ်းပျက်၊ ဝမ်းလျှောကဲ့သို့ ရောဂါများလည်း ထူးထူးခြားခြားဖြစ်နိုင်သည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြေငလျင်နှင့် ရေကြီး၊ ရေလျှံမှုများဖြစ်နိုင်သည်။ ဗုဒ္ဓဟူးနှင့် စနေဂြိုဟ်က မြန်မာနိုင်ငံအပေါ်၌ ပူးနေသဖြင့် မုန်တိုင်းဖြစ်စဉ်များကို သတိထားရမည်။ လနှင့် ကြာသပတေးဂြိုဟ်ပူးမှုလည်းရှိသဖြင့် မြေငလျင်နှင့်ပတ်သက်၍လည်း သတိထားစရာများရှိသည်။


■အသက် ၁၉ နှစ်အောက် မြန်မာ-လာအိုဘောလုံးပွဲကို ကြည့်ရှုနေသော ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ


■ပရိတ်သတ်သောင်းကျန်း၍ နာမည်ဆိုးဖြင့် ကမ္ဘာကျော်သော ပွဲစဉ်

# အထူးခြားဆုံး အားကစားသတင်း ၁၀ ပုဒ်

ဗိုလ်ဗိုလ်ဝင်း

**အားကစားကို ဝါသနာပါသူတစ်ယောက်ဖြစ်ပါက သို့မဟုတ် ဗဟုသုတရှာမှီးသူဖြစ်ပါက သို့မဟုတ် အပျင်းပြေစာဖတ်လိုသူဖြစ်ပါက ယခုအားကစားသတင်းဆယ်ပုဒ်ကို ဖတ်ရန် တိုက်တွန်းလိုပါသည်။**

## နှစ်ပေါင်း ၃၉ နှစ်အတွင်း မြန်မာနိုင်ငံသို့ ဖီဖာဥက္ကဋ္ဌပထမဆုံး အကြိမ်လာရောက်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ ဆပ်ဘလတ္တာသည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မတ် ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာလာရောက်ခဲ့ပြီး မန္တလေး ဘောလုံးအကယ်ဒမီအား ဖွင့်လှစ်ပေးခဲ့သည်။

ဖီဖာဥက္ကဋ္ဌတစ်ဦးအနေဖြင့် မြန်မာနိုင်ငံခရီးစဉ်သည် ဒုတိယအကြိမ်မြောက် လာရောက်ခြင်းဖြစ်ပြီး ၎င်းရှေ့တွင် ၁၉၇၂ ခုနှစ်က ဖီဖာဥက္ကဋ္ဌဖြစ်သူ ဆာစတန်လေရော့စ်လာရောက်ခဲ့ဖူးသည်။

## သမိုင်းမှတ်တမ်းဆိုး ရေးထိုးခဲ့သည့် မြန်မာ-အိုမန်ပွဲစဉ်

ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန်ဒုတိယအဆင့် (ဒုတိယအကျော့) ပွဲစဉ်အဖြစ် ဇူလိုင် ၂၈ ရက်က ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သောမြန်မာနှင့် အိုမန်ပွဲစဉ်သည် ပရိသတ်ကို မထိန်းနိုင်သဖြင့် ပွဲချိန်မပြီးဆုံးခင် ရပ်နားခဲ့ရသောပထမဆုံးနိုင်ငံတကာပွဲ ဖြစ်ခဲ့သည်။

ပထမပိုင်း၌ အိုမန်အသင်းက ဦးဆောင်ဂိုးနှစ်ဂိုး ရရှိထားချိန်တွင်ပရိသတ်များက ကွင်းအတွင်းသို့ ပစ္စည်းပေါင်းစုံဖြင့် ပစ်ပေါက်ခဲ့ကြပြီး ဧည့်သည် အသင်းနည်းပြအဖွဲ့ဝင်တစ်ဦးမှာ ဦးခေါင်း၌ဒဏ်ရာရရှိခဲ့သည်။ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကိုယ်တိုင် ပရိသတ်ကိုထိန်းဖို့ကြိုးစားခဲ့သော်လည်း လက်လျှော့ခဲ့ရသည်။

ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါ ပွဲစဉ်တွင် ရိုးရိုးတန်းဝင်ပေါက်များအား အခမဲ့ဝင်ရောက်ခွင့်ပေးခဲ့ပြီး ပုံမှန်ပရိသတ်နှစ်သောင်းဝန်းကျင်ဆံ့သည့် သုဝဏ္ဏကွင်းမှာ ပရိသတ်လေးသောင်းဝန်းကျင်အထိ ဝင်ရောက်ခဲ့သည်။ အဆိုပါ ဖြစ်ရပ်ကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အရေးယူမှုများပြုလုပ်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးကြည့်သော ဘောလုံးပွဲ

နေအိမ်အကျယ်ချုပ်မှလွတ်မြောက်ပြီး ဆယ်လအကြာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ သုဝဏ္ဏဘောလုံးကွင်းအတွင်းသို့ပထမဆုံးအကြိမ်ရောက်ရှိလာသည်။

သူမက အာဆီယံ ယူ-၁၉ ပွဲစဉ်တစ်ခုဖြစ်သည့်မြန်မာ-လာအိုပွဲစဉ်အား လာရောက်ကြည့်ရှုခဲ့ခြင်းဖြစ်ပြီး၊ ပွဲအစအဆုံးအားပေးခဲ့ကာ ဘောလုံးအားကစားနှင့် ပတ်သက်သည့်သိလိုသည်များကို အဖွဲ့ချုပ်ဥက္ကဋ္ဌထံ စိတ်ဝင်တစားမေးမြန်းခဲ့သည်။

## ဆုကြေးများက ဘောလုံးသမားတွေကို ဖျက်ဆီးခြင်း

၂၀၁၁ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲကို စက်တင်ဘာလအတွင်းက တရုတ်(တိုင်ပေ)နိုင်ငံ၌ ကျင်းပခဲ့ရာ ၎င်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံရတနာပုံအသင်း(မြန်မာ)သည် ပြိုင်ဘက်အသင်းများကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

ရတနာပုံသည်ကမ္ဘောဒီးယားကလပ်ဖနွမ်းပင်ကရောင်းအသင်းအား ၀-၄ ဂိုး၊ ကာဂျစ္စတန် ကလပ်နစ်ဖ်ချီအသင်းအား ၂-၈ ဂိုးဖြင့် စုစုပေါင်းပေးဂိုး ၁၂ ဂိုးအထိ ဂိုးအလျှုပေးအိမ်ပြန်ခဲ့သည်။

ပြည်တွင်းမြန်မာနေရှင်နယ်လိဂ် ၂ နှစ်ဆက်ချန်ပီယံ အသင်းမှာ ၂၀၁၁ ခုနှစ်၌တွင်လည်း ခြေစွမ်းဆိုးရွားခဲ့ပြီး ၁၂ သင်းပြိုင်သောပြိုင်ပွဲတွင် အဆင့် ၉ သာ ရရှိသည်အထိ အခြေအနေဆိုးခဲ့သည်။ အသင်းတွင် စည်းလုံးမှုပြိုကွဲမှုများ ဖြစ်ပေါ်ခဲ့ကာ ချီးမြှင့်ခဲ့သော ဆုကြေးများက ဘောလုံးသမားအချို့ကို ပျက်စီးစေခဲ့ကြောင်း အသင်းပိုင်ရှင်က ဖွင့်ဟဝန်ခံခဲ့သည်။ ဒေါက်တာစိုင်းဆမ်ထွန်း၏ စကားက အောင်မြင်မှုမယ်မယ်ရရ မရသေးသော မြန်မာနေရှင်နယ်လိဂ်အတွက် သတိပေးစကား တစ်ခုဖြစ်သည်။


## ပထမဆုံး ဘောလုံး အလုပ်ရုံဆွေးနွေးပွဲ

မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ဘောလုံးတိုးတက်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။

## ညသန်းခေါင်ယံ အချိန်မှ ဆုဖလားကိုင်မြှောက်ခွင့် ရခဲ့သည့် ချန်ပီယံ

ညသန်းခေါင်ယံအချိန်မှပြီးဆုံးခဲ့သည့် အာဆီယံ ယူ-၁၉ ဗိုလ်လုပွဲသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့်နိုင်ငံတကာပွဲစဉ်များအနက် အချိန်နောက်ကျဆုံးသော ဘောလုံးပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် သုဝဏ္ဏကွင်း ညဲ့ဖျင်းမှုကိုလည်း ပြိုင်ပွဲဝင်အသင်းအားလုံး နီးပါး မှတ်တမ်းတင်ခဲ့ရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးဆိုးရွားခဲ့သည့်သုဝဏ္ဏကွင်းအခြေအနေကြောင့် တတိယလုပွဲအား ညနေငါးနာရီခွဲမှ စတင်နိုင်ခဲ့သည်။ ၎င်းပွဲစဉ်ပြီးနောက် ဆက်လက်ကျင်းပခဲ့သည့် ဗိုလ်လုပွဲစဉ်သည် အချိန်ပို၊ ပင်နယ်တီအဆုံးအဖြတ်များကြောင့် ချန်ပီယံ ထိုင်းအသင်း၏ ဆုဖလားကိုင်မြှောက်ချိန်တွင် စက်တင်ဘာ ၂၁ ရက် ညသန်းခေါင် ၁၂ နာရီဝန်းကျင်အချိန်ရောက်ရှိနေပြီဖြစ်သည်။



## အတိုအပြတ် ဝတ်ဆင်ခွင့် ပြန်ရသော ကာယအလှမယ်များ

နှစ် ၃၀ ကျော်ကြာ မြန်မာဝတ်စုံ၊ အင်္ကျီလက်ပြတ်၊ အထက်အောက် အရောင်ဆင်တူ ဝတ်စားဆင်ယင်မှု တစ်မျိုးတည်းသာ ဝတ်ဆင်ခဲ့ရသော ကာယအလှမယ်များကို ဘောင်းဘီအတို၊ အင်္ကျီလက်ပြတ်ကိုပါ ပြန်လည်ဝတ်ဆင်ခွင့်ပြုလိုက်သည့် ဝတ်စုံသစ်ဖြင့် ပြည်တွင်းကာလအလှမယ်ပြိုင်ပွဲများအား ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ပြုလုပ်မည့် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် စတင်ကျင်းပနိုင်ရန် စီစဉ်နေပြီဖြစ်သည်။

## အာရှဒုတိယ အဆင့်မြင့်ဆုံး ပြိုင်ပွဲသို့ မြန်မာကလပ်များ စတင်ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရ

မြန်မာ့ဘောလုံးလောကအား ဆုကြေးစားစနစ်သို့ပြောင်းလဲပြီး သုံးနှစ်အကြာတွင် AFC Cup အာရှဘောလုံးအဖွဲ့ချုပ်ဖလားပြိုင်ပွဲသို့ မြန်မာကလပ်အသင်းနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။

၂၀၁၂ AFC Cup ပြိုင်ပွဲသို့ ရန်ကုန်ယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက် နှစ်သင်းက မြန်မာနိုင်ငံ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ကလပ်အသင်းဘောလုံးပြိုင်ပွဲများတွင် AFC Cup ပြိုင်ပွဲသည် ဒုတိယအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး၊ ကလပ်အသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားကာ ၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

## လှေလှော်အဖွဲ့ ဆယ်ပေးခဲ့သော မြန်မာ့ဂုဏ်သိက္ခာ

(၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင်မြန်မာအားကစားအဖွဲ့ရရှိခဲ့သည့် ရွှေတံဆိပ် ၁၆ ခုအနက် ရွှေတံဆိပ် ၁၀ ခု (ထက်ဝက်ကျော်)အား လှေလှော်အားကစားအဖွဲ့က ရယူပေးခဲ့သည်။

မြန်မာအားကစားအဖွဲ့ရရှိခဲ့သည့် အဆင့် ၇ နေရာအတွက် လှေလှော်အဖွဲ့ ဆွတ်ခူးပေးခဲ့သည့် ရွှေတံဆိပ်များက အထောက်အကူများစွာ ဖြစ်စေခဲ့သည်။ ကျန်ရွှေတံဆိပ် ၆ ခုအနက် သုံးခုကို မြားပစ်အားကစားနည်းနှင့် ဂျူဒို၊ ဝူရှူးနှင့် ပိုက်ကျော်ခြင်းတို့က တစ်ခုစီရယူပေးခဲ့သည်။

၎င်းဆီးဂိမ်းပြိုင်ပွဲ ကျင်းပရက် ခြောက်ရက် မြောက်နေ့မှ မြားပစ်အားကစားဖြင့် ရွှေတံဆိပ်စတင်ရရှိခဲ့ကာ လှေလှော်အဖွဲ့က သိက္ခာဆယ်ပေးခဲ့ရသည့်အတွက် အိမ်ရှင်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်သတိပေးမှုဖြစ်ခဲ့သည်။

## ကြေးရောင်မျိုးဆက် ထွက်ပေါ်လာခြင်း

အားလုံးစိတ်ဝင်စားခဲ့သည့် မြန်မာဘောလုံးအသင်း၏ ၂၀၁၁ ခရီးစဉ်သည် ရလဒ်များဆိုးရွားခဲ့ပြီး အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲ၏ တတိယနေရာလုပွဲ၌ နောက်ပိုင်းနှစ်များတွင် မနိုင်တော့သည့် ဗီယက်နမ်အသင်းအား ၄-၁ ဂိုးဖြင့် အနိုင်ယူကာ တတိယနေရာရရှိခဲ့မှုကြောင့် အသက်ရှူချောင်ခဲ့ရသည်။

ယခုကြေးတံဆိပ်ဆုရရန် ဘောလုံးအဖွဲ့ချုပ် အထူးပြင်ဆင်ခဲ့ရသည်။ ထိုအသင်းတွင် လူငယ်ကစားသမားများစွာ ပါဝင်လာသော်လည်း အသက်လိမ်ထားသော ကစားသမားအချို့လည်း ထုံးစံအတိုင်းပါဝင်သည်။ အသက် ၂၃ နှစ်အောက်အသင်းဟု ဆိုသော်လည်း ထိုအသင်းမှာ လက်ရှိတွင် မြန်မာနိုင်ငံ၏ အကောင်းဆုံးအသင်းဟုလည်းဆိုကြသည်။ ကျပ်သိန်းပေါင်း သိန်းချီ အကုန်အကျခံကျင်းပသော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ မွေးထုတ်ပေးသော ကစားသမားအချို့ ကြေးဆုချိတ်အသင်းတွင် ပါဝင်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

# လူပြောများသည့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် နည်းပညာဆိုင်ရာ အပေါင်းလက္ခဏာများ

ယုဇနကိုကို





မိုဘိုင်းဆက်သွယ်ရေးကဏ္ဍသည် ယခုနှစ်အတွင်း ပေါ်ပေါက်လာသည့် နည်းပညာဝန်ဆောင်မှုများကြောင့် ပြည်သူများအကြား အဆက်မပြတ် စိတ်ဝင်တစား စောင့်ကြည့်နေခဲ့ရသော ကဏ္ဍတစ်ခုအဖြစ် ဖြစ်ပေါ်လာခဲ့သည်။

၂၀၁၀ နှစ်ဆန်းပိုင်းက စတင်ချထားပေးခဲ့သည့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများပေါ်တွင် အခြေခံကာ အင်တာနက်အသုံးပြုနိုင်သည့် EVDO စနစ်ကို ယခုနှစ် ဇန်နဝါရီလတွင် စတင်ကာ မြန်မာ့ဆက်သွယ်ရေးက ကျပ်သုံးသောင်း ထပ်မံပေးသွင်းစေကာ ရောင်းချမှုများပြုလုပ်ပေးခဲ့သည်။

EVDO အင်တာနက်စနစ်သည် အစိုးရက စတင်ချထားပေးသည့်အချိန်မှ လအနည်းငယ်ခန့်အထိ မြန်နှုန်းများကောင်းမွန်ခဲ့သော်လည်း ထိုကာလသည် အခိုက်အတန့်သာဖြစ်ခဲ့သည်။

ယင်းအခြေအနေများကပင် EVDO သုံးစွဲသူများ၏ မိုဘိုင်းအင်တာနက်သုံးစွဲမှုအပေါ် ယုံကြည်ချက်များကို လျော့နည်းစေခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဘက်မှ အဆိုများအရ ပြည်ပမှ DDoS Attack ဟူသည့် ဆိုက်ဘာတိုက်ခိုက်ခံရမှုများကြောင့် EVDO ၏ အမြန်နှုန်းများကိုပါ ထိခိုက်လာသဖြင့် ယခုကဲ့သို့ အခက်အခဲများဖြစ်ပေါ်လာရကြောင်း ရှင်းလင်းပြောဆိုသည်။

သို့သော် ယခုအချိန်အထိ CDMA, EVDO စနစ်၏ အင်တာနက် မြန်နှုန်းများသည် စတင်ရောင်းချပေးခဲ့စဉ်ကကဲ့သို့မဟုတ်တော့ဘဲ ဆက်လက်နှေးကွေးမြဲနှေးကွေးဆဲသာဖြစ်ပြီး ရံဖန်ရံခါမှသာ အမှတ်မထင်အမြန်နှုန်းများကောင်းမွန်လာတတ်သည်။

စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းကိုင်ဆောင်သူများအတွက် အဆင်အပြေဆုံးဖြစ်လာသည့် အစိုးရ၏ ထပ်တိုးဝန်ဆောင်မှုတစ်ခုမှာ ယင်းဖုန်းများကို ရွှေ့လျားသယ်ဆောင်အသုံးပြုနိုင်သည့် မိုဘိုင်းစနစ်ဖြစ်သော ဝ၉ ကုဒ်နံပါတ်သို့ ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။

၂၀၁၁ ဖေဖော်ဝါရီ ၂၀ ရက်မှစတင်ကာ မိုဘိုင်းဖုန်းအဖြစ်ပြောင်းလဲပေးလိုက်ပြီးနောက် မိုဘိုင်းဖုန်းကိုင်ဆောင်သူ အများအပြားကိုနေရာအနှံ့တွေ့လာရသည်က ယင်းဝန်ဆောင်မှု၏ ရလဒ်ဖြစ်လာခဲ့သည်။

ထိုဝန်ဆောင်မှုများက သုံးစွဲသူများစိတ်ကြိုက်ဖြစ်ခဲ့ကာ ယင်းအချက်များကြောင့်ပင် ထိုဖုန်းများကို လျှောက်ထားသူများလည်း များပြားလာခဲ့ကြသည်။

CDMA 800 MHz ဖုန်းများကို အစိုးရက သတ်မှတ်အလုံးရေတစ်သိန်းခွဲထက်ကျော်လွန်သွားခဲ့စဉ်က ရောင်းချမှုများကို ၂၀၁၁ မေလနောက်ဆုံးပတ်က တစ်ခါ ရပ်နားခဲ့သည်။

သို့သော် ယခုနှစ် စက်တင်ဘာလတွင် ထိုဖုန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပြင် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပြင်ပဖုန်းအရောင်းဆိုင်များတွင် ရောင်းချနိုင်ရန် အလုံးရေတစ်သိန်းကို ချထားပေးခဲ့ပြီး နေ့ချင်းပြီးဝယ်ယူရရှိနိုင်သည့် စနစ်ကိုစတင် အသုံးပြုနိုင်ခဲ့သည်။

ထိုအလုံးရေတစ်သိန်းမှာ ယခုအချိန်တွင် ပြည့်မီသွားပြီဖြစ်သဖြင့် ရောင်းချမှုများကိုလည်း ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

ပြည်တွင်း၏ ပထမဆုံးသော တန်ဖိုး အသက်သာဆုံးဖြစ်လာသည့် ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို ယခုနှစ် မတ်လဆန်းပိုင်းတွင်စတင်ချထားပေးခဲ့သည်။

နေ့ချင်းပြီးဝန်ဆောင်မှုနှင့် စတင်ရောင်းချခဲ့သည့် ထိုဖုန်းများကို မြန်မာ့ဆက်သွယ်ရေးက EDGE ဟူသော အင်တာနက်စနစ်ကို ဇွန်လအတွင်းက စတင်ဖွင့်လှစ်ပေးခဲ့သည်။ GSM EDGE ဝန်ဆောင်မှုကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယခင်ကျပ်တစ်ဆယ့်ငါးသိန်းတန်ဖုန်းကိုင်ဆောင်သူများအတွက်ပါ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

သို့သော် EDGE စနစ်သည် EVDO ထက်မြန်နှုန်းနှေးကွေးသည့်အပြင် မကြာခဏ ရောင်းချမှုရပ်ဆိုင်းလိုက်ခြင်းများကို သုံးစွဲလိုသူများကြုံတွေ့နေရသည်။

အလားတူ ဖုန်းကိုင်လိုသည့် အခြေခံလူတန်းစားများ၏ အိပ်မက်ကို လှန့်နိုးလိုက်သကဲ့သို့ ဖြစ်ခဲ့သည်က ကျပ်သုံးသိန်းဝန်းကျင်တန်ဖိုးရှိ ဂျီအက်စ်အမ်ဖုန်းအလုံးရေ သန်း ၃၀ အား ယခုအစိုးရလက်ထပ်ငါးနှစ်အတွင်း ချထားပေးမည်ဟူသော သတင်းဖြစ်သည်။ အဆိုပါ သတင်းဂယက်ကြောင့်ပင်ဖုန်းအရောင်းနှင့်ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ အများအပြား တိုးချဲ့လာခဲ့ကြသည်။

တစ်နှစ်တာလုံး၏ မိုဘိုင်းဖုန်းကဏ္ဍမှ အားသာချက်အားနည်းချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)၏ နာယကဖြစ်သူ ဦးရဲမြတ်သူက "မိုဘိုင်းဖုန်းဆိုတာက တောနဲ့မြို့ ကွာဟချက် ကျဉ်းမြောင်းစေဖို့ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးမှာ အရေးပါတဲ့အရာတစ်ခုပါ။ နိုင်ငံတကာမှာ လုပ်အား တစ်နာရီလောက်လုပ်ရင်ရတဲ့ ဖုန်းဆင်းမ်ကတ်တစ်ကတ်တစ်ခုကို မြန်မာမှာရှာတွေကန္တားတစ်ကောင်ရောင်းမှရနေတာပါ" ဟု သုံးသပ်ပြောသည်။ ပြည်တွင်း၏ လူအများစုအပေါ်တွင်ဂယက်ရိုက်ခဲ့သည့်မိုဘိုင်းဖုန်းဆက်သွယ်မှု ကဏ္ဍအပြင် အခြားသော သတင်းအချက်အလက်နည်းပညာဆိုင်ရာ သတင်းအချို့သည်လည်း ၂၀၁၁ ၏ အိုင်စီတီနယ်ပယ်၏ ထူးခြားဖြစ်စဉ်များဖြစ်ခဲ့သည်။

လက်ပ်တော့နှင့် နုတ်ဘွတ်ခ်ကဲ့သို့ တစ်ကိုယ်ရေသုံးကွန်ပျူတာများနှင့် သင်ပုန်းကွန်ပျူတာဖြစ်သည့် Tablet များကို သုံးစွဲမှုများမှာ ယခင်နှစ်များထက် ပိုမိုများပြားလာသည်။ ထို့အပြင် သုံးစွဲလာကြသည့်နည်းပညာများပစ္စည်းများသည် ယခင်အချိန်များ ထက်ပိုမိုအဆင်မြင့်လာကြသည်။

အီးမေးလ်နှင့်ဆိုရှယ်ဝက်ဘ်ဆိုက် အသုံးပြုမှုများသည်လည်း တဖြည်းဖြည်းနှင့် များပြားလာသည်ဟု ပြည်တွင်းကွန်ပျူတာပညာရှင်များကဆိုကြသည်။

ယခုနှစ်ဇန်နဝါရီလမှစတင်ကာ ရတနာပုံတယ်လီပို့ကုမ္ပဏီက ပုဂ္ဂလိကအတွက် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကို ရတနာပုံ ISP ( Internet Service Provider) ဟူ၍ လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးက အစိုးရဌာနလုပ်ငန်းများကို MPT ISP ဟူ၍လည်းကောင်း သီးသန့်စီဝန်ဆောင်မှုများ စတင်ပေးခဲ့သည်။

ဘဏ်လုပ်ငန်းအချို့သည်လည်း အွန်လိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လှုပ်ရှားမှုများပြုလုပ်လာကြသည်။

ရတနာပုံဝက်ဘ်ပေါ်တယ်အပါအဝင် မိုးလေဝသ ပညာရှင်ဒေါက်တာထွန်းလွင်၏ မိုးလေဝသဆိုင်ရာဝက်ဘ်ဆိုက်၊ ထူးကုမ္ပဏီ၏ အင်တာနက်ဝဘ်ဆိုက်များသည်ပြည်ပမှဆိုက်ဘာတိုက်ခိုက်သည့် အဖွဲ့အစည်းများ၏ တိုက်ခိုက်မှု ပြုလုပ်ခြင်းများကို ခံခဲ့ရသည်။


ထို့အပြင် တစ်နှစ်ပတ်လုံးတွင် နည်းပညာနယ်ပယ်၏ လူပြောအများဆုံးက အင်တာနက်မြန်နှုန်းများကျဆင်းမှုပင်ဖြစ်သည်။ ယင်းအခြေအနေကြောင့် အစောပိုင်းကာလများက စီးပွားဖြစ်ခဲ့ကြသည့် အင်တာနက်ဆိုင်အချို့ ပိတ်သိမ်းရသည်အထိဖြစ်လာပြီး ရုံးလုပ်ငန်းဆိုင်ရာများတွင် အဓိကနစ်နာမှုများဖြစ်ခဲ့ရသည်။

အစိုးရ၏ နိုင်ငံခြားဝင်ငွေရရှိမှုကို ထိခိုက်သဖြင့် အများပြည်သူသုံး အင်တာနက်ဆိုင်များ၌ ခေါ်ဆိုမှုများပြုလုပ်နေကြရသည့် နိုင်ငံတကာဖုန်းခေါ်ဆိုမှုများဖြစ်သော VZO, PiFingoစနစ်များကို တရားမဝင်ကြောင်းကြေညာချက်ထုတ်ပြန်ခဲ့ပြီး တားမြစ်ခဲ့သည်။

သို့သော်နိုင်ငံတကာရောက်မိသားစုဝင်များ၊ မိတ်ဆွေများနှင့် အချိန်တိုအတွင်း အကုန်အကျသက်သာစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်သည့် အဆိုပါ VOIP ခေါ်ဆိုသော နိုင်ငံတကာ ခေါ်ဆိုမှုများသည် ယခုအချိန်အထိ သုံးစွဲသူများ၏ အားကိုးရာ အဆက်အသွယ် ကွန်ရက်တစ်ခု ဖြစ်နေသည်။ ဆယ်စုနှစ်တစ်စုအတွင်းအသုံးပြုခဲ့ကြသည့် ဆယ်လူလာဖုန်းများနှင့် ခြင်းဖုန်းများကို ကျပ်ငါးသိန်းတန် ကြိုက်နှစ်သက်ရာဖုန်းများဖြင့် လဲလှယ်ခွင့်ပေးခဲ့သည်။

အစိုးရသစ်ဘက်က ဦးဆောင်ပြီး အီလက်ထရွန်နစ် အစိုးရစနစ်ဖြစ်သည့် e-Government ဆိုင်ရာအစည်းအဝေးများကိုနိုင်ငံတော်သမ္မတအဆင့်အထိ ကျင်းပပြုလုပ်လာသည်။

၂၀၁၁ ၏ ပြည်တွင်းအိုင်စီတီ ကဏ္ဍတွင် လူအများသတိမထားမိသည့် ပြောင်းလဲလာမှုများလည်းရှိနေပြီး ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး အထက်ပါနာယကဖြစ်သူက "အခုနောက်ပိုင်းတော့ အစိုးရဌာနအပိုင်းမှာ ပွင့်လင်းမြင်သာလာတာတွေတွေ့လာရပြီ။ လိုအပ်တဲ့အချက်အလက်တွေကို အင်တာနက်ကနေတစ်ဆင့် ထုတ်ပြန်လာနိုင်တာတွေ၊ လျှောက်လွှာတွေကို ဒေါင်းလုဒ်လုပ်ပြီး ရယူလာတာတွေ၊ အီးမေးလ်ဆက်သွယ်မှုကနေတစ်ဆင့် ချိတ်ဆက်လာနိုင်တာတွေအပြင် ASEAN Single Windows အတွက်ပါဌာနပေါင်းစုံချိတ်ဆက်လုပ်လာနိုင်ကြပြီ" ဟု ဆက်လက်သုံးသပ်ပြောကြားသည်။



တိုးတက်လာမှုနှင့် အားနည်းချက်များ ယှဉ်တွဲရှိနေသေးသည့် ပြည်တွင်းအိုင်စီတီကဏ္ဍတွင် နောက်ထပ်သိသာစေသည့် အကြောင်းအရာများမှာ အာဆီယံဒေသတွင်းနှင့် ASEAN+ နိုင်ငံများက နှစ်စဉ်ပူးပေါင်းကျင်းပသည့် အာဆီယံဆက်သွယ်ရေးဝန်ကြီးများ အစည်းအဝေးကိုမြန်မာက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းအာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးအပြီးတွင် ကမ္ဘောဒီးယားနိုင်ငံကမြန်မာနိုင်ငံတွင် ဖိုက်ဘာအင်တာနက်ဆက်ကြောင်းစီမံကိန်းကို လာရောက်ရင်းနှီးမြှုပ်နှံမည်ဟူသည့် စီမံကိန်းနှင့် အခြားသော အိုင်စီတီဆိုင်ရာ အခွင့်အလမ်းများစွာ ပြည်တွင်းအတွက် ပေါ်ထွက်လာခဲ့သည်။ အစိုးရအနေဖြင့် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍအတွက် ကျပ်ငွေသန်းနှစ်ရာသာ သုံးစွဲခဲ့သော်လည်း ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင်မူ ကျပ်ငွေသန်းပေါင်းသုံးသိန်းအထိတိုးမြှင့်အသုံးပြုသွားမည်ဟုကြေငြာခဲ့သည်။ ယင်းကြေညာချက်မှာ ဖေဖော်ဝါရီ ၁၁၊ ၂၀၁၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသောမြန်မာဝန်ကြီးဌာနများ ဘတ်ဂျက် (ကျပ်သန်းပေါင်း)စာရင်းတွင်ဖော်ပြပါရှိခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော တယ်လီဖုန်းခေါ်ဆိုမှုစင်တာကို ၂၀၁၁ ဒီဇင်ဘာ ၁၇တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အများပြည်သူအတွက် ၂၄ နာရီတယ်လီဖုန်းများဖြင့် ဖြေကြားပြောဆိုပေးမည့်အဆိုပါတယ်လီဖုန်းခေါ်ဆိုမှုစင်တာသည် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ပူးပေါင်းမှုဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည်။

သို့သော် ထိုရလဒ်များကို အများပြည်သူအတွက် အဓိကဦးစားပေးဆောင်ရွက်သွားရန်နှင့် လက်တွေ့ကျကျ နိုင်ငံတကာစံနှုန်းများအတိုင်း အကောင်အထည်ဖော်နိုင်ရန်လိုအပ်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့နှင့် လုပ်ငန်းရှင်အချို့က သုံးသပ်ကြသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



၂၀၁၁ ခုနှစ်တွင် မြန်မာ့နိုင်ငံရေးမှာ ပြည်တွင်းပြည်ပ နိုင်ငံရေးစောင့်ကြည့်လေ့လာသူအားလုံး မျှော်လင့်မထားသော အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ သမိုင်းတွင်ခဲ့သော ဖြစ်ရပ်များစွာလည်း ပေါ်ပေါက်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် လူအများစုက မျှော်လင့်ချက်များစွာမထားတော့သည့်အခြေအနေမှ အပြောင်းအလဲများတစ်ခုပြီးတစ်ခု ပေါ်ပေါက်ခဲ့သောနှစ်ဖြစ်၏။

# စိတ်လှုပ်ရှားစရာအပြည့်နှင့် မြန်မာ့နိုင်ငံရေး

အားမာန်

သမိုင်းဝင်နေ့စွဲများလည်း ကျန်ရစ်ခဲ့သည်။ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည် နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့ပထမဆုံးအကြိမ်သမိုင်းဝင်တွေ့ဆုံသောနေ့၊ နိုင်ငံတော်သမ္မတက ဧရာဝတီမြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းရန်ညွှန်ကြားသောနေ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြန်လည်မှတ်ပုံတင်ပြီးရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်သောနေ့၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူး ရရှိသောနေ့၊ ကမ္ဘာ့စူပါပါဝါအမေရိကန် သမ္မတအိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံးမိန့်ခွန်းနှင့် နှစ်၅၀ ကျော်အတွင်းပထမဆုံးအကြိမ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်မြန်မာနိုင်ငံသို့ ခရီးနှင်လာသောနေ့ စသည်ဖြင့်. . .။

၂၀၁၀ ရွေးကောက်ပွဲအလွန် ၂၀၁၁ နှစ်ဆန်းပိုင်းအခြေအနေ ပြန်ကြည့်လျှင်မူ အားတက်စရာဘာမျှမရှိ။ သို့သော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖျက်သိမ်းပြီး၊ သမ္မတ ဦးသိန်းစိန်အစိုးရအဖွဲ့ကို အာဏာလွှဲပြောင်းသော မတ်လ ၃၀ တွင် ပြောကြားသည့် သမ္မတသစ်၏ပထမဆုံး မိန့်ခွန်းအပြီးတွင်မူ စောင့်ကြည့်သူအချို့၌ မျှော်လင့်ချက်များရှင်သန်လာခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ပထမဆုံးမိန့်ခွန်းတွင် မတူညီသော အမြင်ရှိသူများအတွက်၊ တိုင်းပြည်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှု လမ်းဖွင့်ထားကြောင်း၊ စီးပွားရေးတွင် အရင်းရှင်၊ မနရှင်၊ အခွင့်ထူးခံများ၏ လက်ဝါးကြီးအုပ်ခြယ်လှယ်မှုများထိန်းသိမ်းမည့်အကြောင်း လာဘ်ပေးလာဘ်ယူကိစ္စများအား ထိရောက်စွာအရေးယူမည့် အကြောင်း သတင်းမီဒီယာကို တိုင်းပြည်စတုတ္ထမဏ္ဍိုင်အဖြစ် တရားဝင်အသိအမှတ်ပြုကာ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် အညီရရှိအောင်ဆောင်ရွက်ပေးမည့်အကြောင်း စသောယခင်အစိုးရလက်ထက်တွင် ကြားရခဲသော စကားလုံးများဖြင့်သမ္မတကိုယ်တိုင် ပင်ကိုယ်အသံဖြင့် ပြောသည်ကို လူထုမှကြားခဲ့ရ၏။ စီးပွားရေးနှင့် ပတ်သက်၍ တစ်ရက်ခြားတွင်ပြောကြားသော မိန့်ခွန်းကြောင့်လည်းမျှော်လင့်စရာပိုကောင်းလာသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော တောင်သူလယ်သမားများနှင့် အခြေခံလုတန်းစားအကျိုးအတွက်ဟုဆိုကာ မေလတွင် ပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် နိုင်ငံတော်အဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များဖော်ထုတ်မှုမှာ ရလာဒ်သိသိသာသာ မကောင်းသေးသော်လည်း အသိအမှတ်ပြုရမည်။ ပင်စင်စားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာကို ဇွန် ၁၀ ရက်တွင် တိုးမြှင့်ပေးခဲ့ခြင်းနှင့် မေ ၁၆ ရက်က အကျဉ်းသားတစ်သောင်းကျော်လွှတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်များပေးသည်မှအပ နိုင်ငံရေးတွင် ဧပြီလမှ ဇူလိုင်လအထိထူးခြားမှုများမရှိခဲ့။

လွန်ခဲ့သော နှစ်ပေါင်း ၂၂ နှစ်ကျော်က တောင်အာဖရိကနိုင်ငံတွင် လူမည်းခေါင်းဆောင်နယ်လ်ဆင်မင်ဒဲလားနှင့် လူဖြူသမ္မတ ဒီကလပ်တို့၏ စိတ်လှုပ်ရှားဖွယ်ကောင်းသော သမိုင်းဝင်တွေ့ဆုံမှုမျိုး မြန်မာနိုင်ငံတွင်လည်း ၂၀၁၁ ဩဂုတ် ၁၉ ရက်က ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတော်သမ္မတနှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးတွင် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ထိုတွေ့ဆုံမှုကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက်အရေးကြီးသော အစိုးရနှင့် အတိုက်အခံကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်ဟု ယူဆရပြီး အပြောင်းအလဲများစွာ ဖြစ်ပေါ်လာရန် အစကောင်းဖြစ်ခဲ့သည်။ ဩဂုတ် ၁၆ ရက်ကလည်း ပြည်ပရောက်မြန်မာများကို သမ္မတက ပြန်လာရန် ခွင့်ပြုခဲ့သည်။

ထို့နောက်ပိုင်းတွင် ပြိုလဲမတတ်ဖြစ်နေသော စီးပွားရေးအတွက် အခွန်လျှော့ပေးခြင်း ဘဏ်အတိုးနှုန်းလျှော့ပေးသော နှီးဆွမှုအစီအစဉ်များ လူလတ်တန်းစားနှင့် ကားစီးသူ အများစုပျော်ရွှင်ရသော ကားအဟောင်းနှင့် အသစ်အစားထိုးလဲလှယ်ပေးသည့် အစီအစဉ်များအစိုးရက ဆက်တိုက်အကောင်အထည်ဖော်ခဲ့သည်။

ဒေါ်လာ ၃ဒသမ၆ ဘီလီယံတန်ဖိုးရှိသော လူထုနှင့် ပညာရှင်အများစုက မလိုလားသည့် ဧရာဝတီမြစ်ဆုံစီမံကိန်းကို ယခုအစိုးရသက်တမ်းအတွင်းရပ်ထားရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စက်တင်ဘာ ၃၀ တွင် ညွှန်ကြားခဲ့သည်။ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူ ၂၀၀ ခန့်အပါအဝင် အကျဉ်းသား ၆,၃၅၀ ကို အောက်တိုဘာ ၁၂ ရက်တွင်လွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံရေးအတွက် အကြီးသောနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို နိုဝင်ဘာလဆန်းတွင် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခဲ့၏။ နိုဝင်ဘာ ၁၈ ရက်တွင် သမိုင်းဝင်ဖြစ်ရပ်များထပ်မံပေါ်ပေါက်လာသည်။

၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီပြန်လည်မှတ်ပုံတင်၍ လာမည့်ရွေးကောက်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ထိုနေ့မှာပင် ၂၀၁၄ ခုနှစ်၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးမြန်မာနိုင်ငံ တာဝန်ထမ်းဆောင်ရန် အာဆီယံထိပ်သီးအစည်းအဝေးဆုံးဖြတ်ခဲ့သလို အိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံး မိန့်ခွန်းပြောခဲ့သည်။ အိုဘားမားက နှစ်ပေါင်း၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် နိုင်ငံခြားရေးဝန်ကြီးကိုမြန်မာနိုင်ငံသို့ စေလွှတ်ပေးမည်ဖြစ်ကြောင်း မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ ထိုနေ့မတိုင်မီ တစ်ရက် နိုဝင်ဘာ ၁၇ ရက်တွင် အိုဘားမားက ဒေါ်အောင်ဆန်းစုကြည်နှင့် ဖုန်းဖြင့် မိနစ် ၂၀ကြာ စကားပြောခဲ့သည်။

နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်အထိ ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့လာရောက်ကာ အမေရိကန်-မြန်မာဆက်ဆံရေး စာမျက်နှာသစ်ဖွင့်လှစ်ခဲ့သည်။ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများလွှတ်ငြိမ်းချမ်းသာခွင့်ပြုရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ဖြစ်ပွားနေသော ပဋိပက္ခများအဆုံးသတ်ရန်၊ လွတ်လပ်တရားမျှတသောရွေးကောက်ပွဲကျင်းပပေးရန် စသည်တို့ကို အမေရိကန်ကတိုက်တွန်းခဲ့သည်။ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များအတိုင်း အမေရိကန်ကလည်း လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အကြောင်း ၎င်းတို့၏ မူဝါဒကိုချပြခဲ့သည်။

အမေရိကန်-မြန်မာဆက်ဆံရေးပိုကောင်းလာချိန်မှာပင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကိုလည်း မပျက်အောင် အစိုးရက စွမ်းဆောင်ထားနိုင်သည်။




နိုင်ငံရေးပါတီတစ်ခုတည်းက လွှတ်တော်ကိုယ်စားလှယ် အများစုသာဖြစ်နေ၍ လွှတ်တော်များ၏ အခန်းကဏ္ဍကို နိုင်ငံရေးလေ့လာစောင့်ကြည့်သူနှင့် ပြည်သူ အများစုကများစွာမမျှော်လင့်ထားသော်လည်းဒုတိယလွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကောင်းမွန်သော လုပ်ဆောင်ချက်များကို လွှတ်တော်က လုပ်ဆောင်ပြခဲ့သည်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွှတ်ပေးရန်အဆိုကို ပြည်သူ့လွှတ်တော်က အဆိုပြုတင်သွင်းပြီး နိုင်ငံတော်သမ္မတသို့ တင်ပြခဲ့သည်။ တရားစီရင်ရေးတွင် အဆင့် ၁ ခုတိုးလာမည့် အခြေအနေကို လွှတ်တော်နှစ်ရပ်က ဒီမိုကရေစီစနစ်နှင့်အညီသဘောထားကွဲလွဲမှုများရှိခဲ့သော်လည်း ရလာဒ်ကောင်းရရှိရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ခဲ့သည်။ ဥပဒေကြမ်းများစွာကိုလည်း လွှတ်တော်များက အတည်ပြုခဲ့ပြီး၊ ရေးရာကော်မတီများကလည်း တက်ကြွစွာ လုပ်ကိုင်ခဲ့သည်ကို တွေ့ရသည်။

အားတက်စရာ မြင်ကွင်းများစွာရှိသော်လည်း ယခုနှစ်တွင် လယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့သော တပ်မတော်နှင့် ကချင်ပြည်သူ့တပ်မတော်(KIA)တို့အကြား ဖြစ်ပွားခဲ့သော လက်နက်ကိုင် တိုက်ပွဲများကိုမူ အကောင်းဆုံးရလာဒ်ရရှိအောင်မစွမ်းဆောင်နိုင်ခဲ့သေးပေ။ သို့သော် လက်ရှိအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေမှုများက ယခုအခါ အသီးအပွင့်များစွာ မခံစားရသေးသော်လည်း ရှေ့အနာဂတ်တွင် မျှော်လင့်စရာ များစွာဖြစ်ပေါ်စေသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ယခုနှစ်အတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ သို့သော် ထိုအပြောင်းအလဲများမှာ ကနဦးသာရှိသေးပြီး လူထုထံသို့ အသီးအပွင့်များ၊ အကျိုးရလဒ်များ မရရှိသေးပေ။ ထိုအချက်များက လမ်းကြောင်းမှန်ပေါ်ရောက်နေသော်လည်းရှေ့တွင် များစွာ လုပ်ဆောင်စရာရှိနေသေးသည်ကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။





## Person of the YEAR

၂၀၁၁ ခုနှစ်အတွက် Person of the Year အဖြစ်ပြုပြင်ပြောင်းလဲမှုများစွာဖြစ်ပေါ်စေရန်အရေးကြီးသောအခန်းကဏ္ဍမှ ဝိုင်းဝန်း ပံ့ပိုးပေးခဲ့ကြသူအားလုံးကို ရွေးချယ်လိုက်ပါသည်။ ထို့ကြောင့် ယခုနှစ် 7 Day News Journal ၏ Person of the Year မှာလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း မဟုတ်တော့ပေ။ တစ်နှစ်အတွင်းထူးချွန်၊ထင်ရှားသော၊အရေးပါသော၊ စွမ်းဆောင်မှုနှင့် ဆုံးဖြတ်ချက်များချမှတ်ခဲ့သူများစွာရှိသော်လည်း နှစ်ပေါင်း၅၀ကျော်အတွင်း ပြည်သူတို့၏ မျှော်လင့်ချက်များ ရှင်သန်လာစေရန်၊ နိုင်ငံရေးလမ်းကြောင်းမှန်ပေါ်ရောက်ရှိရန်အတွက် အပြောင်းအလဲများကို ဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့သူများအားလုံးကို Person of the Year အဖြစ် ရွေးချယ်လိုက်ပါသည်။

ထိုပုဂ္ဂိုလ်များမှာ နိုင်ငံအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များစွာကို သတ္တိရှိရှိချမှတ်၊ လက်တွေ့အကောင်အထည်ဖော်ခဲ့သော နိုင်ငံတော်သမ္မတ **ဦးသိန်းစိန်**၊ ပြည်သူလူထု အထိနာစေမည့် နည်းလမ်းများကို မရွေးချယ်ဘဲ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် နိုင်ငံရေးတွင် ဖြစ်ပေါ်ပြောင်းလဲမှုများစွာရရှိအောင် အဓိကနေရာမှ စွမ်းဆောင်ခဲ့သော လူထုခေါင်းဆောင် **ဒေါ်အောင်ဆန်းစုကြည်**တို့မှာ အဓိကပါဝင်သည်။

လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေဖြင့် မထင်မှတ်ထားသော အပြောင်းအလဲနှင့် ရလဒ်များရရှိအောင်စွမ်းဆောင်ပေးခဲ့သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**သူရဦးရွှေမန်း** ကိုလည်း ထိုစာရင်း၌ထည့်သွင်းပါသည်။ ဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်သို့ မတ်လ ၃၀ရက်တွင် အာဏာသုံးရပ်ကို လွှဲပြောင်းပေးခဲ့သော ဗိုလ်ချုပ်မှူးကြီး **ဦးသန်းရွှေ** (အငြိမ်း စား)ကိုလည်း မှတ်တမ်းတင်ဖော်ပြပါသည်။

ထို့အပြင် ဆယ်စုနှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံးနှင့် ပထမဆုံးအကြိမ် ကားအဟောင်းပြန်သိမ်း၊ အစားထိုးကားတင်သွင်းသည့်အစီအစဉ်ကို ဦးဆောင်လုပ်ကိုင်ခဲ့သော၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများတွင် ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်ပေးနေသော ပြည်ထောင်စုဝန်ကြီး**ဦးအောင်မင်း**နှင့်ပွင့်လင်းတိုးတက်သော အတွေးအခေါ်များဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ကားအဟောင်းဖျက်သိမ်းရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ မီဒီယာများသို့ တာဝန်ယူမှုရှိစွာဖြင့် သတင်းထုတ်ပြန်မှုများ ပြုလုပ်ပေးခဲ့သော **ဦးစိုးသိန်း**တို့ကိုလည်း ရွေးချယ်သည်။

ရဲဝံ့သောပြတ်သားသော ရပ်တည်ချက်များ၊ စီးပွားရေးအတွက်အရေးပါသောစွမ်းဆောင်မှုနှင့်အကြံဉာဏ်များကိုအဓိကနေရာမှပေးခဲ့သူ စီးပွားရေးပညာရှင်**ဒေါက်တာဦးမြင့်**၊ ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲအချို့နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်မှုများတွင်ပုဂ္ဂလိကမှဖြစ်သော်လည်းပါဝင်ကူညီခဲ့သူ၊ အစိုးရနှင့် အဖွဲ့အစည်းများသို့အရေးပါသော အကြံဉာဏ်များပေးခဲ့သော**ဒေါက်တာနေဝင်းမောင်**နှင့် **ဦးလှမောင်ရွှေ**၊ အကျဉ်းထောင်မှလွတ်မြောက်လာပြီးနောက်ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများကို လိုက်လံကူညီပေးခြင်းနှင့် အလုပ်များဆက်တိုက်လုပ်နေသော **ဇာဂနာ (ဦးသူရ)**၊ ပြည်ပမှမြန်မာနိုင်ငံသို့မကြာခဏပြန်လာပြီး စီးပွားရေး နှင့် နိုင်ငံရေးအတွက် အကြံဉာဏ်ကောင်းများပေးခဲ့သော **ဒေါက်တာဇော်ဦး**၊ ကမ္ဘာမှမြန်မာနိုင်ငံ၏ ပကတိအခြေအနေကို သိရှိစေရန်စွမ်းဆောင်ခဲ့သော **ဒေါက်တာသန့်မြင့် ဦး**၊ မြစ်ဆုံစီမံကိန်းရပ်ဆိုင်းရေးအတွက် ရဲဝံ့စွာတိုက်တွန်းနှိုးဆော်မှုများပြုလုပ်ခဲ့သော **ဒေါက်တာသန်းထွဋ်အောင်** စသောပုဂ္ဂိုလ်များအပါအဝင် အမည်နှင့်စွမ်းဆောင်မှုမဖော်ပြသော်လည်း ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ကောင်းမွန်သော**အရွေ့**အတွက် ဘက်ပေါင်းစုံမှဝိုင်းဝန်းစွမ်းဆောင်ခဲ့သူအားလုံးကို မှတ်တမ်းတင်ရွေးချယ်လိုက်ပါသည်။

ထို့ပြင်မေတ္တာမွန်ဂိုထောင် မီးလောင်ပေါက်ကွဲမှုတွင် ရဲဝံ့စွာ မီးငြိမ်းသတ်ပေးခဲ့သော၊ **မီးသတ်တပ်ဖွဲ့ဝင်များ**နှင့် ထိုမီးလောင်မှုတွင် အသက်ပေး မီးငြိမ်းသတ်ခဲ့သော မီးသတ်တပ်ဖွဲ့ ဝင်ငါးဦးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုခဲ့ပါသည်။

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# 2012 အလားအလာများ

## အိုင်စီတီ ကဏ္ဍလားရာ

၂၀၁၂အတွင်းအိုင်စီတီကဏ္ဍတွင်အီလက်ထရွန်နစ်အစိုးရစနစ်လုပ်ငန်းများဖြစ်သော e-Government လုပ်ငန်းများကိုပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းပြီးအကောင်အထည်ဖော်လာတော့မည်ဖြစ်သည်။ ထို့အတွက် အစိုးရကလည်း ထို e-Government လုပ်ငန်းစဉ်အပါအဝင် ပြည်တွင်းအိုင်စီတီကဏ္ဍအတွက် ဝန်ကြီးဌာနအားလုံး ဘတ်ဂျက်ငွေစုစုပေါင်း၏ ၃ ရာခိုင်နှုန်းအထိ သတ်မှတ်ခွဲဝေထားကြောင်းလည်း သတင်းရရှိသည်။ ဘဏ်လုပ်ငန်းများအနေဖြင့် အွန်လိုင်းစနစ်နှင့်ချိတ်ဆက်ပြီး ဆောင်ရွက်လာတော့မည်ဖြစ်သည်။ အင်တာနက် အမြန်နှုန်းများမှာ ၂၀၁၂ အတွင်း ယခင်ကာလများထက်ပိုမိုကောင်းမွန်လာရန် အစိုးရက နိုင်ငံတကာနှင့်ပူးပေါင်းကာဆောင်ရွက်သွားမည်ဟု သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများကဆိုသည်။ သို့သော် လက်တွေ့ဖြစ်မဖြစ်ကမူ ၂၀၁၁ အတွေ့အကြုံအရ စောင့်သာကြည့်ရမည်။ ဆက်သွယ်ရေးကဏ္ဍအနေဖြင့်မူ လာမည့်နှစ်ဆန်းပိုင်းအတွင်းမှ စတင်ကာ တစ်နှစ်အတွင်းတန်ဖိုးနည်းဖုန်းလေးသန်းကိုချထားပေးမည်ဖြစ်သဖြင့် ပြည်တွင်း၏ ဖုန်းအသုံးပြုသူနိုင်သူပမာဏမှာ သိသာစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။

## စီးပွားရေးလားရာ

အစိုးရနှင့် လွှတ်တော်ကပါ ငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှု ၂၀၁၁ ခုနှစ်ထက်ပိုမိုလုပ်ဆောင်လာနိုင်သည်။ IMF နှင့်ဆွေးနွေးထားမှုများအား ယခင်တက္ကသိုလ်မှ ပညာရှင်များနှင့်ပြည်တွင်းရှိပညာရှင်များက အဓိကလုပ်ဆောင်ရန်အကြံပြုတိုက်တွန်းထားခြင်းနှင့် ကျဆင်းနေသော စီးပွားရေးကို ပြန်မြှင့်တင်ရန် ၂၀၁၃ ဆီးဂိမ်းနှင့် ၂၀၁၅ AFTA တို့အတွက်လည်းကြိုတင်ပြင်ဆင်ရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ၂၀၁၂ခုနှစ်တွင်ဗဟိုဘဏ်အနေဖြင့် သီးခြားရပ်တည်လာနိုင်သည်။ ထို့အတူ မြန်မာကျပ်ငွေတန်ဖိုးရှိသင့်သောနှုန်းသို့ ရောက်လာဖွယ်ရှိပြီး၊ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်များပါရှိလာနိုင်သည်။ အပစ်အခတ်ရပ်စဲခြင်းနှင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူလွှတ်ပါက အမေရိကန်နှင့် ဥရောပနိုင်ငံများ ကစီးပွားရေးပိတ်ဆို့မှုများဖယ်ရှားပေးနိုင်သည်။ သို့သော်လည်း ဥရောပငွေကြေးတန်ဖိုးကျဆင်းနေခြင်းနှင့် ဥရောပနိုင်ငံများ စီးပွားရေးကျဆင်းနေခြင်း၏ ဂယက်ကိုလည်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအပေါ် သက်ရောက်မှုရှိမည်။ သို့သော်ခရီးသွားလုပ်ငန်းမှာ ဆက်ကောင်းဦးမည်ဖြစ်သည်။ တရုတ်နိုင်ငံရာသီဥတု ကောင်းမွန်ခဲ့သဖြင့် တရုတ်နိုင်ငံသို့တင်ပို့သောလယ်ယာထွက်ကုန်ပစ္စည်းအချို့ ဈေးမကောင်းနိုင် ပေ။ ထို့အတူ ပြည်ပသို့ ဆန်တင်ပို့မှုမှာလည်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့မှုနှင့် များစွာသက်ဆိုင်သည်။ ၂၀၁၂ခုနှစ်တွင် အခြေအနေအကောင်းဆုံးစီးပွားရေးမှာ ခရီးသွားလုပ်ငန်းဖြစ်လာနိုင်သည်။လိုအပ်သည့်ဥပဒေများ ပြင်ဆင်ပေးနိုင်ပါက ပြည်ပရင်းနှီးမြှုပ်နှံမှုများပါ တိုးလာမည်ဖြစ်သည်။

## အပြောင်းအလဲနည်းမည့် ရွှေဈေးကွက်

၂၀၁၂ ခုနှစ်တွင်ရွှေဈေးနှုန်းများသည် ၂၀၁၁ ခုနှစ်က ဖြစ်ခဲ့သောအမြင့်ဆုံးဈေးထက် များစွာမြင့်တက်ခြင်းဖြစ်နိုင်မည်မဟုတ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။ ၂၀၁၁ ခုနှစ်၏ အမြင့်ဆုံးရွှေဈေးနှုန်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၀၀၀၀ကျပ်ရှိခဲ့သည်။ ၂၀၁၂ နှစ်လည်ပိုင်းအထိ ပြီးခဲ့သည့်နှစ်၏ ရွှေဈေးနှုန်းကို မမီနိုင်ကြောင်း ၎င်းတို့က ခန့်မှန်းသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ရွှေဈေး အတက်အကျနှင့် ပြည်တွင်းဈေးကွက် ဝယ်လိုအားများကြောင့် တက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင်ပြည် တွင်းဈေးအနေအထားမှာ တည်ငြိမ်နိုင်ကြောင်း ပြည်တွင်းနိုင်ငံရေးမှာ ပိုမိုတည်ငြိမ်နိုင်၍ ဝယ်လိုအားရောင်းလိုအားမှာလည်း ၂၀၁၁ ခုနှစ်ထက် တည်ငြိမ်နိုင်ကြောင်း ခန့်မှန်းထားကြသည်။

# သတင်းဓာတ်ပုံများကဖြ


အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် သမ္မတ ဦးသိန်းစိန်တို့ သမိုင်းဝင် တွေ့ဆုံမှုအဖြစ် သမ္မတအိမ်တော်တွင် တွေ့ဆုံစဉ်။ ဓာတ်ပုံ - State Department


ပင်စင်လစာများ တိုးမြှင့်ပြီးနောက် ပင်စင်ရုံးရှေ့တွင် အလုပ်များနေသော ပင်စင်လစာစား ဝန်ထမ်းဟောင်းများ။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ပထမဆုံး သမိုင်းဝင်တွေ့ဆုံမှု။ ဓာတ်ပုံ - AFP


မြန်မာကို နာမည်ဆိုးဖြင့် ကျော်ကြားစေခဲ့သော မြန်မာ-အိုမန်ဘောလုံးပွဲ။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


ပြည်ထောင်စုတိုင်းရင်းသားများ ဖွံ့ဖြိုးရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရ လာရောက်အပ်နှံနေကြသော ယာဉ်များ။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


ရစ်ချ်တာစကေး ၇ အဆင့်ရှိ တာလေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော လမ်းပိုင်းတစ်နေရာ။
ဓာတ်ပုံ - AFP


ရန်ကုန်တစ်မြို့လုံး တုန်ခါအောင် မီးလောင်ပေါက်ကွဲခဲ့သော ကူးတို့ဆိပ်မီးလောင်မှုကို အပြီးသတ်ငြှိမ်းသတ်နေ

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



# ပြာသော ၂၀၁၁ သမိုင်း






ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့တွင် ဖွင့်လှစ်ခဲ့သော အောင်ဆန်းဂျာမွန်းစာဖတ်ခန်းဖွင့်ပွဲတွင်တွေ့ရသော ဒေါ်အောင်ဆန်းစုကြည်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



အနောက်ကြယ်ပွင့် ဟီလာရီကလင်တန်နှင့် အရှေ့ကြယ်ပွင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခိုက်။ ဓာတ်ပုံ - AFP



အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်လူနာများစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကြည့်ရှုစဉ်။ ဓာတ်ပုံ - အားမာန်



ပခုက္ကူရေဘေးသင့်ဒေသခံများကိုကူညီကယ်ဆယ်ရေးများပေးရန် စားသောက်ကုန်နှင့် ပစ္စည်းများသယ်ဆောင်လာသော ယာဉ်တစ်စီးကို ဆိတ်ဖြူမြို့နယ်၊ ချစ်ချောင်းအတွင်းတွင် တွေ့ရစဉ်။ ဓာတ်ပုံ - အေးမြကျော်



...သော မီးသတ်တပ်ဖွဲ့ဝင်များ။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူ)



ကချင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသောတိုက်ပွဲများကြောင့် ဘေးလွတ်ရာ မြစ်ကြီးနားမြို့ပေါ်သို့ လာရောက်ခိုလှုံလာသော ဒုက္ခသည်များကို ကယ်ဆယ်ရေးစခန်းတစ်ခုတွင် တွေ့ရစဉ်။ ဓာတ်ပုံ - ကျော်မျိုးဦး

# 2012 အလားအလာများ

## ငြိမ်းချမ်းရေးအဓိကခေါင်းစဉ်ဖြစ်လာ

၂၀၁၂ ခုနှစ်အတွင်းမြန်မာ့နိုင်ငံရေးတွင် ငြိမ်းချမ်းရေးမှာ အဓိကခေါင်းစဉ်ဖြစ်လာမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဖြစ်ပွားနေသော ပဋိပက္ခများကို အဆုံးသတ်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးမှာ အရေးကြီးဆုံး အကြောင်းအရာတစ်ခုဖြစ်သည်။ လက်ရှိအစိုးရ၏ဆောင်ရွက်နေမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လက်နက်ကိုင်အဖွဲ့အများစုနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်များရေးထိုးနိုင်မည်မှာ သေချာသော်လည်း၊ ထာဝရငြိမ်းချမ်းရေးရမရမှာ နှစ်ဖက်စလုံး၏ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်စေတနာ၊ မဟာဗျူဟာကျွမ်းကျင်မှုအပေါ် တွင် မူတည်နေသည်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအများစုမှာ နှစ်ဆန်းပိုင်းမှာတွင် လွတ်မြောက်လာမည်ဟု အစိုးရအဆင့်မြင့်တာဝန်ရှိသူအချို့က ပြောကြားထားပြီဖြစ်၍၊ ထိုခေါင်းစဉ်မှာ ၂၀၁၂ တွင် အကောင်းဆုံးအဖြေထွက်လာမည်ဟု မျှော်လင့်ရသည်။

ဧပြီ ၁ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲကြောင့် ပေါ်ထွက်လာမည့်လွှတ်တော်ကိုယ်စားလှယ်သစ်များကြောင့်လွှတ်တော်များ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာတော့မည်ဖြစ်သည်။ နိုင်ငံရေးပါတီများတွင် ပြည်ခိုင်ဖြိုးပါတီနှင့် အင်န်အယ်လ်ဒီပါတီတို့၏အင်အားနှင့် အခြားပါတီငယ်များ၏အင်အား သိသိသာသာကွာခြားလာမည်ဖြစ်သည်။ အမေရိကန်နှင့်ဥရောပ၏ စီးပွားရေးပိတ်ဆို့မှုများမှာ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအပေါ် တွင် မူတည်နေပြီး မည်သို့ဖြစ်လာမည်ကိုမူ စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်နေရမည်ဖြစ်သည်။

## ကားဈေးကွက်ပုံစံပြောင်းမည်

၂၀၁၂ ခုနှစ် ကားဈေးကွက်မှာ လျှပ်စစ်ပစ္စည်းဈေးကွက်ပုံစံမျိုးဖြစ်လာနိုင်သည်။ ဝယ်ထားပြီးပါက တဖြည်းဖြည်းဈေးကျလာနိုင်သည်။ ထို့အတူ မော်ဒယ်မြင့် ကားများကိုလည်း ၂၀၁၂ ခုနှစ်တွင် ပိုမိုတွေ့လာရမည်ဖြစ်သည်။ ၂၀၁၁ နှစ်မကုန်မီ စီးပွားကူးသန်းဝန်ကြီး ပြောစကားအရ ၂၀၁၂ မော်ဒယ်မြင့်သော ကားများတင်သွင်းခွင့်ပြုနိုင်သည်။ မူဝါဒချမည့်သူများအနေဖြင့် စဉ်းစားစရာအချက်မှာ ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံကတင်သွင်းခွင့်ပြုထားသော ၁၉၉၆ မှ ၂၀၀၂ မော်ဒယ်ထိကားများမှာ ၂၀၀၂ မော်ဒယ်အထက်ကားများထက် ဈေးများနေခြင်းဖြစ်သည်။ ကားအရောင်းပြခန်းများ ယခုထက် ပိုမိုများပြားလာမည်ဖြစ်သော်လည်း ကားပွဲစားတန်းများ မပျောက်နိုင်သေးပေ။ သေချာသည်မှာ ကားဝယ်ထားပြီးကြာကြာကိုင်ထားပါက ယခင်လို မမြတ်တော့ခြင်းပင်ဖြစ်သည်။

## ပုဂ္ဂလိကကျောင်းများစဖွင့်မည်

လာမည့်နှစ် ပညာရေးကဏ္ဍတွင် အဓိကပြောင်းလဲမှုအနေဖြင့် ကိုယ်ပိုင်ကျောင်းများ တည်ထောင်ခွင့်ရရှိတော့မည်ဖြစ်ပြီး အခြေခံပညာကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကကျောင်းတို့၏ အားပြိုင်မှုကို စောင့်ကြည့်လေ့လာရမည်ဖြစ်သည်။ ထို့ပြင် အဆင့်မြင့်ပညာရေးနှင့်ပတ်သက်၍ အစိုးရမှပုဂ္ဂလိကတက္ကသိုလ်ပညာရေးဥပဒေကို ထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း ပုဂ္ဂလိကကောလိပ်များ၊ နိုင်ငံတကာအသိအမှတ်ပြုသင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ပိုမိုတည်ထောင်ဖွင့်လှစ်လာဖွယ်ရှိနေသည်။ ကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများ ပိုမိုပေါများလာနိုင်သလို ၎င်းတို့၏ ပညာရေးအရည်အသွေးနှင့် ငွေကြေးဆိုင်ရာအာမခံချက်တို့အတွက် သတိပြုဆင်ခြင်သင့်ကြောင်း ပညာရေးလေ့လာသူများကသုံးသပ်အကြံပြုကြသည်။

7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

တစ်နှစ်လုံးကြုံတွေ့ခဲ့ရသော လူမှုဘဝဆိုင်ရာ အဖြစ်အပျက်များအနက် မြန်မာနိုင်ငံအတွင်းရှိပင်စင်စားဝန်ထမ်းပေါင်းရှစ်သိန်းကျော်အတွက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးရုံးက နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာနှင့် နိုင်ငံရေးပင်စင်လစာများကို တိုးမြှင့်သတ်မှတ်လိုက်သည့်သတင်းသည်လူအများစုအတွက်စိတ်ကိုအလှုပ်ခတ်နိုင်ဆုံးသတင်းပင်ဖြစ်သည်။ဇွန်၃၀ရက်တွင်အစိုးရပိုင်ရုပ်မြင်သံကြား သတင်းကြေညာချက်များသတင်းထူးတစ်ပုဒ်ဖြစ်ခဲ့သည်။

# ၂၀၁၁ လူမှုရေးကဏ္ဍ

မြတ်စုမွန်

သက်ကြီးရွယ်အို အငြိမ်းစားဝန်ထမ်းများအတွက် ထူးခြားဝမ်းသာစရာ ထိုသတင်းအပြီးတွင် ကလေးငယ်များအား သွေးဆောင်ဖျားယောင်ကာလိမ်လည်ခေါ်ယူမှုများကြောင့် ကလေးငယ်များပျောက်ဆုံးသည်ဆိုသည့်သတင်းများကလည်းလူကြီးမိဘများအကြား ထိတ်လန့်စိုးရိမ်ဖွယ်ဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် နှစ်စပိုင်းမှစတင်ကာ အဆိုပါ သတင်းများက လူထုအကြားပြန့်နှံ့နေခဲ့သလို၊ သတင်းစာများတွင်လည်း အသက်မပြည့်သေးသည့်ကလေးငယ်များပျောက်ဆုံးသည့် လူပျောက်ကြေငြာများလည်း ဆက်တိုက်တွေ့ခဲ့ရသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း ကျရောက်ခဲ့သည့်သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လက်မလည်အောင်လုပ်ကိုင်ခဲ့ရသည်။ မြန်မာနိုင်ငံမြောက်ဖျားပိုင်းတွင် ဖြစ်ပျက်နေသည့် တိုင်းရင်းသားအချင်းချင်းလက်နက်ကိုင်တိုက်ပွဲများကြောင့် ဘေးကင်းရာဒေသကို ခိုလှုံလာသည့် စစ်ဘေးဒုက္ခသည် ကချင်တိုင်းရင်းသားများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများက ဒီဇင်ဘာလအတွင်း သွားရောက်ကာ ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့သည်။

သမိုင်းဝင်ခရီးစဉ် တစ်ခုဖြစ်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာမာပြည်ခရီးစဉ်တွင်မြန်မာနိုင်ငံ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ကူညီထောက်ပံ့သွားမည်ဟု ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။ ယင်းကူညီထောက်ပံ့ငွေများကို မြန်မာနိုင်ငံအတွင်းရှိ အသေးစားချေးငွေလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လက်နက်ကိုင်နယ်မြေများမှ မြေမြှုပ်ဗုံး ထိမှန်သူများအတွက် အဓိကကူညီထောက်ပံ့ပေးသွားမည်ဟုဝန်ကြီးကလင်တန်ကပြောခဲ့သည်။

အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ဇွန် ၂ ရက်တွင် တောင်ဒဂုံမြို့နယ်ရှိ အိတ်ချ်အိုင်ဗီပိုးဖြင့် အသက်ရှင်သန်နေထိုင်သူများနှင့် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားနေသူများအားကူညီစောင့်ရှောက်ထားသော ပရဟိတဂေဟာသို့ သွားရောက်ခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ပထမဦးဆုံး မြန်မာနိုင်ငံခရီးစဉ်အဖြစ် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ဝန်ကြီး(အတွင်းဝန်)ဖြစ်သူ အယ်န်ဒြူးမစ်ချယ်လ် လာရောက်ခဲ့ပြီး၊ လူမှုရေးဆိုင်ရာ မြန်မာနိုင်ငံအတွက် ကူညီထောက်ပံ့မှုများပေးရန် လေ့လာသုံးသပ်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုစိပ်လာသည့်မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း လူမှုရေးဖောင်ဒေးရှင်းအချို့ပေါ်ထွက်လာခဲ့ပြီး၊ ဘေးအန္တရာယ်ကျရောက်သည့် အကူအညီလိုအပ်နေသူများအတွက် ကူညီပံ့ပိုး ပေးခဲ့ကြသည်။ ယခုနှစ်အတွင်း မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကြုံတွေ့ခဲ့ရသည့် တာလေငလျင်၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြုံတွေ့ခဲ့ရသည့် ပခုက္ကူရေဘေး၊ မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကြုံတွေ့ခဲ့ရသည့် ရေဘေး၊ နှစ်ကုန်ခါနီးတွင် ကြုံတွေ့ခဲ့ရသည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုဘေး စသည့် သဘာဝဘေးအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအား လူမှုရေးကူညီထောက်ပံ့မှုများအား ထိရောက်မြန်ဆန်စွာ ဆောက်ရွက်နိုင်ခဲ့သည့် လူမှုရေးအဖွဲ့အစည်းအသီးသီး၏ ဝတ္တရားကျေပွန်မှုများကလည်း ချီးကျူးအမှတ်ရဖွယ်ကောင်းခဲ့သည်။

စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်များတွင် မြန်မာတစ်နိုင်ငံလုံးမှ လူမှုရေးအသင်းအဖွဲ့ပေါင်း ၇၀၀ ကျော်တက်ရောက်သော အစည်းအဝေးတစ်ခုကို မှော်ဘီမင်္ဂလာကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည်။ ဆရာတော် ဥူးသုမင်္ဂလဦးဆောင်သော ယင်းအစည်းအဝေးပွဲသို့ လူဦးရေ ၃၀၀၀ ကျော်တက်ရောက်ခဲ့သည်။ နိုဝင်ဘာ ၁၄ တွင် လူမျိုးဘာသာ မရွေးနာရေးကိစ္စများအား ကူညီမှုပေးနေသည့် နာရေးကူညီမှုအသင်း၏ ဥက္ကဋ္ဌဦးကျော်သူအား ရန်ကုန်မြို့လယ်ရှိ မေ နွေလခရစ်ယာန်ဘုရားရှိခိုးကျောင်းက လူမှုအကျိုးပြု ဒေါက်တာဘွဲ့ပေးအပ်ခဲ့သည်။

အပြောင်းအလဲများစွာနှင့် ၂၀၁၁ ခုနှစ်ကို နှုတ်ဆက်ခဲ့ပြီဖြစ်သည်။ ကုန်ဆုံးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းမြန်မာပြည်သူလူထုအားလုံး၏ လူမှုဘဝကို လှုပ်ခတ်စေခဲ့သော အဖြစ်အပျက်များစွာရှိခဲ့သည်။ မမေ့နိုင်သော နေ့စွဲများစွာရှိခဲ့သလို၊ မမေ့သင့်သော နေ့ရက် များစွာကိုလည်း ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြသည်။

**၁၄၉**

ကုလသမဂ္ဂ၏ လူသားများဖွံ့ဖြိုး တိုးတက်မှုညွှန်ကိန်း (HDI) အရဆိုပါက မြန်မာနိုင်ငံသည် ၁၇၈ နိုင်ငံတွင် ၁၄၉ အဆင့်ရရှိထား။ ယင်းမှာ ယမန်နှစ်ကထက် တိုးတက်လာခြင်းဖြစ်။ လူသားဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးစာရင်းတွင် ပါဝင်နေပြီး မြန်မာနိုင်ငံထက် အဆင့်နိမ့်သောတိုင်းပြည်များမှ အာဖရိကတိုက်မှဖြစ်။

**၁၇၆**

နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့စာရင်းအရမြန်မာနိုင်ငံ၏ ခြစားမှုမှာ ခြစားမှုအကင်းဆုံးစာရင်းတွင် ၁၇၈ နိုင်ငံ၌ အဆင့် ၁၇၆ ရှိနေသည်။

# ပရဟိတ အနုပညာနှင့် ၂၀၁၁

ဘီဘီ

အနုပညာလောကအတွက် ၂၀၁၁ ခုနှစ်ကိုပြန်ကြည့်လျှင် အနုပညာဖန်တီးမှုများကိုအားရစရာကောင်း လောက်အောင် မတွေ့ရသော်လည်းအနုပညာသမားများ တက်ညီလက်ညီ ပရဟိတလုပ်ငန်းများကို အားရစရာကောင်းအောင်လုပ်ဆောင်လာသည်ကိုမြင်တွေ့လာရသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ထို့အပြင် အနုပညာသမားများ နိုင်ငံရေးကို စိတ်ဝင်တစား ပါဝင်လှုပ်ရှားလာကြသည့်နှစ်တစ်နှစ်လည်းဖြစ်သည်။



အအောင်မြင်ဆုံး ဖြစ်ရပ်တစ်ခုအနေနှင့်ပြောပါဆိုလျှင် နှစ်ကုန်ခါနီး ရန်ပုံငွေပွဲအဖြစ် အဆိုတော်ပေါင်းများစွာပါဝင်ကသိုလ်ယူသီဆိုပေးခဲ့သည့်ပြည်ထောင်စုတိုင်းရင်းသားများ ဖွံ့ဖြိုးရေးရန်ပုံငွေပွဲပင်ဖြစ်သည်။ ခုံမင်နှစ်သက် သည့်ဂီတ၊ သွားရာလမ်းကြောင်း ခြင်းမတူညီကြသော်လည်းဂီတသံ စဉ်မျိုးစုံဖြင့် မြန်မာ့လူမှုအဖွဲ့အစည်းအတွက်ဝိုင်းဝန်း အားထုတ်ပေးခဲ့ကြသည်မှာ ဂီတအနုပညာရှင်များအတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ အနုပညာရှင်များအတွက်မူ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဖြစ်ပေါ်ရေးအတွက်စုစည်းလှုပ်ရှားမှုမှာ မှတ်တိုင်ဖြစ်ခဲ့သည်။

နာမည်ကျော်မင်းသားများဖြစ်သော ပြေတီဦး၊ ရဲတိုက်နှင့် ခန့်စည်သူတို့ဦးဆောင်သော ဖောင်ဒေးရှင်းများသည်လည်း ၂၀၁၁ ခုနှစ်အတွင်းတွင်အများအကျိုးအတွက် ဆောင်ရွက်မှုများကို စာမျက်နှာများထက်တွင် ခပ်စိပ်စိပ်တွေ့ခဲ့ရပြီး ပရဟိတလုပ်ငန်းများ တွင် ဝင်ရောက်ပခုံးထမ်းခဲ့ကြသည်။

အနုပညာဖန်တီးမှုများကိုကြည့်မည်ဆိုလျှင် အားရကျေနပ်စရာကောင်းလောက်အောင် အရည်အသွေးမြင့် ဖန်တီးမှုများပေါ်ထွက်မလာသော်လည်း 'အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်' ကဲ့သို့ ဒရာမာကားများကိုပရိသတ်များနှစ်ခြိုက်ခဲ့ကြသည်။ အနုပညာလောကတွင်ဖန်တီးမှုများနှင့် ကြိုးပမ်းခဲ့သမျှအရာထင်ခဲ့သူကိုပြပါဆိုလျှင်ဒါရိုက်တာဝိုင်းကိုပြရမည်ဖြစ်သည် ။

သရုပ်ဆောင်အပိုင်းတွင် ယုသန္တာတင်၊ စံရတီမိုးမြင့်၊ အိချောပိုစသည့် မျက်နှာသစ်မင်းသမီး ငယ်များ ပေါ်ထွက်လာခဲ့သော နှစ်တစ်နှစ်ဖြစ်သော်လည်း မင်းသားသစ်များ ပေါ်ထွက်လာမှု နည်းခဲ့သည်။ ဆင်ဆာမူဝါဒနှင့် ပတ်သက်ကာ အသံများကျယ်ကျယ်လောင်လောင် ထွက်ပေါ်ခဲ့သောနှစ်ဟုဆိုလျှင်လည်း မမှားပေ။

# ကျမြဲ၊ ကျစဲ ပဲစင်းငုံ

ကိုသက်(မုံရွာ)

ဒီဇင်ဘာလကုန်လျှင်ပဲရာသီတစ်ရာသီ ကုန်ဆုံးပေဦးတော့မည်။ ၂၀၁၁ ပဲရာသီအစ ဇန်နဝါရီလတစ်လထဲတွင်သာ ဈေးကောင်းခဲ့သည့် ပဲစင်းငုံနီမှာ လက်ရှိအချိန်ထိ ဈေးတက်လာခြင်း မရှိသေးဘဲ ဈေးအကျဘက်တွင်သာ ဦးတည်နေသည်။

ယင်းကဲ့သို့ နှစ်အစပိုင်းတွင် ပဲစင်းငုံ ဈေးကောင်းခဲ့ သဖြင့် ၂၀၁၁ ပဲရာသီတွင် ပဲဈေးအခြေအနေကောင်းမည်ဟူသည့် ခန့်မှန်းချက်များဖြင့် လှောင်လက်များ ပွဲစားများနှင့် တောင်သူကြီးအချို့ နှစ်စပိုင်း တစ်တင်းလျှင် ကျပ်နှစ်သောင်းဈေးပတ်ဝန်းကျင်၌ အဝယ်များပြီး အလှောင်များခဲ့သည်။

၂၀၁၁ ပဲရာသီတွင် ထူးခြားမှုမှာ မြို့ပေါ်မှလှောင်လက်များအပြင် နယ်ပေါင်းစုံမှ တောင်သူကြီးများပါ ပဲစင်းငုံအားနီးစပ်ရာပွဲရုံများတွင် ဆေးအုပ်ခ၊ ဂိုထောင်ခများပေး လှောင်လာကြခြင်းဖြစ်သည်။ ယင်းကြောင့် မုံရွာကုန်စည်ဒိုင်အသိုင်းအဝိုင်းတွင် ယခုနှစ်တွင် အပ်ပဲဟူသည့် စကားလုံးများ အသုံးပြုလာကြကြောင်း မုံရွာကုန်စည်ဒိုင်မှဝါရင့်ပွဲစားကြီးတစ်ဦးကသုံးသပ်သည်။

"ဒီနှစ်ကနှစ်စ ဇန်နဝါရီလထဲမှာ ပဲစင်းငုံတစ်တင်း လက်ရှိအချိန်ထိ အမြင့်ဆုံးဈေးပေါ့။ နှစ်သောင်းခုနစ်ထောင် ဖြစ်သွားတာလည်းပါတယ်။ လှောင်လက်တွေစဝယ်တာတော့ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလကြားမှာဘဲ အဲဒီအချိန်က နှစ်သောင်းပတ်ဝန်းကျင်မှာပဲရှိမယ် လက်ရှိဈေးတွေက တစ်သောင်းနားမှာပဲ လည်နေတာ၊ ဝယ်လက်ကတော့ ရှိနေသေးပေမယ့် ဈေးကြီးမိထားတော့ မရောင်းနိုင်ကြသေးဘူး ဈေးကိုစောင့်ကြည့်နေတုန်းပဲ"ဟု ပဲစင်းငုံလှောင်လက်တစ်ဦးက လက်ရှိဈေးကွက်ကို သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပဲစင်းငုံ အဓိက အထွက်နှုန်းများသည့် အခြားမြို့ကြီးများဖြစ်သော ပခုက္ကူမြို့နှင့်မကွေးမြို့ကြီးများတွင်လည်း မုံရွာမြို့နည်းတူ ပဲစင်းငုံလက်ကျန်များစွာ ကျန်ရှိနေသေးကြောင်း ယင်းမြို့များမှမြို့ခံ ကုန်သည်ပွဲစားများက သုံးသပ်သည်။

"တင်းအနေနဲ့ ပြောမယ်ဆိုရင် တင်းပေါင်းငါးသောင်းနဲ့ ခြောက်သောင်းကြားမှာကျန်သေးမယ်ထင်တယ်။ ဈေးကွက်အနေအထားကိုလိုက်မမီတော့ဘူး။ ဈေးကွက်က ပြောင်းလဲတာမြန်တယ် ဘာမှကိုမှန်းလို့ မရဘူး။ ဒီကလှောင်လက်တွေလည်းမရောင်းကြသေးဘူး။ ဈေးမျှော်နေကြတုန်းပဲ"ဟုမကွေးမြို့ခံဝါရင့်ပဲပွဲစားကြီးတစ်ဦးက ဆိုသည်။

ပခုက္ကူမြို့တွင်လည်း အခြားမြို့ကြီးများ နည်းတူ ပဲစင်းငုံ တင်းပေါင်းများစွာ လက်ကျန်ကျန်ရှိနေပြီး ၂၀၁၁ ပဲရာသီအကုန် ၂၀၁၂ ပဲရာသီကူးပြောင်းစဉ်ကာလတွင် ဈေးတက်လာဦးမည်ဟု မျှော်မှန်းကာ မရောင်းချနိုင်ဘဲ ရှိနေသေးကြောင်း သိရသည်။

ယင်းကဲ့သို့ ပဲစင်းငုံများ ဂိုထောင်များထဲတွင်များစွာ ကျန်ရှိနေသည့်အချိန်တွင် အသစ်ပေါ်လာမည့် ပဲစင်းငုံသစ်များမှာ အပင်များပေါ်တွင် အပွင့်အဖြစ်ဖြင့်ရှိနေပြီဖြစ်သည်။ ပဲရာသီအသစ်အတွက် ပဲစင်းငုံအသစ်မှာ ၂၀၁၁ ဒီဇင်ဘာလကုန်ပိုင်းတွင် ဈေးကွက်သို့ ဝင်ရောက်လာနိုင်ကြောင်း ကုန်သည်ပွဲစားအများစုကသုံးသပ်သည်။

အပင်များ၏အနေ အထားကိုကြည့်ကာ ကုန်သည်ပွဲစားအများစုမှ ၂၀၁၂ ပဲရာသီ၏အထွက်နှုန်းကိုခန့်မှန်းနေပြီ ဖြစ်သည်၊ မုံရွာနယ်အတွင်းမှ ပဲစင်းငုံစိုက်ခင်းများ ကိုကြည့်ကာ ပဲရာသီအသစ်တွင် အထွက်နှုန်းမှာ ယခင်နှစ်များထက် အထွက်နှုန်းကောင်းမွန်နိုင်ပြီး ပျက်စီးဆုံးရှုံးမှုလျော့နည်းနိုင်ကြောင်းမုံရွာမြို့ခံပွဲစားကုန်သည်အများစုမှသုံးသပ်သည်။ ပခုက္ကူမြို့နယ်တွင်လည်း ယခုနှစ်တွင် အထွက်နှုန်းမှာ အထူးကောင်းမွန်နိုင်ပြီး ယခင်နှစ်များထက် သာလွန်နိုင်ကြောင်း မြို့ခံကုန်သည်တစ်ဦးကပြောသည်။ အခြားပဲစင်းငုံထွက်ရှိသည့် မကွေးနယ်တွင်မူ ဒီဇင်ဘာပထမပတ်တွင်အချိန် အခါမဟုတ် မိုးရွာခဲ့သည့်အတွက် အထွက်နှုန်း ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းနိုင်ကြောင်း မကွေးမြို့ခံ ပွဲစားတစ်ဦးက သုံးသပ်သည်။

မကြာမီကာလတွင် ပဲရာသီတစ်ရာသီ၏ ကန့်လန့်ကာချပေတော့မည်။ ၂၀၁၂ ပဲရာသီအစတွင်တော့ အသစ်နှင့် အဟောင်း ပစ္စည်းနှစ်မျိုး ဈေးနှစ်မျိုးနှင့် စတင်ရပေဦးမည်။ ၂၀၁၁ ပဲရာသီအစမှာ အစကောင်းခဲ့သည့်ပဲစင်းငုံမှာ ပဲရာသီအကုန်တွင် မည်သို့ဖြစ်မည် မသိသော်လည်း လက်ရှိအချိန်အထိ ဈေးနှုန်းမှာ အားရစရာအနေအထားတွင် ရှိမနေသေးပေ။

၂၀၁၁ ပဲဈေးကွက်ဇာတ်ခုံတွင် ကပြအသုံးတော်ခံခဲ့သည့် ပဲစင်းငုံ ဇာတ်လမ်းမှာလည်း တစ်ရာသီကုန်ကာ ကန့်လန့်ကာချပေတော့မည်။

၂၀၁၂ တွင် မည်သို့အသုံးတော်ခံမည် မသိသော်လည်း ၂၀၁၁ ဇာတ်လမ်းတွင်တော့ကုန်သည်များပွဲစားများနှင့် တောင်သူကြီးများအတွက် အလွမ်းဇာတ်လမ်းဖြစ်လာမည်လော။ ။

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012



# ၂၀၁၁ ၏ မမေ့သင့်သော နေ့စွဲများ

■ **ဇန်နဝါရီ ၂၁**

MICက နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း ၇၆ ခုကို ပုဂ္ဂလိကပိုင် ပြုလုပ်မည် ဟု ကြေညာ။

■ **ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုလွှတ်တော်က ဦးသိန်းစိန်အား သမ္မတအဖြစ်ရွေးချယ်။

■ **မတ် ၁၇**

ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံဒေသ အများစုတွင် ဆောင်းရာသီကဲ့သို့ထူးခြားသည့် ရာသီဥတု စတင်ဖြစ်ပေါ်။

■ **မတ် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေတြိဂံဒေသ၊ လွယ်မွေမြို့အနီးကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇အဆင့်ရှိအင်အားပြင်းငလျင်လှုပ်ခတ်။

■ **မတ် ၂၇**

မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပ်မတော်နေ့ အခမ်းအနားကို ယခုနှစ် ၆၆ နှစ်မြောက်နေ့တွင်စစ်ရေးပြအခမ်းအနား ကျင်းပခြင်းမရှိ။

■ **မတ် ၃၀**

နိုင်ငံတော်သမ္မတဉီးကျမ်းသစ္စာကျိန်ဆို။

■ **ဧပြီ ၁၀**

ကုန်သွယ်မှုမူဝါဒကောင်စီဖျက်သိမ်းပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေငြာ။

■ **မေ ၂**

တရားရုံးများ တရားစီရင်ပိုင်ခွင့်တိုးမြှင့်။

■ **မေ ၁၆**

နိုင်ငံတော်သမ္မတက အကျဉ်းကျခံ နေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လျှော့ပေါ့ခြင်းကို ပထမအကြိမ်ကြေညာ။

■ **မေ ၂၇**

တရားရုံးဆိုင်ရာအခေါ်အဝေါ်များပြောင်းလဲခဲ့သည့်နေ့။

■ **ဇွန် ၁**

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းမြန်မာနိုင်ငံသို့ လာရောက်။

■ **ဇွန် ၁၀**

ဂျာနယ်မဂ္ဂဇင်း အမျိုးအစားဘာသာရပ် ၁၀ မျိုးမှ ၅ မျိုးကိုစာပေစိစစ်ရေးတင်ရန်မလိုဘဲ ထုတ်ဝေခွင့်စပြု။

■ **ဇွန် ၃၀**

မြန်မာနိုင်ငံရှိပင်စင်စားဝန်ထမ်းရစ်သိန်းကျော်အားပင်စင်လစာခံစားခွင့်များ စတင် တိုးမြှင့်ပေးရန် ကြေညာချက်ပြန်။

■ ပို့ကုန်ရငွေမှ အခွန်ကောက်ခံမှုကို ယခင် ၁၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းလျှော့ပြီး ၇ ရာခိုင်နှုန်းစကောက်။

■ **ဇူလိုင် ၁**

နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးအား ရန်ကုန်မြို့လယ်ပန်းဆိုးတန်းလမ်းမှ ရန်ကင်းမြို့နယ်ရှိ ယခင် ပြည်ထဲရေး ဝန်ကြီးဌာနရုံးဟောင်းနေရာသို့ စတင်ပြောင်းရွှေ့။

■ **ဩဂုတ် ၇**

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်နေသော မြန်မာနိုင်ငံသားများ မြန်မာပြည်သို့ ပြန်လာနိုင်ကြောင်း နိုင်ငံတော်သမ္မတက တရားဝင်ပြောကြား။

■ **ဩဂုတ် ၁၆**

နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်သံလွှင့်ဌာနသတင်းများတွင် နေ့စဉ်ဖော်ပြပါရှိနေသည့် ပြည်ပအသံလွှင့်ဌာနများအား ရှုတ်ချထားသော ဆောင်ပုဒ်အပါအဝင်၊ ဝါဒဖြန့်စာပိုဒ်များ ဖြုတ်ချခဲ့။

■ **ဩဂုတ် ၁၉**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ပထမဦးဆုံးအကြိမ် စတင်တွေ့ဆုံ။

■ **ဩဂုတ် ၁၉**

ပြည်တွင်းပြည်ပရှိ ဒေါ်လာနှင့်နိုင်ငံခြားငွေရရှိသော အလုပ်သမားများထံမှ ဝင်ငွေခွန် ၁၀ ရာခိုင်နှုန်းကောက်ခံခြင်းကို ပထမအဆင့်အဖြစ် ၂ ရာခိုင်နှုန်းသို့(၆လအတွက်) လျှော့ချပေးခဲ့။ ဒီဇင်ဘာလကုန်ပိုင်းတွင် ပြည်ပရောက်မြန်မာ အလုပ်သမားများအားလုံး၏ ဝင်ငွေခွန်ကို ၂၀၁၂ ဇန်နဝါရီမှ စတင်၍ လုံးဝကင်းလွတ်ခွင့်ပြု။ ထိုနေ့တွင်ပင်နိုင်ငံခြား ငွေရရှိသောသူနှင့် လုပ်ငန်းလုပ်သူများကို မော်တော်ယာဉ်တင်သွင်းခွင့်ပြု။



■ **စက်တင်ဘာ ၁**

ဘဏ်များတွင် ချေးငွေအပ်ငွေအတိုးနှုန်းများကို ၂ရာခိုင်နှုန်းစီစတင်လျှော့ချ။ဒီဇင်ဘာ ၂၄ရက်တွင် ဒုတိယ အကြိမ် ၂ရာခိုင်နှုန်းစီ ထပ်မံလျှော့ချ။

■ **စက်တင်ဘာ ၁၉**

ယာဉ်အိုယာဉ်ဟောင်းများ အစား ယာဉ်သစ်များနှင့် လဲလှယ်ခြင်း လုပ်ငန်းများစတင်။

■ **စက်တင်ဘာ ၃၀**

လူထုနှင့်ပညာရှင်များကြားတွင် အငြင်းပွားမှု များစွာဖြစ်ပေါ်နေသော ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်းကို နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ရပ်ဆိုင်းရန်ကြေညာ။

■ **အောက်တိုဘာ ၁**

ရန်ကုန်မြို့၊ သိမ်ဖြူလမ်းတွင် နိုင်ငံခြားငွေ တရားဝင်လဲလှယ်ရေးကောင်တာစတင်ဖွင့်လှစ် ။

■ **အောက်တိုဘာ ၁၂**

ဇာဂနာနှင့်ဗိုလ်ချုပ်ဆေထင် အပါအဝင်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၂၀၀ ဝန်းကျင် အပါအဝင် အကျဉ်းသား ၆၃၅၀ ကျော် လွတ်ငြိမ်းချမ်း သာခွင့်ပြု။

■ **အောက်တိုဘာ ၁၉**

ပခုက္ကူနှင့် ဆိပ်ဖြူဒေသများတွင် အိုတူးဘီ မုန်တိုင်းအရှိန်နှင့် ဆည်ရေဖောက်ချခဲ့မှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားပြီး လူ ၂၀၀ ကျော်သေဆုံး။

■ **နိုဝင်ဘာ ၁**

အောင်ဘာလေ သိန်းထီအပိုဆုငွေများအား(၂၇၄) ကြိမ်မြောက်မှ စတင်၍ မပေးတော့ကြောင်းကြေညာ။

■ **နိုဝင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်မြန်မာပြည်သို့ စတင်ရောက်ရှိ။

■ **နိုဝင်ဘာ ၁၇**

ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်သမ္မတ အိုဘားမားတို့ ပထမဆုံးအကြိမ် တယ်လီဖုန်းဖြင့် ဆက်သွယ်စကားပြော။

■ **နိုဝင်ဘာ ၁၈**

အင်န်အယ်ဒီပါတီကမှတ်ပုံတင်ပြီး လာမည့်ကြားဖြတ်ရွေးကောက်ပွဲဝင်ရန်ဒေါ်အောင်ဆန်းစုကြည်ကဆုံးဖြတ်ခဲ့။ မြန်မာနိုင်ငံအား အာဆီယံ အလှည့်ကျဥက္ကဋ္ဌရာထူးကိုခန့်အပ်ရန်အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်။ အမေရိကန်သမ္မတ အိုဘားမားက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သမိုင်းဝင်မိန့်ခွန်းပြောကြား။

■ **နိုဝင်ဘာ ၃၀**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်မြန်မာနိုင်ငံကို ရောက်ရှိ။

■ **ဒီဇင်ဘာ ၁၀**

ကချင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့အကြားစစ်ပွဲများ အဆုံးသပ်သွားစေရန် ထိုးစစ်များကိုရပ်တန့်ရန် နိုင်ငံတော်သမ္မတက ဦးသိန်းစိန်က ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ထံ စာတစ်စောင်ပေးပို့။

■ **ဒီဇင်ဘာ ၂၉**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ မေတ္တာမွန် ဂိုဒေါင်ဝင်းအတွင်း မီးလောင်ပေါက်ကွဲခဲ့။

## အချပ်ပို(C)၊ ၂၀၁၁၏အထူးခြားဆုံးသတင်းများမှ

လာမည့်လွတ်လပ်ရေးနေ့နှင့်ပြည်ထောင်စုနေ့တို့တွင် နိုင်ငံတော်သမ္မတကပြည်သူအများစုလိုလားသောသမိုင်းဝင်အဆုံးအဖြတ်တစ်ခုကို ထပ်မံချ၊မချကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေသည်။

**၈။ ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်စတင်ခြင်း**

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ တာဝန်ပေးမှုဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းတို့ ဦးဆောင်ပြီး ဆက်စပ်ဌာနများက မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်ကိုစက်တင်ဘာ၁၉တွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံသို့ရောက်ရှိပြီးမှတ်ပုံတင်သက်တမ်း ၂၀ အထက် ကားများ အစီးရေငါးသောင်းငါးထောင်ကျော်ကို အုပ်စုသုံးစုခွဲ၍ကားဟောင်း လက်ခံပြီး အစားထိုး ကားသစ်တင်သွင်းခွင့်ပြုခဲ့သည်။ အဆိုပါ အစီအစဉ်ကြောင့် ကားဈေးနှုန်းများ ပြုတ်ကျကုန်သည်။ ယခင်ဈေးကွက်မဝင်သော လေးဘီးကား၊ ဖန်မလီယာစသော ကားဟောင်းများဈေးတက်ပြီး အရောင်းသွက်ခဲ့သည်။ ထို့အပြင် နိုင်ငံခြားငွေ ရရှိသောပို့ကုန်သွင်းကုန်ကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းများ၊ သင်္ဘောသား များ၊ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူနှင့် တာဝန်ထမ်းဆောင်နေသူများ၊ ကျောက်မျက်လုပ်ငန်းရှင်များကိုပါ သတ်မှတ်ချက်များဖြင့် ကားတစ်စီးစီတင်သွင်းခွင့်ပြုခဲ့သည်။ အဆိုပါစီမံကိန်းမှာ လူလတ်တန်းစားအများစုအပေါ် အကျိုးရှိစေခဲ့သည်။ အခက်အခဲအချို့ရှိခဲ့သော်လည်း ယခင်ကနှင့်မတူ အစိုးရက စီမံကိန်းကိုစတင်ပြီး ပြီးစီးအောင် ဆက်လက် ဆောက်ရွက်ပေးနေသည်ကို တွေ့ရသည်။

**၉။ ပင်စင်စားများ ပထမဆုံးအကြိမ် ပျော်ရွှင်ရခြင်း**

အစိုးရဝန်ထမ်းများအတွက် ၂၀၁၁ ခုနှစ်မှ အရေးကြီးသောနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ဇွန် ၃၀ ရက်ည နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းမှတစ်ဆင့် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာနှင့် နိုင်ငံရေးပင်စင်လစာများကို တိုးမြှင့်သတ်မှတ်ပေးခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပင်စင်စာများအနေဖြင့် အနိမ့်ဆုံးပင်စင်လစာ ကျပ်နှစ်သောင်းမှ အမြင့်ဆုံးကျပ်တစ်သိန်းတစ်သောင်းအထိ ခံစားခွင့်ရရှိလာ၍ ယခင်ပင်စင်လစာနှင့် ယှဉ်လျှင် ပမာဏများစွာကွာခြား၍ တစ်နိုင်ငံလုံးရှိ ပင်စင်စားရစ်သိန်းကျော်နှင့် ၎င်းတို့၏ မိသားစုဝင်များ အထူးပျော်ရွှင်ခဲ့ကြရသည်။ ထိုခံစားခွင့်ကို ၂၀၁၁ ဇန်နဝါရီ ၁ ရက် မတိုင်ခင် ပင်စင်ခံစားခွင့်ရရှိသော အစိုးရဝန်ထမ်းအားလုံး အကျုံးဝင်သည်။ ကျပ်ငွေတန်ဖိုး ဖောင်းပွလာပြီး ပင်စင်လစာပမာဏနည်းပါးလွန်း၍ သိမ်ငယ်ခဲ့ရသောပင်စင်လစာအတွက် အစိုးရ၏ ကောင်းမွန်သော ဆောက်ရွက်မှုတစ်ခုဖြစ်ခဲ့သည်။

**၁၀။ ပြည်ပရောက်မြန်မာများကို ပြန်လာခွင့်ပြု**

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩဂုတ်လ ၁၇ ရက်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေသော မြန်မာများကို ပြန်လာနိုင်ရန် စဉ်းစားပေးမည်ဖြစ်ကြောင်းပထမဆုံးအကြိမ်ပြောကြားခဲ့သည်။ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများနှင့် နိုင်ငံတော်သမ္မတက ပထမဆုံးအကြိမ်တွေ့ဆုံပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။ သမ္မတက စဉ်းစားပေးမည်ဟုဆိုသော်လည်း လက်တွေ့တွင် ပြည်ပမှ ပြန်လာသော မြန်မာအားလုံးကို ကြည်ဖြူစွာပင် လက်ခံပေးခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုကဲ့သို့ အစိုးရက ပြည်ပရောက်မြန်မာများကို တရားဝင်ပြန်လာရန်ဖိတ်ခေါ်ခဲ့သည်မှာ ဆယ်စုနှစ် ငါးခုကျော်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

**၁၁။ သမ္မတသစ်၏ ပထမဆုံး မိန့်ခွန်း**

သမ္မတသစ်ဖြစ်လာသော ဦးသိန်းစိန်က မတ်လ ၃၀ တွင် သူ၏ပထမဆုံးမိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် ပြောကြားခဲ့သည်။ သမ္မတမိန့်ခွန်းကို ရုပ်မြင်သံကြားမှ ထိုနေ့ညနေ ၄ နာရီတွင် ထုတ်လွှင့်ပြသခဲ့ရာ မြန်မာပြည်သူများ အနေဖြင့် နှစ်ပေါင်း ၂၀ အတွင်း နိုင်ငံ့အကြီးအကဲ၏ ပထမဆုံးမိန့်ခွန်းကိုနားထောင်ခွင့်ရရှိခဲ့ကြသည်။ ၃၇ မိနစ်ကြာမြင့်ခဲ့သော သမ္မတသစ်၏ မိန့်ခွန်းတွင် ထူးခြားသည်မှာ မတူသောအမြင်ရှိသူများအတွက်လည်း တိုင်းပြည်၏ အကျိုးစီးပွားအတွက် တူညီသောကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် အတိုက်အခံအင်အားစုများရှိ ပူးပေါင်းဆောင်ရွက်ရန် တရားဝင်လမ်းဖွင့်ပေးသည့်စကား ထည့်သွင်းပြောကြားခဲ့သည်။ စီးပွားရေးတွင် အရင်းရှင်၊ ခနရှင်၊ အခွင့်ထူးခံများက လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်းမျိုးမရှိရန် ထိန်းသိမ်းပေးမည်ဟု ပြောကြားပြီး လာဘ်ပေး၊ လာဘ်ယူမှုများကိုလည်း ထိရောက်စွာ အရေးယူသွားမည်ဟု ပြောခဲ့သည်။ သတင်းမီဒီယာများကိုလည်း တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ဟု တရားဝင်အသိအမှတ်ပြုခဲ့သည်။ လူ့အခွင့်အရေးကိစ္စရပ်များကိုလည်း အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သည်။ ထို့ကြောင့်ပြည်သူများထံတွင် နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော မျှော်လင့်ချက်များမှာ သမ္မတ၏ ပထမဆုံးမိန့်ခွန်းကြောင့် လင်းလက်လာခဲ့သည်။

**၁၂။ ပြုလဲလုမတတ် ဖြစ်ခဲ့သော စီးပွားရေးအတွက် နှိုးဆွမှုအစီအစဉ်များ**

ဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်အတွက် ပထမဆုံးနှစ်တွင် စီးပွားရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသည်။ မြန်မာကျပ်ငွေတန်ဖိုး ရှိသင့်သည်နှုန်းထက်အလွန်အမင်းမြင့်တက်လာ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ အလုပ်မလုပ်နိုင်သည်မှစကာ ဆက်စပ်ပြီးစီးပွားရေးလုပ်ငန်းတစ်ခုလုံးတုံ့ဆိုင်းခဲ့သည်။ ပြုလဲလုမတတ်ဖြစ်ခဲ့သော စီးပွားရေးကို နှိုးဆွသည့် စီမံကိန်းများစွာကိုလည်း အစိုးရသစ်က တက်တက်ကြွကြွလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ ဇွန် ၃၀ ရက်တွင် ပို့ကုန်ရငွေမှ အခွန်ကောက်ခံမှုကို ယခင် ၁၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့သည်။ ဩဂုတ် ၁၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကုန်ပစ္စည်းခုနစ်မျိုးအတွက် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းကို ထပ်မံလျှော့ချပေးခဲ့ပြန်သည်။ ထို့ကြောင့် အဆိုပါ ကုန်စည်ခုနစ်မျိုးမှာ ၂ရာခိုင်နှုန်းသာ ပေးဆောင်ရတော့မည်။ ထို့အပြင် ပြည်တွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော ဒေါ်လာနှင့် နိုင်ငံခြားငွေရရှိသူများ ဝင်ငွေခွန်ဖြင့် ၁၀ ရာခိုင်နှုန်းကောက်ခံခြင်းကို ဩဂုတ်လ ၁၉ ရက်စတင်၍ ၂ရာခိုင်နှုန်းသို့ခြောက်လအတွက် လျှော့ချပေးခဲ့ပြန်သည်။ ထို့အပြင် ဒီဇင်ဘာလကုန်ပိုင်းတွင် ပြည်ပရောက်မြန်မာလုပ်သားများ အားလုံး၏ ဝင်ငွေခွန်ကို ၂၀၁၂ ဇန်နဝါရီမှစတင်၍ လုံးဝကင်းလွတ်ခွင့်ပြုခဲ့သည်။ ဘဏ်အတိုးနှုန်းမြင့်မားနေခြင်းကို ဘဏ်ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ထောက်ပြပြောဆိုမှုများပြီးနောက် သက်ဆိုင်ရာပညာရှင်များနှင့် တိုင်ပင်ကာ စက်တင်ဘာ ၁ ရက်တွင် ချေးငွေ၊ အပ်ငွေအတိုးနှုန်းများကို ၂ရာခိုင်နှုန်းစီ စတင်လျှော့ချပေးပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဒုတိယအကြိမ် ၂ ရာခိုင်နှုန်းစီ ထပ်မံလျှော့ချပေးရန် အစိုးရကညွှန်ကြားခဲ့သည်။ ထိုအပြင် ကျပ်ငွေတန်ဖိုး လျှော့ချရန် စူပါကာစတန်ကားများကို ဒဏ်ရိုက်ပြီး ဒဏ်ငွေကို ဒေါ်လာဖြင့် ပေးဆောင်စေခြင်း၊ ဒေါ်လာသုံးစွဲမှုမြင့်တက်လာရန် ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ် အကောင်အထည်ဖော်ခြင်း၊ နိုင်ငံခြားငွေရရှိသောသူနှင့် လုပ်ငန်းများကို ကားသွင်းခွင့်ပြုခြင်းစသော စီမံကိန်းများစွာကို ဆောင်ရွက်ပေးခဲ့သည်။ အစိုးရသစ်မှ တစ်နှစ်တာအတွင်းစီးပွားရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမှုမျိုး ယခင်ကာလက မတွေ့ရဖူးပေ။ သို့သော် ပြည်တွင်းစီးပွားရေးမှာ ကျဆင်းနေဆဲဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# မီဒီယာအရွေ့

သီဟ

၂၀၁၁တွင် ကဏ္ဍအများစုတွင် အပြောင်းအလဲများစွာရှိခဲ့သည့်နည်းတူ ပုံနှိပ်မီဒီယာလောကတွင်လည်း အပြောင်းအလဲများရှိခဲ့သည်။

၂၀၁၀ နှစ်ကုန်ခါနီးအချိန်က နိုဗယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်သည့်သတင်းအား ပုံနှိပ်မီဒီယာများမှ သတင်းသာမက ဓာတ်ပုံများနှင့်လည်း အကျယ်တဝင့်ဖော်ပြခဲ့ကြရာတွင် ဂျာနယ်အချို့မှာ တစ်ပတ်သို့မဟုတ် နှစ်ပတ်အထိထုတ်ဝေခွင့်ပိတ်သည်အထိအရေးယူခံခဲ့ရသည်။

သို့သော် ယခုနှစ်တွင် နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ပထမဆုံးတွေ့ဆုံခဲ့သည့်ဩဂုတ်လနောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံများအားလွတ်လပ်စွာဖော်ပြခွင့်ရလာသည်။

ပုံနှိပ်မီဒီယာ၏ လုပ်ငန်းတစ်ခုဖြစ်သော ဂျာနယ်များ၏ သတင်းအရေးအသားနှင့် တင်ပြချက်များအပေါ်တွင်လည်း စာပေစိစစ်ရေး၏ မူဝါဒများ ပျော့ပြောင်းစပြုလာသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

မြန်မာနိုင်ငံ၏ မီဒီယာအပေါ် ပြောင်းလဲမှုများနှင့် ပတ်သက်၍ နိုဝင်ဘာ၁၈ရက်နေ့က အမေရိကန်သမ္မတအိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံးမိန့်ခွန်းတွင်လည်း မီဒီယာနှင့်ပတ်သက်သည့် ဖြေလျော့မှုများအပေါ် အသိအမှတ်ပြုသည့်အချက်အား ထည့်သွင်းပြောကြားသွားခဲ့သည်။

သို့သော် ထိုပျော့ပြောင်းမှုများအား မီဒီယာစောင့်ကြည့်လေ့လာသူများ၏ အပြောအရမူ ယခင်က ရာနှုန်းပြည့်နီးပါးတင်းကျပ်ခဲ့သည့်မူဝါဒမှ ယခုအခါတွင် အနည်းငယ်သာ ဖြေလျော့မှုပေးခြင်းဖြစ်ကြောင်းပြောဆိုကြသည်။

အမှန်တကယ် ဒီမိုကရေစီလမ်းကြောင်းတွင် လျှောက်လှမ်းမည်ဆိုပါက ယခုထက် ပိုမိုလွတ်လပ်ပွင့်လင်းသည့် မီဒီယာပတ်ဝန်းကျင်တစ်ခုဖြစ်လာစေရန် ဖန်တီးပေးရမည်ဖြစ်သည်ဟုလည်းသတင်းထောက်များက သုံးသပ်ပြောဆိုကြသည်။

သို့သော် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလတစ်ခုဖြစ်သည့် ၂၀၀၀ပြည့်နှစ် တပ်မတော်ထောက်လှမ်းရေးခေတ်ကောင်းခဲ့စဉ်အချိန်ကထက် ယခုနှစ်ပိုင်းအတွင်းတွင် ရရှိသည့် မီဒီယာလွတ်လပ်ခွင့်မှာ များစွာကွာခြားလျက်ရှိသည်ဟု ပုံနှိပ်မီဒီယာလောကတွင် လုပ်ကိုင်နေသူအချို့က ပြောဆိုကြသည်။

၂၀၁၁ ခုနှစ်အတွင်းပုံနှိပ်မီဒီယာနှင့်ပတ်သက်သည့်အထူးခြားဆုံးပြောင်းလဲမှုမှာ ဇွန် ၁၀ ရက်နေ့မှစတင်၍ ဂျာနယ်အမျိုးအစားငါးမျိုးဖြစ်သည့် အနုပညာ သုတရသ၊ကျန်းမာရေး၊ ကလေး၊နည်းပညာ၊အားကစား အစ ရှိသည့် ဘာသာရပ်များမှ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်ရေးတင်ပြခြင်းမှကင်းလွတ်ခွင့်ရှိခဲ့ပြီး ခြောက်လအကြာ နှစ်ကုန်ခါနီး ဒီဇင်ဘာ ၉ တွင် စီးပွားရေး၊ မှုခင်းနှင့်ဥပဒေဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းများအား စာပေစိစစ်ရေးတင်ပြခြင်းမှကင်းလွတ်ခွင့်ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

မီဒီယာလွတ်လပ်ခွင့် အနေဖြင့်လည်း ၂၀၁၁ ခုနှစ်အတွင်း ကပြည်သူ့လွှတ်တော်၏ အစည်းအဝေးတစ်ခုတွင်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မီဒီယာဥပဒေတစ်ခုရေးဆွဲနေပြီဖြစ်သည်ဟု အတိအလင်းပြောကြားခဲ့ပြီးနောက် အဆိုပါ ဥပဒေထွက်ရှိလာပြီးပါက နောင်နှစ်များတွင် မီဒီယာနှင့်ပတ်သက်သည့် လွတ်လပ်ခွင့်များ ပိုမို ရရှိလာနိုင်မည်လားဟု မျှော်မှန်းလျက်ရှိသည်။





ဒီဇိုင်းအဆန်းနဲ့ လန်းနေတဲ့ မိန်းကလေးငယ်နှစ်ဦး

# အတိုဒီဇိုင်းတွေနဲ့ လန်းခဲ့တဲ့ ၂၀၁၁ ဖက်ရှင်ရေစီး

မေပယ်လ်

**ရန်ကုန်မြို့လမ်းမများပေါ်က ရောင်စုံလူငယ်တွေအကြားမှာ ခပ်တိုတိုအဝတ်အစားတွေကို ရဲရဲဝတ်ဆင်လာတဲ့ စတိုင်လ်က ၂၀၁၁ ဖက်ရှင်ရေစီးမှာ အရှိန်အဟုန်နဲ့စီးမျောလာခဲ့ပါတယ်။ စကတ်အတို၊ ဂါဝန်အတို၊ ဘောင်းဘီအတို စသဖြင့်အရာရာမှာ အတိုဖက်ရှင် ရင်ဘတ်ဟိုက်အကျႌဒီဇိုင်းတွေက ကနေရာယူလာခဲ့ပါတယ်။ ကိုရီးယားအငွေ့အသက်မကင်းသေးတဲ့ ဖက်ရှင်ရေစီးကတော့ အဝတ်အစား၊ ဆံပင်အပြင်အဆင်နဲ့မိတ်ကပ်ပိုင်းတွေမှာ လွှမ်းမိုးမှုတွေကတော့ရှိနေတုန်းပဲလို့ဆိုရမှာဖြစ်ပါတယ်။**

ပန်းဆီရောင်လိုမျိုးတောက်တောက်ပပအရောင်တွေအစပြုခဲ့တဲ့ ၂၀၁၀ ဖက်ရှင်ရေစီးနောက်ကို ၂၀၁၁ဖက်ရှင်ကလည်းလင်းလင်းလက်လက် အရောင်တွေ အပြင် မီးခိုးရောင်၊ အသားရောင်၊ နို့နှစ်ရောင်၊ ဟိုမရောက် ဒီမရောက် အရောင်ဆန်းလေးတွေနဲ့ လိုက်ပါစီးမျောခဲ့ပြီး ဒီဇိုင်နာတွေ မနှစ်က ခန့်မှန်းထားခဲ့တဲ့အတိုင်း ရာနှုန်းပြည့်ရေစီးပြောင်းလဲသွားတာမျိုးတော့ မရှိခဲ့ပါဘူး။

လူတွေရဲ့အကြည့်တွေမှာ အမြင်အဆန်းလွန်းနေတဲ့ဒီဇိုင်းတစ်ခုကတော့ ခြင်ထောင်ဇာလိုမျိုး ပါးပါးအစပေါ်မှာ ဒီဇိုင်းပါတယ်ဆိုရုံကျောက်မျက်တွေနဲ့အလှဆင်ထားတဲ့ ဝတ်စုံတွေဖြစ်ပြီး ဝတ်ရဲတဲ့ အနုပညာရှင် အနည်းငယ်သာရှိခဲ့ပါတယ်။ မြန်မာဝတ်စုံတွေမှာတောင် ပုံမှန်ထက် လွန်လွန်ကျူးကျူး ဇာနဲ့ဆက်ပြီး ထွင်ထားတဲ့ဒီဇိုင်းကြောင့် မြန်မာ့ယဉ်ကျေးမှုနဲ့ ဆန့်ကျင်ဖက်လို ဖြစ်သွားတဲ့အတွက် လက်ခံမှုနည်းတဲ့ဖက်ရှင်လို့ ဆိုရမလိုဖြစ်ခဲ့ပါတယ်။

နှစ်လယ်ပိုင်းကစလို့နှစ်ကုန်ပိုင်းလောက်အထိ ဇာတွေသုံးတဲ့ စတိုင်ကခေတ်စားခဲ့ပြီး အနောက်တိုင်းစတိုင်နဲ့ရောတဲ့ဒီဇိုင်းတွေ၊ နောက်ကျောပြောင်ဒီဇိုင်း၊ ဇာပါးပါးနဲ့တွဲဖက်ချုပ်တဲ့ဒီဇိုင်းတွေကလည်း မြန်မာဝတ်စုံဒီဇိုင်းအများစုမှာမြင်တွေ့ရပါတယ်။ ကွန်ပျူတာ စက်ပန်းထိုးတွေကို ပိုးထည်တွေ၊ ကြိုးကြိုးချိတ်တွေထက်ပိုပြီး ရွေးချယ်လာတယ်လို့ သိရပါတယ်။

ညစာစားပွဲတက်တဲ့အကျႌတွေဆိုရင် အရင်ကအရှည်ဒီဇိုင်းတွေဝတ်ရာကနေ အတိုဘက်ကိုပြောင်းလာပြီး ခန္ဓာကိုယ်အလှအပတွေပိုမိုပေါ်လွင်အောင်လို့ ဝတ်ဆင်လာကြပါတယ်။

၂၀၁၁ဖက်ရှင်မှာဘယ်တော့မှ မရိုးသွားဘူးလို့ဆိုနိုင်တဲ့ အကျႌပွအရှည်ဒီဇိုင်းတွေ ဝတ်တဲ့သူတွေရှိသလို အများစုက တော့ဂါဝန်တို၊ စကတ်တို၊ ဘောင်းဘီတိုတွေက ပိုပြီးနေရာယူနေတာကို တွေ့ရပါတယ်။ အကျႌအကျပ်တွေ အပေါ်ကနေ အပေါ်ထပ်အကျႌဝတ်တဲ့ စတိုင်လေးတွေလည်းရှိပါသေးတယ်။

ယခင်နှစ်ကတည်းကမင်္ဂလာသတို့သမီးဝတ်စုံတွေကို အရောင်ဆန်းတွေ ချုပ်လာတဲ့ အလေ့က ၂၀၁၁ ကိုလည်းဆက်လက်ကူးပြောင်းလာခဲ့ပါတယ်။ ပန်းဆီရောင်တို့၊ နို့စိမ်းရောင်တို့၊ ခရမ်းပြာရောင်တို့လိုမျိုးတွေပါ လက်ခံဝတ်ဆင်လာ ကြတာကို တွေ့ရပါတယ်။ ဒါ့အပြင် အနောက်တိုင်းမင်္ဂလာဝတ်စုံတွေမှာလည်း ပုံမှန်ဝတ်နေကျဂါဝန်ရှည်တွေက ခွဲထွက်တဲ့ အတိုပုံစံတွေဘက်ကိုကူးပြောင်းလာနေပြီဖြစ်ပါတယ်။

ဆွဲသားပါတဲ့ဇာကိုခေါင်းစွပ်လိုမျိုးချုပ်ထားတဲ့ ဒီဇိုင်းတွေကလည်း မြင်နေကျမဟုတ်တဲ့ အမျိုးသားဖက်ရှင်ဖြစ်ခဲ့ပြီး ဘာဂျာခေါက်၊ အတွန့် ဒီဇိုင်းအကျႌတွေနဲ့ Skinny ဘောင်းဘီတွေက အသန့်စားဒီဇိုင်းတွေဖြစ်ခဲ့ပါတယ်။ အခုနောက်ပိုင်းမှာဆိုရင် အမျိုးသားတွေက ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းဖို့အတွက် ကစားတာတွေလည်းရှိတဲ့အတွက် ခန္ဓာကိုယ်ကြံ့ခိုင်မှုပေါ်လွင်စေတဲ့အဝတ် အစားဒီဇိုင်းတွေကလည်း နေရာယူလာပြီလို့ဆိုနိုင်ပါတယ်။

၂၀၁၁ နှစ်စပိုင်းမှာ Cute ဖြစ်တဲ့ဖက်ရှင်လေးတွေခေတ်စားပေမယ့် နှစ်ကုန်ပိုင်းရောက်၊ ဟိုဘက်နှစ်ကူးခါနီးလေးမှာတော့ Sexy စတိုင်ဘက်ကို ပိုများလာတယ်လို့ဒီဇိုင်နာအချို့ကသုံးသပ်ထားပါတယ်။

၂၀၁၀ မှာအစပြုခဲ့တဲ့ Big Eye မျက်ကပ်မှန်ဖက်ရှင်ကတော့ ခေတ်မရှိတော့ပေမယ့် သဘာဝမျက်လုံးအရွယ်အစားတိုင်းဖြစ်တဲ့ ဘောလုံးကွက်၊ ပျားရည်ကွက် ဒီဇိုင်း မျက်ကပ်မှန်တွေ အသုံးများလာကြတာကိုတွေ့ရပါတယ်။ မှန်မပါတဲ့ ရောင်စုံကိုင်းထူ မျက်မှန်လေးတွေကစတိုင်လ်တစ်ခုဖြစ်ခဲ့ပါတယ်။

ထူထူပိန်းပိန်းမိတ်ကပ်လိမ်းတဲ့ဖက်ရှင်က နှစ်ဟောင်းမှာကျန်ခဲ့တဲ့အနေအထားမှာရှိပြီး မိတ်ကပ်လိမ်းထားမှန်းမသိရတဲ့ သဘာဝအတိုင်း ဝင်းလက်စိုပြောင်တဲ့ ပုံစံမျိုးကို ပြောင်းလဲလိမ်းခြယ်လာကြပြီဖြစ်ကာ နှုတ်ခမ်းလှပဖို့အတွက်ကိုလည်း ဂလော့စ်(Lip Gloss)လောက်ပဲ ဆိုးလာကြပြီဖြစ်ပါတယ်။

မျက်တောင်တုဆိုရင်လည်း အရင်နှစ်တွေကလိုကော့ညွတ်တဲ့ မျက်တောင်အထူကြီးတွေတပ်တာမျိုး သိပ်မရှိတော့ဘဲ သဘာဝမျက်တောင်လိုမျိုးနဲ့ လှပနေအောင် လုပ်ဆောင်လာကြပါတယ်။ နောက်ပြီး အိုင်းလိုင်နာဖက်ရှင်ကလည်း အစွယ်လေးထုတ် ဆွဲတာ၊ ပုံမှန်အတိုင်း ဆွဲတာဆိုပြီးတစ်ခေတ်ပြန်ဆန်းလာပြန်ပါတယ်။

၂၀၁၁ ထဲမှာတော့ဆံပင်တိုတိုညှပ်တဲ့စတိုင်က ခေတ်မစားတော့ပေမယ့် ရှေ့ဆံပင်အတိုညှပ်တဲ့ ဆာမူရိုင်းစတိုင်ကိုနှစ်သက်သူများပြားခဲ့ပြီး အဖျားပိုင်းကို လှိုင်းတွန့်အကောက်ကြီးလုပ်တာ၊ ဖြောင့်စင်းအောင်လုပ်တာမျိုး ပြုလုပ်ကြပြီး ဆံပင်ဆက်တဲ့ဖက်ရှင်ကိုလည်း ဆက်လုပ်နေတုန်းပဲလို့ ဆိုရမှာဖြစ်ပါတယ်။

အမျိုးသမီးထုကို ဆွဲဆောင်နိုင်တဲ့ ကိုရီးယားအလှကုန်ပစ္စည်းသစ်တွေကလည်း တစ်နှစ်အတွင်း အဝင်များလာတဲ့ အနေအထားရှိပြီး အလှအပနဲ့အလှမ်းဝေးတယ်ဆိုတဲ့ အမျိုးသားတွေအတွက်လည်း ပေါင်ဒါ၊ ယူဗီခရင်မ်တို့လိုမျိုးအလှကုန်တွေလည်းဒီနှစ်ထဲမှာ ထွက်ပေါ်လာပါတယ်။

နောက်သိသာတဲ့ ဖက်ရှင်တစ်ခုက ဒေါက်တစ်ညီထဲမြင့်တဲ့ဖိနပ်အမြင့်တွေ၊ ကြိုးရှုပ်ရှုပ်ရှက်ရှက်ဒီဇိုင်းဖိနပ်တွေက ၂၀၁၁ ရဲ့စတိုင်တစ်ခုပါပဲ။

နောက်ပြီး သက်ကြီးပိုင်းအမျိုးသမီးတွေလည်း အလှအပပိုင်းကိုပိုစိတ်ဝင်စားလာတဲ့အပြောင်းအလဲတွေလည်းရှိခဲ့ပါတယ်။

အခုဆိုရင်မစ္စပြိုင်ပွဲလို့ခေါ်တဲ့အလှပိုင်ရှင်ရွေးချယ်ပွဲတွေက အဝတ်အစားဒီဇိုင်းတွေကို ကြည့်လိုက်ရင်လည်း နိုင်ငံခြားဖက်ရှင်ရှိုးမှာမြင်ရတဲ့ဒီဇိုင်းတွေလို အလန်းစားဒီဇိုင်းတွေက ရင်သပ်ရှုမောစရာပါပဲ။ တင်ပြပုံများကလည်း ရဲတင်းသထက် ရဲတင်းလာတယ်။

ဒီဇိုင်နာတွေရဲ့လွတ်လပ်စွာဖန်တီးနိုင်မှုတွေကြောင့် လန်းသထက်လန်းတဲ့ ဖက်ရှင်တွေက ရှေ့ဘယ်လိုဒီဇိုင်းတွေလာဦးမလဲဆိုတာ ခန့်မှန်းရခပ်ခက်ခက်ပါပဲ။ ဒီဇိုင်းလန်းလန်းတွေအတွေ့ရများခဲ့တဲ့ ၂၀၁၁ ခုနှစ်ဖက်ရှင်နဲ့ပတ်သက်ပြီး ယဉ်ကျေးမှုနဲ့မကိုက်ညီတာတွေ များလာလို့ဝေဖန်ရေးသားပြောဆိုမှုတွေရှိခဲ့သလို၊ ချီးကျူးထောမနာပြုလက်သင့်ခံတာတွေကလည်း အပြိုင်ရှိခဲ့ပါတယ်။ ဒါကြောင့် ခပ်ရှုပ်ရှုပ်ဒီဇိုင်းတွေ၊ အဝါရောင်၊ အပြာရောင်၊ ရွှေရောင်တွေနဲ့လင်းလင်းလက်လက်တွေ့ရဖွယ်ရှိတယ်လို့ ဒီဇိုင်နာအချို့က ခန့်မှန်းထားကြပါတယ်။

# ၂၀၁၁ ခုနှစ် ဗုံးပေါက်ကွဲမှုများ

သန်းဌေး

ဘာကြောင့်မှန်းမသိသော်လည်း ၂၀၁၁ ခုနှစ်မှာ ဗုံးပေါက်ကွဲမှုများခဲ့သော နှစ်ဖြစ်သည်။ တစ်နှစ်အတွင်း ဗုံးပေါက်ကွဲမှုများထဲမှ လူသိများသော ဗုံးပေါက်ကွဲမှုအချို့ကိုပြန်လည်ဖော်ပြလိုက်ပါသည်။

**■ဖေဖော်ဝါရီ-၂၇**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး အောင်ဇေယျအိမ်ရာ တိုက်အမှတ် ၁ နဲ့ ၂ကြား ကွမ်းယာဆိုင်ခဲ့သဖြင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝရီ ၂၇ ရက် ညနေ ၇ နာရီ ၁၀မိနစ်ခန့်က ဗုံးတစ်လုံးပေါက်ခဲ့သဖြင့် လူ၈ဦးဒဏ်ရာရခဲ့သည်မှစလို့ အကြိမ်များစွာဗုံးပေါက်ခဲ့သည်။ ရန်ကုန်မြို့နှင့် နယ်မြို့များတွင် ယခုနှစ်အတွင်း အကြမ်းဖက်သမားများ၏ ဗုံး ဖောက်ခွဲမှုများနှင့်ပတ်သက်၍ စုစည်းရသမျှကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**■မေ-၁၈**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့နှင့် ဆင်သေဘူတာအကြား ရန်ကုန်-မန္တလေး လူစီးအမှတ်(၃)အဆန်အမြန်ရထား ပေါ်၌ မေ ၁၈ရက်တွင် ဗုံး ပေါက်သောကြောင့် နှစ်ယောက်သေပြီး ကိုးယောက်ဒဏ်ရာရခဲ့သည်။

**■ဇွန်-၁၀**

နေပြည်တော်ခရိုင်၊ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှိ အများပြည်သူ သုံးငါးခန်းတွဲ သန့်စင်ခန်း နှစ်လုံးတွဲတွင် ဇွန် ၁၀ ရက် ည ၉ နာရီ ခန့်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၃ ဦးဒဏ်ရာရရှိခဲ့သည်။

**■ဇွန်-၂၄**

နေပြည်တော်၊ မန္တလေးနှင့် ပြင်ဦးလွင်တို့တွင် ဇွန် ၂၄ ရက် နံနက်ပိုင်းက ၅ မိနစ်အတွင်း ဗုံး သုံးလုံးတစ်ပြိုင်တည်း ပေါက်ခဲ့သည်။

ဇွန် ၂၄ ရက် နံနက် ၁၁ နာ ရီ ၅၀မိနစ်တွင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၊ အလယ်ရပ်၊ ၈၄ လမ်းနှင့် ၂၇-၂၈ လမ်းကြား ဈေးချိုတိုက်တန်းရှေ့တွင် ရပ်ထားသော လိုင်စင်မဲ့ Surf အ မျိုးအစား အပြာရောင်ကားအတွင်းမှ ပေါက်ကွဲမှုဖြစ်ခဲ့သည်။ ထို့ကြောင့် အဆိုပါကားမှာ ရစရာမရှိအောင် ပျက်စီးသွားပြီး အနီးရှိ လူသုံးဦးမှာလည်း ဒဏ်ရာအသီးသီးရရှိခဲ့သည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ လူနေ ထိုင်ခြင်းမရှိသော အိမ်တစ်လုံးတွင် အထက်ပါဗုံးပေါက်ချိန်နှင့် ၅ မိနစ်သာခြားပြီး နံနက် ၁၁ နာရီ ၅၅မိနစ်တွင် ဗုံးတစ်လုံးထပ်မံပေါက်ကွဲခဲ့သည်။

နေပြည်တော်တွင် ဗုံးပေါက် ကွဲမှုနှင့် တစ်ချိန်တည်း အဆိုပါနေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင်ပင် ပြင်ဦးလွင်မြို့ ရပ်ကွက် ၃ရှိ လူနေထိုင်ခြင်း မရှိသော အိမ်တွင်ပင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။

၂၀၀၅ ခုနှစ် မေ ၇ ရက်ကလည်း ရန်ကုန်မြို့ တွင် ဗုံးပေါက်ကွဲမှုဖြစ်ခဲ့သည်။ အဆိုပါ ဖြစ်ရပ်တွင် လူ ၂၃ ဦး သေဆုံးပြီး လူ ၁၀၀ ကျော်ဒဏ် ရာရရှိခဲ့သည်။



*သန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူကို သယ်ဆောင်လာစဉ်*

**■အောက်တိုဘာ-၂**

ကချင်ပြည်နယ်မြစ်ကြီးနားမြို့ သီတာရပ်ကွက်၊ သီတာလမ်းသွယ်ရှိဝန်ထမ်းအိမ်ရာခြံစည်းရိုးအနီးတွင်ဗုံးပေါက်ပြီး အသက် (၃၀) အရွယ် အမျိုးသား(၁)ဦးသေဆုံး သည်။

**■အောက်တိုဘာ-၂၅**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် စံပြဈေးအနီး ကညနရုံးရှေ့ ငမိုးရိပ်ရပ်ကွက် သံသုမာလမ်းပေါ် ရှိ အငှားယာဉ်ပေါ် တွင် အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီဝန်းကျင်က ဗုံးပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းတစ်ဦးသေဆုံးကာ ခရီးသည်နှစ်ဦးဒဏ်ရာ ရရှိခဲ့သည်။

**■အောက်တိုဘာ-၃၀**

ရန်ကုန်မြို့ မြို့တော်ခန်းမကားရပ်နားနေရာအတွင်း အောက်တိုဘာ ၃၀ရက် ညနေ ၄ နာရီခန့်တွင် ဗုံးတစ်လုံးတွေ့ရှိသောကြောင့် ည ၇ နာရီ ၅ မိနစ် နှင့် ၉ နာရီ ၅ မိနစ်တွင် နှစ်ဆင့် ဖောက်ခွဲခဲ့ရသည်။

**■ဒီဇင်ဘာ-၂၁**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်လှည်းတန်းမီးပွိုင့်အနီး ရန်ကုန်တက္ကသိုလ်ပင်မဝင်းထောင့်ရှိအများပြည်သူသုံး သန့်စင်ခန်း အမျိုးသမီးဘက်အခြမ်းတွင် ဒီဇင်ဘာ ၂၁ ရက်နံနက် ၁၁ နာရီ ခန့် က ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သန့်စင်ခန်းဝန်ထမ်း အမျိုးသမီးတစ်ဦးသေဆုံးပြီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၁ခုနှစ် တစ်နှစ်လုံးနီးပါး ဗုံးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည့် နည်းတူ မြန်မာပြည်မြောက်ပိုင်းတွင်လည်း ဗုံးပေါက်ကွဲမှုများရှိခဲ့သည်။ ရန်ကုန်မြို့နှင့် နေပြည်တော်မြို့ကြီးများရှိ စီးပွားရေးအဆောက်အအုံများ၊ ဆေးရုံများနှင့် ဈေးဝယ်စင်တာများတွင် လုံခြုံရေးကို ပိုမိုစိစစ်လာကြရသည်။

# 2011 ကျန်းမာရေး

ဝတ်ရည်

၂၀၁၁ ခုနှစ်သည် မြန်မာနိုင်ငံ၏ကျန်းမာရေးကဏ္ဍတွင်တိရစ္ဆာန်များ၌ဖြစ်ပွားသည့်ကူးစက်ရောဂါများဖြင့်စတင်သည့် နှစ်တစ်နှစ်ဖြစ်သည်ဟု ဆိုရပေမည်။

နှစ်ဦးဇန်နဝါရီလတွင် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စုသဲချောင်းလယ်သမားကျေးရွာတွင်ကြက်ကောင်ရေ၈၀၀ ကျော်သေဆုံးခြင်းအား စစ်ဆေးရာမှ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါဖြစ်ကြောင်း သက်ဆိုင်ရာကအတည်ပြုပြောကြားခဲ့ပြီးရောဂါကူးစက်မှုဆိုင်ရာ သတိပေးချက်များအား ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် ကြက်ငှက်တုပ်ကွေးရောဂါသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကြက်များသို့ ကူးစက်မှုမရှိဘဲ ပြီးဆုံးသွားသော်လည်း ရက်အနည်းငယ်အကွာတွင် ဆက်လက်ဖြစ်ပေါ်သော ဝက်နားရွက်ပြာရောဂါကြောင့် ဝက်မွေးမြူသူများတွင် ဆုံးရှုံးနစ်နာမှုများ များစွာဖြစ်ပေါ်ခဲ့ရသည်။

ဝက်နားရွက်ပြာရောဂါသည် မြန်မာနိုင်ငံတွင် ပထမဆုံး ဖြစ်ပွားခြင်းဖြစ်ပြီး မန္တလေးရှိမြို့နယ်အချို့တွင် ဝက်များသေဆုံးရာမှ အစပြုခဲ့သည်။ ထို့နောက် မတ်လအတွင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့ရှိ ဝက်များတွင်လည်း ဖြစ်ပွားပြီး နေပြည်တော်၊ ပဲခူး၊ ရန်ကုန်ရှိ ဝက်ခြံများတွင်ပါ ဆက်လက်ဖြစ်ပွား၍ ဝက်အများအပြားသေဆုံးခဲ့သည်။

ထိုရောဂါသည် တိရစ္ဆာန်အချင်းချင်းသာ ကူးစက်ပြီး လူသို့ ကူးစက်မှုမရှိခဲ့ပေ။ တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားမှုမှာ ဇူလိုင်လခန့်တွင် ရပ်တန့်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ကျန်းမာရေးကဏ္ဍအတွက် ထူးခြားမှုတစ်ခုမှာ အစိုးရသစ်မှ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ် ကျန်းမာရေးအတွက် အသုံးပြုမည့်ဘတ်ဂျက်အားထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ ကြေညာမှုသည် ရာစုနှစ်နှစ်စုကျော်အတွင်း ပထမဦးဆုံးသော တရားဝင်ထုတ်ပြန်ခြင်းဖြစ်ပြီး ကျန်းမာရေးအတွက် ငွေကျပ် ၇ဒသမ၆ထရီလျံ ကျပ်သုံးစွဲမည်ဟု ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ခဲ့သည့်ငွေကြေးသည် ယခင်နှစ်များအတွင်းသုံးစွဲခဲ့သည့် ဘတ်ဂျက်ငွေထက် များပြားသည်ဟုဆိုနိုင်သော်လည်း ဆေးရုံသို့ရောက်ရှိလာသောလူနာများအတွက် ထူးခြားသော ငွေကြေးသက်သာမှုတော့ မရှိခဲ့ပေ။

၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးအတွက် အသုံး ပြုခဲ့သည့် ငွေကြေးသည် ကာကွယ်ရေးအတွက် သုံးစွဲခဲ့သည့်ငွေကြေးထက် ၁၇ဆ နည်းပါးနေကြောင်း ဒေါက်တာဒေါ်မြင့်မြင့်ခင်၏ တိုင်းပြည်ရသုံးငွေ (ဘတ်ဂျက်) အမည်ဖြင့် ပြည်သူ့ခေတ်ဂျာနယ်တွင် ပါရှိသောဆောင်းပါးတွင်ဖော်ပြထားသည်။

တီဘီရောဂါသည် မြို့ပြနေအမျိုးသားများတွင် ဖြစ်ပွားနှုန်း ၂ဆ တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေငြာခဲ့ပြီး လူဦးရေတစ်သိန်းတွင် ၅၉၅ ဦးရောဂါဖြစ်ပွားနေသည်။ ဆေးယဉ်တီဘီဖြစ်ပွားနှုန်းလည်း များပြားလာခဲ့သည်။

နှစ်စဉ်ဖြစ်ပွားနေကျ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများသည် ယခုနှစ်တွင် ပုံမှန်သာဖြစ်ပွားခဲ့ သည်။ ယခုနှစ်အတွက် ထူးခြားသည်မှာ ပူပြင်းသည့်နွေရာသီတွင် ဟိမဝန္တာမှတိုက်ခတ်လာသော လေအေးများကြောင့် အပူဒဏ်အားပြင်းထန်စွာခံစားရမှုမရှိဘဲ အပူကြောင့်ဖြစ်သည့် နောက်ဆက်တွဲပြဿနာများ နည်းပါးခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင်ဖြစ်နေကျရောဂါများမဟုတ်ဘဲ အလှူမှကျွေးသည့် အစားအစာများ စားမိသဖြင့် လူပေါင်းရာနှင့်ချီ၍ အစာအဆိပ်သင့်ခဲ့သော မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ဖြစ်ရပ်သည်ထူးခြားမှုတစ်ခုဖြစ်ခဲ့သည်။ အလှူတွင် ကျွေးသည့် အစားအစာများ စားသုံးပြီး ၂ နာရီခန့်တွင် စားသုံးခဲ့သူများမှာ မူးဝေခြင်း၊ ဗိုက်နာခြင်း အော့အန်ခြင်း၊ ဝမ်းလျှောခြင်းများဖြစ်၍ ဆေးရုံရောက်ရှိပြီး လူ ၄၀၀ ခန့် အစာအဆိပ်သင့်သည့်ဝေဒနာကိုခံစားခဲ့ရသော်လည်း အသက်သေဆုံးသူတော့ မရှိခဲ့ပေ။

ယခုနှစ်အတွင်းတွင် ၂၀၀၉ ခုနှစ်က လူသိများခဲ့သည့် ဆရာဝန်နှင့် လူနာအကြားနားလည်မှုလွဲမှားကာ ဖြစ်ပွားခဲ့သည့် ပြဿနာ၏ နောက်ဆက်တွဲရလဒ် အနေဖြင့် နေပြည်တော်တွင် ပထမဆုံးကျင်းပသည့် လွှတ်တော်၌ ဆေးပညာရှင်များအား ကာကွယ်ရေး အဖွဲ့ဖွဲ့စည်းရန်နှင့် အကယ်၍လူနာနှင့် ဆရာဝန်ကြားတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက တရားမျှတစွာ ဆုံးဖြတ်ပေးနိုင်ရေးပညာရှင်အဖွဲ့ဖွဲ့စည်းရန် လွှတ်တော်တွင် သဘောတူဆုံးဖြတ်လိုက်ကြသည်။

“နိုင်ငံတကာမှာလည်း အဲလိုအဖွဲ့အစည်းမျိုးရှိနေတာ ကြာပါပြီ။ အဲဒီအဖွဲ့နဲ့ပတ်သတ်ပြီး အခုချိန်မှာ လိုအပ်တဲ့ ဆွေးနွေးမှုတွေတော့ စပြီးဆောင်ရွက်နေပြီ” ဟုမြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော် ဆရာဝန်နှင့် လူနာများအကြားလွဲမှားနေသည့် နားလည်မှုများအား ၂၀၀၉ ခုနှစ်မှ ယခုနှစ်အထိတိုင် ထိရောက်စွာ ဖြေရှင်းနိုင်မှု မရှိသေးဘဲ ယနေ့အချိန်အထိ အလားတူပြဿနာများကြိုးကြား၊ ကြိုးကြား ပေါ်နေဆဲ ဖြစ်သည်။

ထိုကဲ့သို့ပြဿနာများသည် ယခုနှစ်ပိုင်းတွင်လည်း ထပ်မံဖြစ်ပေါ်လာခဲ့သည်များလည်းရှိပြီး သားဖွားမီးယပ် ဆရာဝန်၏ လွဲမှားမှုကြောင့် ကလေးငယ်သေဆုံးခဲ့ရသည့် အတွက် အဆိုပါဆရာဝန်အား တိုင်ကြားမှုများမှာလည်းဆက်လက်ဖြစ်ပေါ်ခဲ့သည်။

ကျန်းမာရေးအတွက်လိုအပ်သည့်ဆေးရုံများဆောက်လုပ်လှူဒါန်းမှုတွင်လည်း ၂၀၁၁သည် ပုဂ္ဂလိကလုပ်ငန်းရှင်သူဌေးများ ပါဝင်လှူဒါန်းမှုများခဲ့သည့် နှစ်တစ်နှစ်လည်းဖြစ်ခဲ့သည်။

**အချပ်ပို(Q)**

7DAY NEWS JOURNAL
Vol.10, No.42 • JANUARY 5, 2012

# ၂၀၁၁ တွင် ကြွေလွင့်ခဲ့သူများ

**မြတ်စုမွန်**

သေဆုံးခြင်း အမျိုးမျိုးရှိသည့်အနက် အချို့က လူမသေ သေးသော်လည်း နာမည်အရင်သေနှင့်ကြပြီ။ အချို့ကမူကား လူ သေလွန်ပြီး နှစ်ပေါင်းများစွာ၊ ရာစုပေါင်းများစွာ နာမည်တစ်လုံး ရှင်သန်ကျန်ရစ်ခဲ့ကြလေ့ရှိသည်။ ချစ်ခင်နှစ်သက်သဘောကျသူတွေ၊ လူတော်လူကောင်းတွေဟာ အသေစောသည်ဟု ပြောကြလေ့ရှိသလို၊ လောကအတွက် ကောင်းကျိုးမပြု၊ ဆိုးကျိုးသာပြုမူခဲ့သူများကိုမူ သေခဲသည်ဟုပြောကြလေ့ရှိသည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၄ တွင် နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ(IAEA) အသိအမှတ်ပြုပညာရှင်၊ အက်တမ်နှင့်အနုမြူ ရူပဗေဒနယ်ပယ် သုတေသနပညာရှင်၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှူးဟောင်းပါမောက္ခ ဒေါက်တာစိန်ထွန်း၊ အသက် ၇၁ နှစ်၊ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။ ဒေါက်တာစိန်ထွန်းသည် ရန်ကုန်တက္ကသိုလ်တွင် သုတေသနဓာတ်ပေါင်းဖို (Research Reactor) လည်ပတ်အောင် ကြိုးစားခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီ ၁ တွင် ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလသည် အဆုတ်ရောဂါဖြင့် ပဲခူးမြို့၌ ပျံလွန်တော်မူခဲ့သည်။

ထို့ပြင် သီပေါမင်း၏ နောက်ဆုံးနေ့ရက်များ၊ နန်းမတော်မယ်နု၊ ဘကြီးတော်မင်းစသည့် ရာဇဝင်နောက်ခံ အတ္ထုပ္ပတ္တိများ ပြုစုလေ့ရှိသူ မောင်ဖေငယ်(ခေါ်) ဦးတင်ဖေသည် နှလုံး၊သွေးတိုး၊ ဆီးချိုရောဂါအခံဖြင့် လေဖြတ်ကာ အသက် ၆၇ နှစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ရာ ဖေဖော်ဝါရီ ၂၇ တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ခဲ့သည်။ ဦးနေဝင်းလက်ထက်က ခေါင်းဆောင်ကြီးကို ထိခိုက်စေနိုင်သော အရေးအသားများကြောင့် ထောင်ချ အရေးယူခံခဲ့ရဖူးသူ စာရေးဆရာ တစ်ဦးဖြစ်ကြောင်းလည်းသိရသည်။

ထို့ပြင် ဖေဖေါ်ဝါရီလ ၂၈ ရက် ၂၀၁၁ခုနှစ်တွင်စွယ်စုံရအနုပညာရှင် စာရေးဆရာ၊ ဒါရိုက်တာ အကယ်ဒမီ မောင်ဝဏ္ဏသည် အဆုတ်ကင်ဆာဖြင့် (၆၄)နှစ်အရွယ်၌ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အသင်းတိုက်မှတ်တိုင်အနီး သာစုခြံဝင်းရှိ သူ၏ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။

ထို့နောက် သျှန်တိနိကေတန် စာကြည့်တိုက်အား တည်ထောင်ခဲ့သူ စာရေးဆရာကြီးပါရဂူသည်ပြေ၉ရက်တွင်ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားခဲ့သည်။ နှလုံးရောဂါဖြင့် ကွယ်လွန်ချိန်တွင် ဆရာကြီးမှာ အသက် ၉၁ နှစ် ရှိပြီဖြစ်ပြီး စာအုပ်ပေါင်း ၁၀၀ ကျော် ရေးသားပြုစုခဲ့သည်။

စုံထောက် မဂ္ဂဇင်းအယ်ဒီတာ၊ အယ်ဒီတာချုပ်၊ လျှို့ဝှက်သည်းဖို မဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊ အမျိုးသား သတင်းစာတွင် ဘာသာပြန်အယ်ဒီတာ၊ မိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်နှင့် နွယ်နီမဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ခဲ့သည့် အသက် ၇၈ နှစ်အရွယ်ရှိ စာရေးဆရာကြီးနတ်နွယ်သည် မေ ၁၁ တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပြန်သည်။

ဇွန် ၅ တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ဆီမီတဝေ့ဆေးရုံတွင် တေးရေးမောင်သစ်မင်းသည် အူမကြီးကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး၊ ၎င်းသည် စတီဒီယို ခေတ်ဦးကာလတွင် ပါဝင်ခဲ့သူဖြစ်သည်။

"သမန်းကျား"ဆိုသည့် ရုပ်ရှင်ဇာတ်ကားဖြင့် အနုပညာလောကထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး "နော်ကူးမ" ဆိုသည့် ရုပ်ရှင်ဇာတ်ကားကြီးဖြင့် အကယ်ဒမီဆုရရှိခဲ့သည့် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီဒေါ်နွဲ့နွဲ့မူ(ခ)ဒေါ်မြသန်းနွဲ့၊ အသက် ၆၁ နှစ်သည် ဇွန် ၁၃ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

ဩဂုတ် ၁၄ ရက်တွင် အတွေးအခေါ်ဆိုင်ရာ စာအုပ်များစွာ ရေးသားပြုစုခဲ့သည့် စာရေးဆရာ ဆရာနန္ဒသိန်းဇံ၊ အသက် ၆၅ သည် ရင်ကျပ်ရောဂါဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်ချိန်အထိ ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒပါမောက္ခအဖြစ် တာဝန်ထမ်း ဆောင်သွားခဲ့သူဖြစ်ပြီး ရေဝေးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ ကွယ်လွန်ချိန်အထိ စာအုပ်နှစ်ဆယ်ခန့်နှင့် ဆောင်းပါးရာနှင့်ချီ၍ ရေးသားခဲ့ကာ ယင်းတို့ထဲမှ "ဘဝအဓိပ္ပါယ်နှင့်ဘဝသစ္စာ"၊ "ခယောင်းလမ်းကို ဖြတ်ကျော်ခြင်း"၊ "မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း"တို့မှာ လူကြိုက်များသောစာအုပ်များ ဖြစ်သည်။

ထို့နောက် ၂၀၁၁ ၏ နောက်ဆုံးလဖြစ်သည့် ဒီဇင်ဘာ ၄ ရက်တွင် လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ နိုင်ငံဂုဏ်ရည် ဒုတိယအဆင့်များ ရရှိခဲ့သူ ကြေးမုံ သတင်းစာအယ်ဒီတာချုပ်(ငြိမ်း)ဖြစ်သည့် အသက် ၉၀ နှစ်အရွယ် သခင်လှကွန်း ကွယ်လွန်ခဲ့ပြန်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)တို့တွင် ပါဝင်ခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ကို တည်ထောင်သူခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည့် ဦးလွင်သည် ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ နေအိမ်တွင် လူကြီးရောဂါနှင့် ကွယ်လွန်သွားသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၈ နှစ်ရှိပြီ ဖြစ်သည်။

ဒီဇင်ဘာ ၂၅တွင် အမျိုးသားစာပေဆုနှင့် ပခုက္ကူ ဦးအုန်းဖေတစ်သက်သာ စာပေဆုရှင် ပါမောက္ခဒေါက်တာသိန်းညွန့် (ကဗျာဆရာညွန့်ဝေ-ကသာ) သည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးဖြစ်ပြီး၊ ၁၉၇၀တွင် ရုရှား-မော်စကို ဆေးပညာတက္ကသိုလ်မှ ပလပ်စတစ်ဆာဂျရီပါရဂူဘွဲ့ရရှိခဲ့သည့် ဒေါက်တာသိန်းညွန့်သည် ကွယ်လွန်ချိန်တွင် အသက်၈၀ရှိပြီဖြစ်သည်။ မကွယ်လွန်မီ လုံးချင်းစာအုပ်ငါးအုပ်နှင့်ကဗျာပေါင်း ၁၀၀ကျော် ရေးသား ခဲ့သည်။

ပြီးဆုံးခဲ့ပြီဖြစ်သည့် ၂၀၁၁ ခုနှစ် တစ်နှစ်လုံးတွင် ပြည်သူချစ်သော၊ လေးစားသော စာပေဂီတ အနုပညာရှင် အချို့ကြွေလွင့်ခဲ့ရသည်။ ဘဝသမိုင်းဇာတ်ခုံပေါ်တွင် ကိုယ်ပိုင်ဘဝကိုယ်စီနှင့် သရုပ်ဆောင်ခဲ့ကြပြီး၊ တစ်ယောက်တစ်မျိုး တစ်ဘာသာစီ နာမည်ကျော်ကြားခဲ့သူ အချို့ကွယ်လွန်ခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များလည်း ကြွေလွင့်ခဲ့ကြသည်။ အဆိုပါ ကြွေလွင့်သူများအနက် ဖော်ပြပါ ၁၂ ဦးကို လက်လှမ်းမီသလောက် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

# ကလေးလူကုန်ကူးဂယက် ရိုက်ခတ်ခဲ့သောနှစ်

**သဖင်ထွေး**




၂၀၁၁ခုနှစ်တွင် ၁၈နှစ်အောက် အမျိုးသမီးငယ်များ တရုတ်နိုင်ငံသို့ အဓမ္မထိမ်းမြားလက်ထပ်ရန် ရောင်းစားခံရမှုများ များပြားခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ထို့ပြင် ကလေးသူငယ်ပျောက်ဆုံးမှုများသည်လည်း မြို့နယ်စုံ၊ နယ်စုံမှ ပုံစံအမျိုးမျိုးဖြင့် ဖြင့်ထွက်ပေါ်ခဲ့ကာဖြစ်ရန်မှန်များပါဝင်ခဲ့သလို၊ ကောလာဟလများလည်းရှိခဲ့သည်။

၂၀၁၁ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းမှာတရုတ်နိုင်ငံသို့သားမယားအဖြစ်ရောင်းစားခံရမှုရှိပြီး ၃၀ ရာခိုင်နှုန်းမှာပြည်တွင်းလိင်အလွဲသုံးစားမှုနှင့်ထိုင်းနိုင်ငံသို့တရားမဝင်လုပ်သားများအဖြစ်ရောင်းစားခံရမှုများရှိကြောင်း သတင်းရရှိသည်။

၂၀၁၁ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံ၏အမျိုးသမီးလိုအပ်မှုမှာ မြင့်တက်လာသောကြောင့် အိမ်နီးချင်းနိုင်ငံများမှအမျိုးသမီးငယ်များသည် အဆိုပါဈေးကွက်၏ သားကောင်များဖြစ်လာကြောင်း၊တရုတ်နိုင်ငံသို့ရောင်းရာတွင် အသက်ကြီးရင့်သူ၊ဆွံ့အသူ၊စိတ်ပေါ့သွပ်သူများ၏မိဘများကလည်းငွေကြေးစိုက်ထုတ်ကာဇနီးမယားအဖြစ်မြန်မာ အမျိုးသမီးများကို ဝယ်ယူခြင်းဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

မှတ်ပုံတင်မရှိသော လူကုန်ကူးခံရသူအများစုကိုလည်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ စီမံချက်ဖြင့် မှတ်ပုံတင်များ ပြန်လည်ထုတ်ပေးကြောင်း၊ လူကုန်ကူးခံရသူ ၁၃၄ဦးကို ထုတ်ပေးထားပြီးဖြစ်ကြောင်း မတ် ၂၉ရက်တွင် UNIAPက ထုတ်ဖော်ပြောကြားသည်။

လူကုန်ကူးမှုများတွင် လူသားချင်းတန်ဖိုးထားတတ်မှုများလည်းနည်းလာကြောင်း စစ်တမ်းများအရသိရသည်။

၂၀၁၁ခုနှစ်၏လူကုန်ကူးမှုများမှာ သွေးသားရင်းချာများက ပြန်လည်ရောင်းချခြင်းနှင့် လူကုန် ကူးခံရသူများမှပြန်လည် လူကုန်ကူးမှု ကျူးလွန်ခြင်းများ ရှိလာကြောင်းကိုဖော်ထုတ်တွေ့ရှိရကြောင်းသတင်းရရှိသည်။

ဇူလိုင်လတွင်လည်းထိုင်းနိုင်ငံပသူနမ်တွင် အထည်ချုပ်အလုပ်သမား ၆၀ ပိတ်လှောင်ခံရမှုမှာလည်းထိုင်းနိုင်ငံရဲတပ်ဖွဲ့ကကယ်တင်လိုက်နိုင်ပြီး ဩဂုတ်လကုန်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းလက်ခံပြီး လူကုန်ကူးခံရသူ ၁၄ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလတွင် တောင်ဒဂုံ မူလတန်းကျောင်း၌ ကလေးငယ်များအားလိမ်လည်ခေါ်ဆောင်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် ကလေးထိန်းကျောင်း ဖွင့်ထားသော အမျိုးသမီးက ၁၀ နှစ်အရွယ် ကလေးငယ်အားရောင်းစားရန် ခေါ်ဆောင်သွားစဉ်ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

ယင်းသတင်းများဂျာနယ်များတွင်ဖော်ပြပြီးနောက်ကလေးငယ်များပျောက်ဆုံးနေမှုသတင်းများဆက်တိုက်ထွက်ပေါ်ခဲ့သည်။

"ဒီလိုသတင်းတွေကတော့ အမှုတစ်ခုကိုခြေခံပြီးပြောကြတာများတယ်။ အမှောင့်လုပ်ငန်းတွေလုပ်ချင်လို့ ဖြန့်တာဖြစ်တယ်။ ကလေး မပျောက်ဆုံးဘူးမဟုတ်ဘူးပျောက်ဆုံးပါတယ်။ အခုထွက်နေတဲ့သတင်းမျိုးတွေနဲ့ပျောက်ဆုံးမှုတွေ မဟုတ်ဘူး။ ကျွန်တော်တို့ကြားတာဆို ကလေးတွေကိုတို့ဆေးသားရေပင်နဲ့ပစ်ဖမ်းတာတို့ အများကြီးကြားနေရပါတယ်။ ဒီနှစ်ထဲမှာကလေးပျောက်ဆုံးမှုတိုင်တာတွေများတယ်။ ၁၈နှစ်အောက်ဆိုတာနဲ့ကလေးလို့သတ်မှတ်တယ်။ တချို့ကလည်း တကယ်ပျောက်တာ တချို့ကလည်းယောကျ်ားနောက်လိုက်သွားတာတွေတွေ့ရပါတယ်"ဟု လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးမှအဖွဲ့ခေါင်းဆောင်က ပြောသည်။

လူကုန်ကူးမှုများဖြစ်ပေါ်ရခြင်းမှာနိုင်ငံဖြတ်ကျော်မှုများမှလည်း အဓိကဖြစ်သောကြောင့် တရားမဝင်လုပ်သားများကိုတရားဝင်သွားရောက်လုပ်ကိုင်နိုင်ရန် ယာယီနိုင်ငံကူးလက်မှတ်များ ရနောင်းဘက်တွင်သွားရောက်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင်တရားမဝင်သွားရောက်လုပ်ကိုင်မှုကြောင့် အလုပ်သမားများမှာလုပ်အားခေါင်းပုံဖြတ်ခံရမှုများနှင့်မတရားဖိနှိပ်ခိုင်းစေခံရမှုများကြောင့် သေဆုံးမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ဖြစ်စဉ်များမဖြစ်ပေါ်စေရန် ထိုင်းနိုင်ငံတွင်ရောက်ရှိနေသောမြန်မာလုပ်သားများအရေးနှင့်အလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရေးတို့ကိုနှစ်နိုင်ငံဆွေးနွေးမှုများကိုပြုလုပ်ခဲ့ကာ နောက်ဆုံးအစည်းဝေးကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပြင်ဦးလွင်၌နှစ်နိုင်ငံတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံသို့တရားမဝင်အလုပ်သမားများအားယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရာတွင်သက်မှတ်ချိန်အတွင်းအချိန်မီပြီးစီးရေး၊ ယာယီနိုင်ငံကူးလက်မှတ်များအား MRTP (Mechine Redable Temporary Passport) အဖြစ် ပြောင်းလဲထုတ်ပေးနိုင်ရေး၊ Overseas Workers Identification Card အား လက်ရှိစက္ကူကတ်မှစမတ်ကတ်အဖြစ် ထုတ်ပေးနိုင်ရေး၊ယာယီနိုင်ငံကူးလက်မှတ်ရရှိပြီးသော အလုပ်သမားများ၏ မိသားစုဝင်များအားမည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးနိုင်ရေးနိုင်ငံသားစိစစ်အတည်ပြုမှုလုပ်ငန်းစဉ်အား အိုင်တီနည်းပညာအသုံးပြုနိုင်ရေးတို့ကိုဆွေးနွေးခဲ့ကြောင်းသိရသည်။

၂၀၁၁ ခုနှစ်တွင် လူကုန်ကူးခံရသူ ၁၇၅ ဦးရှိခဲ့ကာ အမျိုးသမီးလူကုန်ကူးခံရသူ ၉၁ ဦးနှင့် အမျိုးသား ၆၂ ဦး၊ ကလေးလူကုန်ကူးမှု ၂၂ မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012



# မန္တလေးမြို့မှ သတင်း ၇ ပုဒ်

■ **မတ်လ(၃)ရက်**

ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်းတည်ရှိသည့် နန်းမြို့ဟောင်းဖြစ်သော အမရပူရမြို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန လက်အောက်မှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်သို့ လွှဲပြောင်းခဲ့သည်။



*အစာအဆိပ်သင့်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသော ကလေးငယ်ကို ဆေးကုသနေစဉ်*

■ **မတ်လ(၁၅)ရက်**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဂိုးပရောဂျက်စီမံကိန်းအရမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတည်ဆောက်သည့် Myanmar Football Academy အဆောက်အအုံကိုကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာဂျိုးဇက်အက်စ်ဘလက္တာ လာရောက်ဖွင့်လှစ်ပေးခဲ့သည်။

■ **ဇွန်လ (၂၄)ရက်**

နံနက်၁၁နာရီ၅၀မိနစ်တွင်အထက်မြန်မာနိုင်ငံ၏မြို့တော်မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ချမ်းအေးသာ စံအလယ်ရပ်၊ ၈၄လမ်းနှင့် ၂၇× ၂၈ လမ်းကြား၊ ဈေးချိုတိုက်တန်းရှေ့တွင်ရပ်ထားသော လိုင်စင်မဲ့ SURF အပြာရောင်ကားအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ကားတစ်စီးလုံးရစရာမရှိအောင်ပျက်စီးသွားပြီး ကားအနီးရှိ လူ ၃ ဦး ဒဏ်ရာရရှိခဲ့သည်။

■ **ဩဂုတ်(၅)ရက်**

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်တွင် မီးလောင်ကျွမ်းခဲ့သည့် ရတနာပုံဈေးကြီးနေရာတွင် ရတနာပုံဈေးအသစ်နှင့် ဒိုင်းမွန်းပလာဇာတို့ကိုတည်ဆောက်ခဲ့သည့်အနက် သုံးနှစ်နှင့် ခြောက်လခန့်အကြာတွင် ဒိုင်းမွန်းပလာဇာကို soft opening အဖြစ် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ရတနာပုံစူပါစင်တာတွင် မြေအောက်ထပ်နှင့်မြေညီထပ်တွင်ဈေးရောင်းချနေသော်လည်း စင်တာတစ်ခုလုံး မဖွင့်လှစ်နိုင်သေးပေ။

■ **အောက်တိုဘာလ (၇)ရက်**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပွဲတော်တိုက်နယ် ကျန်တန်းရပ်တွင်အလှူမှကျွေးသော အစားအစာများကိုစားကာ လူရာဂဏန်းကျော်အစာအဆိပ်သင့်ခဲ့သည်။ ဖြစ်ပွားပြီး(၁၀)ရက် ကျော်အကြာတွင် အစာအဆိပ်သင့်အကြောင်းရင်းဖြစ်သည့် staphyloco-ccusaures ရောဂါပိုးကြောင့်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

■ **အောက်တိုဘာ( ၁၁)ရက်**

လွတ်ငြိမ်းချမ်းသာခွင့်အရ မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၄၀၈ ဦး လွတ်မြောက်ရာတွင် ယုံကြည်မှုကြောင့် အကျဉ်းကျခံရသူ ၄၆ ဦးပါဝင်ပြီး ယင်း(၄၆)ဦးထဲတွင် ၁၉၈၈(ရှစ်လေးလုံး) အရေးအခင်းကမြင်းခြံသပိတ်ဥက္ကဋ္ဌ ဘုန်းကြီးဦးသုန္ဒရ(လက်ရှိဦးသန်း အောင်)လည်းပါဝင်ပြီး ထောင်ကျသက်တမ်း ၂၂ နှစ်ကျော် ကျခံခဲ့ရသည်။

■ **နိုဝင်ဘာ(၁၃)ရက်**

ရန်ကုန်မှ နိုဝင်ဘာ(၁၂) ရက်ည ၉ နာရီအချိန်တွင် ထွက်ခွာလာသည့် ရန်ကုန်- မန္တလေးနယူးမန္တလာထွန်း ခရီးသည်တင် ယာဉ်တစ်စီးသည်အမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာရာ တံတားဦးတိုးဂိတ်အနီး မိုင်တိုင်(၃၃၅)တွင် နိုဝင်ဘာ(၁၃)ရက် နံနက် ၄ နာရီခွဲတွင်တိမ်းမှောက်ခဲ့သည်။ သေဆုံးသူ(၉)ဦး ရှိခဲ့သည်။

## အချုပ်ပို (O) ၂၀၁၁ ကျန်းမာရေး မှ

ရန်ကုန်မြို့ရှိ သတ္တုတွင်း ဝန်ကြီးဌာနပိုင် အဆောက်အဦတစ်ခုအား ကုတင် ၅၅၀ဆံ့ကလေးဆေးရုံအဖြစ် ပြုပြင် ပြောင်းလဲခြင်းအား မက်စ်မြန်မာကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လှူဒါန်းခဲ့သကဲ့သို့ မန္တလေးမြို့တွင်လည်း ဒေဝ်အုပ်စုမှ ကုတင် ၅၅၀ ဆံ့ ကလေးဆေးရုံ တစ်ရုံလှူဒါန်းခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် ယခုနှစ်အတွင်း အောင်မြင်မှုများအနေဖြင့် တစ်လတည်းတွင် ရင်ချင်းဆက်အမြွှာ နှစ်တွဲအား ခွဲစိတ်ပေးနိုင်ခဲ့မှုသည် ဆေးပညာသမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရင်ချင်းဆက်အမြွှာ များဖြစ်သည့် အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်၊ ရန်ကင်းနှင့် ရန်ရှင်းအတွဲတို့အား ရက်ခြားပြီး ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးထူးဟန်ဦးဆောင်သော အဖွဲ့က အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ပြီး ထိုခွဲစိတ်မှုအတွက် နိုင်ငံတော်နှင့် ကလေးဆေးရုံတို့မှ ငွေကျပ်သိန်းပေါင်း ၃၅၀ ခန့် အကုန်အကျခံခဲ့သည်။

ထို့နောက်တွင် ခုခံအားကျဆင်းမှု ရောဂါခံစားနေရသူများအား အခမဲ့ဆေးဝါးစောင့်ရှောက်မှုပေးနေသည့် ဝေဘာဂီဆေးရုံအစား မဂ်လာဒုံမြို့နယ်နှင့် သာကေတမြို့နယ်များတွင် ဆေးကုသမှုခံယူနိုင်ရန် ဆေးရုံနှစ်ရုံကို ၂၀၁၁ နှစ်စတွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး နှစ်ကုန်ဒီဇင်ဘာအရောက်တွင်ထိုကူးစက်ရောဂါများအတွက် အဓိကထောက်ပံ့ပေးသည့် Global Fund မှ အလှူငွေလျှော့ထားမှု ယာယီရပ်ဆိုင်းလိုက်သည့် သတင်းအား တစ်ကမ္ဘာလုံးသို့ ကြေညာလိုက်ခြင်း သည့် အခါ အဆိုပါ လုပ်ငန်းများလုပ်ဆောင်နေသူများအတွက် အခက်အခဲတစ်ရပ်ဖြစ်သွားစေခဲ့သည်။

ထိုအဖွဲ့မှရရှိသော အလှူငွေများဖြင့် အဓိကရောဂါကြီး သုံးမျိုးအားကုသရန် အသုံးပြုခြင်းဖြစ်ပြီး ရန်ပုံငွေပေးခြင်းရပ်ဆိုင်းခဲ့ပါက လက်ရှိဆေးဝါးရယူနေသူများအား ရပ်ဆိုင်းရန်မဖြစ်နိုင်သောကြောင့် ပြင်ပအလှူရှင်များအား အားကိုးမည့် အစားပြည်တွင်းမှ အလှူရှင်များ စိတ်ဝင်စားလာစေရန် အရေးကြီးကြောင်း အဆိုပါလုပ်ငန်းဆောင်ရွက်နေသူများက ပြောကြားခဲ့သည်။

နှစ်ကုန်ပိုင်းတွင် ကျန်းမာရေးကဏ္ဍအတွက် ထူးခြားမှုမှာ ပထမဆုံးအကြိမ်အဖြစ်ပြည်တွင်းတွင် အနောက်တိုင်း ဆေးဝါးများထုတ်လုပ်နိုင်ရန် ခွင့်ပြုတော့မည့်သတင်းဖြစ်သည်။ ၂၀၁၂ အစပိုင်းတွင် ပြည်တွင်းကုမ္ပဏီများအား ဆေးဝါးထုတ်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာ့ရင်းနှီးမြုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထိုကဲ့သို့ထုတ်လုပ်ခွင့်ရရှိပါက ဆေးဝါးကုသမှု ကုန်ကျစရိတ်သုံးပုံတစ်ပုံလျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလာပြီး ထုတ်လုပ်သူများလာပါက နောက်နှစ်များတွင် ဆေးဝါးများအား ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပညာရှင်များ သုံးသပ်ပြောကြားခဲ့သည်။

# ရွှေရောင်းကောင်းသော နှစ်

သိမ့်သိမ့်စိုး

၂၀၁၁ တွင် ပြည်တွင်းရွှေဝယ်လိုအားမှာ နှစ်စဉ်ထက် တစ်ဆကျော်ထိမြင့်တက်လာသော နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ထို့ကြောင့် ရွှေဆိုင်များ၏ ရောင်းအားကောင်းခဲ့သော နှစ်ဟု ရွှေလုပ်ငန်းရှင်များကသုံးသပ်ပြောသည်။ ယခုနှစ်တွင် ရွှေလုပ်ငန်းများတွင် ဈေးနှုန်းနှင့် အရောင်းအဝယ်များသာမက ရွှေတူးဖော်ရေးလုပ်ငန်းများမှ မူဝါဒ အချို့ပြောင်းလဲမှုလုပ်ခဲ့သည်။

ရွှေဈေးနှုန်း အတက်အကျကြမ်းသော နှစ်တစ်နှစ်ဖြစ်ခြင်းကြောင့်လည်း ယခင်နှစ်များနှင့် မတူဘဲ ရွှေရောင်းအားများခဲ့ခြင်းဖြစ်သည်ဟု မန္တလေးဈေးကွက်ရွှေကုန်သည်တစ်ဦးကပြောသည်။

သို့သော် တစ်ကျပ်သားလျှင် ကျပ် ၇၀၀,၀၀၀ ကျော်နှင့် အထက်၌ရှိခဲ့သော ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊စက်တင်ဘာ၊အောက်တိုဘာလများတွင်မူရွှေအရောင်းအဝယ်အေးခဲ့သည်။

ရွှေတူးဖော်ရေးလုပ်ငန်းများတွင် ယခင်နှစ်များကထုတ်လုပ်မှုအပေါ်တွင် အချိုးကျ ခွဲဝေစနစ်ဖြစ်သောတူးဖော်ရရှိသည့်အပေါ်၌ ၃၅ ရာခိုင်နှုန်းကို နိုင်ငံတော်အားပေးသွင်းရပြီး ကျန် ၆၅ ရာခိုင်နှုန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ရယူသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ယခင်တစ်လလျှင် ရွှေနှစ်ကျပ်သားနိုင်ငံတော်သို့ ပေးသွင်းသည့် စနစ်ကို ကျင့်သုံးခဲ့သည်။

ယခု ၂၀၁၁ခုနှစ်တွင် တူးဖော်သည့် ရွှေကို တစ်လချင်းပေးသွင်းသည့်စနစ်ကို ကျင့်သုံးခြင်းမျိုးမဟုတ်တော့ဘဲ လုပ်ကွက်အတွက် စာချုပ်ချုပ်ဆိုချိန်မှစ၍ တစ်လလျှင် နှစ်ကျပ်သားနှုန်းဖြင့် တစ်နှစ်စာအတွက် ၂၄ကျပ်သားကြိုတင်ပေးသွင်းသည့်စနစ်ကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

"ပုံမှန်ဆိုတစ်နှစ်ကို တစ်ခါလောက်ပဲ ရောင်းအားကောင်းတာများတယ်။ ဒီနှစ် သိသိသာသာပြောင်းလဲတာက အနည်းဆုံးနှစ်ကြိမ်ဖြစ်ခဲ့တယ်" ဟု အောင်သမာဓိရွှေဆိုင်မှ ဆိုင်အရောင်းတာဝန်ခံက ပြောသည်။

စီးပွားရေးလောကအတွင်း အပြောင်းအလဲများက ရွှေဈေးကွက်ကို ရောင်းအားကောင်းစေခဲ့သည်ဟု ၎င်းတို့ကဆိုသည်။ စီးပွားရေးလုပ်ငန်းရှင် အများစုဝင်ရောက်လုပ်ကိုင်လေ့ရှိသော ကား တင်သွင်းမှု မူဝါဒပြောင်းလဲလိုက်ခြင်းကလည်း ရွှေဈေးကွက်ကို အချိန်ကာလတစ်ခုထိဈေးနှုန်းနှင့် အရောင်းအဝယ်များပြောင်းလဲစေခဲ့သည်။ ထို့အပြင် အိမ်ခြံမြေဈေးနှုန်းများ အတက်အကျများစွာ ဖြစ်ပေါ်ခဲ့ခြင်းကလည်း ရွှေဈေးကွက်၏ ဝယ်လိုအားကို လှုပ်ခတ်စေခဲ့သည်။

သို့သော် အပိုင်းဈေးကွက် အရောင်းအဝယ်တွင် ယခု ၂၀၁၁ ခုနှစ်သည် အရောင်းအဝယ်နည်းသော နှစ်ဟုလည်း ပြောနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

"အဓိကရောင်းအားကောင်းတဲ့ အချိန်က ဆန်တို့၊ ပဲတို့ ပေါ်တဲ့အချိန်တွေ ကောင်းတာ။ ဒီနှစ်က ဆန်တွေ ပဲတွေပေါ်တဲ့အချိန်တွေမှာ ရွှေဈေးမကောင်းတော့ ဒီနှစ်က ရောင်းအားနည်းတယ် ပြောလို့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထို့ပြင် ယခုနှစ်မှာ ဈေးကွက်ကို စောင့်ကြည့်နေခဲ့သောကာလဖြစ်နေခြင်းကလည်း ဈေးကွက်ရောင်းအားကို နည်းစေခဲ့ကြောင်း ယင်းက ဆက်လက်ပြောသည်။ ယခုနှစ်၏ ရွှေဆိုင်ဈေးကွက် ရောင်းအားကို ပထမအကြိမ်မြင့်တက်စေခဲ့သော ကာလမှာ အခေါက်ရွှေဈေးနှုန်းတစ်ကျပ်သား၏ ဈေးနှုန်းကျပ် ၇၀၀,၀၀၀ ကျော် စတင်ရောက်ရှိခဲ့သော ဩဂုတ်လကုန်ပိုင်းက ဖြစ်ခဲ့သည်။ "ဈေးတက်တဲ့ အချိန်ဆိုရောင်းအားတက်လေ့ရှိတယ်။ ဒီအချိန်ကလည်း ရောင်းအားကောင်းတဲ့အချိန်ဖြစ်ခဲ့တယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ပြည်တွင်းရွှေဈေးကွက်၏ အမြင့်ဆုံးဈေးကို စက်တင်ဘာ ၂၀ရက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၀,၀၀၀ ကျပ်ဖြင့်ရွှေသက်တမ်းတစ်လျှောက်လုံး၏ အမြင့်ဆုံးဈေးကိုစံချိန်သစ်တင်ခဲ့သည်။ ယင်းနေ့၌ ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁၉၂၀ ဒေါ်လာဝန်းကျင်ထိ မြင့်တက်သွားသည်။

ထိုအချိန်တွင် ရွှေဈေးနှုန်းများသည် တစ်ရက်အတွင်း၌ပင် ကျပ် ၁၅,၀၀၀ ကျော် ၂၀,၀၀၀နီးပါးထိ ဈေးနှုန်းအတက်အကျများဖြစ်ပေါ်ခဲ့သည်။ ယင်းကာလက ရွှေဈေးကွက်တွင် အပိုင်းအဓိကရောင်းဝယ်မှုပြုလုပ်သည့် နေရာဖြစ်သော ရန်ကုန်တိုင်းဒေသကြီး ရွှေ လုပ်ငန်းရှင်များအသင်း၌ အရောင်းအဝယ်ပြုလုပ်မှုများသောကာလတစ်ခုဖြစ်ခဲ့သည်။ ထိုကဲ့သို့သော ဈေးကွက် အနေအထားများက ငွေကြေးအရှုပ် အရှင်းများ ဖြစ်စေနိုင်သောကြောင့် ၎င်းကာလတွင် ဈေးနှုန်းမကစားရန်နှင့် လေပတ်ကား (လေရောင်း လေဝယ်)မလုပ်ရန် သက်ဆိုင်ရာက ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းသို့ လာရောက်သတိပေးခဲ့သေးကြောင်း အသင်းအတွင်းရေးမှူးဦးဝင်းမြင့်က ပြောသည်။

၎င်းစံချိန်တင်ဈေးမှ တအိအိဖြင့်ဈေးပြန်ကျလာပြီးအခေါက်ရွှေဈေး ၇၂၀,၀၀၀ ကျပ်ဝန်းကျင်တွင် ကျပ် ၁၀,၀၀၀ကျော်အတက်အကျဖြစ်နေချိန်သည် ယခုနှစ်၏ ဈေးကွက်ရောင်းအားအေးခဲ့သော ကာလတစ်ခုလည်းဖြစ်ခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်အချို့က ပြောသည်။ သို့သော် ထိုကာလမှလွန်လာပြီး ၇၀၀,၀၀၀ ကျပ်အောက် ပြန်ကျချိန် ဒီဇင်ဘာလဆန်းပိုင်းသည် ဈေးကွက်၏ ရွှေဝယ်လိုအားကို ဒုတိယအကြိမ်မြင့်တက်ခဲ့သည်။ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုနှစ်တွင် သုံးလအတွင်း၌ ကျပ် ၁၀၀,၀၀၀ ကျော်ထိ အတက်အကျ ဖြစ်စေခဲ့သော နှစ်ဖြစ်သည်။

ရွှေသက်တမ်းတစ်လျှောက်တွင် ယခုကဲ့သို့ သုံးလအတွင်း ကျပ်သိန်းဂဏန်းချီ၍ အတက်အကျဖြစ်ခဲ့ခြင်းမရှိခဲ့ဖူးကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးက ၎င်း၏အတွေ့အကြုံကိုရှင်းပြသည်။ယခုနှစ်တွင် ရွှေလုပ်ငန်းများတွင် ဈေးနှုန်းနှင့် အရောင်းအဝယ်များသာမက ရွှေတူးဖော်ရေးလုပ်ငန်းများမှ မူဝါဒအချို့လည်း ပြောင်းလဲမှု လုပ်ခဲ့သည်။ ယခင်က ရွှေတူးဖော်ရာတွင် သတ်မှတ်နှုန်းထားသာ နိုင်ငံတော်သို့ပေးဆောင်ရသော်လည်း ခုနှစ်တွင် ရွှေတူးဖော်လုပ်ငန်းလုပ်ဆောင်ပါက ရွှေ၅ ပိဿာကိုပါ ထပ်မံပေးသွင်းစေခဲ့သည်။

ယခုနှစ် ရွှေဈေးကွက်သည် ကမ္ဘာ့ရွှေဈေးနှုန်း အတက်အကျနှင့် ဒေါ်လာ ဈေးများအပြင် ဈေးကွက်ဝယ်လိုအားပေါ်မူတည်၍လည်း ဈေးနှုန်း ဖြစ်ပေါ်ခဲ့ရသည်။

ရွှေသက်တမ်းတစ်လျှောက် ဈေးမြင့်လာခဲ့သော ရွှေဈေးကွက်သည် ၂၀၁၁ ခုနှစ်တွင်လည်း ကမ္ဘာ့ရွှေဈေးနှုန်း နှင့် ပြည်တွင်းရွှေဈေးနှုန်းမှာ စံချိန်တင်ဈေးများကို ထပ်မံရောက်ရှိစေခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012

# ၂၀၁၁ အတွက် တစ်နှစ်တာ လူသားဆုရ “ဆန္ဒပြသူ” The Protester (သို့မဟုတ်) ကမ္ဘာတစ်ဝန်းမှ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့သူများ






Photo - The Enterprise

ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီးဟာ ၎င်းတို့ နှစ်စဉ်ပေးအပ်နေကျ တစ်နှစ်တာလူသားဆုကို ယခုနှစ်မှာတော့ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်တည်း ဦးတည်ချီးမြှင့်တာမဟုတ်ဘဲ အများကိုရည်ရွယ်ပြီး ပေးတဲ့အနေနဲ့ ဆီးရီးယား၊ တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ ယီမင်၊ ဘာရိန်း စတဲ့ အာရပ်ကမ္ဘာကနိုင်ငံများမှာ ပေါ်ပေါက်ခဲ့တဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုများမှာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့သူများ၊ အမေရိကန် ဝေါလ်စထရိလမ်းမှာ ပြုလုပ်ခဲ့တဲ့ ဝေါလ်စထရိနေရာယူရေး(Occupy Wallstreet) လှုပ်ရှားဆန္ဒပြသူများ၊ ပြီးတော့ အိန္ဒိယမှာ အကျင့်ပျက်ခြစားမှုများ ပပျောက်ရေး တစ်ကိုယ်တော်အစာငတ်ခံဆန္ဒပြခဲ့တဲ့ တက်ကြွလှုပ်ရှားသူ အန်နာဟာဇားအပါအဝင် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြသခဲ့တဲ့ ပြည်သူတွေကိုရည်ရွယ်ပြီး ‘ဆန္ဒပြသူ’ လို့ သတ်မှတ်ကာ ဆုပေးအပ်ခဲ့ပါတယ်။ ဒါဟာ ယခင် ၂၀၀၂ နဲ့ ၂၀၀၆ နှစ်တွေတုန်းက ‘အတွင်းရေးဖွင့်ချသူများ’(The Whistleblowers) နဲ့ အင်တာနက်ကမ္ဘာကြီးမှာ အင်တာနက်အသုံးပြုသူပြည်သူအားလုံးကို ရည်စူးပြီးပေးတဲ့ စာဖတ်သူ ‘သင်’ လို့ ပေးအပ်ခဲ့ပုံတွေကို သတိရစရာဖြစ်ပါတယ်။

ယခုနှစ်အတွက် တိုင်းမ်မဂ္ဂဇင်းက ‘ဆန္ဒပြသူများ’(The Protester) ကိုတစ်နှစ်တာလူသားဘွဲ့ ပေးအပ်ခဲ့ပြီး ဆန်ခါတင်စာရင်းဝင် ဒုတိယ Runner-up များအဖြစ်တော့ အိုစမာဘင်လာဒင်ကို ဖမ်းဆီးခဲ့တဲ့ စစ်ဆင်ရေးကိုဦးဆောင်ခဲ့သူ ရေတပ်ဗိုလ်ချုပ် ဝီလီယံမက်ရေဗန်၊ တရုတ်အစိုးရနဲ့သဘောထားကွဲလွဲသူ၊ အနုပညာရှင်၊ တက်ကြွလှုပ်ရှားသူ အိုင်ဝေဝေနဲ့ ရီပက်ဘလေကန်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ၊ အောက်လွှတ်တော် ဘတ်ဂျက်ကော်မတီဥက္ကဋ္ဌ ပေါလ်ရိုင်ယန်နဲ့ ဗြိတိန်တော်ဝင်မင်းသား ဝီလီယံနဲ့လက်ထပ်ခဲ့တဲ့ ကိတ်မစ်ဒယ်တန်တို့ပါဝင်ခဲ့ပါတယ်။

**၂၀၁၁ ၏ တစ်နှစ်တာလူသားဆုကို ‘ဆန္ဒပြသူ’(The Protester) အားပေးအပ်ရခြင်းနှင့်ပတ်သက်၍ တိုင်းမ်မဂ္ဂဇင်း၏မှတ်ချက်မှ ကောက်နုတ်ချက်**

သမိုင်းဆိုသည်မှာ မကြာခဏဆိုသလိုပင် နောက်ကြောင်းပြန်ကြည့်မှသာ ပေါ်ပေါက်လာလေ့ရှိပါတယ်။ အဖြစ်အပျက်များကိုလည်းပြန်ကြည့်မိမှသာ ယင်းတို့သည် ထူးခြားအရေးပါလာကြသည်။ တူနီးရှားမှ သစ်သီးရောင်းသည့် ဈေးသည်တစ်ဦးက နိုင်ငံတွင်းရှိ ပြည်သူ့ရင်ပြင်တစ်ခုတွင် ကိုယ့်ကိုယ်ကိုယ် မီးရှို့သတ်သေကာ ဆန္ဒပြခဲ့ခြင်းသည် တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်နှင့် ဘာရိန်းတို့၌ အာဏာရှင်အစိုးရများကို ဖြုတ်ချနိုင်မည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများပေါ်ပေါက်စေခဲ့မည်ဟု မည်သူမျှတွေးမထင်ခဲ့ကြဖူးပါ။ သဘောထားကွဲလွဲမှု၏ ဝိညာဉ်သည် မက္ကဆီကန်လူမျိုးများအား မူးယစ်ရာဇာများ၏ အကြမ်းဖက်မှုကို ဆန့်ကျင်ရန်၊ ဂရိတွင် တိုင်းပြည်အတွက် တာဝန်ခံမှုမရှိသော ခေါင်းဆောင်များကို ဆန့်ကျင်ဆန္ဒပြရန်၊ အမေရိကန်တွင် ပြည်သူများအား ဝင်ငွေမညီမျှမှုအတွက် ဝေါလ်စထရိသိမ်းပိုက်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ရန်၊ ရုရှားသားများအား ခြစားသည့်အာဏာပိုင်များကို ဆန့်ကျင်ကန့်ကွက်ရန် နှိုးဆော်ခဲ့ပါတယ်။

ဒီမိုကရေစီ(Democracy) ၏ စာလုံးရင်းမြစ်မှာ Demos ဖြစ်၍ ပြည်သူများ The People ဟု အနက်ရရာ ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အုပ်ချုပ်မှု (The People Rule)ပင်ဖြစ်ပါတယ်။ ယခုနှစ်အတွင်း ကမ္ဘာ့နေရာအနှံ့တွင် ပြည်သူများသည် အစဉ်အလာခေါင်းဆောင်မှုများနှင့် တာဝန်မဲ့အဖွဲ့အစည်းများ၏ ပျက်ကွက်မှုများကို စောဒကတက်ဝေဖန်ခဲ့ကြတယ်။ နိုင်ငံရေးသမားများဆိုသည်မှာ နောင်လာမည့် ရွေးကောက်ပွဲကိုကျော်လွန်၍ မကြည့်တတ်နိုင်ကြပါ။ ၎င်းတို့သည် ခက်ခဲသောရွေးချယ်မှုများပြုလုပ်ရန်လည်း ငြင်းဆန်ခဲ့ကြပါတယ်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုနှစ်တွင် တစ်နှစ်တာလူသားအဖြစ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းကို မရွေးချယ်ခြင်းဖြစ်ပါတယ်။ ခေါင်းဆောင်မှုသည် ပိရမစ်အောက်ခြေမှလာ၍ အပေါ်မှလာခြင်းမဟုတ်ပါ။ ထို့ကြောင့် မနားတမ်းရှိနေသည့်(ဒီမိုကရေစီ) ကတိစကားအပေါ် ကမ္ဘာလုံးဆိုင်ရာအမြင်ကို ဆုပ်ကိုင်ဖော်ပြနိုင်ရန်အတွက် အစဉ်အလာ သမားရိုးကျအသိဉာဏ်နှင့် အစိုးရများကို ပြောင်းပြန်ဇောက်ထိုးဖြစ်စေခဲ့ခြင်းအတွက် အအိုမင်းဆုံးနည်းစနစ်များကို အသစ်လွင်ဆုံးနည်းပညာများနှင့်ပေါင်းစပ်ကာ လူ့ဂုဏ်သိက္ခာကို အလင်းရောင်ပေးခဲ့ခြင်းအတွက်နှင့် နောက်ဆုံး၌ ကမ္ဘာကြီးအား ၂၁ ရာစုဆီသွားရာလမ်းတွင် တစ်ခါတစ်ရံပိုအန္တရာယ်ကြီးမားနိုင်သော်လည်း ပိုမို၍ ဒီမိုကရေစီဆန်သောလမ်းကြောင်းသို့ ပဲ့ကိုင်ပေးခဲ့မှုများအတွက် တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၁ တစ်နှစ်တာ လူသား(2011 Person of the Year)မှာ ဆန္ဒပြသူ (သို့မဟုတ်) ဆန္ဒပြသူများ (The Protester)ဖြစ်လာခဲ့ပါတယ်။

**ရစ်ချတ်စတင်ဂယ်လ်။**
**မန်နေဂျင်းအယ်ဒီတာ၊တိုင်းမ်။**
*—Ref: Time*







## မြစ်ဆုံ၊ ရောဝတီနှင့် ၂၀၁၁

**အေးမြကျော်**

ကုန်လွန်ခဲ့သော ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ဇာတ်လိုက်ဖြစ်ခဲ့သည်မှာ မြစ်ဆုံဖြစ်သည်။ ရောဝတီမြစ်ဖျားပိုင်း၊ မေခ၊မလိခဆုံရာ နေရာတွင် တည်ဆောက်သွားမည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ မြစ်ဆုံစီမံကိန်းကို အစိုးရသက်တမ်းအတွင်း တည်ဆောက်သွားခြင်းမပြုရန် သမ္မတဦးသိန်းစိန်က စက်တင်ဘာ ၃၀ ရက်တွင် စာထုတ်ပြန်ကာ အသိပေးခဲ့ခြင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နှစ်တစ်နှစ်လုံးတွင် မင်္ဂလာရှိသောနေ့ဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်းတွင် ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းသည်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် အလေးပြုစရာ အကြောင်းအရပ်တစ်ခုဖြစ်ခဲ့ပြီး စီမံကိန်းတွင်ပါဝင်သည့် စက်ရုံအလုပ်ရုံများအနေနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှုနည်းသမျှ နည်းအောင်လုပ်ဆောင်သွားရန် အစဉ်တစ်စိုက် တိုက်တွန်းလျက်ရှိကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ရန်ရည်ရွယ်ကာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် သစ်တောရေးရာဝန်ကြီးဌာနကိုပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟု သမ္မတကအမိန့်ကြော်ငြာစာထုတ်ပြန်ကာ အမည်နာမပြောင်းလဲခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း အပြီးသတ် ထုတ်ပြန်နိုင်လိမ့်မည်ဟု ခန့်မှန်းထားခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမှာ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိဘဲ ၂၀၁၂ ခုနှစ်တွင်မှသာ ထွက်ရှိလာလိမ့်မည်ဟု မျှော်လင့်ရသည်။

အချုပ်အားဖြင့် ဆိုရသော် ၂၀၁၁ခုနှစ်တွင် မြစ်ဆုံကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပြည်သူလူထု ပိုမိုနိုးကြားကာ ပါဝင်လှုပ်ရှားလာသော နှစ်တစ်နှစ်ဟု ဆိုရပေလိမ့်မည်။

7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012



# ၂၀၁၁ ခုနှစ် နိုင်ငံတကာ အမှတ်တရနေ့စွဲများ


Photo - AP

**ဇန်နဝါရီ**

**ဇန်နဝါရီ ၁** - အက်စ်တိုးနီးယားနိုင်ငံသည် ယူရိုငွေကြေးကို တရားဝင်စတင်လက်ခံသုံးစွဲပြီး ယူရိုငွေကြေးသုံးစွဲသည့် ယူရိုဇုန်၏ ၁၇ နိုင်ငံမြောက်အဖွဲ့ဝင်ဖြစ်လာ။

**ဇန်နဝါရီ ၁၁** - ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးပြည်နယ်တွင် ရေကြီး၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၉၀၃ ဦး သေဆုံး။

**ဇန်နဝါရီ ၁၄** - တူနီးရှားသမ္မတ ဇိုင်အယ်လ်အဘီဒင်းအလီ ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ ထွက်ပြေးသွား၍ တူနီးရှားအစိုးရပြိုကွဲ။

**ဇန်နဝါရီ ၂၄** - ရုရှားနိုင်ငံ မော်စကိုမြို့ ဒိုမိုဒီဒိုဗိုနိုင်ငံတကာလေဆိပ်တွင် ဗုံးကွဲပြီး လူပေါင်း ၃၇ ဦးသေဆုံး၊ ၁၈၀ ဒဏ်ရာရ။

**ဖေဖော်ဝါရီ**

**ဖေဖော်ဝါရီ ၁၁** - ရာထူးမှ နုတ်ထွက်ရန် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အီဂျစ်သမ္မတဟိုစနီမူဘာရက် နုတ်ထွက်။ နိုင်ငံအား စစ်ဘက်ကောင်စီက ထိန်းချုပ်။

**မတ်**

**မတ် ၁၁** - ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ပြင်းအား ၉ မဂ္ဂနီကျုဒ်ရှိ မြေငလျင်လှုပ်ခတ်။ နောက်ဆက်တွဲ ဆူနာမီလှိုင်းများကြောင့် လူပေါင်း ၁၅,၈၄၀ဦးသေဆုံးပြီး ၃,၉၂၆ ဦးပျောက်ဆုံး၊ နျူကလီးယား ဓာတ်ပေါင်းဖိုလေးလုံးတွင်လည်း အရေးပေါ်အခြေအနေကြေညာ။

**မတ် ၁၅** - ဘာရိန်းဘုရင်က နိုင်ငံတွင် သုံးလအရေးပေါ်အခြေအနေကြေညာ။ လူထုမငြိမ်သက်မှုကိုထိန်းချုပ်ရန် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးတပ်ဖွဲ့ဝင်များ ဘာရိန်းနိုင်ငံသို့ရောက်ရှိလာ။

**မတ် ၁၇** - အရပ်သားများအပေါ် လစ်ဗျားအစိုးရက ပြင်းပြင်းထန်ထန်နှိမ်နင်းနေကြောင်း စွပ်စွဲချက်များကိုတုံ့ပြန်၍ လစ်ဗျားနိုင်ငံအပေါ် လေယာဉ်မပျံသန်းရဇုန်အကောင်အထည်ဖော်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၀-၀ မဲဖြင့် အတည်ပြု။

**မတ် ၁၉** - ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၉၇၃ အရလစ်ဗျားနိုင်ငံတွင်လေယာဉ်မပျံသန်းရဇုန် အကောင်အထည်ဖော်ရန် ပြင်သစ်တိုက်လေယာဉ်များ လစ်ဗျားနိုင်ငံပေါ် ပျံသန်း။

**ဧပြီ**

**ဧပြီ ၁၁** - အိုင်ဗရီကို့စ်နိုင်ငံတွင် ရွေးကောက်ခံသမ္မတ အလက်ဆန်အိုတာရာအား ထောက်ခံသူများနှင့် ပြင်သစ်တပ်ဖွဲ့ဝင်များက ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ရာထူးမှ ဆင်းပေးရန်ငြင်းဆန်ပြီးတိုက်ပွဲဝင်နေသည့်သမ္မတဟောင်း လောရင့်ဂါဘိုအား ဖမ်းဆီး၊ အိုင်ဗရီကို့စ်ပြည်တွင်းစစ်အဆုံးသတ်။

**ဧပြီ ၂၉** - မင်းသားဝီလီယံနှင့် ကက်သရင်းမစ်ဒယ်တန်တို့၏ မင်္ဂလာပွဲအား လန်ဒန်မြို့ဝက်မင်စတာဘုရားကျောင်းတွင် ကျင်းပ။

**မေ**

**မေ ၁** - အမေရိကန်သမ္မတ ဘားရက်အိုဘားမားက စစ်သွေးကြွအယ်လ်ကိုင်ဒါအဖွဲ့တည်ထောင်သူနှင့် ခေါင်းဆောင် အိုစမာဘင်လာဒင်အား ပါကစ္စတန်နိုင်ငံတွင် စစ်ဆင်ရေးပြုလုပ်၍ သတ်ဖြတ်နိုင်ခဲ့ကြောင်း ကြေညာ။

**မေ ၁၆** - ပေါ်တူဂီနိုင်ငံငွေကြေးအကျပ်အတည်းအားကယ်တင်ရန် ယူရို ၇၈ ဘီလီယံ ပေးအပ်ရေး ဥရောပသမဂ္ဂ သဘောတူ။

**မေ ၂၆** - လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် အလိုရှိနေသော ဘော့စနီးယား စစ်ဘက်တပ်မှူးဟောင်း ရက်ကိုမလာဒီအား ဆာဘီးယားနိုင်ငံတွင်ဖမ်းဆီးရမိ။

**ဇွန်**

**ဇွန် ၅** - သမ္မတနန်းတော်တွင် တိုက်ခိုက်ခံရပြီးနောက် ရရှိခဲ့သောဒဏ်ရာကိုကုသရန် ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေးဆော်ဒီအာရေးဗီးယားနိုင်ငံသို့ သွားရောက်။ ဒုတိယသမ္မတအယ်လ်ဟာဒီက နိုင်ငံအား ထိန်းချုပ်။

**ဇွန် ၁၂** - ဆီးရီးယားတပ်ဖွဲ့များဝိုင်းလာ၍ ဟမ်းဒေသမှ ဆီးရီးယား နိုင်ငံသား ထောင်ပေါင်းများစွာ တူရကီနိုင်ငံသို့ထွက်ပြေး။

**ဇူလိုင်**

**ဇူလိုင် ၉** - တောင်ဆူဒန်ဒေသသည် ဆူဒန်နိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေးကြေညာ။

**ဇူလိုင် ၂၀** - ကုလသမဂ္ဂက ဆိုမာလီယာနိုင်ငံ တောင်ပိုင်းတွင် ငတ်မွတ်ခေါင်းပါးမှုကြေညာ။ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံး အကြိမ်ကြေညာခြင်းဖြစ်။

**ဇူလိုင် ၂၁** - အမေရိကန် အာကာသလွန်းပျံယာဉ် အတ္တလန်တစ် ကနေဒီအာကာသစင်တာတွင် အောင်မြင်စွာသက်ဆင်း။ နာဆာ၏ အာကာသလွန်းပျံယာဉ်အစီအစဉ်ပြီးဆုံး။

**ဇူလိုင် ၂၂** - နော်ဝေးနိုင်ငံ အော်စလိုမြို့တွင် အစိုးရရပ်ကွက်ဗုံးခွဲမှုနှင့်အနီးအနားရှိယူတိုးယားကျွန်းတွင် လက်ယာယိမ်းဝါဒရှူးသွပ်နေသူတစ်ဦး သေနတ်နှင့်ပစ်ခတ်မှုကြောင့် လူ ၇၆ ဦးသေဆုံး။

**ဇူလိုင် ၃၁** - ဆီးရီးယားနိုင်ငံတွင် အစိုးရက အကြမ်းဖက်သူများအပေါ် အင်အားသုံးနှိမ်နင်းမှုကြောင့် လူပေါင်း ၁၅၀ကျော်သေဆုံးသည့် သတင်းများထွက်ပေါ်။

**ဩဂုတ်**

**ဩဂုတ် ၅** - အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိသော အထောက်အထားများကို အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ဓာတ်ပုံရိုက်ယူနိုင်ခဲ့ကြောင်းနာဆာကြေညာ။ ဂျူပီတာဂြိုဟ်လေ့လာရေးယာဉ် Juno အား နာဆာလွှတ်တင်၊ ပထမဆုံး နေစွမ်းအင်သုံး အာကာသယာဉ်ဖြစ်လာ။

**စက်တင်ဘာ**

**စက်တင်ဘာ ၅** - အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နှစ်ပေါင်း ၄၀ ကြာ နယ်စပ်အငြင်းပွားမှု အဆုံးသတ်သည့် သဘောတူညီချက် လက်မှတ်ထိုး။

**စက်တင်ဘာ ၁၂** - ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီတွင် ရေနံပိုက်လိုင်းပေါက်ကွဲမှုကြောင့် လူပေါင်း ၁၀၀ ခန့်သေဆုံး။

**အောက်တိုဘာ**

**အောက်တိုဘာ ၄** - ထိုင်းနိုင်ငံတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ၆၅၇ ဦးရှိ။ ရေကြီးရေလျှံမှုများသည် နိုင်ငံ၏ ခရိုင်ပေါင်း ၇၇ ခုအနက် ၅၈ ခုအား ထိခိုက်စေ။

- ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးတွင် ကားဗုံးပေါက်ကွဲ၍ လူပေါင်း ၁၀၀ ကျော်သေဆုံး။

- ကမ္ဘောဒီးယားနိုင်ငံတွင် မဲခေါင်မြစ် ရုတ်တရက် ရေကြီး၍ သေဆုံးသူ ၂၀၇ ဦးရှိလာ။

**အောက်တိုဘာ ၁၈** - အစ္စရေးတပ်သား ဂီလက် ရှာလစ်နှင့် ပါလက်စတိုင်း ဟားမားစ်အဖွဲ့ အကျဉ်းသား ၂၈၀ အားလဲလှယ်။

**အောက်တိုဘာ ၂၀** - လစ်ဗျား ခေါင်းဆောင် မွမ်မာကဒါဖီ ဆာတီမြို့တွင် ဖမ်းဆီးသတ်ဖြတ်ခံရ။ အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီက နိုင်ငံအား ထိန်းချုပ်။ လစ်ဗျားပြည်တွင်းစစ်ပြီးဆုံး။

**အောက်တိုဘာ ၂၃** - တူရကီနိုင်ငံအရှေ့ပိုင်း ဗန်မြို့တွင် ပြင်းအား ၇ ဒသမ ၂ ရှိ ငလျင်လှုပ်ခတ်၊ လူပေါင်း ၆၀၄ ဦး သေဆုံး၊ အဆောက်အအုံ ၂,၂၀၀ ပျက်စီး။

**အောက်တိုဘာ ၂၇** - ဥရောပသမဂ္ဂက ဘရပ်ဆဲလ်မြို့တွင် အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ ဂရိနိုင်ငံ၏ ချေးငွေ ၅၀ ရာခိုင်နှုန်းကိုပယ်ဖျက်ပေးရန်နှင့် ဥရောပဘဏ္ဍာရေးတည်ငြိမ်မှုရန်ပုံငွေအား ယူရိုတစ်ထရီလီယံအထိ တိုးမြှင့်ရန် သဘောတူ။

**အောက်တိုဘာ ၃၁** - ကမ္ဘာ့လူဦးရေ သန်း ၇,၀၀၀ ပြည့်ပြီဖြစ်ကြောင်း ကုလသမဂ္ဂကြေညာ။

- ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး(UNESCO)က ပါလက်စတိုင်းဒေသအား အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြု။

**နိုဝင်ဘာ**

**နိုဝင်ဘာ ၂၆** - အင်္ဂါဂြိုဟ်သိပ္ပံစမ်းသပ်လေ့လာယာဉ် Curiosity အား အမေရိကန်နိုင်ငံ ကနေဒီအာကာသစင်တာမှ လွှတ်တင်။ ၎င်းယာဉ်သည် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် အင်္ဂါဂြိုဟ်ပေါ်သို့ရောက်ရှိရန်ခန့်မှန်း။

**ဒီဇင်ဘာ**

**ဒီဇင်ဘာ ၁၅** - ဆယ်စုနှစ်ကြာမြင့်ခဲ့သော အီရတ်စစ်ပွဲပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်ကြေညာ။ အမေရိကန်တပ်ဖွဲ့ဝင်အားလုံး အီရတ်မှ အပြီးသတ်ရုပ်သိမ်း။

**ဒီဇင်ဘာ ၁၆** - ဖိလစ်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဝါရှီဝင်ရောက်ပြီးနောက် ရုတ်တရက်ရေကြီးမှုများဖြစ်ပေါ်လာခဲ့ပြီး လူပေါင်း ၁,၀၁၀ ဦးသေဆုံးကာ ၄၆ ဦး ပျောက်ဆုံးနေဟု တရားဝင်ထုတ်ပြန်။

**ဒီဇင်ဘာ ၁၉** - မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီလ်သည် စိတ်ပန်း၊ လူပန်း အလွန်အကျွံ အလုပ်လုပ်ရာမှ ဒီဇင်ဘာ ၁၇ ရက်တွင်မြို့တော်ပြုံယမ်းမှ ရထားဖြင့် ခရီးသွားလာစဉ်ကွယ်လွန်သွားကြောင်း မြောက်ကိုရီးယားနိုင်ငံတော်ရုပ်သံမှ ကြေညာ။

**ဒီဇင်ဘာ ၂၅** - နိုင်ဂျီးရီးယားနိုင်ငံ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူပေါင်း ၂၀ ကျော် သေဆုံး။ *—Ref: Internet*

## အချပ်ပို (T) - ၂၀၁၁ ကို အမှတ်ရစေသည့် အဖြစ်အပျက်များ မှ

### ၇ အာဖရိကဦးချိုမှ ငတ်မွတ်ခေါင်းပါးမှု

နှစ်ပေါင်း ၆၀ အတွင်း အဆိုးဝါးဆုံးမိုးခေါင်ရေရှားမှုနှင့် အတူ အစွန်းရောက်အစ္စလာမ်မစ်ဝါဒ၊ အားနည်းသော ဗဟိုအစိုးရနှင့် သူပုန်ထမှုအမျိုးမျိုး ကြုံတွေ့ချိန်တွင် ဆိုမာလီယာကို ဗဟိုပြုသည့် ငတ်မွတ်ခေါင်းပါးမှုမှာ ဒေသတွင်း နိုင်ငံများကိုပါ ရိုက်ခတ်ခဲ့သည်။ ဇူလိုင်လတွင် ကုလသမဂ္ဂက အာဖရိကဦးချိုဒေသချို့၌ ငတ်မွတ်ခေါင်းပါးမှုကြုံနေရပြီဟု ကြေညာလိုက်ချိန်တွင် လူပေါင်းများစွာ သေဆုံးခဲ့ပြီးဖြစ်သလို လူသန်းပေါင်းများစွာမှာ အငတ်ဘေးမှ လွတ်အောင်ထွက်ပြေးနေကြရပြီဖြစ်သည်။

### ၈ ပါလက်စတိုင်း အိပ်မက် ရွှေ့ဆိုင်းရခြင်း

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်အတွက် ထာဝရ အကျပ်ရိုက်စေခဲ့သော ပါလက်စတိုင်းနိုင်ငံထူထောင်ရေးကိစ္စကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင်များက ကုလသမဂ္ဂသို့ တိုက်ရိုက်တင်ပြဆွဲဆောင်သည်။ စက်တင်ဘာလ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်က စိတ်လှုပ်ရှားစရာ မိန့်ခွန်းပြောသည်။ သို့သော် အစည်းအဝေးမတိုင်မီနှင့် အစည်းအဝေးအပြီး အမေရိကန်နှင့် အစ္စရေးတို့၏ နောက်ကွယ်မှ လှုပ်ရှားမှုများရှိနေခဲ့ရာ ပါလက်စတိုင်းတို့၏ အပြည့်အဝအသိအမှတ်ပြုမှုရရှိရေးမှာ အိပ်မက်အတိုင်းသာ ဆက်လက်ကျန်ရှိနေသေးသည်။

### ၉ ယူတိုးယားအစုလိုက် အပြုံလိုက်သတ်ဖြတ်မှု

ရူးသွပ်သော လူသားတစ်ဦးက လူသားတို့တီထွင်သော တစ်ပိုင်တစ်နိုင်သမားရိုးကျ လက်နက်များနှင့် လူအများအပြားကိုတစ်ကြိမ်တည်း အစုလိုက်အပြုံလိုက် အသက်ပျောက်စေခဲ့သော အကြမ်းဖက်သတ်ဖြတ်မှုဖြစ်သည်။ အသက် ၃၂ နှစ်အရွယ် နော်ဝေးနိုင်ငံသားက လူပေါင်း ၆၉ ဦးအား စိမ်ပြေနပြေလိုက်လံသတ်ဖြတ်ခဲ့ချိန်တွင် ၎င်းမှာရူးနေကြောင်း စိတ်ပညာရှင်များက နောက်ပိုင်းတွင် ကောက်ချက်ချခဲ့သော်လည်း ဥရောပလက်ယာ အစွန်းရောက်ဝါဒနှင့် နောက်ခံအကြောင်းအရာများကို တစ်စွန်းတစ်စ ပေါ်ထွက်လာစေခဲ့သည်။

### ၁၀ မြောက်ကိုရီးယား ခေါင်းဆောင်ကွယ်လွန်မှု

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် မစ္စတာကင်ဂျုံအီလ် ကွယ်လွန်မှုမှာ နျူကလီးယားလက်နက်များပိုင်ဆိုင်ပြီး ငယ်ရွယ်သူခေါင်းဆောင်တစ်ဦးက အာဏာဆက်ခံသော အရှေ့အာရှတွင် မဟာဗျူဟာအရအရေးပါသော နေရာ၌တည်ရှိသော နိုင်ငံအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။ ခေါင်းဆောင်အပြောင်းအလဲတွင် မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမည်လား (သို့မဟုတ်) အဘိုးနှင့် အဖေတို့၏ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားမည်လားဆိုသည်မှာ အချိန်ကသာ အဖြေပေးလိမ့်မည်ဖြစ်သည်။ *—Ref: Time/Wikipedia*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.42 · JANUARY 5, 2012




# ၂၀၁၁ ကို အမှတ်ရစေသည့် အဖြစ်အပျက်များ

**ရဲမင်း**

Photo - Reuters

တစ်နှစ်အတွင်း ဖြစ်ပျက်ခဲ့သမျှကို အနှစ်ချုပ်တင်ပြရမည့် အချိန်သို့ ရောက်လို့လာပြန်ပါပြီ။ ၂၀၁၁ ခုနှစ်တွင်လည်း ခါတိုင်းနှစ်များကဲ့သို့ လူသားသန်းပေါင်းများစွာအပေါ် သက်ရောက်ခဲ့သော အဖြစ်အပျက်များ မရှားပါးလှပေ။ သဘာဝဘေးအန္တရာယ်များမှသည် စီးပွားရေးအကျပ်အတည်း၊ လူထုအုံကြွမှုများမှသည် ခေါင်းဆောင်များ ပြုတ်ကျ၊ သေဆုံးသည့် အကြောင်းအရာများနှင့် ၂၀၁၁ ကို အမှတ်ရစေမည့် အဖြစ်အပျက်များကို အောက်ပါအတိုင်း တွေ့ရပါသည်။

## ၁ ဂျပန်နိုင်ငံ၏ သုံးထပ်ကွမ်း ဘေးအန္တရာယ်

မတ်လ ၁၁ ရက် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ရစ်ချ်တာစကေး ၉ ပြင်းအားရှိ ငလျင်မှာ သမိုင်းတွင် အင်အားအကြီးမားဆုံးငလျင်မဟုတ်သော်လည်း ပျက်စီးဆုံးရှုံးမှုတွင် စံချိန်တင်ခဲ့သည်။ ခေတ်သစ်သမိုင်းတွင် အဆုံးဝါးဆုံး သဘာဝဘေးအန္တရာယ်ငလျင်မှာပြင်းထန်လွန်းအားကြီး၍ ကမ္ဘာကြီးအား သူ၏ဝင်ရိုးပေါ်၌တစ်ပေမျှပိုမိုတိမ်းစောင်းသွားစေခဲ့သည်။ ငလျင်နောက်တွင် ဆူနာမီလှိုင်းများက ဝမ်း-တူး လက်သီးတွဲလုံးများသဖွယ်လိုက်လာခဲ့ရာလူပေါင်း ၁၆,၀၀၀ ခန့် သေဆုံးခဲ့ပြီး အပျက်အစီးတန်ဖိုးမှာ ကန်ဒေါ်လာ ဘီလီယံပေါင်းရာနှင့်ချီသွားခဲ့သည်။ ဤမျှမကသေး ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ဖူကူရှီးမားနျူကလီးယားဓာတ်အားပေး စက်ရုံမှ ဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပေါ်ပြီး အထိန်းအကွပ်မဲ့ ပေါက်ကွဲမှုများ ဖြစ်ပေါ်ရန် ခြိမ်းခြောက်နေခဲ့ရာ ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်းအကြီးမားဆုံး စိမ်ခေါ်မှုနှင့်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

## ၂ ဥရောပဘဏ္ဍာရေး အကျပ်အတည်း

ဥရောပသမဂ္ဂသို့ ဝင်ရောက်ပြီး စာရင်းလိမ်များဖြင့် ဖိမ်ခံနေခဲ့သော ဂရိနိုင်ငံမှ စတင်ခဲ့ပြီး ပေါ်တူဂီ၊ စပိန်၊ အီတလီနိုင်ငံများသို့ပါ ပျံ့နှံ့ကာ နောက်ဆုံးတွင် အီတလီ၊ ဂျာမနီကဲ့သို့ ဥရောပဟဲဗီးဝိတ်စီးပွားရေးနိုင်ငံများကိုပါ ထိခိုက်လာခဲ့သောဥရောပငွေကြေးအကျပ်အတည်းမှာ ယူရိုငွေ၏ ဖြစ်တည်မှုကိုပါခြိမ်းခြောက်လာခဲ့သည်။ ဂရိနိုင်ငံတွင် ဘတ်ဂျက် ဖြတ်တောက်မှုများ ရက်ရက်စက်စက်လုပ်ခဲ့ရ၍ စားရမဲ့၊ သောက်ရမဲ့ဖြစ်ရသူများ သူတစ်ပါး ပေးစာကမ်းစာကို တန်းစီရယူခဲ့ရသလို အစိုးရအပေါ် အခဲမကျေသူများက လမ်းမပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။ ထိုမှ အခြားနိုင်ငံများတွင်လည်း မငြိမ်သက်မှုများ ကူးစက်ခဲ့ရာ ဂရိဝန်ကြီးချုပ်၊ စပိန်ဝန်ကြီးချုပ်နှင့် အီတလီဝန်ကြီးချုပ်တို့ အချိန်မတိုင်မီ အာဏာလက်လွှတ်ခဲ့ရသည်။ ဥရောပအစိုးရများ၏ဘဏ္ဍာရေး အကျပ်အတည်းက ကမ္ဘာကြီးကိုပါခြိမ်းခြောက်နေပါသည်။

## ၃ အာရပ်နွေဦး(သို့မဟုတ်) အာရပ်ကမ္ဘာနိုးထမှု

တူနီးရှားဘွဲ့ရ အလုပ်လက်မဲ့လူငယ်တစ်ဦးက မိမိကိုယ်ကိုမီးရှို့၍ ဆန္ဒပြရာမှ စတင်ခဲ့သော အာရပ်နွေဦးမှာ တောမီးပမာ အရှိန်အဟုန်ပြင်းပြင်းနှင့် အာရပ်ကမ္ဘာတွင် ပျံ့နှံ့ခဲ့ပြီး မိမိကိုယ်ပိုင်ငွေဖြင့် အာဏာရှင်လုပ်သူကဒါဖီ မရှုမလှသေဆုံးစေခဲ့သလို အမေရိကန်ထောက်ပံ့မှုဖြင့်ရပ်တည်သူဟိုစနီမူဘာရက်ကိုလည်းချမ်းသာမပေးခဲ့ပေ။ ခေတ်သစ်ဆိုရှယ်မီဒီယာများမှတစ်ဆင့် အရှိန်မြင့်လာခဲ့သော လှုပ်ရှားမှုအထွတ်အထိပ်တွင်နိုင်ငံပေါင်း၁၆နိုင်ငံအထိလူထုအုံကြွမှုများ ဖြစ်ပေါ်စေခဲ့ပြီး အစိုးရအများအပြားကို ပြုပြင်ပြောင်းလဲမှုများလုပ်ရန် စေ့စော် ခဲ့သည်။ ယနေ့အထိ အချို့နိုင်ငံများတွင် မကျေမချမ်း ဆန္ဒပြသူများရှိနေသေးသောလှုပ်ရှားမှုကို ဖြစ်ပေါ်စေခဲ့သော မိုဟာမက်ဘိုအာဇီဇီမှာလည်း အာရပ်ကမ္ဘာ၏ သူရဲကောင်းဖြစ်လာခဲ့သည်။



Photo - AFP




Photo - Reuters

## ၄ အိုစမာဘင်လာဒင် သေဆုံးမှု

မကြာသေးမီကာလအထိကမ္ဘာပေါ်တွင်တစ်ခုတည်းသော စူပါပါဝါဟု ညွှန်းဆိုခံရသည့် အမေရိကန်၏ နံပါတ်(၁) ရန်သူ အိုစမာဘင်လာဒင်အား အမေရိကန်၏ အထူးတပ်ဖွဲ့ Navy Seals များက ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ်မာဘတ်မှ များစွာမဝေးသော အက်ဘော့တာဘတ်မြို့တွင် စစ်ဆင်ရေးဆင်နွှဲ၍ သတ်ဖြတ်ခဲ့ရာတွင် သမ္မတအပါအဝင် အမေရိကန်ထိပ်ပိုင်းခေါင်းဆောင်များသည် ယင်းစစ်ဆင်ရေးကို ဗဟိုထိန်းချုပ်ကွပ်ကဲရေးအခန်းမှ တိုက်ရိုက်ကြည့်ရှုခွင့် ရရှိခဲ့သည်။ အိုစမာဘင်လာဒင်၏ အလောင်းကိုလည်း မည်သည့်နေရာမြှုပ်နှံရမှန်းမသိ၍ ပင်လယ်ထဲ သင်္ဂြိုဟ်ပြာချခဲ့သည်။ သို့သော် စစ်ဆင်ရေးအကျိုးဆက်အဖြစ် အမေရိကန်နိုင်ငံနှင့် ၎င်း၏အကြမ်းဖက်တိုက်ဖျက်ရေးမဟာမိတ် ပါကစ္စတန်နိုင်ငံတို့အကြားဆက်ဆံရေး ယိုယွင်းခဲ့ရသည်။

## ၅ ကဒါဖီဇာတ်သိမ်း

ရေနံကြွယ်ဝသော မြောက်အာဖရိကနိုင်ငံ လစ်ဗျားအား နှစ်ပေါင်း ၄၀ ခန့် တစ်ဦးတည်းချုပ်ကိုင်အုပ်ချုပ်ခဲ့သော မွမ်မာကဒါဖီမှာ ပြည်တွင်းအင်အားနှစ်ခြမ်းကွဲခြင်းနှင့်အတူ နေတိုးအဖွဲ့က ကူညီတွန်းပို့လိုက်သော အရှိန်နှင့် နောက်ဆုံးတွင် ကူသူ၊ ကယ်သူမဲ့အသေဆိုးဖြင့် ဇာတ်သိမ်းခဲ့ရသည်။ အဖွဲ့ပေါင်းများစွာ ကွဲနေချိန်တွင် လစ်ဗျားနိုင်ငံ၏ ချမ်းသာကြွယ်ဝမှုများ မည်သူ့လက်ရောက်ရှိသွားမည်နည်းဆိုသည်မှာ မည်သူကမျှတပ်အပ်သေချာမသိသလို တော်လှန်ရေးအပြီး လစ်ဗျားအနာဂတ်မှာလည်း မည်သည့်လားရာဦးတည်မည်ကို ခန့်မှန်း၍ မရနိုင်သေးပေ။

## ၆ သိမ်းပိုက်ရေးလှုပ်ရှားမှု

အမေရိကန်နိုင်ငံ နယူးယောက်မြို့က မန်ဟက်တန်ရပ်ကွက်တွင် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ စတင်ခဲ့သည့် "ဝေါလ်စထရိကို သိမ်းပိုက်ကြ" (Occupy Wall Street) လှုပ်ရှားမှုမှာ စီးပွားရေးနှင့် လူမှုရေးမညီမျှမှုများကို ဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုဖြစ်သည်။ ဘဏ္ဍာရေးသမားများက ကမ္ဘာ့စီးပွားရေးအား ထင်သလိုခြယ်လှယ်ကစားပြီး၊ တကယ့်ဒုက္ခရောက်လာချိန်တွင်ပြည်သူများက ပေးဆပ်ရခြင်းကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ နယူးယောက်မှ တိုကျို၊ လန်ဒန်ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခဲ့သည့်လှုပ်ရှားမှုမှာ ကမ္ဘာ့နိုင်ငံ ၈၂ နိုင်ငံ၊ မြို့ကြီးပေါင်း ၉၅ မြို့သို့ ရောက်ရှိခဲ့သော်လည်း ဗျူရိုကရက်နှင့် မီဒီယာကြီးများအကြား လက်ဝါးရိုက်ထားမှုနှင့်အတူ မြေပေါ်မှ မကြွနိုင်သေးပေ။

**အချပ်ပို(S)သို့**